မြန်မာ့အလင်း

အတွဲ (၅၄) အမှတ် (၁၂၆)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်နေ့ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်၊ အင်္ဂါနေ့။

ကြည်လင်သောစိတ်

- * စိတ်သည် အရာရာကို ဦးဆောင်၏။
- * စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။
- * စိတ်သည် အရာရာကို ပြီးစီးစေ၏။
- * ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။
- * အေးမြသောအရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။

(ဓမ္မပဒပါဠိတော်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိရန်လိုအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေး ဒသမနေ့ကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကပေးပို့သော **"၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ နိုင်ငံတော်၏အရအသုံးစာရင်းများစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာ"** နှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာသုံးသပ်ချက်အစီရင်ခံစာ(၃/၂၀၁၅)ကို ကော်မတီအတွင်းရေးမှူး ဦးမောင်တိုးက ဖတ်ကြားတင်ပြသည်။

နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့်ဥပဒေကြမ်းအားအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာတွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးရဲနိုင်ဦးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေအခန်း(၁၈)တွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရန် ကော်မတီတစ်ရပ်ကို လွှတ်တော်က ဖွဲ့စည်းပေးရမည်ဟုပါရှိပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ပြည်ထောင်စုကော်မရှင်အဖြစ် တာဝန်ပေးအပ်မည်ဆိုပါက လွှတ်တော်က ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အပေါ် လွှမ်းမိုးသည့် သဘောသက်ရောက်နေပါကြောင်း၊

စာမျက်နှာ ၇ ကော်လံ ၁ ✻

ဗိုလ်ချုပ်လို သူရဲကောင်းမျိုး

ဆောင်းပါး၊ စာမျက်နှာ » ၆

သံလွင်မြစ် ရေလမ်းကြောင်းကောင်းရန် သောင်တူးနေ

သတင်းဆောင်းပါး-ကြူကြူဆွေ
ဓာတ်ပုံ-ခင်ဇွန်ဇာလင်း

ရန်ကုန် ဖေဖော်ဝါရီ ၂

သံလွင်မြစ်က တသွင်သွင်စီးဆင်းနေဆဲ၊ ရေစီးသန်သော်လည်း ရေလမ်းကြောင်းက တိမ်လာသည်။ ယခင်က မော်လမြိုင်ဆိပ်ကမ်းသို့ နိုင်ငံခြားသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်နိုင်သော်လည်း ယခုဝင်ရောက်မဆိုက်ကပ်နိုင်တော့။ လုံလောက်သော ရေလမ်းကြောင်းရရှိရန် သံလွင်မြစ်ရေလမ်းကြောင်းကို သောင်တူးရန်လိုအပ်လာသည်။ ယခု မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သောင်တူးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။

သံလွင်မြစ်ရေ လမ်းကြောင်းက ကျိုက္ခမီပင်လယ်ဝမှ မော်လမြိုင်အထိ ၂၈ မိုင် ကွာဝေးသည်။ ရေအတိမ်ဆုံးနေရာမှာ ဟင်္သာကျွန်းအဖြတ် ရေလမ်းကြောင်းဖြစ်ပြီး ရေစစ်ချိန်၌ ရေအနက် နှစ်မီတာခန့်သာရှိသည်။ မော်လမြိုင်ဆိပ်ကမ်းအတွင်း ဝင်ရောက်မည့်ရေယာဉ်များကို ရေစူးကန့်သတ်ချက်အား ၄ ဒသမ ၆ မီတာ(၁၅ပေခန့်)ဖြစ်ရာ ဟင်္သာကျွန်းအဖြတ်ကို အချိန်မရွေး မဖြတ်သန်းနိုင်ကြချေ။ သတ်မှတ်ရေစူးကန့်သတ်ချက်ရောက်အောင် ရေပြည့်ချိန်အထိ စောင့်ဆိုင်းပြီးမှ ရေယာဉ်ကြီးများ ဖြတ်သန်းခဲ့ကြရသည်။ အချိန်ကုန်၊ လူပင်ပန်း၊ ငွေကြေးကုန်ကျမှုလည်းများခဲ့သည်။

တစ်ဖန် ရေလမ်းကြောင်း တိမ်နေသောသံလွင်မြစ်၏ အခြားရေလမ်းကြောင်း နေရာများလည်း ရှိနေသည်။ ယင်းတို့မှာ ဟင်္သာကျွန်းအရှေ့ဘက်အနီး ရေလမ်းကြောင်း၊ ဟင်္သာကျွန်း၏

စာမျက်နှာ ၁၁ ကော်လံ ၁ ❐

ယနေ့ မာတိကာ

ဖန်ကောက်ဈေးဝယ်စင်တာတွင် ပေါက်ကွဲမှုဖြစ်ပွား — စာ ၄

ဆွေးမျက်ရည်နဲ့ လွမ်း — စာ ၆

ကျောင်းဆောင်ဟောင်း တစ်ထောင်ကျော် ပြုပြင်တည်ဆောက်မည် — စာ ၁၈

ပုဂံခေတ် ရေစင်သွန်းအိုး — စာ ၂၂

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကျေးလက်ကျန်းမာရေးအဆင့်မြှင့်တင်

ကျေးလက်နေပြည်သူများအနေဖြင့် ထိခိုက်ရှနာမှအစ၊ နာဖျားမှုအဆုံး ကျန်းမာရေးပြဿနာများ ခံစားရပါက မြို့ကြီးများရှိ ဆေးရုံဆေးခန်းများထက် ကျေးလက်ကျန်းမာရေးဌာနများကိုသာ အားကိုးနေကြရသည်။ ကျေးလက်ကျန်းမာရေးဌာနများသည် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးပြုစုစောင့်ရှောက်မှုအတွက် အလွန်ပင်အရေးကြီးသည်။ ကျေးလက်ကျန်းမာရေးဌာနတိုင်း၌ သူနာပြုနှင့် ဆေးဝါးများလုံလောက်ပြည့်စုံစွာ ထားရှိပေးရန် အမှန်ပင်လိုအပ်ပါသည်။

ထို့ကြောင့်လည်း နှစ်စဉ်မြို့နယ်များ၏ လိုအပ်ချက်နှင့်အညီ ကျေးလက်ကျန်းမာရေးဌာန ၆၀၊ ကျေးလက်ကျန်းမာရေးဌာနခွဲ အနည်းဆုံး ၂၄၀ တိုးမြှင့်ဖွင့်လှစ်ရန် အမျိုးသားကျန်းမာရေးငါးနှစ်စီမံကိန်းတွင် ထည့်သွင်းရေးဆွဲထားပြီဖြစ်ကြောင်း သိရသည်။ လက်ရှိအနေဖြင့် ကျေးရွာပေါင်း ၆၄၁၃၄ ရွာ၌ အခြေခံကျန်းမာရေးဝန်ထမ်း ၂၁၀၇၄ ဦးဖြင့် စောင့်ရှောက်သည့်အပြင် တိုက်နယ်ဆေးရုံ ၆၀၇ ရုံဖြင့်လည်း စောင့်ရှောက်လျက်ရှိပါသည်။

လက်ရှိသားဖွားသင်တန်းကျောင်း ၂၀ အပါအဝင် သူနာပြု၊ သားဖွားနှင့် နီးနွယ်သင်တန်းကျောင်း စုစုပေါင်း ၆၄ ကျောင်း ဖွင့်လှစ်၍ လေ့ကျင့်မွေးထုတ်လျက်ရှိပါသည်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှစ၍ သားဖွားသင်တန်းကျောင်းနှစ်ကျောင်းနှင့် သူနာပြုသင်တန်းကျောင်းနှစ်ကျောင်း ထပ်မံဖွင့်လှစ်၍ နိုင်ငံတော်အတွက် လိုအပ်သည့် သားဖွားဆရာမများကို တိုးမြှင့်မွေးထုတ်ပေးသွားမည်ဖြစ်ပါသည်။

ဤသို့အားဖြင့် ၂၀၂၀ ပြည့်နှစ်တွင် သားဖွားဆရာမ စုစုပေါင်း ခန့်မှန်းဦးရေ ၂၃၆၁၅ ဦး မွေးထုတ်နိုင်မည်ဖြစ်ပြီး ကျေးရွာပေါင်း ၆၃၈၉၃ ရွာအတွက် သင့်တင့်သည့် ကျေးရွာနှစ်ရွာမှ သုံးရွာအတွင်း သားဖွားဆရာမတစ်ဦးနှုန်း ခန့်ထားနိုင်မည်ဖြစ်ကြောင်း သိရပါသည်။ သားဖွားဆရာမများ ခန့်ထားနိုင်ခြင်း မရှိသေးမီ ကျေးလက်ဒေသများမှ သင့်လျော်သူများကို ရွေးချယ်၍ အရန်သားဖွားဆရာမသင်တန်းများပေး၍ ကျေးရွာများတွင် ပြန်လည်တာဝန်ချထားနိုင်ရေး ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါသည်။ ထို့အပြင် လိုအပ်သည့် ကျေးလက်ကျန်းမာရေးဌာနများ တိုးချဲ့ဆောင်ရွက်ရန်လည်း စီမံချက်များရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျေးလက်ဒေသများ၌ အဓိကရင်ဆိုင်နေရသော ကျန်းမာရေးပြဿနာတစ်ရပ်မှာ အမျိုးသမီးများ ကလေးမီးဖွားရာ၌ အရပ်လက်သည်များနှင့် မွေးဖွားနေခြင်းပင်ဖြစ်သည်။ မလိုလားအပ်ဘဲ ကလေးနှင့် မိခင်များ ဆုံးရှုံးမှုများရှိနေသည်။ မိခင်နှင့် ကလေး ပညာပေးမှုများ အားနည်းလျက်ရှိသည်။ ကျေးလက်နေ ပြည်သူလူထုအား ကျန်းမာရေးနှင့်ပတ်သက်သော အသိပညာဗဟုသုတများ ဖြန့်ဝေပေးနိုင်မှု အားနည်းလျက်ရှိသည်။ ဤသို့ဖြစ်ရခြင်း၏ အဓိကအကြောင်းအရင်းသည် ကျေးလက်ဒေသများ၌ ကျေးလက်ကျန်းမာရေးဌာနများ၊ သူနာပြုဆရာ ဆရာမများနှင့် ဆေးဝါးများလုံလောက်စွာမရှိသည်ကို ပြသနေခြင်းဖြစ်ပါသည်။ အထူးသဖြင့် သွားလာရေးခက်ခဲသော ဒေသများနှင့် ဝေးလံခေါင်းပါးသော ဒေသများ၌ ကျေးလက်ကျန်းမာရေး ဖြည့်ဆည်းပေးနိုင်မှု အားနည်းလျက်ရှိသည်။

သို့သော်လည်း အမျိုးသားကျန်းမာရေး ငါးနှစ်စီမံကိန်းအရ မကြာမီနှစ်များအတွင်း ကျေးလက်ကျန်းမာ ရေးဌာနများနှင့် ဌာနခွဲများ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်၍ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပိုမိုဖြည့်ဆည်းပေးနိုင်တော့မည်ဟု မြန်မာ့အလင်းက ယုံကြည်မျှော်လင့်ပါကြောင်း။ ။

ပြည်တွင်းသတင်း

အဘိဓမ္မာ(ရိုးရိုး)၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်သင်တန်းများဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂

မြောက်ဒဂုံမြို့နယ် (၃၄) စံပြရပ်ကွက် သစ်လုပ်ငန်းအိမ်ရာကွပ်ကဲရေးရုံးတွင် ဖေဖော်ဝါရီ ၇ ရက်မှစ၍ အဘိဓမ္မာဋီကာကျော် သင်တန်းများကို အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့တိုင်း မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိလည်းကောင်း၊ ဝိသုဒ္ဓိမဂ် (ပ/ဒု) အဆင့်သင်တန်းကို အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနေ့တိုင်း မွန်းတည့် ၁၂နာရီမှ မွန်းလွဲ၂ နာရီအထိ လည်းကောင်း၊ ဆရာဦးတင်ဝင်း (မစိုးရိမ်)နှင့် ဆရာမဒေါ်အေးအေးလွင် (ကမ္ဘာအေးသင်တန်းကျောင်း)တို့မှ သင်ကြားပို့ချသွားမည်ဖြစ်သဖြင့် သင်တန်းတက်ရောက်လိုသူများအနေဖြင့် ဖုန်း-၄၂၀၀၀၈၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကမ္ဘာ့မိုးလေဝသနေ့ အလွတ်တန်းဆောင်းပါးပြိုင်ပွဲကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၂

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၌ ၂၀၁၅ ခုနှစ် မတ် ၂၃ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားအတွက် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို ရာသီပြောင်းမှု တုံ့ပြန်ဖို့ဘက်စုံအသိဖြင့် ဆောင်ရွက်စို့ "Climate Knowledge for Climate Action" ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်၍ ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် အတွင်းရေးမှူး ဆောင်းပါးပြိုင်ပွဲကျင်းပရေးကော်မတီ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ကမ္ဘာအေး ရန်ကုန်မြို့သို့လိပ်မူ၍ ဆောင်းပါးနှင့်အတူမိမိတို့၏ ကိုယ်ရေးအချက်အလက်၊ ဆက်သွယ်ရမည့်လိပ်စာတို့ကို ၂၀၁၅ ခုနှစ် မတ် ၃ ရက်ထက် နောက်မကျဘဲအရောက်ပေးပို့ရမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုငွေကျပ် ၃၀၀၀၀၀၊ ဒုတိယဆုငွေကျပ်၂၀၀၀၀၀၊ တတိယဆုငွေကျပ် ၁၀၀၀၀၀ နှင့် နှစ်သိမ့်ဆု နှစ်ဆုကို ငွေကျပ် ၅၀၀၀၀ စီချီးမြှင့် ပေးသွားမည်ဖြစ်သည်။ ဆုပေးပွဲအခမ်းအနားကို ကမ္ဘာ့မိုးလေဝသနေ့ဖြစ်သော ၂၀၁၅ ခုနှစ် မတ် ၂၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။ **(မိုး/ဇလ)**

မိုးပွင့် (အထူး) စီမံချက်ဖြင့် ဆောင်ရွက်ပေးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ ပွန်ချောင်းကျေးရွာ၌ ကျင်းပ

လွိုင်ကော် ဖေဖော်ဝါရီ ၂

လွိုင်ကော်ခရိုင် ရှားတောမြို့နယ် မြောက်ပိုင်းကျေးရွာအုပ်စု ပွန်ချောင်းကျေးရွာနှင့် လွိုင်ကော်မြို့နယ် ပါလောင်းကျေးရွာအုပ်စု ဒေါတရိုးကျေးရွာနေပြည်သူများကို မိုးပွင့် (အထူး) စီမံချက်ဖြင့် ဆောင်ရွက်ပေးသည့် နိုင်ငံသားစိစစ်ရေး

ကတ်ပြားပေးအပ်ပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက် ၈ နာရီခွဲက ရှားတောမြို့နယ် ပွန်ချောင်း (အမက) ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက အမှာစကားပြောကြားပြီး ကျေးရွာနေ တိုင်းရင်းသားပြည်သူများက မိမိတို့ကျေးရွာလိုအပ်ချက်များတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ပွန်ချောင်းတံတား(ရှားတော) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါတံတားသည် လွိုင်ကော်-ပွန်ချောင်း-ရှားတောလမ်းပေါ်တွင် တည်ရှိပြီး ယခင်တံတားဟောင်းသည် နှစ်ကာလကြာမြင့်နေပြီး ခံနိုင်ဝန်အား လျော့နည်း လာသောကြောင့် တံတားသစ်ကို ထပ်မံတည်ဆောက်ခြင်းဖြစ်ကြောင်း၊ တံတားအရှည်ပေ ၂၀၀၊ ယာဉ်သွားလမ်း ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေ၊ သံကူကွန်ကရစ်နှင့် သံကူကွန်ကရစ်ကြမ်းခင်းတံတားဖြစ်ကြောင်း၊ တံတားပြီးစီးပါက ခံနိုင်ဝန်တစ်စီးချင်း တန် ၆၀ ဖြစ်ကြောင်း၊ တံတားတည်ဆောက်မှုကုန်ကျစရိတ်ကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ငွေကျပ် သန်း ၆၂၀ ခန့်ဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတား ဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၃) မှ တာဝန်ယူတည်ဆောက်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ထင်သာမြင်သာပြုပြင်စရာ

မိုးရာသီကာလ လမ်းရေလျှံ၍ပျက်စီးမှု ပြုပြင်ပေးစေလို

မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် (၁၇/၃) ရပ်ကွက်ရှိ အမှတ် (၁၂) အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းကိုပတ်၍ ဖောက်လုပ်ထားသော ရေမြောင်းသည် ရပ်ကွက်အတွင်းရှိ သပြေလမ်း၊ ပိတောက်လမ်းနှင့် နှင်းဆီ(၃)လမ်းတို့နှင့် ထိစပ်နေပြီး မိုးရွာသွန်းသည့်အခါ ကျောင်းအတွင်း ရေဝင်ရေလျှံ လေ့ရှိပြီး ပိတောက်လမ်းနှင့် သပြေလမ်းပေါ်သို့ ရေဖြတ်ကျော်စီးဆင်းသဖြင့် လမ်းများပျက်စီးသွားကာ ဗွက်ထခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။

ပိတောက်လမ်းနှင့် သပြေလမ်းထောင့်ရှိ လမ်းဖြတ်ကွန်ကရစ် ရေထွက်ပြွန်မှာလည်း ရေစီးအားနှင့်မမျှတော့ဘဲ ပျက်စီးနေသည့်အပြင် အဆိုပါ ရေစီးဆင်းသည့် မြောင်းတစ်လျှောက်မှာလည်း မြောင်းများတိမ်ကောနေသည့်အတွက် ရေစီးရေလာကောင်းစွာ မစီးဆင်းနိုင်သောကြောင့် ရေစီးဆင်းမှုကောင်းစေရန်နှင့် ရေထွက်ပြွန်ကို မိုးမကျမီ ပြန်လည်ပြုပြင်တည်ဆောက်ရန် လိုအပ်နေသည့်အတွက် အမြန်ပြုပြင်ပေးစေလိုပါတယ်။ နှစ်စဉ်မိုးများသည့်အချိန်များတွင်ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများ သွားလာရေးတွင် အန္တရာယ်ရှိပါသဖြင့် အမြန်ဆုံး ပြုပြင်ပေးပါရန် တင်ပြလိုက်ရပါသည်။

မောင်မြို့သစ်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂-၂-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၉၈၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၅၇၄၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၉၈၅၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၀၀
ဒီဇယ်	တစ်လီတာ	ကျပ် ၆၇၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၅၅၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၆၈၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၇၃၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၇၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၃၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၃၅၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၀၀၀-၈၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၈၀၀၀-၂၂၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၄၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၅၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၂၄-၁၀၂၉
ဥရောပ	တစ်ယူရို	၁၁၈၀-၁၁၉၆
စင်ကာပူ	တစ်ဒေါ်လာ	၇၆၅-၇၈၀
ထိုင်း	တစ်ဘတ်	၂၉.၆-၃၀
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၅
တရုတ်	တစ်ယွမ်	၁၆၃-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၂၅-၃၃၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နှမ်းဆန်	တစ်အိတ်	၁၇၅၀၀-၁၈၀၀၀
မိုးဆန်သစ် (မနောသုခ)	တစ်အိတ်	၁၅၈၀၀-၁၆၂၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၅၀၀၀-၂၈၅၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၀၃
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၁၆၀-၃၃၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၇၅၀-၂၇၀၀
ကြက်သွန်ဖြူ(ကြိုကုတ်)	တစ်ပိဿာ	၁၄၈၀-၁၅၀၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၂၅၀-၆၁၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၅၀၀-၂၇၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၅၂၀၀-၅၆၀၀
သကြား	တစ်ပိဿာ	၈၁၅-၈၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပြည်တွင်းသတင်း

ညီညွတ်ရေးအတွက် ဆတက်ထမ်းပိုး တိုးပြီးလုပ်ကြ

ယခုတိုင်းပြည်မှာ မငြိမ်မသက်ဖြစ်နေတဲ့ကိစ္စ၊ ဆူဆူပူပူဖြစ်နေတဲ့ကိစ္စတွေဟာ တိုင်းပြည်အတွက် အကျိုးရှိသလား၊ အကျိုးမရှိဘူးလားဆိုတာ ခင်ဗျားတို့ထပ်စဉ်းစားဖို့လိုတယ်။ ဆူပူသောင်းကျန်းမှုတွေကို ဗမာပြည်ချစ်တဲ့ လူတွေမှန်သမျှ ဝိုင်းဝန်းကူညီနှိမ်နင်းဖို့လိုတယ်။ ဘယ်သူ့ကိုမှ အားပေးဖို့မလိုဘူး၊ တိုင်းသူပြည်သားညီညွတ်ရေး၊ လူထုရဲ့ညီညွတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ယခုထက်ပိုပြီး ဆတက်ထမ်းပိုးတိုးပြီး လုပ်ကြဖို့လိုတယ်။ **(၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမတွင်ကျင်းပသော ပြည်သူ့အစည်းအဝေး၌ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

လျှပ်စစ်မီးအသုံးပြု၍ မိသားစုဝင်ငွေရရှိရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် သုံးခွကျေးရွာအုပ်စုအတွင်းရှိ သုံးခွကျေးရွာ၊ ဝါးတောကျေးရွာ၊ ပန်းပဲစုကျေးရွာနှင့် ဗရင်ဂျီစုကျေးရွာများ လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားများကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းတွင် ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ ဦးတင်ထွတ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်း၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ယခုလိုလျှပ်စစ် မီးလင်းရေးဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ ကျေးရွာနေပြည်သူများအနေဖြင့် ယခုရရှိသည့် လျှပ်စစ်မီးကိုအသုံးပြု၍ မိသားစုတစ်ပိုင်တစ်နိုင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်ပြီး မိသားစုဝင်ငွေရရှိရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားကြရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ညွှန်ကြားချက်များကို လိုက်နာကြရန် ရှင်းလင်းမှာကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ဦးတင်ထွတ်က အမှာစကား ပြောကြားရာ ကျေးလက်နေပြည်သူများအနေဖြင့် လျှပ်စစ်အန္တရာယ်မဖြစ်ပွားစေရန် သတိရှိရှိဖြင့် အသုံးပြုကြရန်၊ ယနေ့ရရှိသည့် လျှပ်စစ်မီးကို အသုံးပြုပြီး မိမိတို့ရဲ့ လူနေမှုဘဝမြင့်မားတိုးတက်အောင် ကြိုးစားဆောင်ရွက်သွားကြရန်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာ ဦးသန်းထွန်းအောင်က ကျေးလက်နေ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လျှပ်စစ်မီးနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ပေးထားမှုများ၊ ဆောင်ရန်၊ ရှောင်ရန်များအား ရှင်းလင်းတင်ပြသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းရွာစံပြကျေးရွာ တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးကုသမှုခံယူလျက်ရှိသော လူနာများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေး စကားပြောကြားပြီး အလှူငွေများ ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့သည်။

ယနေ့ဖွင့်လှစ်သည့် သုံးခွကျေးရွာအုပ်စုအတွင်းရှိ သုံးခွ၊ ဝါးတော၊ ပန်းပဲစု၊ ဗရင်ဂျီစု ကျေးရွာများ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးအတွက် (၁၁) ကေဗွီအေလိုင်း (၄ ဒသမ ၉)မိုင်၊ (၀ ဒသမ ၄)ကေဗွီအေလိုင်း (၅ ဒသမ ၉၆)မိုင်၊ ၂၅၀ ကေဗွီအေ၊ ၂၀၀ ကေဗွီအေနှင့် ၁၀၀ ကေဗွီအေ ထရန်စဖော်မာ ၃ လုံးတို့ တည်ဆောက်ခဲ့ပြီး စုစုပေါင်းအိမ်ခြေ ၅၀၀ ကို လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သောက်သုံးရေရရှိရေး ကွင်းဆင်းဆောင်ရွက်

မချမ်းဘော ဖေဖော်ဝါရီ ၂

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ကျေးလက်ဒေသ သောက်သုံးရေ ရရှိရေးအတွက် ငွါးဇာခါးကျေးရွာနှင့် ဇော်ကန်ကျေးရွာများသို့ ယနေ့တွင် မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်နှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများသည် ကျေးလက်ဒေသ သောက်သုံးရေရရှိရေးနှင့် စိမ့်စမ်းရေ သွယ်ယူရရှိရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

မြန်မာ့ရထားပို့ဆောင်ရေးလုပ်ငန်းအား အထောက်အပံ့ပေးနိုင်ရေးဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂

ရန်ကုန် မြို့ပတ်ရထားလမ်းပိုင်းများ ကြံ့ခိုင်မှုအဆင့်မြင့်တင်ရေး၊ မြို့ပတ်ရထားများကို လေအေးပေးစက်တပ် အဆင့်မြင့်ရထားများဖြင့် အစားထိုး ပြေးဆွဲရေး၊ ခုတ်မောင်းချိန် လျှော့ချရေး၊ ခရီးသည်သက်သာချောင်ချိရေးကိစ္စများနှင့် စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေးအား ဂျပန်နိုင်ငံ ဂျပန်-မြန်မာ အသင်း ဥက္ကဋ္ဌ Mr. Hideo WATANABE နှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံစဉ် Mr. Hideo WATANABE နှင့်အဖွဲ့က အကြံပြု ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက မြို့ပတ်ရထားစနစ် အဆင့်မြှင့်တင်ရေးအတွက် နောက်ထပ်အသုံးပြုမည့် ODA ချေးငွေများ လျင်မြန်စွာရရှိရေး၊ ပြည်သူလူထု သွားလာပို့ဆောင်ရေးလုပ်ငန်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် ဂျပန်မှ အကူအညီပေးမည့် RBE ရထားတွဲများ ဆောလျင်စွာရရှိရေး၊ ရန်ကုန်-သီလဝါ ရထားလမ်းပိုင်းအတွက် ရထားစက်ခေါင်း၊ ကုန်တင်တွဲများနှင့်လူစီးတွဲများ ကူညီဆောင်ရွက်ပေးရေးတို့ကို မြန်မာနိုင်ငံအတွက် အမြန်ရရှိအောင် ကူညီဆောင်ရွက်စေလိုကြောင်းနှင့် မိတ်ဖက်နိုင်ငံများမှ အကူအညီပေးမှုများသည် နှစ်နိုင်ငံပြည်သူလူထုတို့၏ ချစ်ကြည်ရေးအကျိုးကျေးဇူးပုံရိပ်ကို ဖြစ်ပေါ်စေလိုပါကြောင်း ဆွေးနွေးမှာကြားသည်။

(မြန်မာ့အလင်း)

ဓာတ်အားလိုင်းကြိုးများလဲလှယ်ခြင်းလုပ်ငန်း ဗဟန်းမြို့နယ်တွင် ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းအတွင်း သေးငယ်သည့် 400 V ဓာတ်အားလိုင်းကြိုးများကို လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးနှင့် လျှပ်စစ် ဗို့အား ပြည့်ဝစွာ ရရှိစေရေးအတွက် HDBC No.2 ကြိုးဖြင့် လဲလှယ်ခြင်း၊ ဓာတ်အားကြိုးနှင့် မလွတ်ကင်းသည့် သစ်ပင်၊သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းသည့် လုပ်ငန်းများကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီထိ လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ရွှေကူ ဖေဖော်ဝါရီ ၂

ကချင်ပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးအောင်နိုင်သည် ဖေဖော်ဝါရီ ၁ ရက် နံနက် ၈ နာရီခွဲက ရွှေကူမြို့နယ် ငါးဘတ်ကြီးကျေးရွာအုပ်စု ကိုင်းရွာအခြေခံပညာမူလတန်းကျောင်း ဆောက်လုပ်နေမှုနှင့် ငါးဘတ်ဝကျေးရွာ၊ ပန်းတင်ကျေးရွာနှင့် စီသာကျေးရွာ အုပ်စုတို့အား လျှပ်စစ်မီးသွယ်တန်းတပ်ဆင်ရေးအတွက် ဆောင်ရွက်နေမှုကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးသည် မြို့တော်ခန်းမ၌ ပြည်သူများနှင့်တွေ့ဆုံကာ ရွှေကူမြို့နယ်တွင် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအလေးထားဆောင်ရွက်ပေးကြောင်း ပြောကြားသည်။

ပြည်နယ်ဝန်ကြီးနှင့် အဖွဲ့သည် ရွှေကူမြို့ အမှတ် (၄)ရပ်ကွက်နေ ဒေါ်သိန်းညို ၁၀၄ နှစ်၊ စီမူကြီးကျေးရွာနေ ဒေါ်စိန်ပွင့် ၁၀၂ နှစ်၊ အမှတ်(၁) ရပ်ကွက်နေ ဒေါ်မြမေ ၁၀၅ နှစ်တို့အား နိုင်ငံတော်သမ္မတမှ ဂုဏ်ပြုချီးမြှင့်ငွေကျပ် နှစ်သိန်းစီ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ်ငါးသောင်းစီ ပေးအပ်ချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းများကိုလည်းကောင်း၊ မြို့ကုန်းကျေးရွာ၊ ရေလဲကျေးရွာနှင့် မြို့လုံမြို့ အထက် တန်းကျောင်းများသို့ ငွေကျပ်နှစ် သိန်းစီ၊ ရွှေကူမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီအသင်းနှင့် ငါးဘတ်ကြီး ကျေးရွာအုပ်စု ကိုင်းရွာ ရေပေးဝေရေး လုပ်ငန်းအတွက် ငွေကျပ် နှစ်သိန်းစီ စုစုပေါင်းငွေကျပ် ၁၂ သိန်း လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံတကာသတင်း

တောင်ဆူဒန် သမ္မတနှင့် သူပုန်ခေါင်းဆောင် ပဋိပက္ခအဆုံးသတ်ရန်အတွက် လက်မှတ်ရေးထိုး

ခါတွန် ဖေဖော်ဝါရီ ၂

တောင်ဆူဒန်သမ္မတဆဲလ်ဗာကီယာနှင့် သူပုန်အဖွဲ့ခေါင်းဆောင်ရိခ်မာချာတို့သည် နိုင်ငံပျက်စီးယိုယွင်းမှုကို ဖြစ်စေသည့် ပဋိပက္ခကို အဆုံးသတ်ရန် စာချုပ်တစ်ရပ် လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။

အဆိုပါ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို အီသီယိုးပီးယားနိုင်ငံ၌ ကျင်းပသော ဆွေးနွေးပွဲ၌ လက်မှတ်ရေးထိုးလိုက်ခြင်းဖြစ်သည်။ သို့သော် အနာဂတ် အစိုးရဖွဲ့စည်းရေးနှင့်အာဏာခွဲဝေအုပ်ချုပ်ရေးအတွက် ဆက်လက်ဆွေးနွေးသွားမည်ဟု ဆိုသည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခအတွင်း လူပေါင်း ၁ ဒသမ ၅ သန်း ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ရပြီး စစ်အတွင်းလူပေါင်းထောင်ချီ၍ သေဆုံးခဲ့ရသည်။

တောင်ဆူဒန်နိုင်ငံအတွင်း အပြီးသတ်အပစ်အခတ်ရပ်စဲရေးစာချုပ်ကို တနင်္လာနေ့ နံနက်ပိုင်းတွင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာညှိနှိုင်းရေးမှူးတစ်ဦးဖြစ်သည့် ဆေးယွန်းမက်ဖင်းက ပြောသည်။

မစ္စတာကီယာသည် အစိုးရသစ်တွင် သမ္မတအဖြစ် ဆက်လက်ရှိနေမည်ဖြစ်ပြီး မစ္စတာမာချာမှာ ဒုတိယသမ္မတဖြစ်လာနိုင်ကြောင်း အဆိုပါအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် အာဖရိကသံတမန်များက ရိုက်တာသို့ ပြောကြားသည်။

၂၀၁၃ ခုနှစ် ဇူလိုင်လက မစ္စတာကီယာက အစိုးရတစ်ခုလုံးနှင့် ဒုတိယသမ္မတ မာချာကို ရာထူးမှဖယ်ရှားပစ်ရန်ဆုံးဖြတ်ခဲ့ပြီးနောက် တောင်ဆူဒန်ပဋိပက္ခ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သမ္မတက မစ္စတာမာချာအား အာဏာသိမ်းရန် အကွက်ချစီစဉ်နေသည်ဟု စွပ်စွဲခဲ့သည်။ ပဋိပက္ခအတွင်း လူပေါင်း ၁၀၀၀၀ ခန့်သေဆုံးခဲ့သည်။ ဆဲလ်ဗာကီယာသည် ၂၀၁၁ ခုနှစ် ဆူဒန်မှ လွတ်လပ်ရေးရပြီး တောင်ဆူဒန်ကို ဦးဆောင်ခဲ့သူဖြစ်သည်။

(ဘီဘီစီ)

တောင်ဆူဒန်သမ္မတဆဲလ်ဗာကီယာ

သူပုန်အဖွဲ့ခေါင်းဆောင် ရိခ်မာချာ

လိုက်ဘေးရီးယားတွင် အီဘိုလာကာကွယ်ဆေး စမ်းသပ်မှုစတင်

မွန်ရိုးဗီးယား ဖေဖော်ဝါရီ ၂

လိုက်ဘေးရီးယားနိုင်ငံ၌ အီဘိုလာရောဂါတိုက်ဖျက်ရေး ထိုးဆေးများ ပထမဆုံးအကြိမ်အဖြစ် အများအပြားစမ်းသပ်မှုကို စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဘီဘီစီသတင်း၌ ဖော်ပြသည်။

အလားအလာ ကောင်းသော အဆိုပါ အီဘိုလာတိုက်ဖျက်ရေး ဆေးဝါးကို အနောက်အာဖရိကနိုင်ငံ လျှို့ဝှက်နေရာတစ်ခုတွင် လုံခြုံရေး တင်းကျပ်လျက် သိမ်းဆည်းထားသည်။ သိပ္ပံပညာရှင်များက အီဘိုလာရောဂါတိုက်ဖျက်ရေး ရှေ့တန်းကျန်းမာရေးလုပ်သားများအပါအဝင် စေတနာ့ဝန်ထမ်း ၃၀၀၀၀ ကို အဆိုပါဆေးများ စမ်းသပ်သွားမည်ဟု ဆိုသည်။

အီဘိုလာရောဂါကြောင့်လူပေါင်း ၈၅၀၀ သေဆုံးခဲ့ရာ ဂီနီ၊ လိုက်ဘေးရီးယား၊ ဆီရာလီယွန်းတို့မှ အများဆုံးဖြစ်သည်။ လိုက်ဘေးရီးယားတစ်နိုင်ငံတည်း၌ပင် ရောဂါဖြစ်ပွားသူ ၂၁၀၀၀ ရှိပြီး ယင်းရောဂါကြောင့် လူပေါင်း ၃၆၀၀ သေဆုံးခဲ့ရသည်။

တနင်္လာနေ့တွင် စတင်သည့် အဆိုပါ ကာကွယ်ဆေးစမ်းသပ်မှုသည် စေတနာ့ဝန်ထမ်းများအား အီဘိုလာဗိုင်းရပ်စ်အနည်းငယ် ထိုးသွင်းပြီး ခံနိုင်ရည်စွမ်းအား မြင့်မားအောင် ပြုလုပ်ခြင်းဖြင့် ယင်းရောဂါကို ကာကွယ်နိုင်အောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ သို့ရာတွင် ရောဂါကာကွယ်ရေးအစီအမံများ မည်သို့မည်ပုံပြုလုပ်မည်ကို ရှင်းရှင်းလင်းလင်းမသိရသေးဟု ဆိုသည်။

စေတနာ့ဝန်ထမ်းများအား အီဘိုလာခံနိုင်ရည်ရှိအောင် ယင်းကဲ့သို့ ဆေးထိုးပြီး လအနည်းငယ်အကြာထိ စောင့်ကြပ်ကြည့်နိုင်ရန် သူနာပြုများကို လေ့ကျင့်သင်ကြားပေးထားပြီးဖြစ်သည်။

(ဘီဘီစီ)

အကြမ်းဖက်မှုများအဆုံးသတ်နိုင်တော့မည်ဟု အီရတ်ကာကွယ်ရေးဝန်ကြီးက ပြောကြား

ဘဂ္ဂဒတ် ဖေဖော်ဝါရီ ၂

နိုင်ငံအတွင်းအကြမ်းဖက်မှုများ ဖြစ်ပွားနေသောဒေသများ၌ ပြုလုပ်နေသည့် အကြမ်းဖက် တန်ပြန်တိုက်ဖျက်ရေးထိုးစစ်ဆင်မှုများကို လအနည်းငယ်အတွင်း အဆုံးသတ်နိုင်တော့မည်ဖြစ်ကြောင်း အီရတ်ကာကွယ်ရေးဝန်ကြီး Khalid al-Obeidi က ပြောကြားလိုက်သည်။

တနင်္ဂနွေနေ့က ပြုလုပ်ခဲ့သော အီရတ်လေတပ်စစ်ရေးပြအခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးက ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

လတ်တလောအခြေအနေ၌ အီရတ်တပ်ဖွဲ့ဝင်များသည် အိုင်အက်စ်အိုင်အယ်လ် အကြမ်းဖက်အုပ်စုများနှင့် ရင်ဆိုင်ရာ၌ အောင်မြင်မှုများရရှိနေကြောင်း၊ အစိုးရတပ်ဖွဲ့ဝင်များသည် အကြမ်းဖက်အုပ်စုများ သိမ်းပိုက်ထားသော ဒီယာလာ၏ အရှေ့ဘက်ဒေသကို ပြန်လည်သိမ်းပိုက်ရာတွင် အောင်မြင်မှုများ ရရှိခဲ့ ကြောင်း ၎င်းက ပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ် ဇွန်လကတည်းက အိုင်အက်စ်အိုင်အယ်လ်တို့ သိမ်းပိုက်ထားသောနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့တော်ဖြစ်သည့် မိုဆူးလ်ကို ပြန်လည်သိမ်းပိုက်နိုင်ရေး အစိုးရတပ်ဖွဲ့ဝင်များအနေဖြင့် အဓိကထားဆောင်ရွက်လျက်ရှိသည်။

အဆိုပါမြို့ကို ပြန်လည်သိမ်းပိုက်ရန် ထိုးစစ်ဆင်မှုစတင်ခြင်းသည် အီရတ်ရှိ တက်ဖရီအုပ်စုများနှင့်တိုက်ပွဲများဆင်နွှဲနေခြင်းကို အဆုံးသတ်နိုင်ရေး ဦးတည်နေသည်။ အီရတ်နိုင်ငံမှ စစ်သွေးကြွများကို အနည်းဆုံး နှစ်နှစ်အတွင်း နိုင်ငံတွင်းမှ အပြီးတိုင်တိုက်ထုတ်နိုင်မည်ဖြစ်ကြောင်း အိုင်အက်စ်အိုင်အယ်လ်ကို တိုက်ခိုက်နေသော အမေရိကန်ဦးဆောင်သည့် မဟာမိတ်တပ်ဖွဲ့ဝင်များက ပြောသည်။ သို့သော်လည်း ဤအချိန်ကာလသည် ကမ္ဘာပေါ်ရှိ တက်ဖရီစစ်သွေးကြွများကို တိုက်ထုတ်နိုင်သည့် အချိန်ကာလဖြစ်ကြောင်း၊ အီရတ်နိုင်ငံအနေဖြင့် အကြမ်းဖက်အုပ်စုများကို လအနည်းငယ်အတွင်း အပြီးတိုင်ချေမှုန်းနိုင်တော့မည်ဖြစ်ကြောင်းနှင့် နောက်နှစ်ပိုင်းအထိ စောင့်ဆိုင်းစရာမလိုတော့ကြောင်း အီရတ်ကာကွယ်ရေးဝန်ကြီးက ပြောခဲ့သည်။

(ပရက်စ်တီဗွီ)

ဒွန်းနက်(စ်)တွင် ယူကရိန်းစစ်သည် ၅၇ ဦး အသတ်ခံရ

ကီယက်ဗ် ဖေဖော်ဝါရီ ၂

ဒေသတွင်းရုရှားထောက်ခံသူများနှင့် တိုက်ပွဲများဖြစ်ပွားစဉ်ကာလအတွင်း ယူကရိန်းတပ်ဖွဲ့ဝင် ၆၀ နီးပါး အသတ်ခံရသည်ဟု မိမိကိုယ်မိမိ ဒွန်းနက်(စ်)သမ္မတနိုင်ငံတပ်ဖွဲ့ဟု ကြေညာထားသောတပ်ဖွဲ့၏ ဒုတိယအကြီးအကဲဖြစ်သူက ပြောသည်။

ယူကရိန်းတပ်ဖွဲ့ဝင် ၅၇ ဦး သေဆုံးပြီး တင့်ကားငါးစီး၊ သံချပ်ကာကား ၁၁ စီးနှင့် လက်နက်ကြီး ၁၂ မျိုးကို ၂၄ နာရီအတွင်း သိမ်းဆည်းခံခဲ့ရကြောင်း တနင်္ဂနွေနေ့က သတင်းစာရှင်းလင်းပွဲတွင်တွင် Eduard Basurin က ပြောသည်။

အမြောက်နှင့် လောင်ချာလက်နက်ခဲယမ်းဂိုဒေါင် နှစ်ခုကိုလည်းသိမ်းဆည်းသွားကြောင်း၊ ရုရှားထောက်ခံသူ တပ်ဖွဲ့ဝင်များက တနင်္ဂနွေနေ့ နံနက်က ပစ်ခတ်မှုများစတင်ခဲ့ကြောင်း၊ Debaltseve အနီးဝန်းကျင်က အခြားတပ်ဖွဲ့များကို ဒွန်းနက်(စ်)မြို့မှ ထောက်ပံ့မှုများ ပြုလုပ်ပေးနေမှုကို ရပ်တန့်စေရန် ရည်ရွယ်ကြောင်း သိရသည်။

(ပရက်စ်တီဗွီ)

ဗန်ကောက်ဈေးဝယ်စင်တာတွင် ပေါက်ကွဲမှုဖြစ်ပွား

ဗန်ကောက် ဖေဖော်ဝါရီ ၂

ထိုင်း ရဲတပ်ဖွဲ့ဝင်များသည် ဗန်ကောက်မြို့ရှိ အဆင့်မြင့်ကုန်တိုက်တစ်ခု၏ အပြင်ဘက်တွင် ဗုံးနှစ်လုံးပေါက်ကွဲမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြကြောင်း ဘီဘီစီသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ဖေဖော်ဝါရီ ၁ ရက် (တနင်္ဂနွေနေ့)က ပေါက်ကွဲမှုကြောင့် လူတစ်ဦး ဒဏ်ရာရရှိခဲ့သော်လည်း လက်လုပ်ဖောက်ခွဲရေးဗုံးကြောင့် သေစေနိုင်လောက်သည့် အနေအထားမရှိကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။

အဆိုပါဖောက်ခွဲရေးပစ္စည်းများသည် ပါရာဂွန်ဈေးဝယ်ကုန်တိုက်သို့သွားရာ မိုးပျံရထားလမ်းနှင့် ဆက်သွယ်ထားသော လျှောက်လမ်းပေါ်တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ မေလက အာဏာသိမ်းပိုက်ပြီးချိန်နှင့် ထိုင်းဝန်ကြီးချုပ်ဟောင်း ယင်လပ်ရှင်နာဝပ်တရာကို နိုင်ငံရေးလုပ်ပိုင်ခွင့်ပိတ်ပင်ပြီးကတည်းက ဤသို့ပေါက်ကွဲမှုမျိုးသည် ပထမဆုံး အကြိမ် ဖြစ်ပွားခြင်းဖြစ်သည်။

ဝန်ကြီးချုပ် ပရာယုချန်အိုချာသည် အဆိုပါ ပေါက်ကွဲမှုဖြစ်ပြီးနောက် မြို့တော်တွင် လုံခြုံရေးမြှင့်တင်ရန် အမိန့်ချမှတ်ခဲ့သည်။

လုံခြုံရေးကိုတင်းကျပ်ရန်အမိန့်ပေးခဲ့ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ဤသို့ဖြစ်ပွားမှုက ပြည်သူများ၏တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေနိုင်၍ဖြစ်ကြောင်း စသည်ဖြင့် ဝန်ကြီးချုပ် ပရာယုချန်အိုချာက သတင်းထောက်များသို့ ပြောကြားခဲ့သည်။

ဤသို့ ဖြစ်ပွားခြင်းက မိမိတို့သည် ယခုအချိန်ထိ စစ်အုပ်ချုပ်ရေး လိုအပ်လျက်ရှိသည်ကို ပြသရာရောက်ကြောင်း၊ ငြိမ်းချမ်းရေးကို ဖျက်ဆီးလိုသူများ ယခုအချိန်ထိ ရှိနေသေးကြောင်း၊ ၎င်းတို့ကိုပြင်းထန်သည့် ပြစ်ဒဏ်များပေးရန် နည်းလမ်းများ ရှာဖွေလျက်ရှိကြောင်းဖြင့် ပရာယုချန် အိုချာက ပြောကြားခဲ့သည်။

စတီးပိုက်များဖြင့် ပြုလုပ်ထားသည့် လက်လုပ်ဗုံးများကို မိုးပျံရထား လျှောက်လမ်းပေါ်ရှိ လျှပ်စစ်ထိန်းချုပ်ရေးအခန်း၏နောက်တွင် ဝှက်ထားပြီး ဒေသစံတော်ချိန် ည ၈ နာရီတွင် ပေါက်ကွဲရန်ချိန်ကိုက်ထားခဲ့ကြောင်း၊ ထိုအချိန်သည် ဈေးဝယ်သူများ ကြက်ပျံမကျစည်ကားသည့် အချိန်ဖြစ်သလို ညဘက်အပြင်ထွက်စားသောက်သူ အများဆုံးအချိန်ဖြစ်ကြောင်းဖြင့် ရဲများက ပြောခဲ့သည်။

လူများကို သေစေလိုသည့်ဆန္ဒမရှိဘဲ အထိတ်တလန့်ဖြစ်ရုံသာ ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ တိုက်ခိုက်ခြင်းနောက်ကွယ်က ကိစ္စရပ်များကို မသိရသေးကြောင်း တော်ဝင်ထိုင်းရဲတပ်ဖွဲ့၏ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

(ဘီဘီစီ)

ပြည်တွင်းသတင်း

ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှု အခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ် ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူ အမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးများဖြင့် စိစစ်၍ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၂၉-၁-၂၀၁၅ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်းသက်တမ်းတိုး ၇၆ ဦးနှင့် ထုတ်ဝေသူသက်တမ်းတိုး ၉၂ ဦး ပေါင်း သက်တမ်းတိုး ၁၆၈ ဦးအား လည်းကောင်း၊ ထုတ်ဝေသူအမည်ပြောင်းနှင့် လိပ်စာပြောင်း လေးဦးအား လည်းကောင်း၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ထားသူ ရှစ်ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် ၁၀ ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် ခုနစ်ဦး၊ အထွေထွေထုတ်ဝေခွင့် ၁၄ ဦး၊ သတင်းစာထုတ်ဝေခွင့် နှစ်ဦး၊ သတင်းအေဂျင်စီတစ်ဦးပေါင်း ပုံနှိပ်လုပ်ငန်းနှင့် ထုတ်ဝေခွင့် ၄၂ ဦးတို့အား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။ ယခင်အပတ်က စိစစ်ဆဲဖြစ်သော ဂျာနယ်အသစ်ထုတ်ဝေခွင့်လျှောက်ထားသူ ငါးဦးအား ယခုအပတ်တွင် ပြန်လည်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၅၈၆ ဦးနှင့် အသစ်လျှောက်ထားသူ ၇၃ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း အတွက် သက်တမ်းတိုး ၅၉၀ ဦးနှင့် အသစ်လျှောက်ထားသူ ၂၅၆ ဦး၊ သတင်းအေဂျင်စီလုပ်ငန်း အသစ်လျှောက်ထားသူ လေးဦး စုစုပေါင်း ပုံနှိပ်ခြင်းထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၁၅၀၉ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့်အသစ်လျှောက်ထားသူ သုံးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့်အသစ်လျှောက်ထားသူတစ်ဦး၊ ဂျာနယ်သက်တမ်းတိုးလျှောက်ထားသူ တစ်ဦး၊ အထွေထွေထုတ်ဝေခွင့်သက်တမ်းတိုးလျှောက်ထားသူ တစ်ဦး၊ ပုံနှိပ်လုပ်ငန်းအသစ် လျှောက်ထားသူတစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

လွတ်လပ်စွာတရားစီရင်မှု၊ ဘက်မလိုက်မှု၊ တာဝန်ခံနိုင်မှုဆိုင်ရာ တရားစီရင်ရေးကျင့်ဝတ်များ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များအဖွဲ့တို့ ပူးပေါင်း၍ "လွတ်လပ်စွာတရားစီရင်မှု၊ ဘက်မလိုက်မှု၊ တာဝန်ခံနိုင်မှုဆိုင်ရာတရားစီရင်ရေးကျင့်ဝတ်များ ဆွေးနွေးပွဲ" ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များအဖွဲ့၏ အာရှနှင့် ပစိဖိတ်ဒေသအစီအစဉ် ညွှန်ကြားရေးမှူး Mr. Saman Zia-Zarifi က နှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးညွန့်နှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များအဖွဲ့၏ အတွင်းရေးမှူးချုပ် Mr. Wilder Tayler တို့က အမှာစကားပြောကြားကြသည်။

ဆွေးနွေးပွဲ၌ မြန်မာနိုင်ငံ တရားစီရင်ရေးစနစ်နှင့် တရားသူကြီးများ၏ကျင့်ဝတ် ဖွံ့ဖြိုးတိုးတက်စေရေးကို ရည်ရွယ်၍ အပြည်ပြည်ဆိုင်ရာတွင် ကျင့်သုံးလျက်ရှိသော တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်များနှင့် လက်တွေ့ ကျင့်သုံးမှုများအပေါ် ဆွေးနွေးခြင်း၊ အပြည်ပြည်ဆိုင်ရာနယ်ပယ်တွင် ဆောင်ရွက်လျက်ရှိသော တရားသူကြီးများ၊ ဥပဒေပညာရှင်များနှင့် အတွေ့အကြုံများ အပြန်အလှန်ဖလှယ်ခြင်းတို့ ဆောင်ရွက်ကြမည်ဖြစ်သည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများနှင့် တရားရေးအရာရှိများ စုစုပေါင်း ၅၂ ဦးတက်ရောက်ကြောင်းနှင့် ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေး ဥပဒေရေးရာ အသိပညာပေးဆွေးနွေးဟောပြောပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂

အစိုးရဌာန အစိုးရအဖွဲ့အစည်းများအတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးအတွက် အကြံဉာဏ်ပေးခြင်းနှင့် သင့်လျော်သည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးမောင်ရှိန်နှင့် ဒေါက်တာညီညီထွန်းတို့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)ရှိ စုပေါင်းခန်းမ၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးအတွက် ဥပဒေရေးရာများ အသိပညာပေး ဆွေးနွေးဟောပြော သည်။

အဆိုပါဟောပြောပွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာညီညီထွန်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေများနှင့် ပတ်သက်၍ လည်းကောင်း၊ အဖွဲ့ဝင် ဦးမောင်ရှိန်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် ဥပဒေရေးရာများ၊ နောက်ခံသမိုင်း၊ အရေးယူဆောင်ရွက်မှုအခြေအနေများ၊ ခေတ်မီသော ဥပဒေသစ်တစ်ရပ်ပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်မှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လည်းကောင်း ဝန်ထမ်းများအနေဖြင့် ဥပဒေကိုသိရှိပြီး သတိပြုဆင်ခြင်နိုင်စေရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်စေရေးတို့အတွက် ဆွေးနွေးဟောပြောခဲ့သည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘရူနိုင်းအပြည်ပြည်ဆိုင်ရာ အလွတ်တန်းဓားခုတ်ပြိုင်ပွဲ မြန်မာဓားခုတ် ရွှေနှစ်၊ ငွေနှစ်၊ ကြေးနှစ် ဆွတ်ခူးရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂

ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ Negara youth Center တွင် ဇန်နဝါရီ ၂၅ ရက်မှ ၃၁ ရက်အထိ ကျင်းပခဲ့သော ဘရူနိုင်း အပြည်ပြည်ဆိုင်ရာ အလွတ်တန်း ဓားခုတ်ပြိုင်ပွဲတွင် မြန်မာဓားခုတ် အားကစားသမားများ ရွှေနှစ်၊ ငွေနှစ်၊ ကြေးနှစ်ခုစီ ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၌ ဖြူဖြူအောင်က ရွှေတစ်ခု၊ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ဖြူဖြူအောင်၊ မေတင်ဇာကျော်၊ အေးချမ်းထက်နိုင်တို့က ရွှေတစ်ခု၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် မေတင်ဇာကျော်က ငွေတစ်ခု၊ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် စောစိုင်းမာန်ထွဋ်၊ မင်းသီဟ၊ နိုင်လင်းအောင်တို့က ငွေတစ်ခု၊ တစ်ဦးချင်း အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် စောစိုင်းမာန်ထွဋ်နှင့် အေးချမ်းထက်နိုင်တို့က ကြေးတစ်ခုစီ ရရှိကြသည်။

ပြိုင်ပွဲတွင် မြန်မာ၊ ဘရူနိုင်း၊ ထိုင်း၊ မလေးရှားတို့ ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

မြန်မာဓားခုတ်အဖွဲ့ အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနမှအသင်းအုပ်ချုပ်သူ ဦးကျော်ဝင်းနိုင်၊ နည်းပြ Technical Expert Mr. Liu you Houg နှင့် အားကစားသမားများသည် ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ အဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာသိပ္ပံမှကျောင်းသား ကျောင်းသူများက ကြိုဆိုခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မန့်ဟီးရိုးတွင် မိုးပွင့်(အထူး)ကွင်းဆင်းဆောင်ရွက်

မူဆယ် ဖေဖော်ဝါရီ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မန့်ဟီးရိုးမြို့နယ်အတွင်းရှိ နောင်ခေါ်ကျေးရွာအုပ်စုတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နိုင်ငံသားဖြေလျှော့သည့် လုပ်ငန်းစနစ်နှင့် မိုးပွင့်(အထူး)ကွင်းဆင်းခြင်းကို ဇန်နဝါရီလအတွင်း စတင်ဆောင်ရွက်ခဲ့ရာ မန့်ဟီးရိုးမြို့နယ်အတွင်း နိုင်ငံသားအရည်အချင်းပြည့်မီသူများကို နိုင်ငံသား စိစစ်ရေးကတ်ပြားများ ထုတ်ပေးလျက်ရှိသည်။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ခွဲဦးစီးမှူး ဦးစိုင်းဝင်းသိန်းဦးနှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁ ရက်က နောင်ခေါ်ကျေးရွာ လူငယ်ဇရပ်တွင် မိုးပွင့်(၇) စီမံချက်အကြောင်း ရှမ်းဘာသာဖြင့် ဟောပြောခဲ့ကြောင်း သိရသည်။

အယ်လ်စိုး(iprd)

ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီ ၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၅ ကံထူးရှင်များ ထွက်ပေါ်ဆုကြီးတစ်ဆုချင်း ကျပ်သိန်း ၃၀၀ ဆုများတွင် ဝ-၅၁၅၃၅၈၊ ည-၂၆၃၆၄၁ ဟု အမှန်ပြင်ဆင်ဖတ်ရှုပေးပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။

(မြန်မာ့အလင်း)

ဗိုလ်ချုပ်အောင်ဆန်းနှစ်တစ်ရာပြည့် မွေးနေ့ဂုဏ်ပြုဆောင်းပါး

ဗိုလ်ချုပ်လို သူရဲကောင်းမျိုး

အေးမြင့်အောင်

ဘယ်နေရာရောက်ရောက် ကျွန်တော်တို့နောက်ကို အမြဲတစေလိုက်ပါနေတဲ့ စာတွေ၊ ကဗျာတွေများစွာထဲက အခုတလော လွမ်းလွမ်းဆွေးဆွေးရွတ်ဆိုခံစားကြည့်မိနေတာက ဗိုလ်ချုပ်နဲ့ပတ်သက်တဲ့စာကဗျာတွေပဲဖြစ်ပါတယ်။ တစ်ခါတစ်ရံ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ အာဇာနည်ဗိမာန် ဋီကာထဲက

“ဩော်.... တောင်နန်း မြောက်နန်း
အဆောင်တော်ကြငှန်းနဲ့
အခေါင်မမြန်းရခင်က အောင်ပန်းညှိုးရရှာတဲ့
အောင်ဆန်းတို့သေပုံနှမြော...”။

ဆိုတဲ့ဆရာကြီးရဲ့ ဝမ်းနည်းကြေကွဲဖွယ် အဖွဲ့အနွဲ့တွေကို မှန်းရော်ခံစားကြည့်မိသလို တစ်ခါတစ်ရံမှာတော့ ဆရာတင်မိုးရဲ့

“သူသာရှိလျှင်
သူ၏ပြည်အား၊ ကျူးစော်ကားက
အသားအသွေး၊ သက်စတေးလျက်
ပြည်ရေးဆောင်မည်၊ ကာကွယ်မည်ဟု
ပြည်သူတိုင်းက ယုံကြည်ကြ၏”။ ဆိုတဲ့ ကဗျာအဖွဲ့အနွဲ့မျိုးတွေနဲ့ ဆရာမကြီး နုယဉ်ရဲ့. . .

“အသက်သုံးဆယ်၊ ဝန်းကျင်ဝယ်၌
အရွယ်စက၊ ခေါ်တုံကြလည်း
သူကသတ္တိ၊ ရဲရဲငြီလျက်
အမိမြန်မာ၊ ရတနာအား
ဇာနည်ဖွားဟု၊ ထင်ရှားပီပီ
ရှေ့သို့ချီ၏”။ ဆိုတဲ့ ကဗျာအဖွဲ့အနွဲ့မျိုးတွေကိုလည်း ရွတ်ဆိုခံစားပြီး အားမာန်တက်ကြွနိုးထလာခဲ့ရပါတယ်။

နိုင်ငံရေးဆိုတာ စွန့်လွှတ်အနစ်နာခံသူများ၊ အမြော်အမြင်ကြီးမားသူများရဲ့ ကြီးမြတ်တဲ့ ဆောင်ရွက်မှုလို့ ကျွန်တော်တို့ဆရာ့ ဆရာသမားများက သင်ကြားမျှဝေခဲ့ပါတယ်။ အဲ့ဒီလို အမြော်အမြင်ကြီးမားပြီး စွန့်လွှတ်အနစ်နာခံခဲ့တဲ့ နိုင်ငံရေးသူရဲကောင်းများစွာ မြန်မာ့မြေပေါ်မှာ အမှန်တကယ်ရှိခဲ့ဖူးတယ်လို့လည်း သူတို့တစ်တွေကပဲ မျှဝေပေးခဲ့ကြပါတယ်။

ကျွန်တော်တို့ လေးစားအားကျရတဲ့ ဗိုလ်ချုပ်ဟာ ရိုးသားတယ်။ မျိုးချစ်စိတ်ရှိတယ်။ နိုင်ငံရေးအတွက် အကွက်မထွင်သလို နိုင်ငံကိုဆူပူအောင် လုပ်ပြီးတော့လည်း အကွက်မဆင်ခဲ့ပါဘူး

ပြောရမယ်ဆိုရင် မြောက်မြားစွာသောနိုင်ငံရေးသူကောင်းများစွာထဲက အားကျအတုယူလောက်တဲ့ နိုင်ငံရေးသူရဲကောင်းကြီးတစ်ဦးကို ကျွန်တော်တို့ ရင်ထဲထာဝစဉ် ကိန်းအောင်းနေအောင် ထုဆစ်ပုံဖော်ပေးခဲ့ဖူးပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ အသွေးထဲ အသားထဲ နှလုံးသည်းပွတ်ထဲထိတိုင် စွဲခိုင်အောင် ပန္နက်ရိုက်ထည့်ပေးခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းဆိုတဲ့ လွတ်လပ်ရေး ဖခင်ကြီးပါပဲ။

စင်စစ် ကျွန်တော်တို့ အသည်းပန္နက်မှာ စွဲမက်နေလောက်အောင် နှစ်ပေါင်းများစွာ ဖြစ်တည်နေဖို့ဆိုတာ လွယ်လွယ်ကူကူ ဖြစ်တည်လာခဲ့သည်တော့မဟုတ်၊ အသက် ၃၀ သာသာရှိတဲ့ ဗိုလ်ချုပ်မှာ သူမတူအောင် သာလွန်စွာရှိနေတဲ့ အရည်အချင်းကတော့ Honesty လို့ခေါ်တဲ့ ရိုးသားပွင့်လင်းမှုပဲဖြစ်ပါတယ်။ အဲ့ဒီရိုးသားပွင့်လင်းမှုကြောင့် အင်္ဂလိပ်စစ်ဗိုလ်ချုပ် ဝီလျံဆလင်းရဲ့ ယုံကြည်မှုတွေရခဲ့ပါတယ်။ အဲ့ဒီရိုးသားမှုကြောင့် လွတ်လပ်ရေးအတွက် လမ်းခင်းပေးနိုင်ခဲ့သလို အဲ့ဒီရိုးသားမှုတွေကြောင့်လည်း ပြည်သူတွေရဲ့ ရင်ထဲကိုစွဲဝင်ငြိတွယ်နေခဲ့တာပဲ ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် **ကျွန်တော်တို့လေးစားအားကျရတဲ့ ဗိုလ်ချုပ်ဟာ ရိုးသားတယ်။ မျိုးချစ်စိတ်ရှိတယ်။ နိုင်ငံရေးအတွက် အကွက်မထွင်သလို နိုင်ငံကိုဆူပူအောင် လုပ်ပြီးတော့လည်း အကွက်မဆင်ခဲ့ပါဘူး။** နိုင်ငံရေးအတွက် စိတ်ဝမ်းကွဲအောင်မလုပ်သလို နိုင်ငံရေးအတွက် အမြတ်ထုတ် ကိုယ်ကျိုးမရှာခဲ့ပါဘူး။ အဲဒါတွေကြောင့်လည်း ကျွန်တော်တို့ရဲ့ စံတော်ဝင်ခေါင်းဆောင်တစ်ဦးအဖြစ် ကမ္ဘာတည်သရွေ့ တည်ရှိနေမှာဖြစ်ပါတယ်။

“သူ့သားတွက်ပေ၊ မဟုတ်လေဘဲ
သူနေထိုင်သည့်၊ သူ့တိုင်းပြည်တွက်
သူ့ပြည်နေရာ၊ သူကမ္ဘာတွက်
မေတ္တာဓာတ်ခံ၊ အပင်သန်လျက်
အားမာန်ထုတ်မည်၊ ဦးဆောင်မည်ဟု
ပြည်သူတိုင်းက၊ ယုံကြည်ကြ၏”

ဆရာတင်မိုးရဲ့ **‘အောင်ဆန်းစသော မျိုးချစ်သူရဲကောင်းများသို့’** ဆိုတဲ့ ကဗျာထဲကလိုပဲ ဗိုလ်ချုပ်ဟာ ကိုယ့်နိုင်ငံကိုယ့်လူမျိုးအတွက် စွန့်လွှတ်အနစ်နာခံတဲ့၊ မျိုးချစ်စိတ်ဓာတ် ထက်သန်တဲ့၊ မှန်ရာကို ရဲရဲဝံ့ဝံ့ လုပ်ကိုင်တတ်တဲ့ သူရဲကောင်းတစ်ဦးဆိုတာ ဘယ်သူမှ ငြင်းနိုင်မှာ မဟုတ်ပါဘူး။

ဗိုလ်ချုပ်ရဲ့ ရိုးသားမှုနဲ့ပတ်သက်ပြီး အင်္ဂလိပ်စစ်ဗိုလ်ချုပ် ဝီလျံဆလင်းကိုယ်တိုင် ချီးကျူးမှတ်တမ်းတင်ခဲ့တာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဗိုလ်ချုပ်ဝီလျံဆလင်းကိုယ်တိုင် ရေးသားတဲ့ Defeat Into Victory ဆိုတဲ့ စာအုပ်မှာ ဗိုလ်ချုပ်ရဲ့ ရိုးသားမှုတွေ၊ ပွင့်လင်းမှုတွေ၊ ရဲရင့်မှုတွေကို တွေ့ရတဲ့အတွက် ဂုဏ်ယူစရာ မြန်မာသူရဲကောင်းတစ်ဦးအဖြစ် ကျွန်တော်တို့ ထာဝစဉ် ဦးညွှတ်အလေးပြုနေရမှာပဲဖြစ်ပါတယ်။

၁၉၄၅ ခုနှစ် မေလ ၁၅ ရက်နေ့တွင် ဗိုလ်ချုပ်ဝီလျံဆလင်းက ဗိုလ်ချုပ်အောင်ဆန်းအား မိတ္ထီလာမြို့မှာ တွေ့ဆုံခဲ့ပါတယ်။ ထိုအချိန်က မြန်မာ့တပ်မတော်ခေါင်းဆောင်များနှင့်ပတ်သက်၍ အင်္ဂလိပ်စစ်ဗိုလ်ချုပ်များထံ မဟုတ်မမှန် လုပ်ကြံအပုပ်ချ သတင်းပို့ထားချက်များ ရှိခဲ့ပါတယ်။ အဲဒီလို မဟုတ်မမှန်သတင်းပို့ကြရာမှာ ဗိုလ်ချုပ်ဦးဆောင်တဲ့ တပ်မတော်ဟာ ယုံကြည်စိတ်ချလို့ မရကြောင်း၊ ပညာမတတ်သူ အလုပ်လက်မဲ့သူများပါဝင်ကြပြီး တကယ့်တိုက်ပွဲများတွင် အားကိုးလို့ မရနိုင်ကြောင်းစတဲ့ မဟုတ်မမှန်သတင်းတွေကြောင့် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် မြန်မာ့တပ်မတော်ခေါင်းဆောင်တွေကို အင်္ဂလိပ်တို့က အထင်အမြင်သေးနေကြပါတယ်။

အဲဒီလို အထင်အမြင် သေးနေခြင်းကြောင့်လည်း ဗိုလ်ချုပ်ကိုတွေ့ဆုံချိန်တွင် ဝီလျံဆလင်းက **“ဗြိတိသျှအစိုးရကို တော်လှန်ပုန်ကန်တိုက်ခိုက်ခဲ့သူ တစ်ဦးအနေနဲ့ပဲဖြစ်ဖြစ်၊ စစ်အတွင်းက လူသတ်ခဲ့တယ်ဆိုတဲ့ သက်သေ အထောက်အထားတွေ အခိုင်အမာရှိနေတဲ့အတွက် တရားခံတစ်ဦး အနေနဲ့ပဲဖြစ်ဖြစ် ဖမ်းဆီးချုပ်နှောင်ခံရမှာကို မစိုးရိမ်ဘူးလား”** ဟု မေးခဲ့ပါတယ်။

ဗိုလ်ချုပ်က **“မစိုးရိမ်ပါဘူး”** ဟု ခပ်တည်တည် ပြန်ဖြေခဲ့ပါတယ်။

“ဘာဖြစ်လို့ မစိုးရိမ်တာလဲ” ဟု ဝီလျံဆလင်းက မေးမြန်းခဲ့ရာ

“ဘာကြောင့်လဲဆိုတော့ ခင်ဗျားဟာ ဗြိတိသျှလူမျိုး စစ်ဗိုလ်ချုပ်တစ်ဦး ဖြစ်နေလို့ပါပဲ” လို့ ပြောခဲ့ပါတယ်။ အဲဒီလို ဗိုလ်ချုပ်ရဲ့ အဖြေစကားကို ကြားလိုက်တဲ့ ဝီလျံဆလင်းဟာ ဟက်ဟက်ပက်ပက်သဘောကျခဲ့ပြီး. . .

“ဗြိတိသျှတွေကို ဒီလောက်အထင်ကြီးနေရင်လည်း ဘာဖြစ်လို့ ဗြိတိသျှတွေကို မောင်းထုတ်ဖို့ ကြိုးပမ်းနေရတာလဲ” ဟု မေးခဲ့ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းက ဗြိတိသျှတွေကို မုန်း၍ တိုက်ထုတ်ရန်ကြိုးစားနေခြင်း မဟုတ်ကြောင်း၊ မိမိတို့တိုင်းပြည်ကို ဗြိတိသျှပဲဖြစ်စေ၊ ဂျပန်ပဲဖြစ်စေ၊ အခြားမည်သည့် နိုင်ငံမဆိုလာပြီး အုပ်စိုးနေခြင်းကို မလိုလား၍သာ မောင်းထုတ်ဖို့ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြန်လည်ပြောဆိုခဲ့တယ်လို့ သိရပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအတွက် အဲဒီလို ရဲဝံ့စွန့်စားတဲ့စိတ်နဲ့ ပရိယာယ်မပါ ရိုးသားပွင့်လင်းစွာ ပြောဆိုလုပ်ကိုင်တတ်မှုတွေကလည်း ဒီနေ့အထိ ကျွန်တော်တို့ လေးစားချစ်ခင်နေရတဲ့ အကြောင်းအရင်းတွေပါပဲ။

တကယ်တမ်းပြောရရင် ဗိုလ်ချုပ်ဟာ နယ်ချဲ့အင်္ဂလိပ်ကိုသာ တိုက်ပွဲဝင်နေရတာမဟုတ်ဘဲ Factional Politics လို့ခေါ်တဲ့ အုပ်စုဖွဲ့နိုင်ငံရေးတွေကြားမှာ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်ပါ ခက်ခက်ခဲခဲထမ်းဆောင်ခဲ့ရသူဖြစ်ပါတယ်။

မြန်မာ့လွတ်လပ်ရေးအတွက် အင်္ဂလန်ကို သွားရောက်ဆွေးနွေးခဲ့ပြီး ပြန်လည်ရောက်ရှိချိန်မှာ ဗိုလ်ချုပ်ကိုယ်တိုင် ဆရာကြီး သခင်ကိုယ်တော်မှိုင်းအိမ်ကို သွားရောက်ပြီး . . .

“ဆရာကြီး မျှော်မှန်းလာခဲ့တဲ့ လွတ်လပ်ရေးကို တစ်နှစ်အတွင်းရအောင် ကျွန်တော်တို့ ကြိုးစားနေပါတယ်ဆရာကြီး။ တစ်နှစ်လောက်တော့ စောင့်ကြည့်ပါဦး၊ ဒီအတွင်း ဆရာကြီးဘာမှ မလုပ်ပါနဲ့ဦး” လို့ တောင်းပန်ခဲ့ပါတယ်။

အဲ့ဒီလို ပြောခံရတဲ့ဆရာကြီးသခင်ကိုယ်တော်မှိုင်းဟာ

“ဟေ... အောင်ဆန်း မင်းကဆရာလား၊ ငါက ဆရာလား” ဟု ဗိုလ်ချုပ်ကိုပြန်မေးခဲ့ပါတယ်။ အတော်ပင် ဆရာကြီးစိတ်ဆိုးသွားခဲ့ပါတယ်။

အဲဒီအချိန်မှာ ဗိုလ်ချုပ်က

“ဆရာကြီး ဒို့ပြင် လူဘာပြောပြော ကျွန်တော်တို့ မထိခိုက်ဘူး။ ဆရာကြီးက ကျွန်တော်တို့ကို ဆန့်ကျင်တဲ့ စကားတစ်ခွန်းပြောရင် တစ်ခွန်း ထိခိုက်ပါတယ်။ ကျွန်တော်ကတိပေးတဲ့အတိုင်း တစ်နှစ်ပြည့်လို့ ဘာမှဖြစ်မလာဘူးဆိုရင် ဆရာကြီး လုပ်ချင်တာလုပ်ပါ။ ကျွန်တော်လည်း နိုင်ငံရေး မလုပ်တော့ဘူး။ အေးဆေးပဲ နေတော့မယ်” ဟု ဇွတ်တောင်းပန်ခဲ့ရဖူးပါတယ်။

အဲဒီအချိန်ဟာ အောင်ဆန်းအက်တလီ စာချုပ်ကို အတည်ပြုဖို့အတွက် ခက်ခက်ခဲခဲ ကြိုးစားနေရတဲ့အချိန်ဖြစ်ပြီး ကွန်မြူနစ်များက ဗြိတိသျှတို့၏ လိုက်လျောချက်ဟာ မူလတောင်းဆိုချက်များထက် များစွာလျော့နည်းနေတယ်”ဟုဆိုပြီး ဆန့်ကျင်အုံကြွနေတဲ့ အချိန်ဖြစ်ပါတယ်။

အဲဒီလို အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းရှာခဲ့ရသလို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်လည်း ဘယ်လောက်စိတ်ရှည်သည်းခံ ဆောင်ရွက်ခဲ့ရတယ်ဆိုတာ လေ့လာကြည့်ရင် သိရမှာအမှန်ပါပဲ။

လွတ်လပ်ရေးအတွက် အင်္ဂလန်ကို သွားရောက်အရေးဆိုနေတဲ့ ဗိုလ်ချုပ်ကို

“ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားပြည်သူလူထု၏ ကိုယ်စားလှယ်မဟုတ်ပါ။ ရှမ်းတိုင်းရင်းသားတို့၏ အနာဂတ်ရေးရာများနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ခွင့် ဗိုလ်ချုပ်အောင်ဆန်းထံ၌မရှိ” ဟုနန်းရင်းဝန် အက်တလီထံကြေးနန်းရိုက်၍ တားမြစ်ခံခဲ့ရပါတယ်။

အဲဒီကြေးနန်းစာကိုချေဖျက်ဖို့အတွက် ရှမ်းတိုင်းရင်းသားလူငယ်ခေါင်းဆောင် ဦးတင်အေး၊ ဦးထွန်းမြင့်နှင့်ပြည်သူလူထု ထောင်သောင်းချီ၍ ပြန်လည်ထောက်ခံပြန်ကြားခဲ့ရတာကို ကြည့်ပြီး ကျွန်တော်တို့ ဗိုလ်ချုပ်အနေနဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် ဘယ်လောက်ပေးဆပ်ဆောင်ရွက်ခဲ့ရတယ်ဆိုတာကို ပေါ်လွင်နေခဲ့ပါတယ်။

ဒါတင်မကပါဘူး။ ၁၉၄၇ ခုနှစ် မေလ ၃၀ ရက်နေ့မှာကျင်းပခဲ့တဲ့ သတင်းစာ ကွန်ဖရင့်မှာ **“ကျုပ်တို့အစိုးရ အခုလုပ်နေတာဟာ ဆန်စဉ်ရာကျည်ပွေ့လိုက်ဆိုသလို ဟိုကဆူရင် ဟိုလိုက်လုပ်၊ ဒီကဆူရင် ဒီလိုက်လုပ်ဆိုသလို ဖြစ်နေပြီ”** လို့ပြောကြားခဲ့တဲ့ ဗိုလ်ချုပ်မိန့်ခွန်းကို ကြည့်ရင် တိုင်းပြည်အကျိုး၊ လူမျိုးအကျိုးအတွက် ဘယ်လောက် စိတ်ညစ်ခံပြီး ဆောင်ရွက်ခဲ့ရတယ်။ ဘယ်မျှစိတ်ရှည်သည်းခံခဲ့ရတယ်ဆိုတာကို သိနိုင်ကြမှာဖြစ်သလို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်မှာ ကျင်းပခဲ့တဲ့ တောင်သူလယ်သမားညီလာခံတွင် ပြောကြားခဲ့တဲ့ မိန့်ခွန်းကိုကြည့်ရှုဖြင့်လည်း နိုင်ငံရေးသမားများရဲ့ နိုင်ငံရေးအယူအဆအမျိုးမျိုး၊ ယုံကြည်ချက် ခံယူချက်အမျိုးမျိုးကြားမှာ ဘယ်လောက်စိတ်ဆင်းရဲခံလုပ်ကိုင်ခဲ့ရတယ်ဆိုတာ သိမြင်နိုင်မှာပဲ ဖြစ်ပါတယ်။

“သပိတ်ကိစ္စ၊ လယ်သမားကိစ္စ၊ အလုပ်သမားကိစ္စ၊ တိုင်းပြည်ကိစ္စတွေနဲ့ ဟိုပြေးရ ဒီပြေးရနဲ့ အင်မတန်ခေါင်းကိုက်နေပါတယ်။ တိုင်းပြည်ခေါင်းဆောင်လုပ်တာ သိပ်စည်းစိမ်ရှိတယ်လို့တော့ မထင်ကြပါနဲ့၊ ကျုပ်အဖို့တော့ ကျားမြီးဆွဲမိလို့သာ ဆက်လုပ်နေရတာဗျ”။

တကယ်တော့ ဗိုလ်ချုပ်ဟာ ကျွန်တော်တို့စိတ်နှလုံးမှာ နိုင်ငံရေးခေါင်းဆောင်တစ်ဦးဆိုတာထက် နိုင်ငံ့ဦးသျှောင်တစ်ဦး၊ သူရဲကောင်းတစ်ဦး၊ စွန့်လွှတ်ပေးဆပ်သူတစ်ဦး၊ ပရိယာယ်မပါ ရိုးသားပွင့်လင်းသူတစ်ဦးဆိုတာကို ကျွန်တော်တို့အားလုံးက သိမှတ်လက်ခံထားပြီးဖြစ်ပါတယ်။ ဒါပေမယ့် ဗိုလ်ချုပ်လိုတိုင်းပြည်အတွက် ရိုးရိုးသားသား ကိုယ်ကျိုးစွန့်ဆောင်ရွက်ခဲ့ သူပင်လျှင် အဖျက်ပယောဂအမျိုးမျိုး၊ ဘေးထိုးခြေရှုပ်မှုအဖုံဖုံ၊ သပ်လျှိုသွေးခွဲမှု အပြားပြားဖြင့် ကြုံခဲ့ တာကို တွေ့မြင်ခဲ့ရပါတယ်။

နိုင်ငံရေးမှာရိုးသားမှုထက် ကောင်းတဲ့လက်နက် မရှိဘူးဆိုတဲ့ ယုံကြည်ချက်နဲ့ ရိုးရိုးသားသား ဖြူဖြူစင်စင် စိတ်ရှည်သည်းခံ ဆောင်ရွက် ခဲ့ရပါတယ်။ ဗိုလ်ချုပ်အပေါ် နောက်ထပ် စာနာနားလည်မှုတစ်ခုအနေနဲ့ ရှုမြင်ကြည့်မယ်ဆိုလျှင် လွတ်လပ်ရေးကြိုးပမ်းစဉ် ကာလအတွင်းမှာ ထိပ်တိုက်ရင်ဆိုင်မှု နည်းလမ်းတွေကို ရှောင်ရှားပြီး အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး၊ အမျိုးသားနိုင်ငံရေးလမ်းကြောင်းမှာ တပ်ပေါင်းစုညီညွတ်ရေးလမ်းကြောင်းကို အခြေခံပြီး ပင်လုံညီလာခံကဲ့သို့သော အမျိုးသားစည်းလုံး ညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့ခြင်းတို့ကို တွေ့ရမှာဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ ချစ်ခင်မြတ်နိုးရတဲ့ ဗိုလ်ချုပ်ကို မွေးဖွားသန့်စင်ပေးခဲ့တာဟာ နှစ်ပေါင်း ၁၀၀ ပြည့်ခဲ့ပါပြီ။ ယခုအချိန်မှာ သက်ရှိထင်ရှား မရှိတော့ပေမယ့် ဗိုလ်ချုပ်ရယူပေးခဲ့တဲ့ လွတ်လပ်ရေးအသီးအပွင့်တွေ၊ ဗိုလ်ချုပ်ရဲ့ရိုးသားပွင်းလင်းမှုတွေ၊ စွန့်လွှတ် အနစ်နာခံတတ်မှုတွေ၊ မျိုးချစ်စိတ်ဓာတ်ရင့်သန်ခိုင်မာမှုတွေ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ထိန်းသိမ်းမှုတွေ၊ အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် တည်ဆောက်ပေးခဲ့မှုတွေကတော့ နောင်နှစ်ပေါင်းများစွာတိုင်အောင် ပြောစမှတ် တွင်ရစ်နေဦးမှာဖြစ်ပါတယ်။

အမှန်စင်စစ် ကျွန်တော်တို့အားလုံး သတိပြုရမှာက ဗိုလ်ချုပ်ကို သတိရရုံ၊ တမ်းတရုံနဲ့ မပြီးဆုံးဘဲ ကျွန်တော်တို့မြေပေါ်မှာ ဗိုလ်ချုပ်လို အာဇာနည်သူရဲကောင်းများစွာ ပေါ်ထွန်းလာအောင် ထုဆစ်ပုံဖော်ပေးနိုင်ကြရမှာဖြစ်သလို အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ဗိုလ်ချုပ်လိုစိတ်ရှည်သည်းခံ စေ့စပ်ညှိနှိုင်းအဖြေရှာပေးတတ်တဲ့ နိုင်ငံရေးသမားများစွာ ပေါက်ဖွားရှင်သန်လာအောင်လည်း ဝိုင်းဝန်းကြိုးပမ်းပေးကြရမှာဖြစ်ပါတယ်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

လွှတ်တော်ရေးရာ

✻ ပြည်ထောင်စုလွှတ်တော်မှ

ကော်မရှင်အနေဖြင့် လုပ်ငန်းသဘောအရ လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိရန်လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်က နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အတိုင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြုလုပ်သည့် နေ့ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် မဲပေးခွင့်ရှိပါကြောင်း၊ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများသည် နိုင်ငံသားဟု သတ်မှတ်ချက်ခံရပြီးသူများ မဟုတ်၍ ဤဥပဒေကြမ်း၏ ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းမှာ မဖြစ်သင့်ဟုဆိုလျှင် တစ်နိုင်ငံလုံးရှိ ၁၅ သိန်းသော ပြည်သူများအတွက် နိုင်ငံသားအခွင့်အရေးဆုံးရှုံးသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရန် နိုင်ငံတော်သမ္မတမှ တည်ဆဲဥပဒေများနှင့် ကိုက်ညီမှုရှိစေရန်အတွက် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများကို မဲစာရင်းတွင် ထည့်သွင်းရေး သဘောထားမှတ်ချက် ပေးပို့ခြင်းဖြစ်သည်ဟု ယူဆပါကြောင်းဖြင့် ဆွေးနွေးသည်။

ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်က မိမိတို့အရပ်ဒေသတွင် မှတ်ပုံတင်ရရှိရေး ခက်ခဲပါကြောင်း၊ အလားတူ တောင်ပေါ်ဒေသများတွင်လည်း မှတ်ပုံတင်ရရှိရေးမှာ ခက်ခဲနေပါကြောင်း၊ နိုင်ငံသားဖြစ်သော်လည်း မှတ်ပုံတင်မရှိ၍ မဲပေးခွင့်မရှိခြင်းသည် နိုင်ငံသားအခွင့်အရေးဆုံးရှုံးပါကြောင်း၊ နယ်စပ်ဒေသတွင် နေထိုင်သူများအတွက် မိမိတို့နိုင်ငံသားဖြစ်သည်၊ မဖြစ်သည်ကို စိစစ်ရန်ခက်ခဲပြီး မှတ်ပုံတင်ပေးနိုင်ရန်အတွက် စိစစ်ပေးရန် ခက်ခဲပါကြောင်း၊ ယာယီသက်သေခံ လက်မှတ်သည် မှတ်ပုံတင်အစား ယာယီထုတ်ပေးခြင်းဖြစ်ပြီး ခိုင်မာမှုရှိသည့်အတွက် နိုင်ငံတော်သမ္မတ၏ သဘောထားချက်သည် သင့်လျော်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက နိုင်ငံသားဟု အသိအမှတ် မပြုနိုင်သေးသဖြင့် မစစ်ဆေးနိုင်ခင် ကာလအတွင်း ယာယီထုတ်ပေးထားသည့် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်သူများကို တိုင်းပြည်၏ အချုပ်အခြာအာဏာနှင့်သက်ဆိုင်သည့် ကိစ္စရပ်များတွင် ဆုံးဖြတ်ခွင့်မပေးသင့်ပါကြောင်း၊ ယာယီထုတ်ပေးထားသည့် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်သူများကို ဆန္ဒမဲပေးမည်ဆိုပါက နိုင်ငံသားဥပဒေပြဋ္ဌာန်းချက်များ၊ နိုင်ငံတကာစံနှုန်းများနှင့် ဆန့်ကျင်နေပါကြောင်းဖြင့် ဆွေးနွေးသည်။

ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော်က နိုင်ငံသားမဟုတ်သူများသည် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ပိုင်ခွင့် မရှိပါကြောင်း၊ မည်သည့်နိုင်ငံမှ နိုင်ငံသားမဟုတ်သူများကို မဲပေးခွင့်မပြုထားပါကြောင်း၊ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်သူများသည် မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားဟု သတ်မှတ်ခြင်းခံရသေးသူများ မဟုတ်သဖြင့် နိုင်ငံသားများသာ ရသင့်သော အခွင့်အရေးများဖြစ်သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်အခွင့်အရေးကို မပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

အချို့မြို့နယ်များတွင် ပါတီအမည်တပ်၍ မြို့အမည်၊ ကျေးရွာအမည်များအား ဆိုင်းဘုတ်တင်ထားခြင်းကို တရားဝင်ခွင့်ပြုထားခြင်းမရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပပြီး မေးခွန်း(၃)ခု မေးမြန်းဖြေကြားခြင်း၊ အဆို(၁)ခု တင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ အတည်ပြုခြင်းနှင့် ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၏ **"ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာရှိ လယ်သမားများထံမှ (န·စ·က)တပ်စခန်းက သိမ်းယူထားသောမြေများအနက် တပ်ခြံစည်းရိုးပြင်ပရှိ ပိုလျှံသည့် လယ်မြေများအား ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်က မေးခွန်းပါမြေနေရာသည် စခန်းဧရိယာအတွင်း၌ တပ်ပိုင်မြေသိမ်းဆည်းစဉ်က ပါဝင်ခဲ့သောမြေဖြစ်ပါကြောင်း၊ ၂၀၁၃ ခုနှစ် ဇူလိုင်လ ၁၂ ရက်တွင် နယ်စပ်ဒေသလူဝင်မှု

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြေကြားစဉ်။ (သတင်းစဉ်)

စစ်ဆေးရေး ကွပ်ကဲမှုဌာနချုပ်ကို ဖျက်သိမ်းခဲ့ပြီး ကွပ်ကဲမှုဌာနချုပ်အပါအဝင် တပ်ပိုင်မြေနှင့် အဆောက်အအုံများကို ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ခံ ရဲတပ်ရင်းသို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာန အနေဖြင့်လည်း လုံခြုံရေးရဲတပ်ရင်းမှ နယ်ခြားစောင့်ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ နယ်မြေဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး လုပ်ငန်းစဉ်များကို အခြေပြုဆောင်ရွက်ရန်အတွက် အဆိုပါမြေ၌ အဆောက်အအုံများ အခိုင်အမာတည်ဆောက်ထားခြင်းကြောင့် ပိုလျှံမြေများမရှိပါသဖြင့် ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်မရှိပါကြောင်းဖြင့် ဖြေကြားသည်။

ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၏ **"အချို့မြို့နယ်များနှင့် ကျေးရွာများတွင် မြို့အမည်၊ ကျေးရွာအမည်များအား ပါတီအမည်တပ်၍ ဆိုင်းဘုတ်တပ်ထားခြင်းကို ခွင့်ပြုထားခြင်းရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ယခုအခါ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး ခုနစ်ခုနှင့် ပြည်နယ် ၇ ခု အပါအဝင် ခရိုင် ၇၃ ခု၊ မြို့နယ် ၃၃၀၊ မြို့ ၄၁၇ မြို့၊ ရပ်ကွက် ၃၁၅၄၊ ကျေးရွာအုပ်စု ၁၃၆၁၀ နှင့် ကျေးရွာ(၆၃၈၉၉)တို့ကို မှတ်တမ်းတင် သတ်မှတ်ထားပါကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ဥပဒေနှင့်အညီ အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသော မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာအမည်များကိုသာ တရားဝင် အသိအမှတ်ပြု မှတ်တမ်းတင်ထားရှိပါ

ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် မေးမြန်းစဉ်။ (သတင်းစဉ်)

ကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် အချို့မြို့နယ်များနှင့် ကျေးရွာများတွင် ပါတီအမည်တပ်၍ မြို့အမည်၊ ကျေးရွာအမည်များအား ဆိုင်းဘုတ်တင်ထားခြင်းကို တရားဝင်ခွင့်ပြုထားခြင်း မရှိပါကြောင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်ထားရှိသော မြို့၊ ရပ်ကွက်၊ ကျေးရွာအမည်များကိုသာ မှတ်တမ်းတင်အသိအမှတ်ပြုထားပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာက "မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော အမျိုးသမီးများအား အကြမ်းဖက်မှုများ လျော့နည်းစေရေးအတွက် လိုအပ်ချက်ရှိသော အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေး ဥပဒေတစ်ရပ်ကို အလျင်အမြန် ရေးဆွဲပေးနိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း" အဆိုကို တင်သွင်းသည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က အမျိုးသမီးများအပေါ် ကာယိန္ဒြေနှင့် ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု မပြုနိုင်ရန်အတွက် ပြစ်မှုဆိုင်ရာဥပဒေ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေတို့တွင် ပြစ်မှုအမျိုးအစားအလိုက် အကာအကွယ်ပေးထားပါကြောင်း၊ အနိမ့်ဆုံးပြစ်မှုဖြစ်သည့် မိန်းမကာယိန္ဒြေကို စော်ကားရန်ရည်ရွယ်သော စကား၊ ကိုယ်အမူအရာတို့ဖြင့် ကျူးလွန်ပါက ထောင်ဒဏ်(၁)နှစ်အထိ ချမှတ်နိုင်ပြီး အမြင့်ဆုံးပြစ်မှုများဖြစ်သည့် မုဒိမ်းမှု၊ အတင်းအဓမ္မ ထိမ်းမြားပေးစားရန် သွေးဆောင်ခိုးယူမှု၊ (၁၈)နှစ်အောက်မိန်းမကို ပြည့်တန်ဆာအဖြစ် ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ဝယ်ယူခြင်း၊ လက်ခံခြင်းပြုလုပ်မှုတို့အပြင် လူကုန်ကူးမှုကိုကျူးလွန်ပါက ထောင်ဒဏ်(၁၀)နှစ်မှ တစ်သက်တစ်ကျွန်းအထိ ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါကြောင်း။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများပါဝင်သည့် ကော်မတီ(၃)ရပ်ဖွဲ့စည်းပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှတားဆီးကာကွယ်ရေးဥပဒေကြမ်းကို ရေးဆွဲလျက်ရှိရာ အခန်း(၁၁)အထိ ရေးဆွဲဆောင်ရွက်ပြီး ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံဆန္ဒမဲများသည့်အတွက် အဆိုအား အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

ရာဇဂြိုဟ်ရေလှောင်တမံဘက်စုံစီမံကိန်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရန် လိုအပ်သောရန်ပုံငွေကို လွှတ်တော်သို့တင်ပြထား

နေပြည်တော် ဖေဖော်ဝါရီ ၂

ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဂမ်ဆိုင်း၏ **"ဝိုင်းမော်မြို့နယ် မြို့ဦးဖြစ်သော အမှတ်(၁)ရပ်ကွက်၏ ဧရာဝတီမြစ်ကမ်းပါးအား ရေတိုက်စားမှုမှ ကာကွယ်နိုင်ရေးအတွက် အလျား ၄၇၂ ပေရှိ ကျောက်စီမြစ်ကမ်းထိန်းနံရံ အမြန်ဆုံးပြုလုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ဝိုင်းမော်မြို့နယ်အမှတ်(၁)ရပ်ကွက်ရှိ ဧရာဝတီမြစ်ကမ်းပါး ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ကချင်ပြည်နယ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား ကွင်းဆင်းတိုင်းတာစစ်ဆေး၍ ဆောင်ရွက်သင့်သော ဒီဇိုင်းပုံစံနှင့် ခန့်မှန်းကုန်ကျစရိတ်အား သက်ဆိုင်ရာဦးစီးဌာန (ရုံးချုပ်)သို့ တင်ပြ အတည်ပြုချက်ရယူ၍ ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြစေပြီး နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေမှ တောင်းခံ၍သော် လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၌ ထည့်သွင်းရေးဆွဲတောင်းခံ၍သော် လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါ

ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြေကြားစဉ်။ (သတင်းစဉ်)

ကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းအား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင်၏ **"ရာဇဂြိုဟ်ဆည်အား ပြီးစီးအောင် တည်ဆောက်ပေးမည့် အစီအစဉ်ကို သိရှိလိုခြင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်ရှိ ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ၂၀၀၃ ခုနှစ်၊ မေလမှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကုန်တွင် တမံတည်ဆောက်ခြင်းလုပ်ငန်း ၉၆ ရာခိုင်နှုန်း၊ ရေပိုလွှဲ

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင် မေးမြန်းစဉ်။ (သတင်းစဉ်)

တည်ဆောက်ခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း ၆၅ ရာခိုင်နှုန်းနှင့် ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်း ၂၇ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမည်ဖြစ်ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကုန်တွင် ကျန်ရှိသောလုပ်ငန်းများ ပြီးစီးအောင်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောရန်ပုံငွေကို ပြည်ထောင်စုအစိုးရအဖွဲ့ ဘဏ္ဍာရေးကော်မရှင်မှ စိစစ်ခွင့်ပြုသဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်တင်ပြထားပါကြောင်း။

ပြည်ထောင်စု လွှတ်တော်မှ အတည်ပြုပါက ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်ကုန်တွင် ပြီးစီးအောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးဇေယျာအောင်တို့ ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဒါးဗို့စ်မြို့တွင် ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum) သို့ ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ တက်ရောက်ခဲ့သည်။ ထိုဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် ဘယ်လ်ဂျီယံနိုင်ငံဘုရင်၊ ဘုရင်မ၊ အာဖရိကခေါင်းဆောင်များ၊ နော်ဝေ နိုင်ငံဝန်ကြီးချုပ်၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၊ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ၊ IMF မှ ခရစ္စတင်လာဂတ်၊ အခြားထင်ရှားသောခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များနှင့် အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။ ဇန်နဝါရီ ၂၂ ရက်နှင့် ၂၃ ရက်များတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ စီးပွားရေးလုပ်ငန်းကြီးများ၏ ခေါင်းဆောင်များနှင့် အာဆီယံ စီးပွားရေးအသိုက်အဝန်း (ASEAN Economic Community)၏ လက်တွေ့အကောင်အထည်ဖော်ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံဘုရင်မ Queen Maxima of the Netherland နှင့် ဇန်နဝါရီ ၂၃ ရက်တွင် တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်သည် ညနေပိုင်းတွင် "Energy Reforms: New Models for Sustained Growth" ခေါင်းစဉ်ဖြင့်ကျင်းပသော အစည်းအဝေးသို့လည်း တက်ရောက်ခဲ့သည်။ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့်အဖွဲ့သည် ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အတွင်း World Economic Forum မှ Managing Director Mr. Philipp Rosler၊ နော်ဝေနိုင်ငံခြားရေးဝန်ကြီး Brende၊ ဝန်ကြီးဟောင်း Espen Interna- tional Finance Corporation မှ Asia-Pacific ဆိုင်ရာ Vice President Mr. Karin Finkelston, HEINEKEN မှ Global CEO Mr. Jean Francois Van Boxmeer, တို့နှင့် တွေ့ဆုံခဲ့၍ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရေးဆိုင်ရာကိစ္စရပ်များ အကြောင်း ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု လူတွေ့စာမေးပွဲကျင်းပရေးဆိုင်ရာ ညှိနှိုင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုပထမအသုတ် လူတွေ့ စာမေးပွဲကျင်းပရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာကြသော ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ပါမောက္ခများက အကြံပြုဆွေးနွေးကြသည်။

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု အရည်အချင်းစစ်စာမေးပွဲတွင် IELTS အဆင့် ၆.၀ နှင့်အထက်နှင့် ညီမျှသော Aptis Test အဆင့် C ဖြင့် အမှတ်အများဆုံးရရှိသူ ၁၄၂ ဦးကို ဖေဖော်ဝါရီ ၁၇ ရက်နံနက် ၉ နာရီတွင် ရန်ကုန်မြို့၌ လူတွေ့စစ်ဆေးမည်ဖြစ်သည်။ လူတွေ့ဖြေဆိုမည့်ကျောင်းသား၊ ကျောင်းသူများသည် သွားရောက်လိုသောနိုင်ငံ၊ တက်ရောက်လိုသော တက္ကသိုလ်၊ လျှောက်ထားလိုသော အထူးပြုဘာသာနယ်ပယ်တို့ ထည့်သွင်းဖော်ပြပါရှိသော Updated ကိုယ်ရေးမှတ်တမ်းများကို scholarmm 2015@gmail.com သို့ ဖေဖော်ဝါရီ ၅ ရက်အရောက် အီးမေးလ်ဖြင့် ပေးပို့ရမည်။ အဆိုပါ လျှောက်ထားလိုသော အထူးပြုဘာသာရပ်နယ်ပယ်အလိုက် ရန်ကုန်မြို့ရှိ တက္ကသိုလ်စိန်ရတုခန်းမ၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်စသည့် နေရာများတွင် လူတွေ့စစ်ဆေးရန် သတ်မှတ်ကြသည်။ ပြည်ထောင်စုဝန်ကြီးက လူတွေ့စစ်ဆေးရေးမှုများကို ဆွေးနွေးပြီး တက်ရောက်လာသူများက အမှတ်ပေးစည်းမျဉ်းများကို ဆက်လက်ညှိနှိုင်း အတည်ပြုခဲ့ကြသည်။ ထို့နောက် လူတွေ့စာမေးပွဲကျင်းပရေးအဖွဲ့နှင့် ပညာတော်သင်ဆု စိစစ်ထောက်ခံ တင်ပြရေးအဖွဲ့တို့၏တာဝန်များကို အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၆ မှ

မည်သို့ဆိုစေ မြန်မာ့နိုင်ငံရေး လမ်းကြောင်းပေါ်မှာ ဗိုလ်ချုပ်လို ပကတိရိုးသားဖြူစင်တဲ့နိုင်ငံရေး ခေါင်းဆောင်များ ဘယ်သို့ဘယ်ပုံ နိုးထပုံပေါ်လာလိမ့်မလဲဆိုတာ မျှော်လင့်တွေးဆရင်း ဆရာဇော်ဂျီရဲ့ **သခင်အောင်ဆန်းတရား** ကဗျာလေးတစ်ပုဒ်ကို ရေရွတ်သတိရမိ နေပါတယ်. . .။

‘ငါ့ညီပြောင်ဝင်း မောင်သစ်ဆင်း
မင်း၏သားငယ်၊ မင့်သက်လှယ်ကို
အဘယ်တရားဟောမည်နည်း...
ဆန်း၏သတ္တိ၊ ဆန်း၏သမာဓိ
ဆန်း၏ပညာ၊ ဟောစရာကား
အလွန်များ၏။
မင့်သားအရွယ်၊ သက်နှစ်ဆယ်တွင်
လူငယ်အောင်ဆန်း၊ သူ့အစွမ်းကို
ပန်းကောင်းတစ်ပွင့်၊ ပန်ဆင်တင့်သို့
မင့်သားသိစေချင်လှ၏’’။

အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ လမ်းညွှန်မှုနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဆင့်မြင့်အရာထမ်းများ၏ အရည်အသွေးတိုးတက် မြင့်မားစေရန် ရည်ရွယ်ချက်ဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဦးဆောင်စီမံခန့်ခွဲကာ ဗဟိုအဖွဲ့အစည်းများ၊ အစိုးရ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၌ တာဝန်ထမ်းဆောင်လျက်ရှိကြသော ညွှန်ကြားရေးမှူးအဆင့်ရှိ အရာထမ်းများအတွက် အဆင့်မြင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၄) ကို ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ ယနေ့စတင်ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင်ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး အခမ်းအနားသို့ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်နှင့် တက္ကသိုလ်မှ အရာထမ်း၊ အမှုထမ်းများ၊ ပြည်ထောင်စု အဆင့်ဗဟိုရုံးများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့မှ အရာထမ်းသင်တန်းသား၊သင်တန်းသူ ၃၆ ဦးတို့ တက်ရောက်ကြပြီး ပြင်ပ ပို့ချမှုများအတွက် ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် UNDP နှင့် Hanns Seidel Foundation တို့မှ အထောက်အကူပြုပါ ဝင်ကူညီကြသည်။

အဆိုပါသင်တန်းတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲမှု၊ ဥပဒေ၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးဘာသာရပ်တို့ကို ဝန်ကြီးဌာန/အဖွဲ့အစည်း အသီးသီးမှ ပြည်ထောင်စုဝန်ကြီးများ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင်များနှင့် ပြည်ပနိုင်ငံများမှ ပညာရှင်များက ရက်သတ္တ ရှစ်ပတ်ကြာ ပို့ချသင်ကြားပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်

၁။ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာ အတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက် အကျိုးရှိစွာအသုံးချနိုင်ရန်ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆု ကမ်းလှမ်းမှုအစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးသို့ စနစ်တကျခွဲဝေသတ်မှတ် ပေးပြီး အဆိုပြုချက်များကို စိစစ်၍ နိုင်ငံခြားပညာတော်သင်များစေလွှတ်ပေးလျက်ရှိပါသည်။

၂။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်းပါရဂူဘွဲ့၊ မဟာသိပ္ပံ/ဝိဇ္ဇာဘွဲ့၊ဒီဂရီ၊ ဒီပလိုမာသင်တန်းသို့ ပညာသင် ၃၆ ဦးနှင့် ဘွဲ့မယူသော သင်တန်း (Training) သို့ ပညာသင် ၂၁၁ ဦး၊ စုစုပေါင်းပညာသင်၂၄၇ ဦးကို ပြည်ပနိုင်ငံ (၁၆)နိုင်ငံသို့ သွားရောက် ပညာသင်ယူဆည်းပူးနိုင်ရေးစီမံ ဆောင်ရွက်ပေးခဲ့ပါသည်။ ဇန်နဝါရီလအတွင်း နိုင်ငံ့ဝန်ထမ်းများအား အိန္ဒိယသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံများသို့ ပညာသင်အများဆုံး စေလွှတ်ခဲ့ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

နွေရာသီ ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်

မန္တလေး ဖေဖော်ဝါရီ ၂

လာမည့်နွေရာသီကာလအတွင်း လျှပ်စစ်ဓာတ်အားဗို့အားပြည့်ပြည့်ဝဝနှင့် ဝန်အားနိုင်နင်းစွာဖြန့်ဖြူးပေးနိုင်ရန်အတွက် ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်ခြင်း၊ အစားထိုးလဲလှယ်ခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများနှင့် လျှပ်စစ်ဖြန့်ဖြူးခြင်း ပူးပေါင်းဆောင်ရွက်နေသော ကုမ္ပဏီများမှ စီမံချက်ချ၍ တိုးချဲ့တည်ဆောက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်မြေသာစံမြို့နယ် ၆၆ လမ်း/၁၈-၁၉ လမ်းကြားရှိ တိုက်တော်ဓာတ်အားခွဲရုံတွင် တိုးချဲ့တပ်ဆင်ပြီးစီးသည့် ထရန်စဖော်မာမှ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အားသုံးစွဲသူများသို့ လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရန် ၁ ဒသမ ၂ မိုင်ရှိ ၁၁ ကေဗွီဓာတ်အားလိုင်း နှစ်လိုင်းအား ချမ်းအေးသာစံမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ကျော်လင်းဦးဆောင်၍ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက ၆၆ လမ်း(နန်းရှေ့ကျုံးဘေးလမ်း)တွင် တိုးချဲ့တည်ဆောက်လျက်ရှိပြီး သစ်ပင်၊သစ်ကိုင်းများနှင့်ကျေးငှက်တိရစ္ဆာန်များကြောင့် လိုင်းအပြစ်အလွယ်တကူမဖြစ်နိုင်သော နောက်ဆုံးပေါ် နည်းစနစ်အသုံးပြုကာဘာပါဝိုင်ယာကြိုး ဆိုက်အကြီးဖြင့် တပ်ဆင်တည်ဆောက်နေကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

လုပ်အားခနှင့် ပတ်စပို့ဖိုးဖြတ်တောက်ထားသော ထိုင်းငွေဘတ်ငါးသောင်းကျော် ပြန်ရဟုဆို

စမွတ်စာခွန် ဖေဖော်ဝါရီ ၂

ထိုင်းနိုင်ငံ စမွတ်စာခွန်ခရိုင် ဖက်ကဆင် ၇၇/၄ လမ်း၌ ရှိသော KENTA TEXTILE Co.,Ltd. အထည်ချုပ်စက်ရုံက မြန်မာအလုပ်သမားများထံမှ ပတ်စပို့လုပ်ဆောင်ခငွေကြေးအပါအဝင် လုပ်ခလစာများဖြတ်တောက်ထားသည့် ထိုင်းနိုင်ငံသုံး ဘတ်ငွေငါးသောင်းကျော်အား မတရားဖြတ်တောက်ထားသည့်အတွက် MAT အဖွဲ့မှ ကူညီဆောင်ရွက်ပေးလိုက်သောကြောင့် ဖေဖော်ဝါရီ ၁ ရက်က ပြန်လည်ရရှိသွားပြီဖြစ်ကြောင်း ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Asso- ciation in Thailand) မှဆက်သွယ်ပြောပြချက်အရ သိရသည်။

အဆိုပါ အလုပ်ရုံရှိ မြန်မာအလုပ်သမား ခြောက်ဦးထံမှ ပတ်စပို့လုပ်ဆောင်ပေးရန်ဟုဆိုကာ တစ်ဦးလျှင် ဘတ်ငွေ ၆၀၀၀ ထက်မနည်း ဖြတ်တောက်ထားကြောင်း၊ အလုပ်ရုံရှိ မြန်မာအလုပ်သမားများ အလုပ်မလုပ်ကိုင်ကြတော့ဘဲ ထွက်သွားကြပြီဖြစ်သော်လည်း အဆိုပါ အလုပ်ထွက် အလုပ်သမားများမှာ ဖြတ်ထားသည့်ငွေများအား ပြန်မရရှိသွားကြ ကြောင်း၊ ယခုကျန်ရှိမြန်မာအလုပ်သမား ခြောက်ဦးကို အုပ်ချုပ်သည့် မြန်မာအလုပ်သမားခေါင်းဆောင်က ကြိုက်သည့်နေရာ၌ တိုင်တန်းနိုင် ကြောင်းပြောဆိုသဖြင့် မခံမရပ်နိုင်သော အဆိုပါ မြန်မာအလုပ်သမား ခြောက်ဦးက MAT အဖွဲ့သို့ ဇန်နဝါရီ ၂၀ ရက်က လာရောက်တိုင်ကြားခဲ့ ခြင်းဖြစ်သည်။

ကိုယ်တိုင်ကိုယ်ကျကူညီဆောင်ရွက်ပေးခဲ့သော မြန်မာသံရုံးအလုပ်သမား ကူညီစောင့်ရှောက်ရေးကော်မတီအဖွဲ့မှ MAT အဖွဲ့ အတွင်းရေးမှူးကိုခိုင်ကြီးက “အလုပ်ရှင်သူဌေးက မြန်မာလူမျိုးတွေရဲ့ အကြောင်းကို အကုန်သိထားတော့ ဆဝါဒီကန်ရုံးမှာ ထိုင်းရဲကိုပါ ခေါ်ထားပါတယ်၊ ကျွန်တော့်ကို ဖမ်းမလို့ပြင်ထားကြတာလေ။ ပြီးတော့ မြန်မာသံရုံးက ဦးသိန်းနိုင်ကို သိလား၊ ဦးထွန်းအေးကိုသိလား၊ သံအမတ်ကြီးကိုသိလား ဆိုပြီးလုပ်တာလေ၊ ဒီလိုလာတာဗျ။ ကျွန်တော်တို့ကပြောတယ်။ ကျွန်တော်တို့က မြန်မာသံရုံးက ဝန်ထမ်းတွေမဟုတ်ပါဘူး။ သံရုံးကအရာရှိတွေက သံရုံးကိစ္စနဲ့ဆိုတော့ ဒီအလုပ်တွေကို လုပ်ဖို့မအားကြဘူး။ ကျွန်တော်တို့ လုပ်ဆောင်နိုင်လို့ လိုက်ပါကူညီပေးနေတာဖြစ်တယ်။ ပြစရာရှိတာကလည်း ပြကြတာပေါ့ဗျာ။ နည်းနည်းတော့ စကားပြောကြရတာပေါ့။ ဒီတော့မှ အလုပ်ရှင်က မတရား ဖြတ်ထားတဲ့ငွေတွေကို ပြန်ပေးတာပါ” ဟု ပြောသည်။

ထိုင်းနိုင်ငံအတွင်း ကာလကြာမြင့်စွာနေထိုင်ကြသော မြန်မာများ အပါအဝင် ထိုင်းပွဲစားတို့က ထိုင်းနိုင်ငံအတွင်းအလုပ် လုပ်ကိုင်နေကြသော သန်းချီရှိသည့် မြန်မာအလုပ်သမားများအား လွယ်ကူသော လူတန်းစားတစ်ရပ်အဖြစ် ကောက်ချက်ချသတ်မှတ်ကာ အမြတ်ကြီးစား ချယ်လှယ်လွှမ်းမိုးမှုများ ရှိနေကြကြောင်း MAT အဖွဲ့မှ အလုပ်သမားအရေးဆောင်ရွက်သူများက ပြောသည်။

စိုးဝင်း(SP)

အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးရှိ နိုင်ငံ့ဝန်ထမ်းများအား ပြည်ထောင်စုဝန်ကြီး တွေ့ဆုံ

ဝန်ထမ်းများ၏ လစာတိုးမြှင့်ရေးကို အထူးလေးထား ဆောင်ရွက်ပေးမည်ဖြစ်ပြီး ဝန်ထမ်းများအငြိမ်းစားယူပါက ကိုယ်ပိုင်အိမ်ဖြင့် နေထိုင်နိုင်ရေး၊ ကျန်းမာရေးနှင့် ဝင်ငွေဆိုင်ရာ သုံးစွဲကုန်ကျမှုများအား အထောက်အပံ့ဖြစ်စေမည့် အစီအစဉ်များလည်း ဖော်ဆောင်ပေးမည်

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင်အခမဲ့အထက်တန်း ပညာသင်ကြားရေးကို ဆောင်ရွက်ပေးနိုင်ရန်စီစဉ်

ပဲခူး ဖေဖော်ဝါရီ ၂

နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသည့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်သည့် အခြေအနေများကို သိရှိနားလည်စေရန် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမောင်မောင်သိမ်း၊ ဒေါ်သိန်းသိန်းငွေးနှင့် ဒေါ်ဝင်းမော်ထွန်းတို့သည် ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အရာထမ်းနှင့် အမှုထမ်းများအား ပဲခူးတိုင်းဒေသကြီး မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း **(ယာပုံ)**က နိုင်ငံတော်သမ္မတ ကိုယ်စား အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသော အခြေအနေများကို အမှုထမ်းအရာထမ်းများအား ရှင်းလင်းပြောကြားရာ နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းအကောင်အထည်ဖော်ရာတွင် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ရှိသည့် သန့်ရှင်းသော အစိုးရဖြစ်ရေး မူဝါဒကိုချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ရာတွင်လည်း နိုင်ငံ၏ထိပ်ပိုင်းအဆင့်မှ နိုင်ငံရေးစိတ်ဆန္ဒပြင်းပြမှုရှိရုံဖြင့် အောင်မြင်နိုင်မည်မဟုတ်ဘဲ အုပ်ချုပ်မှုယန္တရားအဆင့်ဆင့်ကို တာဝန်ယူအကောင်အထည်ဖော်နေသည့် ပြည်သူ့ဝန်ထမ်းအဆင့်ဆင့်က ပြုပြင်ပြောင်းလဲလိုသည့် သန္နိဋ္ဌာန်စိတ်ခိုင်မာမှသာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ လျင်မြန်ချောမွေ့အောင်မြင်မည်ဖြစ်ကြောင်း။

မိမိတို့အစိုးရအနေဖြင့် ပြည်သူများ၏ လူမှုစီးပွားရေးလိုအပ်ချက်များကို အဓိကထားဖြည့်ဆည်းပေးနိုင်ရန် ဦးစားပေးလုပ်ငန်းစဉ်(၇)ရပ်အဖြစ် လျှပ်စစ်မီး၊ သောက်သုံးရေ၊ စိုက်ပျိုးရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်း၊ ငွေကြေးလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု စသည့်ကဏ္ဍများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ သက်သာ ချောင်ချိရေးအတွက် လိုအပ်ချက်များဖြစ်သော လစာတိုးမြှင့်ပေးနိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်နှင့် ဝန်ထမ်းမိသားစုများ၏ ပညာသင်ထောက်ပံ့ကြေးတို့ကို နှစ်အလိုက်တိုးတက်ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအမံများကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

အစိုးရသစ်လက်ထက်တွင် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့်ပတ်သက်၍ ၂၀၁၁ခုနှစ် ဇူလိုင် ၁ ရက်နေ့တွင် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာ တိုးမြှင့်ခြင်း၊ ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်နေ့တွင် နိုင်ငံဝန်ထမ်းများအား အပိုထောက်ပံ့ကြေးခွင့်ပြုပေးခြင်း၊ ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်နေ့နှင့် ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်နေ့များတွင် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများကို ပြင်ဆင်တိုးမြှင့်သတ်မှတ်ပေးခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ယခုအခါတွင်လည်း နိုင်ငံ့ဝန်ထမ်းများ လစာတိုးမြှင့်ခြင်း ကိစ္စရပ်ကို လာမည့်ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် အသေးစိတ်တွက်ချက်ဆောင်ရွက်လျက်ရှိသည်ကို ဝမ်းမြောက်ဖွယ်စကားအဖြစ် ပြောကြားလိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများ၏ လစာတိုးမြှင့်ခြင်းပြုသည့်အခါတိုင်း ကုန်ဈေးနှုန်းများ မြင့်တက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် ပုံမှန်ဝင်ငွေရရှိနေသူများဖြစ်သော်လည်း ၎င်းတို့၏ ဘဝနောင်ရေးအတွက် အငြိမ်းစားလစာကိုသာ မှီခိုအားထားနေရသူများဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဝန်ထမ်းများသည်လည်း အငြိမ်းစားလစာမရရှိသော်လည်း ပုံမှန်ဝင်ငွေရရှိသူများဖြစ်ကြောင်း။

ဝန်ထမ်းမဟုတ်သည့် လယ်သမား၊ အလုပ်သမား၊ လက်လုပ်လက်စား စသည့်အခြေခံလူတန်းစားအမျိုးမျိုးတို့သည် နေ့စဉ်ရှာဖွေလုပ်ကိုင်နိုင်မှုအပေါ် မူတည်၍ ဝင်ငွေရရှိကာ ခြိုးခြံချွေတာသုံးစွဲနေရသည့်အတွက် အခြေခံစားသောက်ကုန်များ မြင့်တက်လာမှုဒဏ်ကို ခံနိုင်ရည်ရှိရန် ကိစ္စရပ်မှာ ခန့်မှန်းရခက်ကြောင်း၊ ထို့ကြောင့် ပုဂ္ဂလိကကဏ္ဍများတွင် ရပ်တည်နေသည့် အလုပ်သမားများ အပေါ်တွင်လည်း အကျိုးသက်ရောက်မှုများ ရှိနိုင်သောကြောင့် ပုဂ္ဂလိကကဏ္ဍရှိလုပ်ခ၊ လစာအခြေအနေအပြင် ပြည်သူတစ်ဦးချင်းစီ၏ ပျမ်းမျှဝင်ငွေသည် ဖြစ်ပေါ်လာမည့် အခြေအနေနှင့် လိုက်လျောညီထွေမှုရှိရန် ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် တစ်တိုင်းပြည်လုံးတွင်ရှိသော နိုင်ငံ့ဝန်ထမ်းအင်အားသည်တစ်တိုင်းပြည်လုံး၏ ၂ ရာခိုင်နှုန်းမျှသာရှိပြီးကျန် ၉၈ ရာခိုင်နှုန်းသည် ပြည်သူများဖြစ်၍ ကုန်ဈေးနှုန်းတက်လျှင် ခံစားရမည်မှာ ပြည်သူများဖြစ်၍ စာနာနားလည်ပေးရမည်ဖြစ်ကြောင်း၊ ပြည်သူအများစု၏ အကျိုးစီးပွားမထိခိုက်စေရန်နှင့် ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းလမ်းကို ဆောင်ရွက်ရမည်မှာ လွန်စွာအရေးကြီးသည့်အချက်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် ဝန်ထမ်းများ၏ လစာတိုးမြှင့်ရေးကို အထူးအလေးထား ဆောင်ရွက်ပေးမည်ဖြစ်ပြီး ဝန်ထမ်းများ အငြိမ်းစားယူပါက ကိုယ်ပိုင်အိမ်ဖြင့် နေထိုင်နိုင်ရေး၊ ကျန်းမာရေးနှင့် ဝင်ငွေဆိုင်ရာ သုံးစွဲကုန်ကျမှုများကို အထောက်အပံ့ဖြစ်စေမည့် အစီအစဉ်များကိုလည်း ဖော်ဆောင်ပေးမည်ဖြစ်ကြောင်း၊ ယင်းသို့ဖော်ဆောင်ခြင်းသည် နိုင်ငံဖွံ့ဖြိုးမှုအတွက် ရေရှည်ခိုင်မာသည့် အုတ်မြစ်ကောင်းတစ်ခုချမှတ်နိုင်ရန်ဖြစ်ကြောင်း။

နိုင်ငံတကာ၌ အောင်မြင်စွာကျင့်သုံးနေသည့် ဝင်ငွေစုဆောင်းသည့် ရန်ပုံငွေစနစ်တစ်ခုကို ထူထောင်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း လူတစ်ဦးချင်းဝင်ငွေစုဆောင်းသည့်စနစ် (Myanmar Provident Fun) ကို နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ ကိုယ်ပိုင်အိမ်ရာဖြင့် နေထိုင်နိုင်ရေးအတွက် ဦးတည်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယင်း အကျိုးဆက်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏ထောက်ပံ့မှုကို ပြည့်ဝစွာခံစားနိုင်မည် ဖြစ်ပြီး စုဆောင်းငွေနှင့်ပင် မိမိတို့၏ ရင်သွေးငယ်များအတွက် ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စရပ်များအတွက် စိတ်ချမ်းမြေ့ဖွယ် လူမှုဝန်းကျင်တစ်ခုကို ဖော်ဆောင်နိုင်မည် ဖြစ်ကြောင်း။

နိုင်ငံတော်သည် ကျန်းမာရေးကဏ္ဍအတွက် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ကျင့်သုံးလျက်ရှိပြီး နှစ်စဉ်ဘတ်ဂျက်များအား ပိုမိုခွဲဝေချထားသည်ကို အသိပေးလိုကြောင်း၊ ထို့အပြင် လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်များကို ထားရှိဆောင်ရွက်လျက်ရှိရာ နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း လူမှုဖူလုံရေးအဖွဲ့တွင် အဖွဲ့ဝင်ခြင်းဖြင့် လက်တွေ့ဘဝအတွက် ထိရောက်သည့် အကျိုးခံစားမှုများ ရရှိမည်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍတွင်လည်း ဝန်ထမ်းများ၏ သားသမီးများ အပါအဝင် ကျောင်းသားကျောင်းသူများအတွက် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစတင်၍ အခမဲ့မူလတန်းပညာသင်ကြားရေး၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခမဲ့အလယ်တန်းပညာသင်ကြားရေးတို့ကို တစ်နိုင်ငံလုံးအတွက် ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခမဲ့အထက်တန်း ပညာသင်ကြားရေးကို ဆောင်ရွက်ပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ဘဏ္ဍာရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေးကဏ္ဍများနှင့် ပတ်သက်၍ သက်ဆိုင်ရာဒုတိယဝန်ကြီးများက အကျယ်တဝင့် ပြောကြားရာတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ဘဏ္ဍာရေးနှင့် ပတ်သက်၍ သိသင့်သိထိုက်သော အရာများနှင့် မြန်မာနိုင်ငံ၌ စတင်အကောင်အထည်ဖော်နေသည့် စတော့ရှယ်ယာအကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သိန်းသိန်းငွေးက အစိုးရသစ်လက်ထက်တွင် နိုင်ငံတော် ကျန်းမာရေးအသုံးစရိတ်အား နှစ်စဉ်ပိုမိုမြှင့်တင်သုံးစွဲနေမှုနှင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ဝန်ထမ်းများအတွက် လူမှုဖူလုံရေးစနစ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများအကြောင်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့် လူမှုဖူလုံရေးစီမံကိန်းလုပ်ငန်းများ အကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အုပ်ချုပ်ရေးနှင့်ပတ်သက်၍ပြောစရာများရှိသကဲ့သို့ အစိုးရသစ်လက်ထက်တွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များတွင် ဘဏ္ဍာငွေအမြောက်အမြား သုံးစွဲလျက်ရှိသည်ကို ပြည်သူလူထုအား အသိပေးရမည် ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏ အဓိကကျသော အခန်းကဏ္ဍကို တာဝန်ယူဆောင်ရွက်နေသူများဖြစ်ကြောင်း၊ မည်သည့်အစိုးရပင်ပြောင်းပြောင်း ဝန်ထမ်းများသည် ပြည်သူအား တာဝန်ခံရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများသည် ချမှတ်ထားသော ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ကျေညက်စွာနားလည်မှ ပြည်သူကိုထိရောက်စွာ အလုပ်အကျွေးပြုနိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ နောင်တက်လာမည့် အစိုးရသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

ယနေ့ပြုလုပ်သော အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများအား တွေ့ဆုံပွဲအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီးရှိ အရာထမ်း၊ အမှုထမ်းပေါင်း ၆၀၈ ဦးတက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်မွေးနေ့ ဂုဏ်ပြုကဗျာ

ဆွေးမျက်ရည်နဲ့လွမ်း

❋ မြေကမ္ဘာမဟီ ပျက်ပြုန်းပါစေ့
ဖေဖော်ဝါရီ ဆယ့်သုံးကိုဖြင့်
သက်ဆုံးသည်ထိမမေ့ပါ။

❋ ပြည့်မြန်မာ ဇာနည်ဘွား
ဖွားရက် ရာဇာကွဲ့

မြန်မာသမိုင်းမှန်
စံနှိုင်းရန် မီသူမရှိပါဘူး
ပြည်သူ၏ လွတ်လပ်ရေးအတွက်ကိုတဲ့
သူ သူ၏ အသက်သွေးတွေနဲ့
ယူပေးခဲ့ရှာ။

❋ လူကလေးရဲ့ ငယ်ငယ်ပါ
နာမည်က အောင်ဆန်း။

❋ အခေါင်နန်း သမ္ဘာတစ်ဆူမို့
အထောင်တစ်သန်း၊ ကမ္ဘာသူတို့
ဗျာပါပူ ငိုရှပ်ဆွေးလျှောက်ကယ်နဲ့
မဟာလူ ဗိုလ်ချုပ်မွေးရက်ကို
(ကွယ်...)
ဆွေးမျက်ရည်နဲ့လွမ်း။ ။

ပေဒါဆွေ(ရွှေဘိုသား)

❋ *ကျော့ဖုံးမှ*

အမှတ်မရသေးသည့် ရခိုင်တို့က အောက်ပိုင်းတွင်ရှိနေသည်။ လေးပွဲကစားအပြီးမှာပင် ချန်ပီယံမျှော်လင့်ချက်ကိုပြောလျှင် စောလွန်းသည်ဟု ဆိုနိုင်သော်လည်း အကြမ်းဖျင်းသတ်မှတ်၍ ရနေပြီဖြစ်သည်။ အောက်ပိုင်းတွင် ရောက်နေသည့် အသင်းများအနေဖြင့် ပထမအကျော့မပြီးခင် လက်ရှိခြေစွမ်းနှင့်ရလဒ်ကို တိုးတက်အောင်မလုပ်နိုင်လျှင် အခြေအနေမကောင်းပေ။ ဇေယျာရွှေမြေအသင်းသည် ယခုရာသီတွင် ပြင်ဆင်မှုများစွာ ပြုလုပ်ထားသော်လည်း ရလဒ်မကောင်းသေးပေ။ လေးပွဲတွင် လေးမှတ်သာရခြင်းက ချန်ပီယံမျှော်လင့်ထားသည့် အသင်းအတွက် နည်းလွန်းသည်။ ပိုဆိုးသည်က အိမ်ကွင်း သုံးပွဲဆက်ကစားရာတွင် နိုင်ပွဲတစ်ပွဲသာ ရှိခြင်းဖြစ်သည်။ ကမ္ဘောဇနှင့်ရောဝတီတို့ကို အရှုံးပေးခဲ့ရသည်။ တစ်ကျော့ပြန်ကိုင်တွယ်နေသည့် နည်းပြစတီဖင်ဟန်ဆန်အတွက် ဖိအားများပင်ဖြစ်သည်။

မာဂျန်၏ရောဝတီအသင်းသည် ယခုရာသီတွင် ချန်ပီယံဆုအတွက် အကောင်းဆုံးစိန်ခေါ်မည့် အသင်းဟု သတ်မှတ်ရတော့မည် ဖြစ်သည်။ ၂၀၁၄ ရာသီပြိုင်ပွဲဝင်ခဲ့သည့် ရှိရင်းစွဲကစားသမားများကို အခြေခံပြီး နေပြည်တော်အသင်းမှအမာခံကစားသမားများကို ပေါင်းစပ်လိုက်သည့်အခါ ပိုကောင်းသွားပြီး လေးပွဲဆက်အနိုင်ရထားခြင်း ဖြစ်သည်။ ရန်ကုန်က အမှားအယွင်းမရှိ ထိပ်ဆုံးမှ ဦးဆောင်နေသကဲ့သို့ ရောဝတီကလည်း နောက်ကထက်ကြပ်မကွာ လိုက်နေသည်။ လက်ရှိချန်ပီယံ ရတနာပုံအသင်းမှာ အဖွင့်ပွဲတွင် သရေကျပြီး နောက်ပိုင်းသုံးပွဲဆက် နိုင်ပွဲယူထားသည်။ နိုင်ပွဲဆက်နေသော်လည်း ပုံစံကောင်းရရန် ရုန်းကန်နေရဆဲဖြစ်သည်။ ချန်ပီယံဘွဲ့ ကာကွယ်ရန် ရတနာပုံ ယခုထက်ပိုကောင်းရန်လိုနေသည်။ ကမ္ဘောဇအသင်းမှာ အိမ်ကွင်း၌ ပြန်ကစားသည့် ပထမဆုံးပွဲတွင် ဂိုးပြတ်နိုင်ပွဲ ပြန်ရခဲ့သည်။ ကမ္ဘောဇအသင်းအနေဖြင့် ချန်ပီယံမျှော်လင့်ချက်အတွက် ခြေစွမ်းပိုင်းအတက်၊ အကျ မဖြစ်အောင် ထိန်းဖို့လိုသည်။ မကွေးအသင်းမှာ ဇွဲကပင်ကို အနိုင်ယူပြီး နိုင်ပွဲ ပြန်ရခဲ့သော်လည်း ၂၀၁၄ ရာသီခြေစွမ်းကိုမမီသေးပေ။

သွင်းဂိုးများနှင့် ဆီဇာ

ရန်ကုန်အသင်း၏ နိုင်ပွဲများတွင် ဆီဇာကိုမေ့ထား၍မရ။ ပေးဂိုးမရှိဖြင့် ရန်ကုန်လေးပွဲဆက်နိုင်ထားရာတွင် ဆီဇာက လေးပွဲစလုံးဂိုးသွင်းပေးထားသည်။သွင်းဂိုးက လေးပွဲတွင် ခြောက်ဂိုးရှိလာသည်။ ဆီဇာသည် ၂၀၁၂ ရာသီဝက်က ရန်ကုန်ကိုရောက်လာသည်။ ပထမဆုံးရာသီမှာ ၁၅ ဂိုးသွင်းပြသည်။ ၂၀၁၃-၂၀၁၄ ရာသီတွင်မူ ဂိုးသွင်းအများဆုံးဆုကို နှစ်နှစ်ဆက်ယူပြခဲ့သည်။ ချင်းနှင့်ပွဲတွင် တစ်ဂိုးသွင်းယူအပြီးတွင် ဆီဇာ၏ MNL သွင်းဂိုးက ၆၇ ဂိုး အထိရှိလာခဲ့သည်။

နိုင်ငံဘက်စုံ တည်ဆောက်ဖို့ မှန်မှန်ကန်ကန် အခွန်ပေးစို့

ဥပဒေရေးရာ

ပြည်သူများအနေဖြင့် ဥပဒေရေးရာများကို ပိုမိုသိရှိနားလည်စေရန်အတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုစံနှုန်းနှင့်ကိုက်ညီသည့် ဥပဒေဆိုင်ရာ ဆောင်းပါးများကို အခါအားလျော်စွာ ဖော်ပြသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ ဥပဒေရေးရာ စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေကြမ်း ၁၉၃၇ ခုနှစ်

ဦးမြသိန်း(ဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ)

မြန်မာဗုဒ္ဓဘာသာဝင် အမျိုးသမီးများ၏အကျိုးကို ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သည်ဖြစ်၍ "မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေ" ကို အက်ဥပဒေအမှတ် ၂၄/၁၉၃၉ အဖြစ် အင်္ဂလိပ်အစိုးရလက်ထက်ကစတင်ပြဋ္ဌာန်းခဲ့ပြီး ဖဆပလ အစိုးရလက်ထက်တွင် "၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေ"ကို အက်ဥပဒေအမှတ် ၃၂/၁၉၅၄ အဖြစ် ၁၉၅၄ ခုနှစ် ဧပြီလ ၂၃ ရက်နေ့က ပြဋ္ဌာန်းခဲ့ပါသည်။

"မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံခြင်း အက်ဥပဒေ(၁၉၃၉)" ကို "၁၉၅၄ခုနှစ်၊ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့်အမွေဆက်ခံမှုအက်ဥပဒေ" ပုဒ်မ ၃၁ အရ ရုပ်သိမ်းခဲ့ပြီးဖြစ်ပါသည်။

ယခုတစ်ဖန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုလွှတ်တော်ရုံးက အမိန့်ကြော်ငြာစာအမှတ်(၁၁၁/၂၀၁၄)ဖြင့် ၂၀၁၄ နိုဝင်ဘာလ ၂၈ ရက်နေ့က "မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်း"ကို အများပြည်သူများဖတ်ရှုလေ့လာပြီး အကြံဉာဏ်များပေးနိုင်ရန် ထုတ်ပြန်ခဲ့ပြီး သင့်လျော်သောအချိန်တွင် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးကြတော့မည်ဖြစ်ပေသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်က လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်း၍ မလိုအပ်သောဥပဒေများကို ဖျက်သိမ်းပြီး ပြင်ဆင်သင့်သည်များကို နိုင်ငံတော်နှင့်ပြည်သူများအကျိုးငှာ ပြင်ဆင်လျက်ရှိပါသည်။

လွန်ခဲ့သောနှစ်ပေါင်း ၇၈ နှစ်၊ တိတိပပဆိုရလျှင် ၁၉၃၇ ခုနှစ်အတွင်း အင်္ဂလိပ်အစိုးရအုပ်စိုးစဉ်လက်ထက် အထက်လွှတ်တော်၌ လွှတ်တော်အမတ်များက ယင်း "မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုဥပဒေမူကြမ်း" အပေါ် ဆွေးနွေးခဲ့ပုံများမှာ ဥပဒေလေ့လာလိုက်စားသူများအဖို့ အလွန်လေ့လာမှတ်သားထိုက်ပြီး ဥပဒေအနှစ်သာရတို့နှင့် ပြည့်နှက်လျက်ရှိပါသည်။

ဦးကျော်ဒင်၊ အထက်လွှတ်တော်အမတ် ။ ။ရွေးချယ်ရေးကော်မတီက တင်ပြလာသည့်အတိုင်း မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုဥပဒေမူကြမ်းကိုလွှတ်တော်မှစဉ်းစားနိုင်ပါရန် လေးစားစွာ တင်ပြပါသည်။ ဤဥပဒေပြဋ္ဌာန်းရန် ရည်ရွယ်ချက်နှင့် အကြောင်းခြင်းရာများကို ကြိုတင်ဖြန့်ဝေပြီးဖြစ်သော်လည်း မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများက ဗုဒ္ဓဘာသာဝင်မဟုတ်သူများနှင့် လက်ထပ်လိုက်သည့်အခါ၊ ယင်းမိန်းမများ၏ ဥပဒေအရအဆင့်အတန်းမည်သို့ရှိမည်၊ အကျိုးမည်သို့ရှိမည်တို့ကို လွှတ်တော်မှ စဉ်းစားနိုင်ရန် အတိုချုပ်တင်ပြပါမည်။ ဗမာနိုင်ငံ(မြန်မာနိုင်ငံ)သည် ဗုဒ္ဓဘာသာဝင် အများစုနေထိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျင့်သုံးလျက်ရှိသော မြန်မာဓလေ့ထုံးတမ်းဥပဒေမှာ မြန်မာနိုင်ငံတွင် အစဉ်တစိုက်လိုက်နာကျင့်သုံးလျက်ရှိသော မြန်မာနိုင်ငံ၏ ရေမြေအရင်းခံဥပဒေဖြစ်ပါသည်။ ယင်းဥပဒေမှာ လက်ထပ်ထိမ်းမြားခြင်း၊ ကွာရှင်းပြတ်စဲခြင်း၊ အမွေဆက်ခံခြင်းတို့နှင့်သက်ဆိုင်ပြီး ယင်းဥပဒေမှာလူမှုရေးသက်သက်သာဖြစ်၍ ဘာသာရေးနှင့်လုံးဝမသက်ဆိုင်ပါ။

ခရစ်ယာန်ဘာသာဝင်တို့တွင် လက်ထပ်ထိမ်းမြားခြင်းမှာ ဘာသာရေးအခမ်းအနားတစ်ခုဖြစ်ပြီး ဟိန္ဒူဘာသာဝင်တို့သည် ဟိန္ဒူဘာသာဝင်မဟုတ်သူတို့နှင့်လက်ထပ်ခွင့်မရှိပါ။ မဟာမေဒင်ဥပဒေတွင် လက်ထပ်ထိမ်းမြားခြင်းနှင့် ပတ်သက်လျှင် လိုက်နာရသည့်စည်းကမ်း၊ ထုံးနည်းများ ရှိပါသည်။ မဟာမေဒင်ဘာသာဝင်အချင်းချင်းသာ လက်ထပ်၍ရပါသည်။

ဗုဒ္ဓဘာသာဝင်မိန်းမအဖို့ ဗုဒ္ဓဘာသာဝင်မဟုတ်သူ ယောကျ်ားတစ်ယောက်နှင့် လက်ထပ်ပြီးနောက် မည်မျှပင်ခင်ပွန်းသည်ကို ချစ်မြတ်နိုး၍ ခင်ပွန်းသည်ကို ပံ့ပိုးကူညီစောင့်ရှောက်သည်ဖြစ်စေ နောက်ဆုံး၌ ဥပဒေ၏ အကာအကွယ်ကင်းမဲ့မှုကြောင့် တရားမဝင်အငယ်အနှောင်းဘဝနှင့်သာ နေရပြီး သားသမီးများမှာလည်း တရားမဝင်တန်ဖိုးမရှိ(bastard) သားသမီးများသာဖြစ်ရလျက် ဥပဒေအရ မည်သည့်အကျိုးခံစားခွင့်မျှမရရှိခဲ့ကြပါ။ ဗုဒ္ဓဘာသာဝင်မဟုတ်သူယောကျ်ားက ဗုဒ္ဓဘာသာဝင်မိန်းမကို လက်ထပ်လိုလျှင်လည်း ယခုဥပဒေအရမှတ်ပုံတင်အရာရှိထံတွင် လွယ်ကူစွာလက်ထပ်နိုင်ခွင့်ရှိပါ၍ ကြီးကျယ်သည့်အခမ်းအနားပင်မလိုပါ။

မစ္စတာမာဇအမ်ဒီရဖီ၊ အထက်လွှတ်တော်အမတ် ။ ။ကျွန်ုပ်၏ ဂုဏ်သရေရှိ၊ ပညာရှိမိတ်ဆွေ အနည်းငယ်မျှ သည်းခံစောင့်ဆိုင်းမည်ဆိုပါက မကြာမီ ကျွန်ုပ်တင်ပြမည့်အချက်ကို သိရှိလာပါလိမ့်မည်။ ကျွန်ုပ်မှိုငြမ်းပြု၍ တင်ပြလိုသည်မှာ မြန်မာနိုင်ငံအစိုးရအက်ဥပဒေပုဒ်မ ၄၄ ၊ ပိုဒ်ခွဲ ၂ ပိုဒ်မခွဲငယ် ၃ တွင် မြန်မာနိုင်ငံလွှတ်တော်သည် ဥပဒေပြုရာ၌ သူတစ်ဦး၏ ဘာသာရေးနှင့်စပ်လျဉ်း၍ ၎င်း၏ပစ္စည်းစီမံခန့်ခွဲမှုတစ်စုံတစ်ရာကို ထိခိုက်စေရန် ပြဋ္ဌာန်းခွင့်မရှိဆိုသည့်အချက်ပင်ဖြစ်ပေသည်။ ဥပဒေကြမ်းကို ဖတ်ရှုလေ့လာမည်ဆိုပါက ဗုဒ္ဓဘာသာဝင်မဟုတ်သူ ယောကျ်ားများအတွက် ရည်ရွယ်ထားကြောင်း ပေါ်လွင်ထင်ရှားပါသည်။ ဤဥပဒေမှာ ဗုဒ္ဓဘာသာဝင်မဟုတ်သူယောကျ်ား၏မူလလိုက်နာရသည့် ဥပဒေမှ လုံးဝပြောင်းလဲလိုက်ခြင်းပင်ဖြစ်သည်။ မူဆလင်ဥပဒေအရ ယောကျ်ားသေဆုံးလျှင် ကျန်ရစ်သူဇနီးက ကျန်ရစ်သည့် အမွေပုံတွင်(နှစ်ပြား)ရှစ်ပုံတစ်ပုံရ၍ ကျန်(ဆယ့်လေးပြား) ရှစ်ပုံခုနစ်ပုံကို သားသမီးများအား ခွဲဝေပေးသည်။ ထို့အပြင် ၎င်းမသေမီ ၎င်းပိုင်ပစ္စည်း၏ သုံးပုံတစ်ပုံကို သေတမ်းစာရေးခွင့်ရှိပြီး ကျန်သုံးပုံနှစ်ပုံကို မူဆလင်အမွေခန်းတရားအရ အမွေဆိုင်များကို ခွဲဝေပေးသည်။ သို့ဖြစ်ရာ ဤဥပဒေကြမ်းသည် ထိုသူ၏ ပစ္စည်းစီမံခန့်ခွဲမှုကို ထိခိုက်စေပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်အမျိုးသမီးတစ်ဦးကိုယူလိုက်သည်နှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော လင်ယောကျ်ားအဖို့ မိမိနှင့်သက်ဆိုင်သည့် မူလဥပဒေကို လုံးဝဆုံးရှုံးရပြီး ဗုဒ္ဓဘာသာဓလေ့ထုံးတမ်း ဥပဒေကသာ လွှမ်းမိုးသွားသည့်သဘောဖြစ်နေပါသည်။

ဦးသိန်းမောင်၊ ရှေ့နေချုပ် ။ ။နာယကကြီးခင်ဗျာ၊ ကျွန်တော်သည် ရွေးချယ်ရေးကော်မတီတွင် အဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ ကျွန်တော့်အနေနှင့် လွှတ်တော်က လက်ခံလာစေရန် ကြိုးစား၍တင်ပြပါမည်။ လွှတ်တော်က ယခုကဲ့သို့သောဥပဒေမျိုးကို ပြဋ္ဌာန်းနိုင်သည်မှာ လွှတ်တော်၏လုပ်ပိုင်ခွင့်အတွင်း intra vires ကျရောက်ပါသည်။ ဤဥပဒေကြမ်းသည် ဗုဒ္ဓဘာသာဝင်မဟုတ်သူများကို ဖိနှိပ်ခွဲခြားဆက်ဆံရန်မဟုတ်ဘဲ မိမိတို့တိုင်းပြည်ရှိ ဗုဒ္ဓဘာသာဝင်မိန်းမများကို ဖိနှိပ်ခွဲခြားဆက်ဆံနေခြင်းမှ ကယ်တင်နိုင်ရန်ဖြစ်ပါသည်။

ဤဥပဒေကြမ်း၏ ရည်ရွယ်ချက်မှာ မြန်မာဗုဒ္ဓဘာသာဝင် မိန်းမတစ်ယောက်ကို ဗုဒ္ဓဘာသာဝင်မဟုတ်သူ ယောကျ်ားတစ်ယောက်က လက်ထပ်ပေါင်းသင်းခဲ့လျှင် မြန်မာဓလေ့ထုံးထမ်းဥပဒေကို လိုက်နာရမည်ဖြစ်ပါသည်။

မြန်မာဗုဒ္ဓဘာသာဝင်မိန်းမကိုဖြစ်စေ၊ အခြားဘာသာဝင်မိန်းမကိုဖြစ်စေ လက်ထပ်လိုက်သည်နှင့် လင်ယောကျ်ားအဖို့ ဇနီးသည်နှင့် မိသားစုအတွက် လင်ယောကျ်ား၏ တာဝန်ဝတ္တရားများရှိလာပါသည်။ ပစ္စည်းခန်းမှာ လက်ထပ်ပြီးနောက် ဖြစ်ပေါ်စေသည့်အကြောင်းအရာဖြစ်ပါသည်။ ကျွန်ုပ်၏ဂုဏ်သရေရှိမိတ်ဆွေ ဦးကျော်ဒင်၏ တင်ပြချက်ကို ဖြည့်စွက်တင်ပြရလျှင် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမကို လက်ထပ်မည့် ဗုဒ္ဓဘာသာဝင်မဟုတ်သူယောကျ်ားသည် ဤဥပဒေဖြင့်သာ လက်ထပ်ရမည်ဟုမဆိုလိုပါ။

ခရစ်ယာန်ဘာသာဝင်ယောကျ်ားက မြန်မာဗုဒ္ဓဘာသာဝင်မိန်းမကို လက်ထပ်သည့်အခါ ခရစ်ယာန်ဘာသာဝင်များ လက်ထပ်ထိမ်းမြားသောဥပဒေအရ လက်ထပ်နိုင်ပါသည်။ ဟိန္ဒူ ၊ စစ်(ခ်)နှင့် ဂျိမ်းဘာသာဝင်တို့ကလည်း မြန်မာဗုဒ္ဓဘာသာဝင်မိန်းမကို အထူးလက်ထပ်ထိမ်းမြားခြင်းဥပဒေအရ လက်ထပ်နိုင်ပါသည်။ မဟာမေဒင်ဘာသာဝင်ယောကျ်ားကလည်း မြန်မာဗုဒ္ဓဘာသာဝင်မိန်းမကို လက်မထပ်မီ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမက မဟာမေဒင်ဘာသာသို့ကူးပြောင်းပြီး လက်ထပ်နိုင်ပါသည်။ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမက မဟာမေဒင်ဘာသာသို့မကူးပြောင်းလိုသည့်အခါ ယခုဥပဒေအရ လက်ထပ်ရန်သာဖြစ်ပါသည်။ မဟာမေဒင်ဘာသာဝင်ယောကျ်ားက မြန်မာဗုဒ္ဓဘာသာဝင်မိန်းမကို လက်ထပ်လိုက်သည့်နောက် မဟာမေဒင်ဥပဒေကို လိုက်နာရမည်လော၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေကိုလိုက်နာရမည်လောဟု အငြင်းပွားကြလျှင် မြန်မာနိုင်ငံ၏ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေကိုသာလိုက်နာရပါမည်။ နိုင်ငံ၏ ဥပဒေ(law of the land)ကိုသာ လိုက်နာရပါမည်။ ယင်းမူမှာ အင်္ဂလန်နိုင်ငံတွင်လည်း လက်ရှိလိုက်နာကျင့်သုံးနေသော ဥပဒေဖြစ်ပါသည်။ ထို့ကြောင့် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမကို လက်ထပ်လျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေကိုသာ လိုက်နာရမည်မှာ ခိုင်မာသော ဥပဒေမူဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်မဟုတ်သူယောကျ်ားက မြန်မာဗုဒ္ဓဘာသာဝင်မိန်းမကို လက်ထပ်ပြီးနောက် အကျိုးဆက်များကို တာဝန်မယူနိုင်ဆိုခြင်းမှာ အဓိပ္ပာယ်ကင်းမဲ့လှပါသည်။ ဥပမာနိုင်ငံခြားသားတစ်ယောက်သည် တစ်စုံတစ်ရာကို ဖောက်ဖျက်ကျူးလွန်၍ ဒဏ်ငွေဆောင်ရခြင်း၊ ပစ္စည်းသိမ်းဆည်းခံရခြင်းများ ရှိခဲ့လျှင် ၎င်းသည် ဘာသာခြားဖြစ်၍ ထိုသို့လက်မခံနိုင်ပါဟု ပြောဆို၍မရနိုင်ပါ။ ဗုဒ္ဓဘာသာဝင် မဟုတ်သူ ယောကျ်ားက မြန်မာဗုဒ္ဓဘာသာဝင်မိန်းမတစ်ယောက်ကို လက်ထပ်လျှင် ဖြစ်ပေါ်လာမည့်အကျိုးဆက်များ ဥပဒေအခွင့်အရေးများကို လက်မခံနိုင်ဆိုပါက ယင်းမိန်းမကိုလက်ထပ်ခြင်းမှ ရှောင်ကြဉ်ရန်သာရှိပါသည်။ မြန်မာနိုင်ငံ၌ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမကို လက်ထပ်ပြီးမှ မိမိကိုးကွယ်ရာ မဟာမေဒင်ဥပဒေကိုသာ လိုက်နာသင့်သည်ဟု လျှော့နှစ်ဖက်နင်း၍မရပါ။

စိန်ကြည်နှင့်မအိ အထက်မြန်မာပြည်စီရင်ထုံးအတွဲ၈၊ စာမျက်နှာ ၃၉၉ တွင် ဆာချား(လ်)ဖောက်က လင်ယောကျ်ား၏ ဥပဒေကိုသာလိုက်နာ၍ ဇနီးမယား၏ ဥပဒေကိုမျက်ကွယ်ပြုရမည်ဆိုသည့်အချက်မှာ အကျိုးအကြောင်းခိုင်လုံသော ဥပဒေသမဟုတ်ပါ။ ဗြိတိသျှတရားရုံးများတွင်လည်း လက်ထပ်ထိမ်းမြားသည့်ကိစ္စများနှင့်စပ်လျဉ်း၍ "lex loci contractus" ပဋိညာဉ်ပြုရာဒေသ၏ဥပဒေ၊ "law of the land" ယင်းနိုင်ငံ၏ ဥပဒေနှင့်သာ လိုက်နာဆုံးဖြတ်ခဲ့ကြကြောင်း ထင်ရှားသည်။ထို့ကြောင့်အင်္ဂလန်တွင် လက်ထပ်လျှင် အင်္ဂလိပ်ဥပဒေနှင့်သာ လိုက်နာဆုံးဖြတ်ရမည်ဟုဆိုသည်။ ၎င်းတို့၏ မူလဥပဒေများကို လိုက်နာရန်မဟုတ်ချေ။ မြန်မာနိုင်ငံအစိုးရ အက်ဥပဒေပုဒ်မ ၄၄၊ ပုဒ်မခွဲ ၂၊ ပုဒ်မခွဲငယ် ၃ အရဟု တင်ပြချက်များကို ထည့်သွင်းစဉ်းစားရန်အကြောင်းမရှိပါကြောင်းနှင့် ဤဥပဒေကြမ်းနှင့်လည်း သက်ဆိုင်ခြင်းမရှိကြောင်းတင်ပြပါသည်။

ဒေါက်တာဒေါ်စောစ၊ အထက်လွှတ်တော်အမတ် ။ ။နာယကကြီးရှင့် မြင့်မားခိုင်မာသော ဥပဒေတင်ပြချက်များကို ကြားရပြီးနောက် ဆက်လက်ဆောင်ရွက်ရန်သာရှိပါကြောင်း။

> ပြည်ထောင်စုလွှတ်တော်က လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်း၍ မလိုအပ်သောဥပဒေများကို ဖျက်သိမ်းပြီး ပြင်ဆင်သင့်သည်များကို နိုင်ငံတော်နှင့်ပြည်သူများအကျိုးငှာ ပြင်ဆင်လျက်ရှိ
>
> ၁၉၃၇ ခုနှစ်အတွင်း အင်္ဂလိပ်အစိုးရအုပ်စိုးစဉ်လက်ထက် အထက်လွှတ်တော်၌ လွှတ်တော်အမတ်များက ယင်း "မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုဥပဒေမူကြမ်း" အပေါ် ဆွေးနွေးခဲ့ပုံများမှာ ဥပဒေလေ့လာလိုက်စားသူများအဖို့ အလွန်လေ့လာမှတ်သားထိုက်ပြီး ဥပဒေအနှစ်သာရတို့နှင့် ပြည့်နှက်လျက်ရှိ

ဦးကျော်ဇံ (ရန်ကုန်)၊ အထက်လွှတ်တော်အမတ် ။ ။ဤဥပဒေကြမ်းက သတိပေးလိုက်သည်မှာ မြန်မာဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားတို့သည် မြန်မာနိုင်ငံသို့လာရောက်ပြီး ကျွန်ုပ်တို့၏ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများကို မထိပါးစေရန်နှင့်ထိပါးလာပါက ဤဥပဒေကို တစ်သဝေမတိမ်း လိုက်နာရမည်သာဖြစ်သည်ဟု အစရှိသည်အားဖြင့် အထက်လွှတ်တော်အမတ်အသီးသီးတို့ကဆက်လက်ဆွေးနွေးကြပြီးနောက် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့်အမွေဆက်ခံမှုအက်ဥပဒေ (၁၉၃၉ ခုနှစ် အက်ဥပဒေအမှတ် ၂၄) ဟူ၍ ဦးစွာပထမ ပြဋ္ဌာန်းထွက်ပေါ်လာခဲ့ပါသည်။

သို့ပါ၍ ပြည်ထောင်စုလွှတ်တော်၏ အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၄)ဖြင့်အများ ပြည်သူဖတ်ရှုလေ့လာပြီး အကြံဉာဏ်များပေးပို့နိုင်ရန် ထုတ်ပြန်ခဲ့သည့် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းသည် လက်ထပ်ထိမ်းမြားခြင်း၊ ကွာရှင်းပြတ်စဲခြင်း၊ အမွေဆက်ခံခြင်းတို့နှင့်သာသက်ဆိုင်ပြီး လူမှုရေးသက်သက်သာဖြစ်၍ ဘာသာရေးနှင့် လုံးဝသက်ဆိုင်မှုမရှိကြောင်း ဗုဒ္ဓဘာသာဝင်မိန်းမများကို ဖိနှိပ်ခွဲခြားဆက်ဆံခြင်းမှ ကယ်တင်ရန် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများကို မထိပါးစေရန်နှင့် ထိပါးလာပါက ဤဥပဒေဖြင့် အကာအကွယ်ပြုရန်သာဖြစ်ကြောင်း ကိုးကားရေးသားတင်ပြလိုက်ရပါသည်။

(မှတ်ချက်။ မြန်မာနိုင်ငံဥပဒေပြုလွှတ်တော်၊ ပထမအထက်လွှတ်တော်၏ မှတ်တမ်းများ။ အတွဲ ၆ အမှတ် ၅၊ ဆဋ္ဌမအကြိမ်ဥပဒေပြုလွှတ်တော်၏ ပဉ္စမအကြိမ်မြောက်အစည်းအဝေး၊ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်၊ ဗုဒ္ဓဟူးနေ့မှတ်တမ်းကို ကိုးကားပါသည်။)

လွှတ်တော်သို့ လာရောက်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၂ - စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဌာနစုမှူး ဦးဇော်မိုး ခေါင်းဆောင်သည့် မြို့နယ်ပါတီကော်မတီဝင်များ၊ ရပ်/ကျေးစည်းရုံးရေးမှူးများနှင့် ပါတီဝင် ၁၃၉ ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်ကော်မတီဝင် ဒေါ်အေးအေးမြင့် ခေါင်းဆောင်သည့် မြို့နယ်ပါတီကော်မတီဝင်များနှင့် ပါတီဝင် ၄၃ ဦး စုစုပေါင်း ၁၈၂ ဦးတို့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမမြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ရှမ်းပြည်နယ်အတွင်း လမ်း/တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၃၀ ရက်က မြန်မာ-လာအို ချစ်ကြည်ရေးတံတားတည်ဆောက်ရေးလုပ်ငန်းခွင်တံတားချဉ်းကပ်လမ်း ဆောင်ရွက်နေမှု တာလေ-ပါးလျှိုး-ကျိုင်းလပ် လမ်းအရှည် ၃၅ မိုင်ကို စက်ယန္တရားများဖြင့် မြေသားလမ်းချဲ့ခြင်း၊ မြေသားတာပေါင်တင်ခြင်း၊ လမ်းဘေးရေမြောင်းများ ဖောက်လုပ်ခြင်း၊ ထုအခြေခံလွှာခင်းခြင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျိုင်းတုံမြို့ရှောင်လမ်းယာယီရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ကျိုင်းတုံမြို့ဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်မှုအဆင်ပြေချောမွေ့စေရေးတို့အတွက် နယ်မြေခံ အဖွဲ့အစည်းများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းလမ်းပေါ်တွင် တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၉)က တည်ဆောက်နေသော နောင်ဖာတံတားတည်ဆောက်နေမှု အခြေအနေကိုလည်းကောင်း၊ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း(ကျိုင်းတုံ-တာချီလိတ်)လမ်းအပိုင်းကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

လောကမုနိအောင်မြေချမ်းသာရဆုတောင်းပြည့်ဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချို(၁)ရပ်ကွက် အောင်မြေသုခကျောင်းတိုက်အတွင်းတည်ထားကိုးကွယ်ထားသော လောကမုနိအောင်မြေချမ်းသာရ ဆုတောင်းပြည့်ဘုရားကြီး၊ တတိုင်းရစေတီတော်၊ နဂါးရုံဘုရား၊ အောင်ဓမ္မစကြာဘုရား (၁၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၆ ရက်တွင် ဂီတပဒေသာပွဲ၊ ၇ ရက်တွင် မြဝတီရွှေမြင့်မိုရ်အငြိမ့်ဖြင့်လည်းကောင်း ၈ ရက်တွင် သံဃာတော် အပါး ၁၂၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် စတုဒိသာကျွေးမွေးပြီး စူပါစတားအငြိမ့်ဖြင့် ဖျော်ဖြေတင်ဆက်ခြင်းဖြင့်လည်းကောင်း ကျင်းပမည်ဖြစ်သည်။

တင်စိုး(မြန်မာ့အလင်း)

ရွှေ့လျားသင်တန်းများအစီအစဉ်ဖြင့် ပုဏ္ဏားကျွန်းမြို့တွင် စက်မှုကျွမ်းကျင်လုပ်သားများအား လေ့ကျင့်မွေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဆိုင်ရာ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌအဖြစ် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က တာဝန်ယူဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော စက်မှုကျွမ်းကျင်လုပ်သားများ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် စက်မှုနှင့် အသက်မွေးပညာရပ်များကို ကျေးလက်ဒေသများအရောက် လိုက်လံဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ စက်မှုနှင့် အသက်မွေးပညာ ရွှေ့လျားသင်တန်း အမှတ်စဉ်(၈)သင်တန်းဆင်းပွဲ အခမ်းအနားကို ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ မြို့နယ်ခန်းမ၌ ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ ရခိုင်ပြည်နယ် လျှပ်စစ်နှင့် စက်မှု လက်မှုဝန်ကြီး ဦးအောင်သန်းတင်က သင်တန်းဆင်း အမှာစကား ပြောကြားပြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် ပုဏ္ဏားကျွန်းမြို့နယ်အုပ်ချုပ်ရေးမှူးတို့က ထူးချွန်သင်တန်းသားများအား ဆုများချီးမြှင့်ပေးအပ်သည်။

စက်မှုနှင့် အသက်မွေးပညာ ရွှေ့လျားသင်တန်း အမှတ်စဉ်(၈)ကို အမှတ်(၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ)က တာဝန်ယူလျက် ဇန်နဝါရီ ၂ ရက်မှ ၃၀ ရက်အထိ သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၉၃ ဦး တက်ရောက်သင်ကြားခဲ့သည်။

စက်မှုဝန်ကြီးဌာန အနေဖြင့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင်လည်း စက်မှုနှင့်အသက်မွေးပညာ ရွှေ့လျားသင်တန်းများကို စဉ်ဆက်မပြတ် ဆက်လက်ဖွင့်လှစ်သင်ကြားပေးသွားရန် စီစဉ်ထားရှိပြီး အမှတ်(၁)စက်မှုသင်တန်းကျောင်း (ဆင်တဲ)၌လည်း ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအထိ ရခိုင်ပြည်နယ်ရှိ လူငယ် ၂၂၈ ဦးအား ကာလတို သုံးလသင်တန်းဖြင့် သုံးကြိမ်ခွဲ၍ စက်မှုနှင့် အသက်မွေးပညာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိမိ၏ယဉ်ကျေးမှုများကို ဖော်ထုတ်ပြသကြမည့် တိုင်းရင်းသားယဉ်ကျေးမှုကိုယ်စားလှယ်များ ဆက်လက်ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂

တိုင်းဒေသကြီးနှင့်ပြည်နယ်တို့မှ တိုင်းရင်းသားယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များသည် ဖေဖော်ဝါရီ ၁၂ ရက်တွင်ကျင်းပမည့် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းမှစ၍ လေကြောင်းခရီးဖြင့်လည်းကောင်း၊ မော်တော်ယာဉ်များဖြင့်လည်းကောင်း နေပြည်တော် အမှတ် (၇) တည်းခိုရေးစခန်း (ရွာတော်)သို့ ဆက်လက်ရောက်ရှိလာကြသည်။

အဆိုပါအဖွဲ့များကို ညစာစားပွဲဖျော်ဖြေရေးဆပ်ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

ယနေ့ ရောက်ရှိလာကြသည့် ကိုယ်စားလှယ်များမှာ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်တို့မှဖြစ်ကြပြီး ညပိုင်းတွင် မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်မှ အဖွဲ့များလည်းရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

တင်ထွန်းအောင် (သတင်းစဉ်)

❐ ရွှေဖုံးမှ

မြောက်ဘက်စွန်း (သဘော်ပျက်အနီး)ရေလမ်းကြောင်းတို့တွင်လည်း ရေတိမ်လျက်ရှိနေသည်။ ရေတိမ်နေကြောင်းကို ကြိုတင်တိုင်းတာချက်အရနှင့် ရေယာဉ်များမောင်းနှင်ရာတွင်အသုံးပြုသည့်ရေအနက်တိုင်းကိရိယာတို့ဖြင့် တိုင်းတာမှုအရ သိရှိရခြင်းဖြစ်သည်။

သံလွင်မြစ်ကား အသုံးပြုမှုနည်းခဲ့သဖြင့် သဘာဝဆန်ဆန်လှပနေဆဲ၊ စီးဆင်းနေဆဲပင်။ ယခုအခါ စီမံကိန်းများက သံလွင်မြစ်ကို အမှီပြုပြီး တစ်ခုပြီးတစ်ခုပေါ်ထွန်းလာလျက်ရှိသည်။ သံလွင်မြစ်ရေစီးကြောင်းလည်း ပြောင်းလဲကာ သောင်ထွန်းမှု၊ ရေတိမ်မှုများလည်း အချိန်တိုအတွင်း ဖြစ်ပေါ်လာနေပြီဖြစ်သည်။

ယခုအခါ မော်လမြိုင်ဆိပ်ကမ်းသို့ ကျောက်တင်ရေယာဉ်များ၊ ဘိလပ်မြေတင်ရေယာဉ်များ ဥဒဟိုဝင်ထွက်သွားလာလျက်ရှိနေသည်။ ထို့ကြောင့် ရေတိမ်နေသော သံလွင်မြစ်ရေလမ်းကြောင်းကို သောင်တူးမှုများ အကောင်အထည်ဖော် လုပ်ဆောင်နေခြင်းဖြစ်သည်။ လုံလောက်သော ရေလမ်းကြောင်းတွင် လုံလောက်သော ရေအနက်ရရှိရေးအတွက် သောင်တူးဖော်ပေးနေခြင်းဖြစ်သည်။

ကျိုက္ခမီပင်လယ်ဝမှ မော်လမြိုင်အထိ သံလွင်မြစ်ရေလမ်းကြောင်းသည် သံလွင်မြစ်အဆုံးပိုင်းဖြစ်သဖြင့် မုတ္တမပင်လယ်ကွေ့နှင့် ဆက်စပ်လျက်ရှိရာ မြစ်ဝ၌ အနည်ပို့ချနုန်းများပြားလာခြင်းတို့ကြောင့် သဲသောင်များ ဖြစ်ထွန်းကာ တစ်နှစ်ထက်တစ်နှစ် ရေတိမ်လာခြင်းဖြစ်သည်။

မော်လမြိုင်ဆိပ်ကမ်းသို့ ဝင်ထွက်ရာ ရေလမ်းကြောင်းတိုးတက်ကောင်းမွန်စေရေးအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် STAR HIGH ASIA PACIFIC PTE,LTD တို့ ပူးပေါင်းပြီး သောင်တူးခြင်း လုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်သည်။ သောင်တူးခြင်းကို ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။

သောင်တူးမည့် သံလွင်မြစ်ရေလမ်းကြောင်းများမှာ အရှည်နှစ်မိုင်ရှိသည့် မှော်အရှေ့ရေလမ်းကြောင်း၊ အရှည် ၂ ဒသမ ၅မိုင်ရှိသည့် သဘော်ပျက်အောက်ဘက်ရှိ ဟသ်ာကျွန်းအနီးရေလမ်းကြောင်း၊ လေးမိုင်ရှည်သည့် ဟသ်ာကျွန်းမှ ကတုံးပေါ်အဖြတ်ရေလမ်းကြောင်း၊ တစ်မိုင်ရှည်သည့် ဟသ်ာကျွန်းအရှေ့ဘက်ရှိ ရေလမ်းကြောင်း၊ ၃ ဒသမ ၅ မိုင်ရှည်သည့် ကျိုက္ခမီအစရှိ ပိတ်ဆို့နေသော သောင်ခုံရှင်းရမည့် ရေလမ်းကြောင်းတို့ဖြစ်သည်။

ရေလမ်းကြောင်းအလိုက် သောင်တူးရာတွင် နတ်မှော်အရှေ့ ရေလမ်းကြောင်းသည် ရေမိုင်အလျားနှစ်မိုင်ရှိပြီး ရေစစ်ချိန်တွင် ရေအနက် ၁၂ ပေသာရှိရာ ရေအနက် ၁၈ ပေအထိရရှိရေး သောင်တူးသွားရန် လျာထားသည်။ သဘော်ပျက်အောက်ဘက်ရှိ ဟသ်ာကျွန်းအနီးရေလမ်းကြောင်းသည် ရေမိုင်၂ ဒသမ ၅ မိုင်ရှိပြီး ရေစစ်ချိန်တွင် ရေအနက် ၁၁ ပေသာရှိရာ ရေအနက် ၁၈ ပေအထိ ရှိရန်သောင် တူးသွားမည်ဖြစ်သည်။

တစ်ဖန် ဟသ်ာကျွန်းအရှေ့ဘက် ရေလမ်းကြောင်းသည် ရေမိုင်တစ်မိုင်ရှိပြီး ရေစစ်ချိန်တွင် ရေအနက်ရှစ်ပေသာရှိရာ ရေအနက် ၁၈ ပေအထိ ရရှိရန် သောင်တူးသွားမည်ဖြစ်သည်။ ဟသ်ာကျွန်းမှ ကတုံးပေါ်အဖြတ် ရေလမ်းကြောင်းသည် ရေမိုင်လေးမိုင်ရှည်လျားပြီး ရေစစ်ချိန်တွင် ရေအနက် ၁၁ ပေရှိရာမှ ရေအနက် ၁၈ ပေရရှိအောင် သောင်တူးသွားမည်ဖြစ်သည်။

ကျိုက္ခမီအဝရှိ ပိတ်ဆို့နေသော သောင်ခုံရှင်းရမည့် ရေလမ်းကြောင်းသည် ရေမိုင် ၃ ဒသမ ၅ မိုင်ရှိပြီး ရေစစ်ချိန်တွင် ရေအနက် ခုနစ်ပေသာရှိနေရာမှ ရေအနက် ၁၈ ပေအထိရရှိရန် သောင်တူးသွားမည် ဖြစ်သည်။ သံလွင်မြစ်ကြောင်း သောင်တူးမည့် ရေလမ်းကြောင်း ငါးခု၏ စုစုပေါင်း အရှည်သည် ရေမိုင် ၁၃ မိုင်ဖြစ်ရာ သတ်မှတ်ကာလအတွင်း သောင်တူးလုပ်ငန်းများ ပြီးစီးရန် မျှော်မှန်းထားသည်။

မိုးရာသီကာလတွင် သောင်တူးခြင်းလုပ်ငန်းများ ခေတ္တရပ်နားထားသော်လည်း ယခုပွင့်လင်းရာသီတွင် သောင်တူးခြင်းလုပ်ငန်းများ၊ သဲတူးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရေလမ်းကြောင်းကောင်းမွန်လာသည်နှင့်အမျှ မော်လမြိုင်ဆိပ်ကမ်းသို့ ပြည်တွင်း၊ ပြည်ပမှ သင်္ဘောများ ပိုမိုဝင်ထွက်လာနိုင်ပြီး မွန်ပြည်နယ် စီးပွားရေးလည်း တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်သည်။

ငလှိုင်တွင်း ရွာသစ်ကျေးရွာ၌ မသန့်ရှင်းသော စိမ့်စမ်းရေသောက်သုံးမိသဖြင့် ကျေးရွာနေသူ ၇၁ ဦး ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွား

စလင်း ဖေဖော်ဝါရီ ၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ငလှိုင်တွင်းကျေးရွာအုပ်စု ငလှိုင်တွင်း ရွာသစ်ကျေးရွာ၌ အများသုံး စိမ့်စမ်းရေအိုင်မှ ရေကိုသောက်သုံးမိခဲ့ခြင်းကြောင့် ဖေဖော်ဝါရီ ၁ရက် နံနက် ၁၀နာရီက ထိုကျေးရွာနေအမျိုးသား ၃၀ နှင့် အမျိုးသမီး ၄၁ဦး စုစုပေါင်း ၇၁ ဦးတို့ ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဝမ်းပျက်ဝမ်းလျှော ဖြစ်ပွားသည့်ရွာ၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမြတ်အောင်အောင်နှင့် ကျန်းမာရေးဝန်ထမ်းများကလိုအပ်သောဆေးဝါးများနှင့်အတူ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားရခြင်းနှင့်ပတ်သက်၍ စစ်ဆေးခဲ့ရာတွင် အဆိုပါ ရွာသစ်ကျေးရွာ အရှေ့ဘက်တွင်ရှိသော အများသုံး စိမ့်စမ်းရေအိုင်မှ ရေကိုသောက်သုံးခြင်း၊ ယင်းရေအိုင်အရှေ့ဘက်တွင် ကျွဲ၊ နွား၊ တိရစ္ဆာန်များမှ ထိုရေကို သောက်သုံးခြင်း၊ အညစ်အကြေးစွန့်ပစ်ခြင်း၊ ရေမှာစီးဆင်းမှုမရှိသည့် ရေအိုင်အဖြစ်တည်ရှိခြင်း၊ သန့်ရှင်းမှုမရှိသည့် အနည်အနှစ်များပါရှိသော ရေကိုသောက်သုံးမိရာမှ ဖြစ်ပွားခြင်းဖြစ်ကြောင်း ကျန်းမာရေးဌာနမှ စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

လက်ရှိ အဆိုပါကျေးရွာ၌ ကျန်းမာရေးဝန်ထမ်းများမှ ကျေးရွာရှိ ရေတွင်း၊ ရေကန်များအား အဘိတ်ဆေးခတ်ခြင်း၊ အိမ်သာများမှ ကူးစက်မှုမဖြစ်ပွားအောင် ကာကွယ်ခြင်း၊ ရေကိုကျိုချက်သောက်သုံးရေး ပညာပေးဟောပြောခြင်း၊ စိမ့်စမ်းရေအိုင်ကို တိရစ္ဆာန်များ သောက်သုံးရန် သီးခြားအသုံးပြုစေခြင်း၊ ရောဂါဖြစ်ပွားနေသူများအား ဆေးဝါးကုသပေးခြင်းများဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆေးရုံတက်ရောက် ကုသရန်လိုအပ်သော လူနာသုံးဦးကို စလင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့အပ်ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ အိမ်ခြေ ၇၆ အိမ်၊ အိမ်ထောင်စု ၇၆ စု၊ လူဦးရေ စုစုပေါင်း ၃၂၃ ဦး နေထိုင်ကြပြီး ရောဂါဖြစ်ပွားသည့် အိမ်ထောင်စု ၃၃စုမှ အမျိုးသား အမျိုးသမီး စုစုပေါင်း ၇၁ ဦး ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကျော်ဇေယျ

နိုင်ငံဘက်စုံ တည်ဆောက်ရေး မှန်မှန်ကန်ကန်အခွန်ပေး

ပြည်တွင်းသတင်း

တာမွေ(ယာယီ)ဈေးအား ဈေးအသစ်ဆောက်လုပ်ရန် ဆွေးနွေးညှိနှိုင်းလျက်ရှိ ယခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိနေဟုဆို

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ တာမွေ(ယာယီ)ဈေးကို ဈေးအသစ်ဆောက်လုပ်ရန်အတွက် ဆွေးနွေးညှိနှိုင်းလျက်ရှိနေရာ ယခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိနေကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

"တာမွေ(ယာယီ) ဈေးအသစ်တည်ဆောက်ဖို့အတွက် ညှိနှိုင်းဆွေးနွေးနေတုန်းပဲရှိပါတယ်။ စည်ပင်သာယာဥပဒေထဲကအတိုင်း ဆိုင်ခန်းတွေကို ပြန်ပေးသွားမှာပါ။ ကျွန်တော်တို့က ဘယ်ကုမ္ပဏီနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်မယ်ဆိုတာ မဆုံးဖြတ်ရသေးပါဘူး။ ခုလောလောဆယ်ကတော့ ကုမ္ပဏီတစ်ခုက တာဝန်ရှိသူများ၊ အင်ဂျင်နီယာအဖွဲ့များကတော့ ဈေးသူ၊ ဈေးသားတွေနဲ့ ဆွေးနွေးနေကြတာပေါ့။ ဈေးသူ၊ ဈေးသားတွေကလည်း သူတို့လိုချင်တဲ့ပုံစံကိုပြောပြတယ်။ ကျွန်တော်တို့ကလည်း လုပ်ပေးနိုင်မယ့်ပုံစံကို ညှိနှိုင်းထားပါတယ်။ ဒီလောက်ပဲရှိပါသေးတယ်။ လောလောဆယ် အသစ်ဆောက်လုပ်ဖို့ကိုတော့ ခြောက်ထပ်လျာထားပါတယ်။ ကားပါကင်တွေ ထည့်ရမယ်လေ။ လူတွေကတော့ ဒီမင်္ဂလာဈေးမွန်ဈေးပုံစံမျိုး သဘောကျနေကြပါတယ်။ ကားပါကင်ကိုတော့ သုံးထပ်လုပ်မယ်။ အောက်သုံးထပ်က ဈေးသူ၊ ဈေးသားတွေအတွက်ဆိုင်ခန်းပေါ့" ဟု ဈေးများဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တာမွေ(ယာယီ)ဈေးမှ ဈေးသူ၊ ဈေးသားတစ်ဦးက "ပြီးခဲ့တဲ့ တစ်လခွဲလောက်မှာ အရင်ဈေးရုံကိုယ်စားလှယ်တွေက ခြောက်ထပ်ဆောက်ဖို့ကို သဘောတူလားဆိုပြီး ဈေးသူ၊ ဈေးသားတွေကို ချပြပါတယ်။ သဘောတူတယ်ဆိုလက်မှတ်ထိုးပေါ့။ လက်မှတ်ထိုးကြတယ်ဆိုတာက ဒီဈေးကို အသစ်ပြန်ဆောက်မယ်၊ မဆောက်ဘူးဆိုတာကို လက်မှတ်ထိုးကြတာပါ။

"ဈေးသူ ဈေးသားအားလုံးကလည်း ဈေးအသစ် ခြောက်ထပ်ဆောက်ဖို့ကို သဘောတူလက်မှတ်ရေးထိုးကြပါတယ်။ အရင်တုန်းကတော့ ကျွန်တော်တို့ ဈေးသူ၊ ဈေးသားတွေက နှစ်ထပ်ဆောက်ဖို့ လိုလားကြပါတယ်။ ခုဆောက်မယ့် ဈေးအသစ်ပုံစံကလည်း ကားပါကင်ထည့်မယ်ပြောတယ်။ ကျွန်တော်တို့ demand ဆိုင်ခန်းသမားတွေက အောက်ထပ်ရမယ်ပေါ့။ ကတ်ထုတ်ထားတဲ့ ပျံကျတွေကိုတော့ အပေါ်ထပ်ပေးမယ်။ အလယ်မှာကားပါကင်နှစ်ထပ်၊ အပေါ်နှစ်ထပ်ကတော့ စည်ပင်ရုံးခန်းများဖွင့်မယ်လို့တော့ ကြားသိရပါတယ်။

ဒါကလည်း ဈေးရုံကိုယ်စားလှယ်တွေက စည်ပင်တာဝန်ရှိသူများနဲ့ တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့လို့ ကျွန်တော်တို့ ဈေးသူ၊ ဈေးသားများအားလုံးကလည်း သိရတာပါ။ အားလုံးလည်းသဘောတူကြပါတယ်။ ကျွန်တော်တို့ဘက်ကတွက်တာလည်း အဆင့်မြင့်ဈေးဆိုတာနှစ်ထပ်နဲ့ စိတ်မချရဘူးလေ။ တော်ကြာအဆင့်မမီဘူးဆိုပြီး ပြန်ဖျက်ရင်တစ်ခါပြောင်းနဲ့ အဲလိုမျိုးဖြစ်နေမှာစိုးလို့ပါ" ဟု ပြောသည်။

လက်ရှိ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း တာမွေအခွန်လွတ်ဈေး အပါအဝင် ဈေးစုစုပေါင်း ၄၃ ဈေးရှိနေကြောင်း သိရပြီး ဈေးများကို အဆင့်မြှင့်တင်သည့်အနေဖြင့် တာမွေဒဂုံညွန့်ဈေးအား အထိုက်အလျောက် ပြုပြင်မွမ်းမံမှုများပြုလုပ်ခဲ့ကြောင်းနှင့် ဈေးအဆောက်အအုံကို လေဝင်လေထွက်ကောင်းအောင် ဆောင်ရွက်ထားကြောင်း၊ ထို့အတူ ရန်ကင်းမြို့မဈေးကိုလည်း ပြန်လည်ပြုပြင်သည့်အနေဖြင့် ဈေးအဆောက်အအုံအား လေပေါ်များတပ်ဆင်ပြီးဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ သိရသည်။

စိုးဝင်း(SP)

ဗိုလ်ချုပ်အောင်ဆန်း နှစ် ၁၀၀ ပြည့် မွေးနေ့အထိမ်းအမှတ်ပွဲတော်ကျင်းပ

ရေစကြို ဖေဖော်ဝါရီ ၂

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် မျိုးဆက်သစ်လူငယ်ကလေးများ ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ မျိုးချစ်စိတ်ဓာတ် ရှင်သန်နိုးကြားစေရန်နှင့် အမျိုးသားရေးစိတ်ဓာတ် ထွန်းကားပြန့်ပွားစေရန်ရည်ရွယ်၍ ဗိုလ်ချုပ်အောင်ဆန်း နှစ် ၁၀၀ ပြည့်မွေးနေ့အထိမ်းအမှတ်ပွဲတော်ကို ဖေဖော်ဝါရီ ၁ ရက်မှ ၁၃ ရက်အထိ ရေစကြိုမြို့ ပွဲတော်ကွင်းပြင်နှင့် ဇာတ်ရုံကြီးအတွင်း၌ အလယ်တန်း၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ မိန့်ခွန်းပြောပြိုင်ပွဲ၊ ၁၀ နှစ်အောက်ကလေးများ ပျော်ရွှင်စရာ ဂိမ်းပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ရိုးရာခြင်းလုံးအလှခတ်ပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဗိုလ်ချုပ်အောင်ဆန်း နှစ် ၁၀၀ ပြည့် မွေးနေ့အထိမ်းအမှတ် ကဗျာနှင့် အမှတ်တရစာစုများထုတ်ဝေခြင်း၊ ဓာတ်ပုံပြခန်း၊ ပန်းချီပြခန်းပြသခြင်း၊ ဆီမီးပူဇော်ပွဲနှင့် ကဗျာရွတ်ခြင်းတို့ကိုလည်း ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

အိမွန်ဆွေ(ရေစကြို)

ကျန်းမာရေးကုသမှု အခမဲ့ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ တီဘီရောဂါလူနာများ ရှာဖွေဖော်ထုတ်ကုသနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး တီဘီရောဂါ တိုက်ဖျက်ရေးဌာနနှင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက် တီဘီရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်မိုးနှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၃၀ ရက်က (၁၂)ရပ်ကွက် မာဃဓမ္မာရုံ၌ ဆေးဝါးကုသမှုများကို အခမဲ့ကုသဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါ အဖွဲ့သည် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ (၁၀)ရပ်ကွက်၊ (၅) ရပ်ကွက်၊ (၁၃)ရပ်ကွက်၊ (၁၂)ရပ်ကွက်၊ (၇)ရပ်ကွက်များသို့ ကွင်းဆင်းကာ အခမဲ့ဓာတ်မှန်ရိုက်ပေးခြင်း၊ အခမဲ့သလိပ်စစ်ပေးခြင်းနှင့် အခမဲ့ အထွေထွေရောဂါ ဆေးဝါးကုသပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

(၀၀၄)

● *ကျောဖုံးမှ*

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ရခိုင်ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများပါဝင်သော အဖွဲ့နှင့် ရထားဆွဲပွဲတော် ကျင်းပရေးကော်မတီဝင်များ ပါဝင်သောအဖွဲ့က ရထားကို သူနိုင်ကိုယ်နိုင်အပြိုင်ဆွဲကာ ရထားဆွဲပွဲကို ဖွင့်လှစ်ပေးကြသည်။

ယခုနှစ် တပို့တွဲလသည် ရာသီကာလ ကြည်လင်သာယာနေရာ ငွေသော်တာ လမင်းကြီးသည်လည်း ရွှန်းလဲ့လဲ့ တောက်ပနေသည်။

အဆိုပါပွဲသို့ မြို့လုံးကျွတ် လာရောက်အားပေးကြရာ စည်ကားသည်ကို မြင်တွေ့ရသည်။ သံချပ်ထိုးသံ၊ အားပေးသံများဖြင့် ပွဲတင်ထပ်ညံနေသည်။

မြို့လုံးကျွတ် ရထားဆွဲပွဲကို ကျင်းပရာ ဘောက်သီးစုရပ်ကွက်နှင့် လမ်းမတော်မြောက်ရပ်ကွက်၊ အိုးတန်းရပ်ကွက်နှင့် မိတံရပ်ကွက်၊ ရဲနွယ်စုရပ်ကွက်နှင့် စက်ရုံစုရပ်ကွက်၊ ထွေးပင်ကြီးရပ်ကွက်နှင့် ကျေးတောရွာမရပ်ကွက်များသည် သူနိုင်ကိုယ်နိုင်အပြိုင်ဆွဲကြသည်။ နှစ်ရပ်ကွက်ပွဲစဉ်တစ်ခုစီဖြင့် ဆွဲကြရာ "ဆွဲ. . ဆွဲ. . အားတင်းထား. . ဆွဲထား. . အားတင်းထား" ဟူသောအားပေးသံများမှာ မိုးထိညံလောက်အောင် ကြားနေရပေသည်။ ရထားဆွဲပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရထားဆွဲပွဲသည် ရှေးရခိုင်တို့၏ ဆယ့်နှစ်လရာသီပွဲများအနက် တပို့တွဲလတွင်ကျင်းပသော ပွဲတော်တစ်ခုဖြစ်ပြီး အစဉ်အဆက်ကျင်းပလာခဲ့ကြောင်း သိရသည်။

မြန်မာ့ရုပ်မြင်သံကြား Entertainmetn Channel

၃-၂-၂၀၁၅(အင်္ဂါနေ့)

၆း၀၀	ချင်းပြည်နယ် ခရီးသွား မှတ်တမ်း(အပိုင်း-၄)
၇း၁၀	ကြယ်ပွင့်များရဲ့ရင်ခုန်သံ(ဝိုင်း)
၉း၀၅	ဟိုတုန်းက . . ရေဒီယိုအသံအသံလွှင့်ဇာတ်လမ်းများ
	"စမ်းရေပမာမိမေတ္တာ"(ရိုးရိုး၊ ထူးမြတ်၊ ချိုတေးလွင်လွင်)
၁၀း၀၅	Colours of ASEAN (Laos)
၁၀း၁၀	ASEAN CULTURAL FAIR (2014)(Laos PDR Music Show)
၁၀း၃၀	မြန်မာဗီဒီယိုဇာတ်လမ်း
	"ဆွေး"(သူထူးစံ၊ ဖြိုးငွေစိုး၊ သက်မွန်မြင့်၊ ဆုပန်ထွာ)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အင်းဝလမ်း ၂၀၊ အမှတ် ၁၄၁ဟု ခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၃)ခန်းတွဲ၊ (၅)ထပ်တိုက် အဆောက်အအုံမှ အခန်းအမှတ် (မြေညီ/C)ဟု ခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပူးတွဲဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ကန်ထရိုက်တာ ဦးမောင်လှ ၁၂/ ဗတထ(နိုင်)၀၃၀၀၆၄(Baby Lon Construction) ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေက စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်နွယ်နီအောင် (LL.B, LL.M, D.I.R) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၄၈)

ဒေါ်တင်ဇာဦး(LL.B) အထက်တန်းရှေ့နေ (စဉ်-၄၅၁၃၆)

အမှတ် ၂၇/၂၉၊ ဒုတိယထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၂၅၁၈၆၅၊ ၃၈၉၆၇၇၊ ၀၉-၅၀၅၈၃၅၈

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ရေဝေအုပ်စု၊ ဆုံစုရွာ အမက(၃၉)မှ မောင်အောင်ကိုမင်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဝင်း ၈/တတက(နိုင်)၀၇၅၁၆၆ ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန
ပြည်နယ်အကောက်ခွန်ဦးစီးဌာန (ရှမ်း/မြောက်)၊ လားရှိုးမြို့
လေလံကြော်ငြာ

၁။ မူဆယ်(၁၀၅)မိုင် Mobile Team နှင့်လားရှိုးမြို့နယ်ရုံးမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် အထွေထွေလူသုံးကုန်ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချပါမည်။

၂။ လေလံတင်ရောင်းချမည့်ရက်စွဲ၊ အချိန်နှင့်နေရာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **လေလံတင်ရောင်းချမည့်ရက်** - ၁၃-၂-၂၀၁၅ ရက် (သောကြာနေ့)

(ခ) **လေလံတင်ရောင်းချမည့်အချိန်** - နံနက် ၀၉း၃၀ နာရီ

(ဂ) **လေလံတင်ရောင်းချမည့်နေရာ** - တွဲဖက်ပြည်နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ လားရှိုးမြို့

၃။ လေလံဆွဲဝယ်ယူလိုသူများသည် လေလံစည်းကမ်း၊ ပစ္စည်းစာရင်းနှင့် ကြည့်ရှုခွင့်လက်မှတ်များကို ၁၂-၂-၂၀၁၅ ရက် ၀၉း၃၀ မှ ၁၆း၃၀ နာရီအတွင်း လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနတွင် ဝယ်ယူနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့



တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မီးသတ်၊ အိုးအိမ်၊ အား/ကာ၊ တည်ဆောက်ရေး(၄)နှင့် တိုင်းထွေအုပ်တို့မှ ဆောင်ရွက်လျက်ရှိသော အောက်ပါတည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရေဦး၊ ဒီပဲယင်း၊ ကန့်ဘလူ၊ ဝက်လက်၊ ကောလင်း၊ ဝန်းသို၊ ဖောင်းပြင်၊ လဟယ်၊ မော်လိုက်၊ ခန္တီး၊ ဟုမ္မလင်း စသည့်မြို့နယ်များတွင် (၄၅×၅၀×၂၆)ပေ နှစ်ထပ်မီးသတ်စခန်းများ ဆောက်လုပ်ရန်နှင့် နန်းယွန်းနှင့် လေရှီးတွင် (၄၅×၃၉×၁၅)ပေ တစ်ထပ်စခန်းနှင့် (၃၀×၁၈×၁၂)ပေ တစ်ထပ်လူပျိုဆောင် ဆောက်လုပ်ရန်-

(ခ) မုံရွာ၊ စစ်ကိုင်း၊ ကသာ၊ ရွှေဘို၊ ကလေး၊ ကသာ၊ ယင်းမာပင်၊ မော်လိုက်၊ တမူး၊ ခန္တီး စသည့်မြို့နယ်များတွင် ဝန်ထမ်းအိမ်ရာလေးခန်းတွဲ နှစ်ထပ် ၃၁ လုံး၊ အရာထမ်းအိမ်ရာ လေးခန်းတွဲ၊ လေးထပ် ၉ လုံး၊ အပျို/လူပျိုဆောင်၊ ရှစ်ခန်းတွဲလေးထပ် နှစ်လုံးဆောက်လုပ်ရန်-

(ဂ) အရာတော်၊ ပုလဲ၊ ခင်ဦး၊ ကျွန်းလှ၊ ရေဦး၊ ဗန်းမောက်၊ ပင်လည်ဘူး၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ စစ်ကိုင်း၊ ခန္တီး၊ မော်လိုက်၊ ကလေး၊ လဟယ်စသည့် မြို့နယ်များတွင် ပွဲကြည့်စင်တည်ဆောက်ခြင်း၊ ကလေးနှင့်ကသာတွင် အားကစားရုံနှစ်ထပ် လျှာထိုးခင်းခြင်းနှင့် လဟယ်မြို့နယ် အားကစားကွင်းဖောက်လုပ်ခြင်း-

(ဃ) ကမ်းနီရေလှောင်တမံမြေဖို့ခြင်းနှင့် ပုလဲ-ဂန့်ဂေါ-ဖလမ်းပင် ကျောက်ချောလမ်း၊ ပေ(၆၀×၂၀)ခင်းခြင်း

(င) ယင်းမာပင်ခရိုင်ရုံးဝင်း ကတ္တရာခင်းခြင်း၊ ရွှေပြည်အေးရုံးနှင့် ဆွမ်းစားဇရပ်ဆောက်လုပ်ခြင်း

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာဝယ်ယူရက် - ၅-၂-၂၀၁၅ရက်မှ ၅-၃-၂၀၁၅ အထိ

(ခ) တင်ဒါလျှောက်လွှာတင်သွင်းရက် - ၇-၃-၂၀၁၅ ရက် ၁၄း၀၀ နာရီ

(ဂ) တင်ဒါလျှောက်လွှာတင်သွင်းရန်နေရာ - တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၇၁-၂၂၇၆၉၊ ၀၇၁-၂၁၁၇၁၊ ၀၇၁-၂၄၈၇၂၊ ၀၇၁-၂၂၉၁၃ တို့ကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

ပြည်တွင်းသတင်း

တက္ကသိုလ်များ သီးခြားလွတ်လပ်စွာရပ်တည်ရေး အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

တက္ကသိုလ်များ သီးခြားလွတ်လပ်စွာရပ်တည်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ အောက်မြန်မာပြည်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ပါမောက္ခဌာနမှူး၊ ပါမောက္ခ၊ ကျောင်းအုပ်ကြီးများ၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) နှင့် (အထက်မြန်မာပြည်)တို့မှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အဆင့်မြင့်ပညာသင်ကျောင်းများ သီးခြားလွတ်လပ်စွာ ကိုယ်ပိုင်စီမံခန့်ခွဲခွင့် စတင်ဆောင်ရွက်နိုင်ရေးအတွက် တက္ကသိုလ်ပဋိညာဉ်များ ရေးဆွဲထားရေး၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ် ကျောင်းပေါင်း ၁၃၆ ကျောင်းသည်ပညာရေးဝန်ကြီးဌာန၏အောက်မှာမဟုတ်ဘဲ တက္ကသိုလ်များသည် သီးခြားလွတ်လပ်စွာ ရပ်တည်ကြရတော့မည်ဖြစ်ကြောင်း၊ အဆိုပါကျောင်းများ၏ စီမံကိန်းနှင့်ဘဏ္ဍာရေး လိုအပ်ချက်ကိုသာ ပညာရေးဝန်ကြီးဌာနမှ တစ်ဆင့် လွှတ်တော်သို့ တင်ပြပေးသည့် တာဝန်ကိုသာ ဆောင်ရွက်မှာဖြစ်ကြောင်း၊ ၂၀၁၅ ဘဏ္ဍာရေးနှစ်အစ ဧပြီ ၁ ရက်တွင် ဘဏ္ဍာရေးကူးပြောင်းမှု ဆောင်ရွက်ပြီး ပညာသင်နှစ်အစ ဒီဇင်ဘာတွင် Academic ကဏ္ဍတွင် ကူးပြောင်းမှုရှိမည်ဖြစ်ကြောင်း၊ လာမည့် ဘဏ္ဍာရေးနှစ်တွင် တက္ကသိုလ်များသည် မိမိတို့၏ ကျောင်းတာဝန်များကို မိမိတို့ တာဝန်ယူဖြေရှင်းရမည်ဖြစ်ကြောင်းဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က အသွင်ကူးပြောင်းရန် ပေးထားသည့် အချိန်ကာလသည် လုံလောက်မှု ရှိပါကြောင်း၊ အရည်အသွေးအာမခံမှုအတွက်လည်း ဆောင်ရွက်ထားကြောင်း၊ သူနာပြုကျောင်းများတွင် ဒီပလိုမာပေးပုံ၊ တောင်ကြီး ဆေးတက္ကသိုလ်ကို ယခုနှစ်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ဆေးအကြိုသင်တန်း၊ တိုင်းရင်းဆေးသိပ္ပံနှင့် တိုင်းရင်းဆေးတက္ကသိုလ်ကိစ္စတို့ကို ဆွေးနွေးပြီး ပညာရေးဝန်ကြီးဌာန၏ ပြောင်းလဲမှုတွင် ကျန်းမာရေးဝန်ကြီးဌာနသည် အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပါမောက္ခဌာနမှူးများနှင့် ကျောင်းအုပ်များက တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ ပေါင်းစည်းရေးနှင့် ပဋိညာဉ်ရေးဆွဲရေးနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

ပညာရေးစနစ်သစ် အသွင်ကူးပြောင်းရေးကာလမှာ ၅ နှစ်တာကာလဖြစ်ပြီး အဆိုပါကာလတွင် ပညာရေးဝန်ကြီးဌာနမှ စီမံကိန်းနှင့်ဘဏ္ဍာရေးကိစ္စ ပေါင်းစပ်ညှိနှိုင်းပေးထားမည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ် စုစုပေါင်း ၁၃၆ ကျောင်းရှိသည်။ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ သမဝါယမ၊ ပို့ဆောင်ရေးနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့မှ ကျောင်းများပါရှိသည်ဟု သိရသည်။ **ခင်ချိုဝင်း**

မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၃) ရပ်ကွက်နှင့် အမှတ် (၆) ရပ်ကွက်အကြား မင်းဓမ္မလမ်းပေါ် ဂက်(စ်) ဆိုင်ရှေ့၌ ဖေဖော်ဝါရီ ၁ ရက် ညသန်းခေါင်ယံက ယာဉ်သုံးစီးဆင့်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မင်းဓမ္မလမ်းအတိုင်း တောင်မှမြောက်သို့ ဦးစောအောင်သန်းရင် မောင်းနှင်လာသော Alphard ခဲရောင် ကိုယ်ပိုင်မော်တော်ယာဉ်နှင့် အမည်မသိ ရှေ့နောက်ဆင့် မောင်းနှင်လာသော 5E/----- ပရာဒိုနီညိုရောင် ကိုယ်ပိုင်မော်တော်ယာဉ်တို့ အရှိန်ပြင်းစွာ တိုက်မိကြသည်။

Alphard ခဲရောင်ယာဉ်မှာ ဦးခေါင်းလည်ထွက်သွားကာ ရပ်တန့်သွားပြီး ပရာဒိုယာဉ်မှာ ပက်လက်ဖြစ်သွားသည်။ နောက်မှ လိုက်ပါလာသော မရမ်းကုန်းမြို့နယ် (၃) ရပ်ကွက် အောင်သိဒ္ဓိရိပ်သာ (၃) လမ်းနေ ဦးထွန်းလွင် မောင်းနှင်လာသော 9E/---- မာစီးဒီး အနက်ရောင် ကိုယ်ပိုင်ယာဉ်က Alphard ခဲရောင်ယာဉ်ကို အရှိန်အနည်းငယ်ဖြင့် ထပ်မံဝင်တိုက်လိုက်ကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်ရာသို့ မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးစိုးနိုင်နှင့် တပ်ဖွဲ့ဝင်များ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှထွေးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ယာဉ်မှုစစ်တို့ရောက်ရှိပြီး စစ်ဆေးကူညီမှုပြုလုပ်ကြသည်။

ယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရသူမရှိကြောင်းနှင့် မော်တော်ယာဉ်များသာ ပျက်စီးဆုံးရှုံးကြောင်း သိရသည်။

(၀၁၅)

ယာဉ်စည်းကမ်း

လမ်းစည်းကမ်း

လိုက်နာပါ

လွိုင်ကော်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၉၅၅ ပြား ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂

ဇန်နဝါရီ ၂၅ ရက်က မူးယစ်တပ်ဖွဲ့စု ၂၀ လွိုင်ကော်မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် လွိုင်ကော်မြို့နယ် လွိုင်လင်လေးကျေးရွာအုပ်စု ကျောက်ကြီး(မြောက်)ကျေးရွာတောင်ဘက် လွိုင်ကော်-ဆီဆိုင်-တောင်ကြီးကားလမ်းပေါ်တွင် တောင်ကြီးမြို့ဘက်မှ လွိုင်ကော်မြို့ဘက်သို့ ဝေယံမောင်းနှင်ပြီး ကျော်ဇေယျလိုက်ပါလာသည့် STATION WAGON အမျိုးအစား အနက်ရောင်မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်၏နောက်ခန်းဘယ်ဘက်နောက်ထိုင်ခုံ နောက်ကျောနှင့် ကားကိုယ်ထည်အကြားမှ ပလတ်စတစ်အိတ်များဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၉၅၅ ပြား သိမ်းဆည်းရမိပြီး စစ်ဆေးဖော်ထုတ်ချက်အရ ပူးပေါင်းအဖွဲ့သည်မူးယစ်ဆေးဝါးများ လက်ခံရယူမည့် ရှုံရှီဝမ်နှင့် ကျော်အောင်တို့နှစ်ဦးကို လွိုင်ကော်မြို့ကားကြီးဝင်း အောင်သပြေကားဂိတ်တွင် ဖမ်းဆီးရမိသဖြင့် ဝေယံ(၂၉နှစ်)၊ ကျော်ဇေယျ (၁၉နှစ်)၊ ရှုံရှီဝမ်(ခ) အားဝမ် (၁၇နှစ်)၊ ကျော်အောင် (ခ)အပ်ပီ (၃၃ နှစ်)တို့ လေးဦးအပေါ် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(မူးယစ်ဗဟို)**





ပြည်တွင်းသတင်း

ISTAF Super Series ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ မြန်မာအသင်း ယှဉ်ပြိုင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုများ ရရှိစေရန်အတွက် မလေးရှားနိုင်ငံ(မလက္ကာမြို့)၌ ဖေဖော်ဝါရီ ၅ ရက်မှ ၈ ရက်အထိ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်၏ ထိပ်သီးအသင်းများ (ISTAF Super Series) 2015 ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်၊ ဒုတိယအဖွဲ့ခေါင်းဆောင်အဖြစ် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုး၊ နည်းပြအဖွဲ့ဝင်များနှင့် အားကစားသမား ၁၀ ဦးတို့သည် ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ TG လေကြောင်းခရီးစဉ်ဖြင့် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့သည်။ **(ဓာတ်ပုံ)**

ပြိုင်ပွဲတွင် အာရှထိပ်သီးအသင်းများဖြစ်သည့် ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား၊ မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ စင်ကာပူနှင့် အိမ်ရှင်မလေးရှားအသင်းတို့သည် အမျိုးသား(Regue)နှင့် အမျိုးသမီး (Rugue) (၂)မျိုးသာ ကျင်းပမည်ဖြစ်ပြီး အမျိုးသား (Rugue)ပြိုင်ပွဲတွင် အသင်း(၈)သင်းနှင့် အမျိုးသမီး (Regue)ပြိုင်ပွဲတွင် အသင်း(၆)သင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

ဥရောပလိဂ်ပြိုင်ပွဲများ အနိုင်/အရှုံးဂိုးရလဒ်များ

အာဆင်နယ်	၅-၀	အက်စ်တွန်ဗီလာ
ကိန်း	၁-၀	စိန့်အက်တီယန်
ဘော်ဒိုး	၁-၁	ဂူအင်ဂမ့်
မိုနာကို	၀-၀	လိုင်ယွန်
ဝါဒါဘရီမင်	၂-၀	ဟာသာဘာလင်
အော့စ်ဘတ်	၃-၁	ဟော်ဖန်ဟိမ်း
ဆက်ဆူအိုလို	၃-၁	အင်တာမီလန်
အတ္တလန္တာ	၂-၁	ကက်ဂလီယာရီ
ပါလာမို	၂-၁	ဗီရိုနာ
အူဒီးနိစ်	၀-၀	ဂျူဗင်တပ်စ်
ဆီစီနာ	၂-၁	လာဇီယို
ချီယေဗို	၁-၂	နာပိုလီ
တိုရီနို	၅-၁	ဆမ်ဒိုးရီးယား
အေစီမီလန်	၃-၁	ပါးမား
လီဗန်တေး	၀-၂	ဘီလ်ဘာအို
အယ်လ်မာရီးယား	၁-၀	ဂီတာဖေး
ဆီဗီလာ	၃-၂	အက်စ်ပန်ညို
ဘာစီလိုနာ	၃-၂	ဗီလာရီးရဲလ်

အိမ်ကွင်းတွင် ရှုံးနိမ့်ခဲ့သည့် ဆောက်သမ်တန်

ပရီမီယာလိဂ် ပွဲစဉ်(၂၃) ဆောက်သမ်တန်နှင့် ဆွမ်ဆီးအသင်းတို့ ဖေဖော်ဝါရီ ၁ ရက် တနင်္ဂနွေနေ့ ညပိုင်းက ယှဉ်ပြိုင်ကစားရာ ဆွမ်ဆီးအသင်း တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အိမ်ရှင် ဆောက်သမ်တန်အသင်းသည် အိမ်ကွင်းအနိုင်ရရှိရေး ရှုန်းကန်ကစားခဲ့ပြီး ပွဲစဉ်တစ်လျှောက် ဘောလုံးပိုင်ဆိုင်မှုအသာစီးရရှိကာ ဂိုးပေါက်ကန်သွင်းခွင့်အများဆုံးရရှိခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့ပေ။ ဒုတိယပိုင်း ပွဲချိန် ၈၃ မိနစ်တွင် ဆွမ်ဆီးအတွက် တစ်လုံးတည်းသော အဖိုးတန်ဂိုးကို ဂွန်ကျိုရှာလ်ဗေးက သွင်းယူပေးခဲ့သည်။ ၈၉ မိနစ်တွင် ဆောက်သမ်တန် နောက်တန်းကစားသမား ရှိုင်ယန်ဘားထရန့် တိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခံရသည်။ ပွဲအပြီးတွင် ဆောက်သမ်တန်တို့ အိမ်ကွင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ဆောက်သမ်တန်အသင်းသည် ယခုပွဲ ရှုံးနိမ့်ခဲ့သည့်အတွက် အဆင့်သုံးနေရာမှ ရမှတ် ၄၃ မှတ် ရရှိသွားသော မန်ယူအသင်းအား ဖယ်ပေးခဲ့ရသည်။ မန်ယူအသင်းသည် ဇယားထိပ်ဆုံးမှ ချယ်လ်ဆီးအသင်းနှင့် ၁၀ မှတ်ကွာနေပြီး အဆင့်နှစ် မန်စီးတီးနှင့် ငါးမှတ်သာကွာတော့သည်။ ဆွမ်ဆီးအသင်းသည် ရမှတ် ၃၃ မှတ်ရရှိကာ အဆင့် ၉ တွင် ရပ်တည်နေသည်။

သီဟ-ရေးသည်




ကြေးတိုင်နှင့်မြေစာရင်းမိသားစု လူမှုရေးအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် (စတုတ္ထအကြိမ်)သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် မိတ်ဆုံစားပွဲ ဖိတ်ကြားခြင်း

ကြေးတိုင်နှင့်မြေစာရင်းမိသားစု လူမှုရေးအသင်း၏နှစ်ပတ်လည်အစည်းအဝေးနှင့်(စတုတ္ထအကြိမ်)သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များ၊ အငြိမ်းစားဝန်ထမ်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလှူငွေများကို ဖော်ပြပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

နေ့ရက် - ၁၂-၂-၂၀၁၅ရက် (ပြည်ထောင်စုနေ့)
အချိန် - နံနက် ၉နာရီမှ ၁၃နာရီအထိ
နေရာ - Western Park Royal၊ ဗဟန်း(၃)လမ်းအနီး၊ ကန်တော်ကြီးသဘာဝဥယျာဉ်၊ မဟာမြိုင်ကျွန်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဆက်သွယ်ရန် - ဦးမင်းစိုးဟန် ဖုန်း-၀၂-၆၂၈၉၅၊ ဦးခင်မောင်ဖိုလ် ဖုန်း-၀၉-၄၉၀၃၀၂၀၈၊ ဦးမြမောင် ဖုန်း-၀၉-၅၁၂၁၅၂၁၊ ဦးဖေသန်း ဖုန်း-၀၉-၅၀၄၆၂၇၄၊ ဦးအုန်းမြင့် ဖုန်း-၀၉-၂၁၁၀၁၀၀

(အမှုဆောင်အဖွဲ့)
ကြေးတိုင်နှင့်မြေစာရင်းမိသားစုလူမှုရေးအသင်း

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ
(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၈

ကွယ်လွန်သူ ဒေါ်အေးအေးသင်း ၇/နတလ(နိုင်)၀၂၅၂၂၅၃၌ ကျန်ရှိရစ်သော ပစ္စည်းအကြောင်း

ဦးမျိုးမင်းအောင် — **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၄)ရပ်ကွက်၊ ဒုဋ္ဌဝတီလမ်း၊ (၆၄)ရပ်ကွက်၊ အမှတ် (၂၃/ဘီ)နေ ဦးမျိုးမင်းအောင်က ကွယ်လွန်သူ ဒေါ်အေးအေးသင်း၏ ခင်ပွန်းဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဒေါ်အေးအေးသင်းမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက် ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်အေးအေးသင်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ ခုနှစ်ဖေဖော်ဝါရီ ၁၉ရက် (၁၃၇၆ ခုနှစ် တပေါင်းလဆန်း ၂ရက်) နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်အေးအေးသင်း၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဥမ္မာတင်)
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တရားမရုံးတော်၌
၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၉ နှင့်ဆက်သွယ်သည့် ၂၀၁၅ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁

ဦးအောင်ထွန်းမြင့် — နှင့် — (၁) ဦးချစ်စံဦး
(၂) ဦးကျော်ဝင်း
(၃) ဒေါ်ဝင်းကြည်

ဒီကရီအနိုင်ရသူ — **တရားရှုံးများ**

၁။ ဦးချစ်စံဦး အမှတ်၁၂၆၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ)၊ ၂။ ဦးကျော်ဝင်း အမှတ် ၅၀၊ ကံ့ကော်မြိုင်လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၀၉တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးအောင်ထွန်းမြင့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့် အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရ ကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်(၁၃၇၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဖြူဝင်းငယ်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ပထဝီဘာသာ သင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ
သိမှတ်ဖွယ်ရာ ပထဝီဘာသာ

ဒီကနေ့ပို့ချမှာကတော့ ၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်သင်ရိုးနဲ့ပတ်သက်ပြီး အထူးဂရုပြုလေ့လာသင့်တဲ့ အကြောင်းအရာတွေဖြစ်ပါတယ်။ အခြေခံပညာအထက်တန်း တက္ကသိုလ်ဝင်တန်း ပထဝီဝင်သင်ရိုးမှာ သဘာဝပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ မြန်မာနိုင်ငံပထဝီဝင်၊ ကမ္ဘာ့ရွေးချယ်နိုင်ငံများပထဝီဝင်နဲ့ လက်တွေ့ပထဝီဝင်ဆိုပြီး အပိုင်းကြီး (၅)ပိုင်း ပါဝင်ပါတယ်။

အပိုင်း(က) သဘာဝပထဝီဝင်အပိုင်းမှာ

ကမ္ဘာမြေကြီးတည်ဆောက်ပုံ၊ ကမ္ဘာ့မြေထုအပေါ်ယံကျောက်များ၊ ကမ္ဘာ့အပေါ်ယံမြေလွှာ လှုပ်ရှားခြင်း၊ ကမ္ဘာ့ကုန်းမြေသဏ္ဌာန်များ၊ အိုင်များ၊ စိမ့်များနဲ့ ကျွန်းများအကြောင်းပါဝင်တယ်။

အပိုင်း(ခ) စီးပွားရေးပထဝီဝင်အပိုင်းမှာ

သတ္တုတွင်းထွက်ပစ္စည်းတူးဖော်ခြင်းလုပ်ငန်း၊ သတ္တုမဟုတ်သောတွင်းထွက်ပစ္စည်းတူးဖော်ခြင်းလုပ်ငန်း၊ ရေအား၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။

အပိုင်း(ဂ) မြန်မာနိုင်ငံပထဝီဝင်အပိုင်းမှာ

မြန်မာနိုင်ငံရဲ့စီးပွားရေးကုန်ထုတ်လုပ်ငန်းများမှ တွင်းထွက်ပစ္စည်းလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။

အပိုင်း(ဃ)ကမ္ဘာ့ရွေးချယ်နိုင်ငံများပထဝီဝင်အပိုင်းမှာ

အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်း(ဗြိတိန်)နိုင်ငံအပြင် ပြင်သစ်နိုင်ငံနဲ့ ဂျာမနီနိုင်ငံများလည်း ထည့်သွင်းထားတယ်။

အပိုင်း(င) လက်တွေ့ပထဝီဝင်အပိုင်းမှာ

စကေးများ၊ ကွန်တိုနဲ့ ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများ၊ ကောင်းကင်ဓာတ်ပုံများကို လေ့လာပြန်ဆိုတွက်ချက်ခြင်းများ ပါဝင်တယ်။

တက္ကသိုလ်ဝင်တန်း ပထဝီဝင်မေးခွန်းပုံစံမှာ အပိုင်းခြောက်ပိုင်းပါဝင်ပြီး

အပိုင်း(က) ဓမ္မဓိဌာန်၊ အပိုင်း(ခ) သဘာဝပထဝီဝင်၊ အပိုင်း(ဂ) စီးပွားရေးပထဝီဝင်၊ အပိုင်း(ဃ) မြန်မာနိုင်ငံပထဝီဝင်၊ အပိုင်း(င)ကမ္ဘာ့ပထဝီဝင်နှင့် အပိုင်း(စ)လက်တွေ့ပထဝီဝင်မေးခွန်းများဟူ၍ ဖြစ်တယ်။ အဲဒီအထဲမှာ အပိုင်း(က)နှင့်(စ)မှမေးခွန်းအားလုံးကိုဖြေဆိုရမှာဖြစ်ပြီး ကျန်အပိုင်းတစ်ပိုင်းစီမှ တစ်ပုဒ်စီဖြင့် စုစုပေါင်း (၆)ပုဒ်ဖြေဆိုရမှာ ဖြစ်တယ်။ လိုအပ်တဲ့နေရာများမှာ မြေပုံများ၊ သရုပ်ပြပုံများ၊ ပုံကြမ်းများရေးဆွဲပြီး ဖြေရမှာဖြစ်တယ်။ ဖြေဆိုချိန် (၃) နာရီဖြစ်ပြီး စုစုပေါင်းပေးမှတ်မှာ (၁၀၀) ဖြစ်တယ်။

ဓမ္မဓိဌာန်မှာ သုံးပိုင်းပါဝင်ပြီး ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်တယ်။ ၁(က) မှား/မှန်ရွေး၊ ၁(ခ) ကွက်လပ်ဖြည့်၊ ၁(ဂ) အဖြေမှန်ရွေးတို့ ဖြစ်တယ်။

အပိုင်း(ခ)မှာ မေးခွန်းရှည် နှစ်ပုဒ်နဲ့ မှတ်စုတိုမေးခွန်း စုစုပေါင်းသုံးပုဒ်မေးထားပြီး နှစ်သက်ရာတစ်ပုဒ်ကိုရွေးပြီး ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်တယ်။ ထို့နည်းတူ အပိုင်း(ဂ)၊ (ဃ)၊ (င)တို့မှာလည်း (၁၅)မှတ်ဖိုးစီ ဖြေရမှာဖြစ်ပြီး (၄)ပိုင်းအတွက် စုစုပေါင်းအမှတ် (၆၀) ရမယ်။

လက်တွေ့ပထဝီဝင်အပိုင်း(စ)မေးခွန်း၁၄(က)မှာ စကေးနှင့်ကောင်းကင်ဓာတ်ပုံအကြောင်းအရာထဲမှ ပုစ္ဆာတစ်ခုခုဖြစ်ပြီး (၁၀)မှတ်ဖိုးဖြေရမယ်။ မေးခွန်း၁၄(ခ)မှာ ကွန်တိုမြေပုံကို လေ့လာဖြေဆိုရမှာဖြစ်ပြီး (၁၅)မှတ်ပေးထားတယ်။ ဓမ္မဓိဌာန်လိုပဲ မဖြေမနေရဖြစ်တယ်။ ဒါ့ကြောင့် အပိုင်း(စ)မှာ စုစုပေါင်းပေးမှတ် ၂၅ မှတ် ဖြစ်တယ်။

မေးခွန်းမှာ သင်ရိုးညွှန်းတမ်းကို ခြုံငုံမိအောင်မေးမှာဖြစ်တဲ့အတွက် ကျောင်းသူ ကျောင်းသားများအနေနဲ့ ပြဋ္ဌာန်းစာအုပ်ပါ သင်ရိုးအားလုံးကို ကျေကျေညက်ညက်ဖတ်၊ မှတ်ဖို့ လိုပါတယ်။ သင်ခန်းစာအားလုံးကို မှန်မှန်လေ့ကျင့်ထားရပါမယ်။

သီအိုရီအပိုင်းကို လေ့လာကျက်မှတ်တဲ့အခါ မြေပုံနဲ့အချက်အလက်များတွဲပြီး မြေပုံပါအချက်များကို သဘောပေါက်နားလည်ထားပါက ကြောင်းကျိုးဆက်စပ်ပြီးမှတ်မိလွယ်တဲ့အတွက် အလွတ်ကျက်ခြင်းထက်ပိုပြီး ဖြေဆိုနိုင်တယ်။ မေးခွန်းမှာမေးထားတဲ့ လိုရင်းကိုသာဖြေရမှာဖြစ်ပြီး သိတာတွေအားလုံး ဖြေရမှာမဟုတ်ကြောင်း သတိပြုရပါမယ်။ ကမ္ဘာ့ပထဝီဝင်အပိုင်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဩစတြေးလျ၊ ဗြိတိန်၊ ပြင်သစ်နဲ့ ဂျာမနီနိုင်ငံများပါဝင်တယ်။ နိုင်ငံတိုင်းရဲ့ တည်နေရာ၊ အကျယ်အဝန်းနဲ့ ထိစပ်နေသောအိမ်နီးချင်းနိုင်ငံများကို သိရမယ်။ ဒါ့အပြင် ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှုစီးပွားရေးပထဝီဝင်ဆိုပြီး ခွဲခြားလေ့လာ မှတ်သားသင့်တယ်။ ရူပပထဝီဝင်အပိုင်းမှာ တည်နေရာ၊ အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်နဲ့ ရေဆင်း၊ ရာသီဥတု၊ သဘာဝပေါက်ပင်နဲ့ မြေဆီလွှာများပါဝင်တယ်။ သဘာဝပထဝီဝင်မှာ မြေမျက်နှာသွင်ပြင်မှ မြေဆီလွှာအထိသာ ပါဝင်တယ်။ လူမှုရေးပထဝီဝင်မှာ လူဦးရေ၊ လူမျိုးနှင့်မြို့ကြီးများ ပါဝင်တယ်။

စီးပွားရေးပထဝီဝင်မှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ တွင်းထွက်ပစ္စည်းတူးဖော်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။ စီးပွားကုန်ထုတ်လုပ်ငန်းမှာတော့ စိုက်ပျိုးရေးမှ စက်မှုလုပ်ငန်းအထိသာ ပါဝင်တယ်။

ဓမ္မဓိဌာန်များကိုလည်း ဒီအပိုင်းများမှ သိသင့်တဲ့အချက်များကို မှား/မှန်၊ ကွက်လပ်ဖြည့်၊ အဖြေမှန်ရွေးစသည်ဖြင့် မေးနိုင်တာကို သတိပြုပါ။ ဆက်လက်ပြီး လက်တွေ့ပထဝီဝင်အပိုင်းမှာ စကေးများ၊ ကောင်းကင်ဓာတ်ပုံများရဲ့စကေးကို တွက်ချက်ခြင်း၊ ကွန်တိုနဲ့ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများကို လေ့လာပြန်ဆိုခြင်းများ ပါဝင်ပါတယ်။

ဆက်လက်ပြီးပို့ချမှာကတော့ လက်တွေ့ပထဝီဝင်အပိုင်းဖြစ်တဲ့ မေးခွန်း၁၄(က)မှာစကေးနဲ့ ကောင်းကင်ဓာတ်ပုံအကြောင်းအရာထဲမှ ပုစ္ဆာတစ်ခုခုကိုဖြေရမယ်။ ၁၄(ခ)မှာတော့ ကွန်တိုမြေပုံကို လေ့လာဖြေဆိုရမှာ ဖြစ်တယ်။ ဒီအပိုင်းမှာ လေ့ကျင့်ဖို့အများကြီးလိုအပ်တယ်။ ပို့ချချက်ပါ ညွှန်ကြားချက်များအတိုင်း ဆွဲသားနည်း၊ ဖြေဆိုနည်းတွေကို စာမေးပွဲနီးမှ လေ့ကျင့်တာမျိုးမဖြစ်သင့်ပါ။ ဥပမာ-ပုံပြစကေးဖြစ်တဲ့ စကေးကျဲ၊ စကေးစိပ်များ တွက်ချက်ရေးဆွဲရာမှာ ပို့ချချက်များကိုဖတ်ရှုရုံနဲ့ မလုံလောက်ပါ။ လက်တွေ့အကြိမ်ကြိမ် လေ့ကျင့်ဆွဲသားမှသာ စာမေးပွဲဖြေဆိုတဲ့အခါ အလွယ်တကူဆွဲလို့ရမှာ ဖြစ်တယ်။ အလားတူ ကွန်တိုမြေပုံလေ့လာပြန်ဆိုရာမှာလည်း နှစ်စကတည်းက ကွန်တိုပုံများကို မှန်မှန်လေ့ကျင့်ထားသင့်တယ်။ ကောင်းကင်ဓာတ်ပုံနဲ့ပတ်သက်တဲ့ ပုစ္ဆာတွေတွက်ရာမှာလည်း ပုံသေနည်းများကို အလွတ်ကျက်တာထက် သင်္ကေတရှင်းလင်းချက်များကို နားလည်အောင်မှတ်ဖို့လိုတယ်။

လက်တွေ့တွက်ချက်ခြင်းများမပြုမီ စကေးရဲ့အဓိပ္ပာယ်၊ မြေပုံများပေါ်တွင် စကေးကိုဖော်ပြခြင်း၊ စကေးတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲတွက်ချက်ခြင်းများ ပါဝင်တယ်။

စကေးဆိုသည်မှာ မြေပုံပေါ်မှအကွာအဝေးနှင့် မြေပြင်ပေါ်မှ အကွာအဝေးတို့၏ အချိုးဖော်ပြချက်ဖြစ်တယ်။ စကေးအမျိုးအစား (၃) မျိုးရှိတယ်။ ယင်းတို့မှာ-

(၁) စာစကေး (ဝါ) စာတန်းစကေး၊ (ဥပမာ- တစ်လက်မလျှင်တစ်မိုင်)

(၂) အချိုးစကေး (ဝါ) အပိုင်းစကေး (ဥပမာ- ၁း၆၃၃၆၀ (ဝါ) ၆၃၃၆၀ ပိုင်း တစ်ပိုင်း) နှင့်

(၃) ပုံပြစကေး(ဥပမာ- အတိုင်းအတာတစ်ရပ်ရှိသော မျဉ်းတစ်ကြောင်းကို စိတ်ပိုင်းကာ အချိုးကျမြေပြင်အကွာအဝေးများကို ရေးမှတ်ဖော်ပြသော စကေးအမျိုးအစားဖြစ်တယ်)။

ပုံပြစကေးအမျိုးအစားကို အဓိကအားဖြင့်(၂)မျိုးခွဲခြားထားတယ်။ ၎င်းတို့မှာ စကေးစိပ်/အပြည့်စကေးနှင့် စကေးကျဲ/အဖွင့်စကေးတို့ဖြစ်တယ်။ ပုံပြစကေးရေးဆွဲရာမှာ တွက်ချက်ရန်နဲ့ ဆွဲသားရန်ဟူ၍ နှစ်ပိုင်းပါဝင်တယ်။

ပုံပြစကေးများတွက်ရန်၊ ဆွဲရန်အတွက် အနည်းဆုံးပြုရမယ့် ကိန်း၏ “ယူနစ်” ကို သတိပြုရန် လိုအပ်တယ်။ တွက်ချက်တဲ့အခါ ရေးဆွဲရမယ့်မျဉ်းရဲ့အလျားဟာ လေးလက်မနဲ့ ခြောက်လက်မကြားရှိရင် အသင့်တော်ဆုံးဖြစ်တယ်။ တွက်နည်းကို အဆင့်ဆင့်မှန်အောင်တွက်ရမယ်။ တွက်ချက်လို့ရတဲ့ အဖြေပေါ်မူတည်ပြီး စကေးမျဉ်းကို တိကျမှန်ကန်အောင် ဆွဲရန်လိုတယ်။ အပိုင်းများကို စိတ်ပိုင်းတဲ့အခါမှာလည်း အစိတ်အပိုင်းများ မှန်ကန်ညီညာအောင် စိတ်ပိုင်းရန် အဓိကလိုအပ်တယ်။

ဆက်လက်ပြီး **ကောင်းကင်ဓာတ်ပုံ လေ့လာပြန်ဆို တွက်ချက်ခြင်း**အကြောင်းကို လေ့လာမယ်ဆိုရင် ကောင်းကင်ဓာတ်ပုံဆိုတာကတော့ လေယာဉ်အမျိုးမျိုး၊ ဂြိုဟ်တု၊ ဒုံးပျံစသည်တို့မှ ရိုက်ကူးထားတဲ့ ဓာတ်ပုံများဖြစ်တယ်။ ကောင်းကင်ဓာတ်ပုံများကို (၁)တစောင်းရိုက်ကောင်းကင်ဓာတ်ပုံ၊ (၂)အောက်တည့်ရိုက်ကောင်းကင်ဓာတ်ပုံဆိုပြီး အဓိကနှစ်မျိုးခွဲခြားနိုင်တယ်။ တစောင်းရိုက်ကောင်းကင်ဓာတ်ပုံမှာ မိုးကုတ်စက်ဝိုင်းကို မြင်နိုင်တဲ့ တစောင်းမြင့်ကောင်းကင်ဓာတ်ပုံနဲ့ မိုးကုတ်စက်ဝိုင်းကို မမြင်နိုင်တဲ့ တစောင်းနိမ့်ကောင်းကင်ဓာတ်ပုံဆိုပြီး (၂)မျိုး ထပ်မံခွဲခြားနိုင်တယ်။

ကောင်းကင်ဓာတ်ပုံရဲ့ စကေးရှာတဲ့ ပုံသေနည်းများနဲ့ တွက်ချက်နည်းများကို မှတ်မိအောင် လေ့လာထားရမယ်။ ကောင်းကင်ဓာတ်ပုံစကေးများနဲ့ ပတ်သက်ပြီး သင်္ကေတများကိုသိထားရင် မေးခွန်းပုစ္ဆာမှာပါတဲ့ အကြောင်းအရာတွေကို လိုအပ်တဲ့နေရာတွေမှာ အစားထိုးထည့်သွင်းပြီး ဖြေဆိုရမယ်။ ပုစ္ဆာများတွက်တဲ့အခါ သတိပြုရမယ့် အချက်များကတော့ အချိုးစကေးမှာ ပိုင်းဝေဟာ အစဉ်အမြဲ “၁” ဖြစ်ရမယ်။ ပိုင်းဝေနဲ့ပိုင်းခြေယူနစ်တူအောင် ညှိပေးရမယ်။ ကိုက်ညီတဲ့ ပုံသေနည်းများကို သုံးရမယ်။ ပုံကြမ်းရေးဆွဲပေးသင့်တယ်။ ပိုင်းဝေဟာမြေပုံပေါ်(သို့မဟုတ်)ဓာတ်ပုံပေါ်အကွာအဝေးဖြစ်ပြီး ပိုင်းခြေမှာ မြေပြင်အကွာအဝေးဖြစ်တယ်။

ဒီအခါမှာ မြေပုံအကွာအဝေးပေးထားပြီး မြေပြင်အကွာအဝေးကို ပေ၊ ကိုက်၊ မိုင် စသဖြင့် ရှာခိုင်းရင် လိုအပ်တဲ့ ယူနစ်ကိုပြောင်းပေးရမယ်။

ကောင်းကင်ဓာတ်ပုံစကေးရှာရာမှာ

(၁) ကင်မရာဆုံတာနဲ့လေယာဉ်ပျံသန်းသော အမြင့်တို့ကို အချိုးဖြင့် စကေးရှာနည်း

(၂) ဓာတ်ပုံပေါ်အကွာအဝေးနဲ့ မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်း

(၃) စကေးသိသောမြေပုံနဲ့ နှိုင်းယှဉ်နည်းဖြင့် စကေးရှာနည်းဆိုပြီး နည်း(၃)နည်းရှိတယ်။

(၁) ကင်မရာဆုံတာနဲ့ လေယာဉ်ပျံသန်းသောအမြင့်အချိုးဖြင့် စကေးရှာနည်းမှာ

အသုံးပြုရမယ့် ပုံသေနည်း(က)ကတော့

$$\text{Scale or RF} = \frac{f}{H}$$

သင်္ကေတရှင်းလင်းချက်အနေနဲ့

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး(Representative Fraction)

f ဆိုတာကတော့ ကင်မရာဆုံတာ (focal length)

H ဆိုတာကတော့ ကုန်းမြေအထက် လေယာဉ်ပျံသန်းသောအမြင့် (Flying Height above the ground) ဖြစ်တယ်။

ဥပမာ ။ ကင်မရာဆုံတာ ၆လက်မ ဖြင့်ရိုက်ကူးထားသော ကောင်းကင်ဓာတ်ပုံတစ်ပုံ၏ စကေးမှာ ၁း၆၀၀၀ဖြစ်လျှင် ရိုက်ကူးသောအချိန်၌ ပျံသန်းသည့်လေယာဉ်၏ မြေပြင်အထက်အမြင့်ပေကို ရှာပါ။

တွက်နည်း



ကင်မရာဆုံတာ (f) = ၆လက်မ

ဓာတ်ပုံ၏စကေး (RF)= ၁း၆၀၀၀

ကုန်းမြေအထက်လေယာဉ်ပျံသန်းသောအမြင့်(H) = ?

အသုံးပြုသောပုံသေနည်း $\text{RF} = \frac{f}{H}$

H = ၆ ×၆၀၀၀

$$\frac{\text{၃၆၀၀၀လက်မ}}{\text{၁၂လက်မ}}$$

H = ၃၀၀၀ ပေ

အဖြေ = လေယာဉ်၏မြေပြင်အထက်ပျံသန်းသော အမြင့်ပေ ၃၀၀၀

ပုံသေနည်း(ခ)ကတော့

$$\text{Scale or RF} = \frac{f}{(A-h)}$$

သင်္ကေတရှင်းလင်းချက်အနေနဲ့

Scale or RF ဆိုတာကတော့စကေး/အချိုးစကေး (Representative Fraction)

f ဆိုတာကတော့ ကင်မရာဆုံတာ (focal length)

A ဆိုတာကတော့ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့်(Altitude)နဲ့

h ဆိုတာကတော့ ကုန်းမြေအမြင့် (Height of the terrain) ဖြစ်တယ်။

ပုံသေနည်း(၂)မှာလေယာဉ်ပျံသန်းသောအမြင့် (H) ကို တိုက်ရိုက်မပေးထားတဲ့အတွက် ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းတဲ့အမြင့် (A) မှ ကုန်းမြေအမြင့် (h) ကို နုတ်ပေးခြင်းအားဖြင့် (H) ကို ရနိုင်ပါတယ်။

စာမျက်နှာ (၁၆) သို့

ကျောင်းသင်ခန်းစာ

စာမျက်နှာ (၁၅)မှ

ဥပမာ။ လေယာဉ်တစ်စင်းသည် ပင်လယ်ရေပြင်အထက် အမြင့်ပေ ၁၂၀၀၀ မှပျံသန်းပြီး ကင်မရာဆုံတာ ၆လက်မဖြင့် ဓာတ်ပုံရိုက်ကူးရာဓာတ်ပုံတွင် အမြင့်ပေ ၁၅၀၀ ရှိသည့် တောင်ကုန်းတစ်ခု ပါဝင်သည်။ ထိုကောင်းကင်ဓာတ်ပုံ၏ စကေးကိုရှာပါ။

တွက်နည်း

ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့် (A) = ၁၂၀၀၀ ပေ
ကင်မရာဆုံတာ (f) = ၆လက်မ
တောင်ကုန်း၏အမြင့် (h) = ၁၅၀၀ ပေ
ကောင်းကင်ဓာတ်ပုံ၏စကေး (RF) = ?



အသုံးပြုသောပုံသေနည်း Scale or RF $= \frac{f}{(A-h)}$

$$RF = \frac{၆ \text{ လက်မ}}{၁၂၀၀၀-၁၅၀၀ \text{ ပေ}}$$
$$= \frac{၆ \text{ လက်မ}}{၁၀၅၀၀\times၁၂ \text{ လက်မ}}$$
$$= \frac{၆ \text{ လက်မ}}{၁၂၆၀၀၀ \text{ လက်မ}}$$
$$= \frac{၁ \text{ လက်မ}}{၂၁၀၀၀ \text{ လက်မ}}$$

RF = ၁း၂၁၀၀၀

အဖြေ = ကောင်းကင်ဓာတ်ပုံ၏စကေး ၁း၂၁၀၀၀

(၂) ဓာတ်ပုံပေါ်အကွာအဝေးနဲ့ မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်းမှာဆိုရင် အသုံးပြုရမည့် ပုံသေနည်းကတော့

Scale or RF $= \frac{PD}{GD}$

သင်္ကေတရှင်းလင်းချက်အနေနဲ့

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး (Representative Fraction)
PD ဆိုတာကတော့ ဓာတ်ပုံပေါ်ရှိအကွာအဝေး(Photo Distance)နဲ့
GD ဆိုတာကတော့ မြေပြင်ပေါ်ရှိအကွာအဝေး (Ground Distance) ဖြစ်တယ်။

ဥပမာ ။ လေယာဉ်တစ်စင်းပေါ်မှ အောက်တည့်ရိုက် ကောင်းကင်ဓာတ်ပုံရိုက်ကူးရာတွင် ရိုက်ကူးသော ဓာတ်ပုံ၏ စကေးမှာ ၁း၁၂၀၀၀ ဖြစ်ပြီး ရွာနှစ်ရွာ၏မြေပြင်ပေါ်ရှိ အကွာအဝေးမှာ ပေ ၃၀၀၀ ဖြစ်လျှင် ထိုရွာနှစ်ရွာ၏ဓာတ်ပုံပေါ်ရှိ အကွာအဝေးကိုရှာပါ။

တွက်နည်း

ကောင်းကင်ဓာတ်ပုံ၏စကေး (RF) = ၁း၁၂၀၀၀
မြေပြင်ပေါ်ရှိအကွာအဝေး GD = ၃၀၀၀ ပေ
ဓာတ်ပုံပေါ်ရှိအကွာအဝေး PD = ?



အသုံးပြုသောပုံသေနည်း $RF = \frac{PD}{GD}$

PD = GD x RF

$$PD = (၃၀၀၀\times၁၂'') \times \frac{၁}{၁၂၀၀၀}$$
$$PD = ၃၆၀၀၀'' \times \frac{၁}{၁၂၀၀၀}$$

PD = ၃ လက်မ

အဖြေ = ရွာနှစ်ရွာ၏ဓာတ်ပုံပေါ်ရှိ အကွာအဝေး = ၃ လက်မ

(၃) စကေးသိသောမြေပုံနဲ့ နှိုင်းယှဉ်နည်းဖြင့် စကေးရှာနည်းမှာ အသုံးပြုရမည့် ပုံသေနည်းကတော့

Scale or RF $= \frac{PD}{MD}$ x Map Scale

သင်္ကေတရှင်းလင်းချက်အနေနဲ့

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး(Representative Fraction)
PD ဆိုတာကတော့ ဓာတ်ပုံပေါ်ရှိ အကွာအဝေး (Photo Distance)
MD ဆိုတာကတော့ မြေပုံပေါ်ရှိအကွာအဝေး(Map Distance)နဲ့
Map Scale ဆိုတာကတော့ မြေပုံစကေးဖြစ်တယ်။

ဥပမာ ။ မြေပုံတစ်ပုံပေါ်ရှိ လမ်းဆုံနှစ်ခုတို့၏အကွာအဝေးသည် ၁၂ လက်မဖြစ်ပြီး ယင်းမြေပုံ၏စကေးမှာ ၁း၅၀၀၀ ဖြစ်သည်။ ထိုလမ်းဆုံနှစ်ခုတို့၏ ဓာတ်ပုံပေါ်ရှိအကွာအဝေးမှာ ၄ လက်မ ဖြစ်လျှင် ဓာတ်ပုံ၏စကေးကိုရှာပါ။

တွက်နည်း

မြေပုံပေါ်ရှိအကွာအဝေး MD = ၁၂ လက်မ
မြေပုံ၏စကေး MS = ၁း၅၀၀၀
ဓာတ်ပုံပေါ်ရှိအကွာအဝေး PD = ၄ လက်မ
ဓာတ်ပုံ၏စကေး RF = ?



အသုံးပြုသောပုံသေနည်း RF = $\frac{PD}{MD}$ x Map Scale

$$= \frac{၄}{၁၂} \times \frac{၁}{၅၀၀၀}$$
$$= \frac{၄}{၆၀၀၀၀}$$
$$= \frac{၁}{၁၅၀၀၀}$$

အဖြေ = ဓာတ်ပုံ၏စကေး ၁း၁၅၀၀၀

ကောင်းကင်ဓာတ်ပုံရဲ့ စကေးရှာတဲ့ပုံသေနည်းများနဲ့ တွက်ချက်နည်းများကို မှတ်မိအောင် လေ့လာထားရမယ်။ ပုံသေနည်းပါသင်္ကေတတွေရဲ့ နေရာမှာမေးခွန်းပုစ္ဆာပါ သက်ဆိုင်ရာကိန်းဂဏန်းများကို အစားထိုးပြီးတွက်ရမှာဖြစ်တဲ့အတွက် ယေဘုယျအားဖြင့် လွယ်ကူသယောင်ဖြစ်တယ်။ ဒါပေမယ့်ပုံသေနည်းမှာပါတဲ့သင်္ကေတတွေရဲ့ အဓိပ္ပာယ်ကို သိထားရန်၊ မည်သည့်ပုံသေနည်းကို မည်သည့်ပုစ္ဆာမှာ သုံးရမယ်ဆိုတာကို ခွဲခြားမှတ်သားရန် အထူးလိုအပ်တယ်။ နမူနာများကို အထပ်ထပ်လေ့ကျင့်သင့်တယ်။

ကွန်တိုမြေပုံ လေ့လာဖြေဆိုခြင်း အပိုင်းမှာ (က)မှ(ခ)သို့ ဖြတ်ပိုင်းပုံရေးဆွဲခြင်း၊ မြေပုံပါဒေသရဲ့ ဧရိယာနဲ့ လတ္တီကျူ၊ လောင်ဂျီကျူရှာဖွေခြင်း၊ မြန်မာနိုင်ငံရဲ့မည်သည့်ပြည်နယ်၊ တိုင်းဒေသကြီးအတွင်း တည်ရှိသည်ကို အကြောင်းပြချက်နဲ့ ဖြေဆိုခြင်း၊ မြေပုံပါဒေသရဲ့ ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှု-စီးပွားရေးပထဝီဝင်၊ စီးပွားကုန်ထုတ်လုပ်ငန်းများစသဖြင့် ပါဝင်တယ်။

(က)မှ(ခ)သို့ ဖြတ်ပိုင်းပုံရေးဆွဲရာမှာ ဒေါင်လိုက်စကေးကို ဦးစွာရှာပေးရမှာဖြစ်ပြီး ကွန်တိုမြေပုံမှာ ပေးထားတဲ့ အလျားလိုက်စကေးကို အသုံးပြုတွက်ချက်ရှာဖွေရမယ်။ ဒေါင်လိုက်စကေးကိုရှာရာမှာ မြေမျက်နှာသွင်ပြင် အနိမ့်အမြင့် ပေါ်လွင်စေရန် ၅ဆမှ၁၀ဆအထိ ချဲ့သင့်တယ်။ စကေးကို တစ်လက်မအပေါ် မူတည်ပြီးရှာရမယ်။ ရလာတဲ့အဖြေကို ပုံဆွဲရာမှာလွယ်ကူအောင် အနီးဆုံးကိန်းပြည့်ကို ယူရမယ်။ဒီနည်းဟာ ပုံသေနည်းလိုပဲ ဘယ်စကေးကိုမဆို တွက်နိုင်ရမယ်။

ဥပမာ။ ။ဒေါင်လိုက်စကေးရှာရာမှာ အလျားလိုက်စကေး ၁ လက်မ = ၁ မိုင်ဆိုပြီးပေးထားရင် ဒေါင်လိုက်အဆချဲ့ခြင်း (၅ ဆ)ချဲ့တဲ့အခါ

၁ လက်မ × ၅ ဆ = ၅ လက်မ = ၁ မိုင် (၅၂၈၀ ပေ)

၁ လက်မပေါ်မှာပြန်ရှာရင် $= \frac{၁\times၅၂၈၀}{၅}$ = ၁၀၅၆ ပေ = ၁၀၀၀ ပေ (အနီးဆုံးယူပါ)

ဒါကြောင့် ဒေါင်လိုက်စကေး၁လက်မ = ၁၀၀၀ ပေ တွက်ပြီး စကေးရရင်ပေးထားတဲ့ ဂရပ်ပေါ်မှာ ဖြတ်ပိုင်းပုံကို စကေးကိုက်ရေးဆွဲပေးရမယ်။ ရေးဆွဲပုံ အဆင့်ဆင့်ကတော့

- ပထမဦးဆုံး ပေးထားတဲ့ ကွန်တိုမြေပုံပေါ်ရှိ (က)အမှတ်နဲ့ (ခ)အမှတ် တို့ကိုရှာပြီး မျဉ်းဖြောင့်ဖြင့်ဆက်ပါ။



- ပြီးရင် 'က' နှင့် 'ခ' ဖြတ်သန်းရာမျဉ်းအောက်ရှိ ကွန်တိုမျဉ်းများရဲ့ အမြင့်ပေများကို မှတ်ရမယ်။ ဒီလိုမှတ်တဲ့အခါ ပေးထားတဲ့ကွန်တိုခြားနားချက်ကို သတိပြုရမယ်။ ကွန်တိုမျဉ်းသာမက မြစ်၊ ချောင်း၊ အင်းအိုင်၊ မြို့၊ ရွာ၊ လမ်းမှအစ အသေးစိတ်မှတ်သားရမယ်။



- ဒီနောက် 'က' 'ခ' ဖြတ်သန်းရာ မျဉ်းတစ်လျှောက် ကွန်တိုမြေပုံစာရွက်ကို ခေါက်ပါ။



- ပြီးရင် ဂရပ်စာရွက်ပေါ်မှာ ပေးထားတဲ့ ကွန်တိုမြေပုံရဲ့ 'က' 'ခ' အလျားအတိုင်း အောက်ခြေအလျားလိုက် မျဉ်းကြောင်းကို တိကျစွာဆွဲပါ။ 'က' နေရာမှ ဒေါင်လိုက်မျဉ်းတစ်ကြောင်းနဲ့ 'ခ' နေရာမှ ဒေါင်လိုက်မျဉ်းတစ်ကြောင်း ဆွဲပါ။ ထိုမျဉ်းများသည် အရှေ့ပိုင်းမှ တွက်၍ရထားတဲ့ ဒေါင်လိုက်စကေးကို ကိုယ်စားပြုထားတဲ့အတွက် ယင်းမျဉ်းများပေါ်မှာ ဒေါင်လိုက်ကိန်းဂဏန်းများ မှတ်သားရမယ်။

- ခေါက်ထားတဲ့ကွန်တိုမြေပုံစာရွက်ကို မှတ်သားထားတဲ့ ဂရပ်စာရွက်ရဲ့ အောက်ခြေမျဉ်းမှာ 'က' 'ခ' အမှတ်အသား အကွာအဝေးအတိုင်း ဒေါင်လိုက်မျဉ်းနဲ့ တစ်ထပ်တည်းကျအောင်ကပ်ပါ။ ပြီးရင် ကွန်တိုမြေပုံပေါ်ရှိ အမြင့်ပေများကို ဂရပ်စာရွက်ပေါ်သို့ စကေးကိုက်အမှတ်များချပြီး မှတ်ပါ။

- မှတ်ထားတဲ့ အစက်များကို ပြေပြစ်တဲ့မျဉ်းကြောင်းများလိုက်ဆက်ရင် လိုအပ်တဲ့မြေပြင်ပုံ ပေါ်ထွက်လာမယ်။

စာမျက်နှာ (၁၇) သို့

ကျောင်းသင်ခန်းစာ

စာမျက်နှာ (၁၆)မှ

- ဒီလိုဆွဲတဲ့အခါ သတိပြုရမယ့်အချက်မှာ 'က'နှင့် 'ခ' ကို ဘောင်မှာရှိတဲ့ နေရာအမြင့်များမှာ မှန်အောင်ရေးရန်လိုတယ်။ မြစ်ဝှမ်းကျယ်ဖြစ်ရင် ဇလားပုံ၊ ချောင်းငယ်များရဲ့ နေရာမှာ V ပုံသဏ္ဌာန် အနည်းငယ်ချိုင့်ပေးရမယ်။ ပုံမှာထင်ရှားတဲ့မြစ်၊ ချောင်း၊ အင်းအိုင်၊ လမ်း စတဲ့နေရာတွေကို မြားများပြပြီး ဖော်ပြရမယ်။ ကုန်းမြေကိုလည်း အနက် (သို့မဟုတ်) အညိုရောင်ချယ်ပေးသင့်တယ်။ ပုံရဲ့အပေါ်မှာ ခေါင်းစဉ်တပ်ပြီး ပုံရဲ့အောက်မှာ အလျားလိုက်နဲ့ ဒေါင်လိုက်စကေးနှစ်မျိုးစလုံးဖော်ပြရမယ်။

မြေပုံပါဒေသရဲ့တည်နေရာကိုဖော်ပြတဲ့အခါ နည်း (၂)နည်းနဲ့ ဖော်ပြနိုင်တယ်။ ပထမနည်းက သင်္ချာနည်းဖြစ်ပြီး မြေပုံရဲ့ဘောင်မှာ လတ္တီကျူနှင့်လောင်ဂျီကျူများကို မှတ်သားဖော်ပြထားလေ့ရှိတယ်။ မေးခွန်းပါ ကွန်တိုမြေပုံဟာ မြန်မာနိုင်ငံအတွင်းရှိ ဒေသတစ်ခုဖြစ်တဲ့အတွက် ဖော်ပြထားတဲ့ ကိန်းဂဏန်းအနက် (၉၂˚) ကျော်တဲ့ ကိန်း(၂)ခုဟာ အရှေ့လောင်ဂျီကျူမျဉ်းများဖြစ်ပြီး ကျန် (၂၈˚) အောက် ၂ ခုဟာ မြောက်လတ္တီကျူ ဖြစ်တာကို ခွဲခြားသိရှိထားသင့်တယ်။

ဥပမာ။ မြေပုံပါဒေသဟာ မြောက်လတ္တီကျူ ၂၁˚ ၄၅' နဲ့ ၂၁˚ ၄၉' အတွင်း အရှေ့လောင်ဂျီကျူ ၉၆˚ ၉'နှင့် ၉၆˚ ၁၃' အတွင်းတွင် ရှိတယ်။

နောက်တစ်နည်းကတော့ မြေပုံပေါ်မှာပါရှိတဲ့ ထင်ရှားတဲ့မြစ်ချောင်းစတဲ့ မြေပြင်လက္ခဏာများနဲ့ မြို့ပြကျေးရွာများကို မှီငြမ်းပြီးဖော်ပြခြင်းဖြစ်တယ်။ ဥပမာ၊ ပေးထားတဲ့မြေပုံမှာထင်ရှားတဲ့ မြို့ပြကျေးရွာမပါဘဲ ဧရာဝတီမြစ် အလယ်ဗဟိုမှ ဖြတ်စီးနေပါက "မြေပုံမှာ ထင်ရှားတဲ့ မြို့ပြကျေးရွာမပါဘဲ ဧရာဝတီမြစ်ဝှမ်း၏တစ်စိတ်တစ်ဒေသနဲ့ ပတ်ဝန်းကျင်ဒေသဖြစ်သည်" အကြမ်းအားဖြင့် ရေးနိုင်တယ်။ အကယ်၍ ထင်ရှားတဲ့မြို့တစ်မြို့ (ဥပမာ-ရေနံချောင်းမြို့) ပါရှိပါက "မြေပုံပါဒေသသည် ရေနံချောင်းမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသကို ဖော်ပြထားသည်"ဟု ရေးနိုင်တယ်။

မြေပုံပါဒေသရဲ့ ဧရိယာကို မြေပုံစကေးနဲ့အညီတွက်ချက်ပြီး စတုရန်းမိုင်နဲ့ ဖော်ပြရမယ်။ ဥပမာ မြေပုံ၏ စကေးဟာ (၂)လက်မလျှင် (၁)မိုင်ဖြစ်ပြီး အဲဒီမြေပုံရဲ့ အလျားနဲ့အနံဟာ (၈)လက်မနဲ့ (၄)လက်မရှိပါက စကေးအရ မြေပြင်မှာ အလျား (၄)မိုင်နဲ့ အနံ (၂)မိုင် အသီးသီးရှိမယ်။ ဒါ့ကြောင့် ပေးထားတဲ့မြေပုံပါဒေသရဲ့ အကျယ်အဝန်း ဧရိယာဟာ (အလျား ၄မိုင် × အနံ ၂မိုင်) (၈)စတုရန်းမိုင်ရှိတယ်။ တကယ်လို့ တွက်ချက်ရရှိတဲ့အဖြေဟာ ကိန်းပြည့် မဟုတ်ပါက အနီးစပ်ဆုံးဖော်ပြနိုင်တယ်။

မြေပုံပါဒေသဟာ မည်သည့်ပြည်နယ်နဲ့ တိုင်းဒေသကြီးအတွင်း ပါဝင်တာကိုဖော်ပြရာမှာ မြေပုံမှာပါဝင်တဲ့ မြို့ရွာ၊ မြစ်ချောင်း၊ အင်းအိုင်၊ တောင်တန်း၊ ကားလမ်း၊ ရထားလမ်းဆက်သွယ်မှု စတဲ့အခြေအနေတွေကို စေ့စပ်သေချာစွာလေ့လာပြီး ကြောင်းကျိုးဆက်စပ်၍ ဖော်ပြပေးရမယ်။

ဥပမာ။ မြေပုံတွင် ဂွမြို့နယ်လို့တွေ့ရရင် ရခိုင်ပြည်နယ်၊ ရမည်းသင်းမြို့နယ်လို့တွေ့ရရင် မန္တလေးတိုင်းဒေသကြီး အတွင်းမှာရှိတယ်လို့ ရေးသားဖော်ပြရမယ်။

ဆက်လက်ပြီး ပေးထားတဲ့ ကွန်တိုမြေပုံ ဖတ်ရှုရေးသားခြင်းအကြောင်းကို လေ့လာကြရအောင်။

အထက်ဖော်ပြပါမြေပုံဒေသသည် မင်းဘူးမြို့၏ ပတ်ဝန်းကျင်ဒေသပုံဖြစ်သည်။ 'က' အမှတ်အသားသည် ဒေသ၏ အနောက်တောင်ခန့်၌ရှိပြီး 'ခ' အမှတ်အသားသည် ဒေသ၏ အရှေ့တောင်ခန့်တွင်ရှိသည်။

ထို့ကြောင့် 'က' မှ'ခ' ဖြတ်ပိုင်းပုံကို ဆွဲကြည့်လျှင် အောက်ပါအတိုင်းတွေ့ရမည်။



'က'နေရာသည် အမြင့်ပေ ၃၀၀ အောက်၌ရှိပြီး အရှေ့ဘက်ရှိ'ခ'သို့ဆက်ရာ ဆားပွတ်ချောင်းနှင့် ချောင်းငယ်များ၊ပေ၂၀၀ကွန်တိုမျဉ်း၊ပေ၃၀၀နှင့်ပေ၄၀၀ကွန်တိုမျဉ်းများကိုဖြတ်သန်းပြီး ဧရာဝတီမြစ်အတွင်းရှိ 'ခ' အမှတ်နှင့် ဆက်သွယ်ထားသည်။ 'ခ' အမှတ်သည် အမြင့်ပေ ၂၀၀ အောက်တွင်တည်ရှိသည်။

ကွန်တိုမြေပုံကို ကြည့်ပြီး ဒေသန္တရပထဝီဝင်အကြောင်းကို ဆွေးနွေးရအောင်

မြေပုံပါဒေသ၏ ရူပ ပထဝီဝင်

တည်နေရာနှင့် အကျယ်အဝန်း

ပေးထားသော ကွန်တိုမြေပုံပါဒေသတွင် မင်းဘူးမြို့ကိုတွေ့ရသဖြင့် မကွေးတိုင်းဒေသကြီးအတွင်းတည်ရှိပြီး မြောက်လတ္တီကျူ ၂၀˚ ၈' မှ ၂၀˚ ၁၃' အတွင်းနှင့် အရှေ့လောင်ဂျီကျူ ၉၄˚ ၄၉' မှ ၉၄˚ ၅၅' အတွင်း တည်ရှိသည်။ ဧရိယာ ၂၁. ၆၂ စတုရန်းမိုင်ခန့် ကျယ်ဝန်းသည်။

မြေမျက်နှာသွင်ပြင်နှင့်ရေဆင်း

ပုံတွင် တောင်ကုန်းတောင်တန်းရှိရာအပိုင်းနှင့် မြေပြန့်လွင်ပြင်အပိုင်းဟူ၍ (၂) ပိုင်း တွေ့ရသည်။ တောင်ကုန်းတောင်တန်းများကို ပုံ၏တောင်ဘက်ပိုင်းတွင် တွေ့ရသည်။ အမြင့်ဆုံးအပိုင်းမှာ ၄၃၈ ပေမြင့်သော တောင်ကုန်းမြင့်ကို ပုံ၏တောင်ဘက်တွင်တွေ့ရှိရသည်။

မြောက်ဘက်သို့ တောင်ကုန်းမှာနိမ့်ဆင်းသွားရာ ပေ ၂၀၀ ကွန်တိုမျဉ်းကို ပုံ၏မြောက်ဘက်တွင် တွေ့ရသည်။ မြေပြန့်လွင်ပြင်ပိုင်းကို ပုံ၏မြောက်ဘက်တွင်တွေ့ရပြီး ပေ (၂၀၀) အောက်နိမ့်သော အပိုင်းဖြစ်သည်။ ဒေသတစ်ခုလုံးမှာ မြေမျက်နှာပြင်ညီညာမှု မရှိပေ။ ပုံ၏အရှေ့ဘက် ဧရာဝတီမြစ်ကမ်းအနီးတွင် ကမ်းပါးများကို တွေ့ရသည်။ ပုံတွင် ဧရာဝတီမြစ်သည် အဓိကရေဆင်းဖြစ်ပြီး မြောက်မှတောင်သို့ စီးဆင်းနေသည်။ မြေပုံပါဧရိယာ၏ လေးပုံတစ်ပုံမှာ ဧရာဝတီမြစ်၏အစိတ်အပိုင်းဖြစ်ပြီး မြစ်အတွင်း သဲသောင်များ၊ ကျွန်းများကိုတွေ့ရှိရသည်။ မြစ်အတွင်း ရေနံချောင်းမှ မကွေးသို့သွားသော သင်္ဘောလမ်းကို တွေ့ရသည်။ ဧရာဝတီမြစ်အတွင်းသို့ အနောက်ဘက်မှ ဆားပွတ်ချောင်းစီးဆင်းပြီး ချောင်းအတွင်း သဲများတွေ့ရှိရသည်။

အောက်ခံကျောက်

မြေပုံပါဒေသတွင် ရေနံတွင်းများ တွေ့ရှိရ၍ အောက်ခံကျောက်မှာ အနည်ကျကျောက်များဖြစ်နိုင်သည်။

ရာသီဥတု

မြေပုံပါဒေသသည် မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီးအတွင်းတည်ရှိပြီး ပေ ၃၀၀ အောက်နိမ့်သောအပိုင်းဖြစ်ခြင်း၊ ပုံတွင် သဲပိတ်ချောင်းများတွေ့ရခြင်းတို့ကြောင့် အပူချိန်များသောဒေသဖြစ်သည်။ ပင်လယ်နှင့်ဝေး၍ အပူချိန်ကွာခြားချက်များသော ဒေသလည်းဖြစ်သည်။

ပုံတွင်သဲပိတ်ချောင်းများတွေ့ရခြင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းတွင်တည်ရှိခြင်း၊ မြစ်ချောင်းနည်းပါးခြင်းတို့ကြောင့် မိုးနည်းသည်။ အပူချိန်များပြီး မိုးနည်းခြင်းကြောင့် အပူပိုင်းခြောက်သွေ့ရာသီဥတုကိုရရှိမည်။

သဘာဝပေါက်ပင်

အပူပိုင်းခြောက်သွေ့ရာသီဥတုရှိခြင်းကြောင့် ဆူးချုံတော၊ ထနောင်းစသော ခြောက်သွေ့တောများပေါက်နိုင်သည်။

မြေဆီလွှာ

အလယ်ပိုင်းမိုးနည်းရပ်ဝန်းတွင်တည်ရှိသော်လည်း တူးမြောင်းများဖြင့် ရေသွင်းစိုက်ပျိုးနိုင်သော ဒေသဖြစ်၍ လယ်မြေများရှိနိုင်သည်။

မြေပုံပါဒေသ၏ လူမှု-စီးပွားရေး ပထဝီဝင်ကိုလေ့လာကြည့်လျှင်

လူဦးရေ

မင်းဘူးမြို့နှင့်ကျေးရွာအများအပြား တွေ့ရသဖြင့် ဒေသတစ်ခုလုံးအနေဖြင့် လူဦးရေများမည်။ မင်းဘူးမြို့တွင် လူနေသိပ်သည်းမှုအများဆုံးဖြစ်ပြီး ဧရာဝတီမြစ်အနောက်ဘက်ကမ်းဘေးတစ်လျှောက်ရှိရွာများတွင် လူနေသင့်တင့်၍ ဆားပွတ်ချောင်းအရှေ့ဘက်ရှိ တောင်ကုန်းပိုင်းတွင် လူနေကျဲပါးမည်။

လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ ပတ်ဝန်းကျင်ဒေသဖြစ်၍ ဗမာလူမျိုးအများဆုံးနေထိုင်မည်။ စေတီများတွေ့ရ၍ ဗုဒ္ဓဘာသာ အဓိကကိုးကွယ်ကြသည်။

မြို့ရွာပျံ့နှံ့တည်ရှိမှု

အဓိကမြို့မှာ မင်းဘူးမြို့ဖြစ်ပြီး ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်း၌ တည်ရှိသည်။ ရေနံများရှိခြင်း၊ စစ္စလီ နွံ့မီးတောင်ရှိခြင်းတို့ကြောင့် ထင်ရှားသည်။ ရွာအများစုကို ဧရာဝတီမြစ်အနောက်ဘက်ကမ်းတစ်လျှောက်တွင် တွေ့ရပြီး ရွာတန်းရှည်များ(ဥပမာ- ရွာသာ၊ ရှားတောကျွန်းရွာ၊ ထောက်ရှာပင်၊ ကျွဲသိုးမျှောင်)ဖြစ်ကြသည်။ အချို့ရွာများကို အနောက်ဘက်ခြမ်းရှိတောင်ကုန်း၏ တောင်ခြေပိုင်းတွင် တွေ့ရပြီး ရွာစုရွာဝိုင်းများ(ဥပမာ-ကံရေရွာ၊ ရွာမကံ၊ ရက်သမရွာ) ဖြစ်ကြသည်။

စီးပွားရေးပထဝီဝင်

အဓိကလုပ်ငန်းမှာစိုက်ပျိုးရေးနှင့် တွင်းထွက်တူးဖော်ရေးဖြစ်သည်။

စိုက်ပျိုးရေး မြေပဲ၊နှမ်း၊ပြောင်း၊ ပဲအမျိုးမျိုးတို့ကိုစိုက်ပျိုးမည်။ ကျွန်းများတွင် ကိုင်းကျွန်းသီးနှံများလည်း စိုက်ပျိုးနိုင်သည်။

ငါးဖမ်းလုပ်ငန်း ဧရာဝတီမြစ်နှင့်ချောင်းလက်တက်များအတွင်း ရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်နိုင်သည်။

တွင်းထွက်တူးဖော်ရေး ရေနံတွင်းများ၊ ရေနံပြွန်လမ်းများတွေ့ရသဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မည်။

စက်မှုလုပ်ငန်း မင်းဘူးမြို့တွင် ဆီစက်၊ ပဲခွဲစက်နှင့် ရေနံထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများရှိမည်။

လမ်းပန်းဆက်သွယ်ရေး

ကားလမ်းနှင့် ရေကြောင်းလမ်းကို အဓိကအသုံးပြု ဆက်သွယ်နိုင်သည်။ မင်းဘူးမြို့မှ မြောက်ဘက် စကုသို့လည်းကောင်း၊ တောင်ဘက်-ကျွဲသိုးမျှောင်သို့လည်းကောင်း ကားလမ်းဖြင့် ဆက်သွယ်နိုင်သည်။ ထို့အပြင် ကံရေရွာ၊ ရေမျက်ရွာသို့လည်း နွေရာသီလမ်းဖြင့် ဆက်သွယ်နိုင်သည်။ တစ်ရွာမှတစ်ရွာသို့ လှည်းလမ်းဖြင့်လည်းဆက်သွယ်နိုင်သည်။ မင်းဘူးမြို့မှ မြောက်ဘက်-ရေနံချောင်းသို့၊ တောင်ဘက်-မကွေးသို့ ဧရာဝတီမြစ်ကြောင်းအတိုင်း သင်္ဘောဖြင့်သွားလာနိုင်သည်။ ထို့ကြောင့်ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်။ ရေနံပြွန်လမ်းများတွေ့ရ၍ ပိုက်လမ်းစနစ်ဖြင့် ပို့ဆောင်နိုင်သည်။

ကုန်သွယ်ရေး

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ ဒေသထွက်ကုန်ပေါများခြင်းတို့ကြောင့် ကုန်ကူးသန်းရောင်းဝယ်ရေး ဖွံ့ဖြိုးနိုင်သည်။ ဆီထွက်သီးနှံနှင့်ရေနံထွက်ပစ္စည်းများ အဓိကထုတ်လုပ်နိုင်သဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများရှိသည်။

မြေပုံပါဒေသရဲ့ ပထဝီဝင်ကိုဖတ်ရှုရေးသားရာမှာ အတွေ့အကြုံလည်းများစွာ လိုအပ်တယ်။ ဒါ့ကြောင့် ကွန်တိုမြေပုံအများအပြားကို ကြည့်ရှုလေ့လာထားရမယ်။ ရေးသားဖြေဆိုရာမှာ ကြောင်းကျိုးဆက်နွှယ်ဖြေဆိုရန် လိုအပ်တယ်။ မြေပုံပါ အချက်အလက်တွေကိုပဲ ဖြေရမှာဖြစ်လို့ သေချာစွာလေ့လာဖြေဆိုကြဖို့ မှာကြားရင်း ဒီမှာပဲရပ်နားလိုက်ပါတယ်။

ဒေါက်တာထွန်းကို
ပါမောက္ခ (ဌာနမှူး)
ပထဝီဝင်ဌာန
ရန်ကုန်တက္ကသိုလ်

မြန်မာ့အလင်းသတင်းစာမြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့သို့ အလှူငွေများလှူဒါန်း

တောင်ငူ ဖေဖော်ဝါရီ ၂

ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နေ မြို့နယ်သတင်းထောက် ဦးကျော်လှ(သမာဓိ) ၏ အသက် ၇၈ နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အလှူအဖြစ် သမာဓိမိသားစုများက မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့သို့ ငွေကျပ် နှစ်သိန်းနှင့် တောင်ငူမြို့ မေတ္တာနှင့် စေတနာလူမှုရေးအသင်းသို့ ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းခဲ့ရာ မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ၊ လူမှုကူညီရေးအဖွဲ့ နာယက၊ ဒုတိယ ဥက္ကဋ္ဌနှင့် အမှုဆောင်များက လက်ခံယူခဲ့သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် သမာဓိ မိသားစုများက ဖြူးမြို့ ဘိုးဘွားရိပ်သာမှ ဘိုးဘွားများကို အာဟာရဒါနကျွေးမွေးလှူဒါန်းခဲ့ပြီး တောင်ငူမြို့ မရမ်းကျောင်းတိုက်တွင် ဖွင့်လှစ်ထားသော စာရိတ္တ ဓမ္မကျောင်းမှ ကျောင်းသား ကျောင်းသူ ၆၀၀ တို့ကို သွားတိုက်ဆေးတစ်ဘူးစီ လှူဒါန်းခဲ့ကြောင်း သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ပြည်တွင်းသတင်း

နေပြည်တော်ဒေသအား MICE ဈေးကွက်တစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လာနိုင်စေရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂

နေပြည်တော်ဒေသကို MICE (Meeting,Incentive,Conference,Exhibition) ဈေးကွက်တစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လာနိုင်စေရေးအတွက် ရည်ရွယ်ပြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ကြီးမှူး၍ "Asia Greenest Capital Initiative to build Nay Pyi Taw as a Global Destination" ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်းရှိ Kempinski Hotel ၌ ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းက ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဌေးအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံမှ ပထမဦးဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် (၃၄) ကြိမ်မြောက် "အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၁၅"နှင့် ဆက်စပ်အစည်း အဝေးများကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ နေပြည်တော်တွင် ခရီးသွားလုပ်ငန်းအထောက်အကူပြု အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ ဟိုတယ်၆၀ နှင့် အခန်းပေါင်း ၅၄၀၀ ကျော်ရှိလာပြီဖြစ်ပါကြောင်း၊ နေပြည်တော်သို့ နိုင်ငံခြားသားဧည့်သည်လာရောက်လည်ပတ်မှု ပိုမိုတိုးတက်လာစေရန်နှင့် ကျင်းပပြီးစီးခဲ့သည့် "အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၁၅" ကဲ့သို့သော အစည်းအဝေးများ၊ ညီလာခံများ၊ ဆွေးနွေးပွဲများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာပြပွဲများ စသည်တို့ကို စဉ်ဆက်မပြတ် လက်ခံကျင်းပသွားနိုင်ရေးအတွက် နည်းလမ်းများရှာဖွေ ဆောင်ရွက်သွားရန်နှင့် နောင်တွင် နေပြည်တော်ကို မြန်မာနိုင်ငံ၏ အချက်အချာကျသည့်ဒေသနှင့် MICE Market အဖြစ်ပေါ်ထွန်းလာရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၊ အာဆီယံနှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူး ဒေါ်ခိုင်မီမီထွန်းက ကျင်းပပြီးစီးခဲ့သည့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် -၂၀၁၅ အခမ်းအနားအပါအဝင် ဆက်စပ်အစည်းအဝေးများနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ နေ့ရက်အလိုက် ဆောင်ရွက်ခဲ့သည့် အစီအစဉ်များနှင့် အခမ်းအနားများသို့ တက်ရောက်ခဲ့ကြသည့် အာဆီယံဒေသတွင်းနိုင်ငံများအပြင် အပြည်ပြည်ဆိုင်ရာ နိုင်ငံများအလိုက် ဧည့်သည်တော်များ အခြေအနေတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် နေပြည်တော်ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များနှင့် ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းရှင်များပိုင်ဟိုတယ်များမှ တာဝန်ရှိသူများက ဟိုတယ်များအလိုက် ဧည့်သည် တည်းခိုနေထိုင်မှုအခြေအနေများကိုလည်းကောင်း၊ Odysseey Publications မှ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr.Magnus Bartlett က နေပြည်တော်အား MICE Market ဖြစ်လာစေရေး ဆက်လက်ဆောင်ရွက်နိုင်သည့် အစီအစဉ်များနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဌာနတာဝန်ခံအကြီးအကဲများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များမှ အထွေထွေမန်နေဂျာများ၊ ပြည်တွင်း/ပြည်ပလေကြောင်းလိုင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောင်းသီးနှံနှင့်နွေစပါးစိုက်ပျိုးထားရှိမှု ကွင်းဆင်းစစ်ဆေး

ရေစကြို ဖေဖော်ဝါရီ ၂

ရေစကြိုမြို့နယ်အတွင်း ဧရာဝတီမြစ်နှင့်ချင်းတွင်းမြစ် အကြားရှိ ကျွန်းပိုင်းဒေသများမှ တောင်သူများသည် မြစ်ရေပြန်အကျကာလများတွင် မြေကိုတန်ဖိုးရှိစွာ တစ်ထွာတစ်မိုက်မချန် ကြိုးစား၍ စိုက်ပျိုးထားရှိသော ဆောင်းသီးနှံအမျိုးမျိုးနှင့် နွေစပါးများစိုက်ပျိုးထားရှိမှု မြေပြင်အခြေအနေ သီးနှံပုံစံစိုက်ဧကများကို လည်းကောင်း၊ အချိန်အခါမဟုတ် ရွာသွန်းသောမိုးကြောင့် ပိုးမွှားနှင့် အပင်ရောဂါကျရောက်မှု ရှိမရှိ အခြေအနေမှန်သိရှိနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်မောင်နှင့် စိုက်ပျိုးရေးဝန်ထမ်းများသည် ဆင်ခြေယာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကြည်ရွှင်နှင့်အတူ မြေစွန်းတော်ကွင်း၊ မာလကာခြံကွင်း၊ ဆင်ခြေယာကွင်းများသို့ သွားရောက်ကြည့်ရှုကြပြီး တောင်သူများနှင့် တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ဒေသခံတောင်သူ ဦးတင်စန်းက စိုက်ပျိုးစရိတ် ဈေးငွေများလည်းရရှိကြောင်း၊ ဒေသခံများမှာလည်း မြေရှိသလောက် ကြိုးစားစိုက်ပျိုးကြကြောင်း၊ သီးနှံပျက်စီးမှုမရှိသော်လည်း ဒေသတစ်ခုလုံးမှ တောင်သူများ ကြက်သွန်နီ အရှုံးနှင့်ကြုံရကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဦးစီးအရာရှိ ဦးစိန်မောင်က ယခုကဲ့သို့ မြေပြင်ပကတိအခြေအနေကို ကွင်းဆင်းကြည့်ရှုရခြင်းမှာ တောင်သူများတွေ့ကြုံနေရတဲ့ အခက်အခဲများရှိပါက ဖြေရှင်းပေးရန် လာရောက်ခြင်း ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် မြေပဲ၊ နှမ်း၊ ပဲတီစိမ်း ၊ နေကြာ ၊ စပါးများလိုအပ်ပါက မျိုးကောင်းမျိုးသန့်များဖြန့်ဝေပေးနေကြောင်း နည်းပညာများကိုလည်း ကွင်းထဲအရောက် လက်တွေ့ပြသပေးနေကြောင်းနှင့် တောင်သူများအနေဖြင့် ဒေသရာသီဥတု ရေ၊ မြေနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့်များကို ရွေးချယ်၍ သိပ္ပံနည်းကျစိုက်ပျိုးရေးစနစ်ဖြင့် စိုက်ပျိုးပါက ရရှိလာမည့် အကျိုးအမြတ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြောင်းသိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

ကျောင်းဆောင်ဟောင်းတစ်ထောင်ကျော် ပြုပြင်တည်ဆောက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂

လာမည့် ဘဏ္ဍာနှစ်အတွင်း အခြေခံပညာဦးစီးဌာန အောက်ရှိ ဟောင်းနွမ်းနေသော ကျောင်းဆောင်ဟောင်း ၁၀၀၀ကျော်ကို အသစ်ပြုပြင်တည်ဆောက်သွားမည် ဖြစ်ကြောင်း အမှတ်(၂) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်းမှာ အမှတ်(၁)၊အမှတ်(၂) နှင့်အမှတ်(၃) အခြေခံပညာဦးစီးဌာန လက်အောက်ရှိ ဟောင်းနွမ်းနေသော ကျောင်းဆောင်ပေါင်း ၁၁၁၁ ကို အသစ်အစားထိုး တည်ဆောက်သွားဖို့ စီစဉ်လျက်ရှိပါတယ်။ ကျောင်းသားကျောင်းသူများ အဆင်ပြေစွာ ပညာသင်ကြားနိုင်ဖို့ အဓိကထားပြီး လာမယ့်ဘတ်ဂျက်ထဲမှာ ကျောင်းဆောင်ဟောင်းနေရာတွေမှာ ကျောင်းဆောင်သစ်တွေ ဆောက်လုပ်သွားမှာ ဖြစ်ပါတယ်" ဟု အဆိုပါ တာဝန်ရှိသူက ပြောသည်။

အဆိုပါ ကျောင်းဆောင်ဟောင်းနေရာများတွင် အသစ်တည်ဆောက်ရာ၌ အမှတ်(၁) အခြေခံပညာဦးစီးဌာနလက်အောက်တွင် ၈၉၆ ဆောင်၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန လက်အောက်တွင် ၁၄၀နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာန လက်အောက်တွင် ၁၀၂ ဆောင် ဖြစ်ကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေး အဆင့်မြှင့်တင်မှုများ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ပြုလုပ်ရန် ဘတ်ဂျက်များ တိုးမြှင့်သုံးစွဲလျက်ရှိသည်။ ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်ခြင်း၊ ကျောင်းများ အဆင့်မြှင့်တင်ပေးခြင်း၊ ဆရာဆရာမများ တိုးမြှင့်ခန့်ထားပေးခြင်း၊ အခမဲ့ပညာရေးစနစ် ဆောင်ရွက်ခြင်းတို့ အပါအဝင် ပညာရေးအဆင့်မြှင့်တင်မှုများ တိုးချဲ့ပြုလုပ်လျက်ရှိသည်။ ပြီးခဲ့သည့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း ပြုပြင်ပြီး ခန့်မှန်းစာရင်းအရ ပညာရေးဘတ်ဂျက်ငွေကျပ် ၁၁၅၈ ဒသမ ၄၇၇ ဘီလီယံအထိ သုံးစွဲခဲ့ရာ လာမည့်ပညာသင်နှစ်တွင် ယခုထက်တိုးချဲ့သုံးစွဲသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သတင်း - ကြံတိုင်းအောင်
ဓာတ်ပုံ- သဏ္ဍ

ရပ်ကွက်ပြည်သူများ လျှပ်စစ်မီးပြည့်ဝစွာသုံးစွဲနိုင်ရေး ဆောင်ရွက်

နောင်ချို ဖေဖော်ဝါရီ ၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ နောင်ချိုမြို့ ဈေးရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများ ဓာတ်အားပြည့်မီစွာ အသုံးပြုစေရေးအတွက် နောင်ချိုမြို့ ဈေးရပ်ကွက်၌ သစ်သားတိုင်များ အစားထိုး၍ လျှပ်စစ်မီးကွန်ကရစ်တိုင်များ လဲလှယ်စိုက်ထူခြင်း၊ မီးကြိုးများ တပ်ဆင်ခြင်း၊ ထရန်စဖော်မာတပ်ဆင်ခြင်း စသည့်လုပ်ငန်းကို ဆောင်ရွက်ကြသည်။

မကြာမီ နောင်ချိုမြို့ ဈေးရပ် ကွက်တွင် လျှပ်စစ်မီးပြည့်ဝစွာ အသုံးပြုနိုင်တော့မည်ဖြစ်ပြီး ဒေသခံရပ်ကွက်ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။ **(ဝ၆၁)**

သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှု မူဘောင်မူကြမ်းနှင့်ပတ်သက်၍ အကြံဉာဏ်ရယူဆွေးနွေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍ လူထုဗဟိုပြုစီမံကိန်း (CDD) ကို တိုးချဲ့ဆောင်ရွက်ရန် ရန်ပုံငွေ ထပ်မံချထားရာ၌ အသုံးပြုမည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှု မူဘောင်မူကြမ်းနှင့်ပတ်သက်၍ အကြံဉာဏ်ရယူခြင်းအခမ်းအနား ကျင်းပမည်ဖြစ်ကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှု မူဘောင်မူကြမ်းကို လူထုဗဟိုပြုစီမံကိန်း (CDD)တွင် ကျင့်သုံးရမည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆန်းစစ်ချက်မူဝါဒများကိုဖော်ပြရန် ပြုစုထားခြင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှု မူဘောင်မူကြမ်းတွင် စီမံကိန်း၏ အထွေထွေသက်ရောက်/ထိခိုက်မှု ဆန်းစစ်ချက်များ၊ သတ်မှတ်ချက်များနှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာခံနိုင်ရည်ရရှိအောင် ဆောင်ရွက်ချက်အပေါ် အထွေထွေဆန်းစစ်ချက်များပါဝင်ကြောင်း သိရသည်။

ဆွေးနွေး ကျင်းပသွားမည့်နေရာများကို ရန်ကုန်မြို့ရှိ အင်းလျားလိတ်ဟိုတယ်၌ ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ မန္တလေးမြို့ရှိ မန္တလေးဆွမ်းဟိုတယ်၌ ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီတွင်လည်းကောင်း၊ နေပြည်တော် MICC-2 ၌ ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၂ နာရီတွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး အစည်းအဝေးသို့တက်ရောက်ရန် စိတ်ပါဝင်စားမှုရှိပါက cdd.drdmyanmar@gmail.com သို့မဟုတ် leiyinwin.cdd@gmail.comနှင့် ဖုန်း-၀၆၇-၄၀၉၄၁၃ သို့ ဖေဖော်ဝါရီ ၅ ရက်မတိုင်မီ ဆက်သွယ်အကြောင်းကြားရန် အသိပေး ဖိတ်ခေါ်ထားကြောင်း သိရသည်။ **စိုးဝင်း-SP**

(၇)ကြိမ်မြောက် အလွတ်တန်းစားပွဲတင် တင်းနစ်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် ဟော်ရီဇုန်တို့ပူးတွဲကျင်းပသည့် (၇)ကြိမ်မြောက် ဟောရီဇုန် အိုးပင်းတင်းနစ်ပြိုင်ပွဲကို ရန်ကုန်မြို့သာကေတမြို့နယ် ရှူခင်းသာလမ်းရှိ ဟောရီဇုန် ကျောင်းအားကစားခန်းမ၌ ဇန်နဝါရီ ၃၁ ရက်က ကျင်းပခဲ့သည်။

လက်ရှိ မြန်မာ့လက်ရွေးစင် စားပွဲတင်တင်းနစ်ကစားသမားများလည်း ပါဝင်ဆင်နွှဲသည့်အပြင် လက်ရွေးစင်ကစားသမားဟောင်းများ၊ မျိုးဆက် သစ်စားပွဲတင်တင်းနစ်ကစားသမားမောင်မယ်များက သတ်မှတ်ထားသော အတန်းလိုက် ပါဝင်ဆင်နွှဲကြသည်။

ယခုပြိုင်ပွဲကို ပထမတန်း(အလွတ်တန်း)၊ ဒုတိယတန်း၊ တတိယတန်းများ အပါအဝင် အသက် ၄၅ နှစ်အထက်၊ ၁၈ နှစ်အောက်၊ ၁၅ နှစ်အောက်၊ ၁၂ နှစ်အောက်၊ အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးတစ်ဦးချင်း(အလွတ်တန်း) ပြိုင်ပွဲများ၌ စားပွဲတင် တင်းနစ်အားကစားမောင်မယ် ၁၀၀ ခန့် ပါဝင်ဆင်နွှဲကြသည်။

ပြိုင်ပွဲတွင် မြန်မာနိုင်စားပွဲတင်တင်းနစ်အဖွဲ့ချုပ်မှ ဒိုင်လူကြီးများက ကြီးကြပ်တာဝန်ယူပြီး မျိုးဆက်သစ်အားကစားသမားများ ထွက်ပေါ်လာရေး၊ ပြိုင်ဘက်ကောင်းများနှင့်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲအတွေ့အကြုံရနိုင်ရေးတို့အတွက် ကျင်းပခြင်းဖြစ်သည်။ ဆုများအဖြစ် ပထမ၊ ဒုတိယ၊တတိယဆုများကို ငွေသားနှင့် ဆုတံဆိပ်များ ချီးမြှင့်မည်ဖြစ်သည်။ **ဝေယံဦး**

ရဲလုပ်ငန်းဆိုင်ရာများ ပွင့်လင်းမြင်သာရေး သတင်းစာရှင်းလင်းပွဲကျင်းပ

မြစ်ကြီးနား ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြစ်ကြီးနားမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှကြီးမှူး၍ ဇန်နဝါရီ ၂၈ ရက်က ရဲလုပ်ငန်းဆိုင်ရာများ ပွင့်လင်းမြင်သာရေးသတင်းစာရှင်းလင်းပွဲကို အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းက ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း ပြစ်မှုကြီး ၁၀ မျိုးဖြစ်ပွားမှုအခြေအနေနှင့် ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိမှုအခြေအနေများ၊ မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများအဖြစ် ပြေးလေးပြေးစီမံချက်အပေါ် လုပ်ဆောင်နိုင်မှုများ၊ မူးယစ်၊ ယာဉ်မတော်တဆမှုစသည့်အခြေအနေများကို တက်ရောက်လာသောသတင်းမီဒီယာများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တက်ရောက်လာသော သတင်းမီဒီယာများကလည်း ရဲလုပ်ငန်းဆိုင်ရာများကိုမေးမြန်းရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းနှင့်တာဝန်ရှိသူများက ပြန်လည်ဖြေကြားကာ သတင်းစာရှင်းလင်းပွဲတွင် နယ်မြေခံသတင်းမီဒီယာ ဆရာ ၁၀ ဦး တက်ရောက်ကြကြောင်းသိရသည်။ **မိုးယံကျ(မြစ်ကြီးနား)**

ဆောင်းပါး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုဖော်ဆောင်နေသည့် ရှမ်းပြည်နယ်နေ့

စိုင်းသာလှိုင်(လိမ္မော်မြေ)

ဖေဖော်ဝါရီလ ၇ရက်နေ့သည် ရှမ်းပြည်နယ်နေ့ ဖြစ်သည်။

ယခုကဲ့သို့ ရှမ်းပြည်နယ်နေ့သို့ရောက်လေတိုင်း ရှမ်းတိုင်းရင်းသားတို့သည် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလက ကျင်းပခဲ့သော ပင်လုံညီလာခံကို အမှတ်ရကြပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ယင်းပင်လုံညီလာခံကြီးသည် ရှမ်းပြည်နယ်နေ့ကို မွေးဖွားပေးလိုက်သည့်အပြင် တိုင်းရင်းသား သွေးစည်းညီညွတ်မှု၏ ရလဒ်ဖြစ်သော ပင်လုံစာချုပ်ကြီးကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။

အတိတ်သမိုင်းကို ပြန်ကြည့်လျှင် နယ်ချဲ့တို့သည် မြန်မာနိုင်ငံတစ်ဝန်းလုံးကို သိမ်းပိုက်ပြီးသည့်နောက် တောင်တန်း ပြည်မခွဲခြားကာ သွေးခွဲအုပ်ချုပ်ခဲ့ပြီးနောက် ရှမ်းပြည်နယ်တွင် ခေတ်အဆက်ဆက် ရှမ်းပြည်နယ်သားတို့ကို သွေးစုပ်ခဲ့သော ပဒေသရာဇ်တို့အား ၎င်းတို့၏ ခါးပိုက်ဆောင်များအဖြစ် မွေးထုတ်ကာ ယင်းအတိုင်းပင် ခြယ်လှယ်သွေးစုပ်ခွင့်ပေးခဲ့သည်။ နယ်ချဲ့တို့သည် ယင်းတို့ အလိုကျပင် ပဒေသရာဇ်ကောင်စီကိုဖွဲ့စည်းပေးကာ ယင်းတို့၏ကိုယ်စား တိုင်းရင်းသားအချင်းချင်း ခြယ်လှယ် သွေးစုပ်ခွင့်၊ စီမံခန့်ခွဲအုပ်ချုပ်ခွင့်တို့ကိုပေးခဲ့သည်။

ရှမ်းပြည်နယ်သားတို့သည် နယ်ချဲ့နှင့်နယ်ချဲ့အလိုတော်ရိတို့၏ ခြယ်လှယ်မှုအောက်တွင် ကာလရှည်ကြာစွာ ခါးမလှ၊ ဝမ်းမဝတဝဖြင့် ရပ်တည်ခဲ့ရပြီး နယ်ချဲ့နှင့် အပေါင်းပါတို့မှာမူ ရှမ်းပြည်နယ်သားတို့၏အဆီကိုစား၍ အသားကို မြိုခဲ့ကြသည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း၏ဦးဆောင်မှုအောက်တွင် ရှမ်းပြည်နယ်သားတို့က မြေပြန့်နှင့်အတူ ပူးပေါင်းကာ လွတ်လပ်ရေးကို ရယူမည်ဆိုသော ကြွေးကြော်ချက်ကို နယ်ချဲ့အလိုတော်ရိတို့က မည်သို့မျှ လက်မခံလိုကြပေ။

ထို့ကြောင့်ပင် ဗိုလ်ချုပ်အောင်ဆန်းတို့ လွတ်လပ်ရေးအတွက် ဘိလပ်သို့ သွားရောက်တောင်းဆိုတိုက်ပွဲဝင်ချိန်တွင် နယ်ချဲ့အလိုတော်ရိများက ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်နယ်သားအားလုံး၏ ကိုယ်စားလှယ်မဟုတ်ကြောင်းကို ကြေးနန်းရိုက်ကာ ကန့်ကွက်ကြသည်။

သို့သော် မျိုးချစ်လူထုကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်နယ်လူထု၏ ကိုယ်စားလှယ်ဖြစ်ကြောင်း ထပ်မံကြေးနန်းရိုက်မှ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆက်လက်ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ပင်လုံသို့မဟုတ် အခြားသင့်လျော်သည့်နေရာဒေသတစ်ခုခုတွင် ကွန်ဖရင့်တစ်ရပ်ကျင်းပကာ တိုင်းရင်းသား အားလုံး၏ဆန္ဒကို စုံစမ်းဦးမည်ဟု နယ်ချဲ့တို့က ဆိုခဲ့သည်။ သို့အတွက် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ၌ ပင်လုံတွင် တိုင်းရင်းသားလူမျိုးများဆုံတွေ့ကာ လွတ်လပ်ရေးကို ပူးပေါင်းရယူရေးအတွက် တညီတညွတ်တည်း တောင်းဆိုရန်ရောက်ရှိခဲ့ကြသည်။

နယ်ချဲ့နှင့် အပေါင်းပါတို့သည် အစည်းအဝေးကြီးတွင် ပြည်မနှင့်အတူ ရှမ်းပြည်နယ်အပါအဝင် တောင်တန်းဒေသများကိုပါ လွတ်လပ်ရေးပေးရမည့်အရေး အောင်မြင်သွားမည်ကို များစွာစိုးရွံ့လျက်ရှိရာ ယင်းရည်ရွယ်ချက်ပျက်ပြားစေရန် အစွမ်းကုန် ခြေထိုးနှောင့်ယှက်ခဲ့ကြသည့်အပြင် အထူးသဖြင့် ရှမ်းတိုင်းရင်းသားများကြားတွင် ခပ်သွက်သွက် ခြေထိုး နှောင့်ယှက်ခဲ့ကြသည်။ သို့သော် သွေးစည်းညီညွတ်ပြီးဖြစ်သော ရှမ်းပြည်နယ်လူထုကြီးနှင့် အခြားသော တိုင်းရင်းသားလူမျိုးများကို သွေးခွဲ၍မရခဲ့ပေ။

နှစ်ရှည်လများ နယ်ချဲ့တို့ အလိုကျ ဆောင်ရွက်ခဲ့ကြသော ရှမ်းစော်ဘွားတို့သည် လူထုမပါလျှင် မည်သည့်ကိစ္စမျှ အောင်မြင်လိမ့်မည်မဟုတ်သည်ကို နားလည်သဘောပေါက်ကာ ၁၈၉၂ ခုနှစ်၌ နယ်ချဲ့တို့က ၎င်းတို့အလိုကျ ဖွဲ့စည်းထားသော ရှမ်းပြည်နယ်အတွက်မည်သို့မျှ အကျိုးမပြုခဲ့သော ပဒေသရာဇ်ကောင်စီကို ၁၉၄၇ခုနှစ်ဖေဖော်ဝါရီလ ၇ရက်နေ့တွင် ဖျက်သိမ်းပြီး ရှမ်းပြည်နယ်ကောင်စီကို ဖွဲ့စည်းလိုက်သည်။

ထို့ကြောင့် ဤနေ့သည် ရှမ်းပြည်နယ်စော်ဘွားကြီးများနှင့် လူထုကိုယ်စားလှယ် ခေါင်းဆောင်ကြီးများ ညီညွတ်သောနေ့၊ တိုင်းတစ်ပါးတို့၏ အစီအမံ ဩဇာအာဏာကို တွန်းလှန်နိုင်သောနေ့၊ ဒီမိုကရေစီအခွင့်အရေးကို လူထုလက်သို့ စတင်အပ်နှင်းပေးသော နေ့ထူးနေ့မြတ်ဖြစ်သည့်အတွက် ရှမ်းပြည်နယ်နေ့ဟု ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ပင်လုံညီလာခံအစည်းအဝေးက ဆုံးဖြတ်ခဲ့ကြသည်။

ယင်းအစည်းအဝေးမှာပင် ရှမ်းအမျိုးသားသီချင်းနှင့် ရှမ်းအမျိုးသားအလံကို သတ်မှတ်ခဲ့ကြသည်။ ပင်လုံညီလာခံတွင် သမိုင်းတွင်မည့် ပင်လုံစာချုပ် လက်မှတ်ထိုးပြီးလျှင်ပြီးချင်း ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော ခေါင်းဆောင်ကြီးများနှင့် ဗြိတိသျှအစိုးရကိုယ်စားလှယ်တို့သည် ရှမ်းအမျိုးသားအလံကို ရှေးဦးစွာ လွှင့်ထူ အလေးပြုခဲ့ကြသည်။ ထိုသို့ သမိုင်းဝင် မော်ကွန်းတွင်ခဲ့သော ရှမ်းပြည်နယ်နေ့သည် ယခုအခါ (၆၈)နှစ်မြောက် ရှိခဲ့ပြီဖြစ်သည်။

ပင်လုံမြေတွင် ညီညွတ်ခဲ့သည့် အစဉ်အလာအတိုင်း ဆက်လက်ကြိုးပမ်းခဲ့ကြသဖြင့် မြန်မာနိုင်ငံသည် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လာခဲ့သည်မှာ ယနေ့အထိပင်ဖြစ်သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု၏ ကြီးမြတ်သော အောင်ပွဲများကို ရယူနိုင်သည်ဆိုသည်ကို ယင်းသမိုင်းမှတ်တိုင်များက ပြဆိုလျက်ရှိပေသည်။ ထို့ကြောင့် ရှမ်းပြည်နယ်နေ့တွင် ရှမ်းတိုင်းရင်းသားများသည် ရှေးအစဉ်အလာက ညီညွတ်ခဲ့သည့် စည်းလုံးညီညွတ်မှု အစဉ်အလာကြီးကို မပျက်မယွင်းအောင် ထိန်းသိမ်းပြီး နိုင်ငံ၏ တာဝန်များကို ဆက်လက်ထမ်းဆောင်သွားကြမည် ဟူသော သန္နိဋ္ဌာန်ချမှတ် အကောင်အထည်ဖော်သွားရန် လိုအပ်ပေသည်။

နယ်မြေကျယ်ပြန့်ပြီး စီးပွားရေးကဏ္ဍစုံသော ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားတို့သည် ၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက်ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များဖြစ်သည့်-

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲ ဦးထိပ်ထား ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေး။
- ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းမှုရရှိအောင် တိုင်းရင်းသားအားလုံး ပါဝင်ကြိုးပမ်းဆောင်ရွက်ရေး။
- ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည် စည်းလုံးညီညွတ်မှုကို ထာဝစဉ်တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေး။
- ပြည်ထောင်စုအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။
- ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးကို တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်း တည်ဆောက်ရေးစသည့် ဦးတည်ချက်များကို ရှမ်းပြည်နယ်နေ့တွင် ရှမ်းတိုင်းရင်းသားတစ်ရပ်လုံးက ခိုင်မာစွာ သန္နိဋ္ဌာန်ချထားပြီး စည်းလုံးညီညွတ်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကြခြင်းဖြင့် အမိနိုင်ငံအပေါ် တာဝန်ကျေပွန်နိုင်ကြပါစေဟု တိုက်တွန်း ဆန္ဒပြုအပ်ပါသည်။

ဓာတ်ပုံ-စိုင်း(သီပေါ)

ကျေးလက်သောက်သုံးရေကန်များ သန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်တစ်ဖက်ကမ်းရှိ ဒေသခံပြည်သူများ အဓိကထားအသုံးပြုနေရသော သောက်သုံးရေကန်များ သာယာလှပရေး၊ ရောဂါဘယပိုးမွှားကင်းစင်ပြီး သန့်ရှင်းသော ရေများသောက်သုံးနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းရေးဌာနသည် ပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်ပေးလျက် ရှိသည်။

ဇန်နဝါရီ ၂၀ ရက်က ငါးစင်ရပ်ကွက်ရှိ စည်ပင်ဖွံ့ဖြိုးရေးကန်ကိုလည်းကောင်း၊ အေးရွာအရှေ့ပိုင်းရှိ ဖွံ့ဖြိုးရေးကန်တို့မှာ ပတ်လည်ခြံစည်းရိုးများ ခတ်ပြီးခြင်းနှင့် လုံခြုံရေးတံခါးများတပ်ဆင်ထားခြင်းကို တွေ့ရသည်။

ထို့အပြင် အလတ်ချောင်းရပ်ကွက်ရှိ ပေ ၁၆၃၀ ကျယ်ဝန်းသော အောင်မင်္ဂလာ နှစ်ကန်တွဲကို ခြံစည်းရိုးပတ်လည်အုတ်ရိုးများစီခြင်းကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။ **ဘော်ဂါသွေး**

မဘိမ်းမြို့နယ်တွင် အရန်သားဖွားဆရာမသင်တန်းဆင်း

မဘိမ်း ဖေဖော်ဝါရီ ၂

ကျေးလက်နေပြည်သူများ ကျန်းမာရေးအသိပညာရရှိစေရန် ကိုယ်ဝန်ဆောင်နှင့် သားဖွားမိခင်များ၏ ကျန်းမာရေးကိုထိရောက်စွာ ကူညီစောင့်ရှောက်နိုင်စေရန် ရည်ရွယ်ချက်တို့ဖြင့် ကျန်းမာရေးဝန်ကြီးဌာန မဘိမ်းမြို့နယ်ကျန်းမာရေးဦးစီးဌာန ကြီးမှူးဖွင့်လှစ်ခဲ့သည့် အရန်သားဖွားဆရာမသင်တန်း အမှတ်စဉ်(၁/၂၀၁၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက သင်တန်းသူ ၁၉ ဦးကို သင်တန်းဆင်းလက်မှတ်နှင့် Kit Box များကို ပေးအပ်ကြပြီး ပထမဆုရ သင်တန်းသူ မဝေဝေဖြိုး၊ ဒုတိယဆုရ မအေးပပစန်းနှင့် တတိယဆုရ မသဲမာဝင်းတို့အား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **ထိန်လင်းဦး(ပြန်/ဆက်)**

အရှိန်မထိန်းနိုင်သည့် ဆိုင်ကယ် လမ်းဖြတ်ကူးသူအား ဝင်တိုက်

တာချီလိတ် ဖေဖော်ဝါရီ ၂

ဇန်နဝါရီ ၂၇ ရက်ညသန်းခေါင်၌ တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် ပါလျံ (၃) ဗိုလ်ချုပ်လမ်းမပေါ်တွင် စိုင်းကျော်ထွန်း တစ်ဦးတည်း မောင်းနှင်လာသော ၂၁ယ/. . . . Lamzer ခဲရောင်ဆိုင်ကယ်သည် အာခါဈေးလမ်းဆုံဘက်မှ အမှတ်(၂)ချစ်ကြည်ရေးတံတားလမ်းဆုံဘက်သို့ မောင်းနှင်လာစဉ် ကမ္ဘာကျော် ကာရာအိုကေဆိုင်ဘက်မှ ပါလျံဆီပန့်လမ်းဆုံဘက်သို့ ခြေကျင်လမ်းဖြတ်ကူးသူ ကျော်ဝဏ္ဏ(၃၅ နှစ်) ပါလျံ(၃) ရန်အောင်မြေရပ်ကွက် တာချီလိတ်မြို့နေသူကို အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိတိမ်းမှောက်ခဲ့သဖြင့် စိုင်းကျော်ထွန်းနှင့် ကျော်ဝဏ္ဏတွင် ဒဏ်ရာများရရှိခဲ့သဖြင့် တာချီလိတ်ပြည်သူ့ဆေးရုံသို့ ဆေးစာနှင့်အတူပေးပို့ထားကြောင်း သိရသည်။

ခြေကျင်လမ်းလျှောက်သူကို ဦးစားမပေးဘဲ ဆိုင်ကယ်ကိုအရှိန်ပြင်းစွာ မောင်းနှင်ခဲ့ပြီး လူကိုဒဏ်ရာများရရှိအောင် တိုက်မိခဲ့သူ စိုင်းကျော်ထွန်း ဆန်ဆိုင်း(ခ)ရပ်ကွက် တာချီလိတ်မြို့နေသူအား တာချီလိတ်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

ပြည်တွင်းသတင်း

မြန်မာနိုင်ငံကလေးများနေ့ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံကလေးများနေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီနာယက ဒေါက်တာမြတ်မြတ်အုန်းခင်သည် ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီက ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံကလေးများနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများနှင့် တွေ့ဆုံဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် ဖေဖော်ဝါရီလ ၁၃ ရက်သည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နှစ် ၁၀၀ပြည့် မွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့ဖြစ်သောကြောင့် မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့များ၌ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပပြုလုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံကလေးများနေ့ ကျင်းပရေးစီမံချက်အား တိုင်းဒေသကြီး / ပြည်နယ်များသို့ ဖြန့်ဝေထားပြီးဖြစ်ပါကြောင်း၊ ယနေ့လူငယ် လူရွယ်များ၏ စိတ်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံအပေါ် ချစ်မြတ်နိုးစိတ်၊ အနစ်နာခံစိတ်၊ အမျှော်အမြင်ကြီးမှုနှင့် အမျိုးသားရေးစိတ်ဓာတ်တို့ကိန်းအောင်းစေရေးအတွက် ဗိုလ်ချုပ်မွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့တို့ ပေါင်းစပ်ကျင်းပမည့် အခမ်းအနားတွင် ဗိုလ်ချုပ်၏ မွေးဖွားကြီးပြင်းလာမှု၊ မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်းသည့် စကားရည်လုပွဲ၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲ၊ စာစီစာကုံး၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲများနှင့် အခြားပျော်ပွဲရွှင်ပွဲများကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ခရိုင်၊ မြို့နယ်များတွင် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ ကျင်းပသကဲ့သို့ ကမ္ဘာ့အရပ်ရပ်တွင် နိုင်ငံတိုင်းက အမှတ်တရဖြစ်သည့် နေ့ထူးနေ့မြတ်ရက်ကို ကလေးများနေ့အဖြစ် သတ်မှတ်ပြီး နှစ်စဉ် ကျင်းပလျက်ရှိပါကြောင်း၊ အထိမ်းအမှတ်ပြိုင်ပွဲများအား ဖေဖော်ဝါရီ လ ၁ ရက်နေ့မှ စတင်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲများတွင် ဆုရရှိသူများကို ဖေဖော်ဝါရီ ၁၃ ရက်တွင် ထိုက်တန်စွာဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များဖြစ်သော ဦးစိုးကြည်နှင့် ဦးစိုးအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများက ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

လိုင်းကားပေါ်တွင် ခရီးသည်များထိခိုက်မှုရှိပါက အမှုဖွင့်တိုင်ကြားနိုင်

"မီးပွိုင့်ဖြစ်မယ်၊ လိုအပ်ရင် ဘရိတ်သုံးမယ် တန်းတွေ၊ ကွင်းတွေ ကိုင်ထားနော်၊ ကိုင်မထားရင် ယိုင်သွားမယ်" ဆိုသည့် ယာဉ်နောက်လိုက်တို့၏ အသံများကို ရန်ကုန်မြို့ လိုင်းကားစီးသူတိုင်း ကြားဖူးကြမည်ဖြစ်ပါသည်။

ယနေ့ယာဉ်သွားလမ်းမကြီးများပေါ်တွင် လိုင်းကားအစီးရေ ၄၀၀၀ ခန့် နေ့စဉ် ဖြတ်သန်းမောင်းနှင်နေကြသည်။ ယာဉ်မောင်း ယာဉ်နောက်လိုက်အားလုံး သောကများစွာဖြင့် မောင်းနှင်နေကြခြင်း ဖြစ်သည်။ ညနေကားသိမ်းချိန်၌ အုံနာကြေး၊ ယာဉ်မောင်းကြေး၊ ယာဉ်နောက်လိုက်ကြေးများများ ရရှိဖို့ဖြစ်သည်။

ခရီးသည်ရရှိရေးအတွက် တစ်စီးနှင့်တစ်စီး အပြိုင်မောင်းနှင်နေကြသည်။ ကျော်တက်ကြသည်။ မှတ်တိုင်တစ်ခုတွင် မလိုအပ်ပဲအချိန်ကြာမြင့်စွာရပ်ထားကြသည်။ နောက်ကားမြင်မှ တစ်ရှိန်ထိုး အပြင်းမောင်းနှင်ထွက်ကြသည်။ မီးပွိုင့်ကိုလွတ်အောင် မောင်းကြသည်။ မီးပွိုင့်မိလျှင် ရုတ်တရက် ဘရိတ်အုပ်လိုက်သည်။ တစ်စီးနှင့်တစ်စီး အပြိုင်ကျော်ကြရာမှ လွတ်ကင်းမှုမရှိလျှင် အရှိန်မလျှော့၊ အနားရောက်မှ ဘရိတ်ကို ဖိနင်းကြသည်။ ယာဉ်ပေါ်ပါခရီးသည်များ အလဲလဲအပြိုပြို ဖြစ်ကြရသည်။ အခန့်မသင့်လျှင် ခရီးသည်များ ဒဏ်ရာရရှိမှု ရှိခဲ့သည်။ သို့သော် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ သူတို့မှာ တာဝန်မရှိသကဲ့သို့ ဘာမှမဖြစ်သလိုပင် အေးအေးဆေးဆေး ရှိနေကြသည်။

သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-ဘော်ဂါသွေး

ယနေ့ယာဉ်နှင့် ပတ်သက်၍ ပြည်သူအများစုမှာ ယာဉ်က လူကိုတိုက်မိမှသာ တိုင်ကြားအမှုဖွင့်ကြရသည်ဟု ယူဆထားကြသည်။ ၁၉၆၇ ခုနှစ် မော်တော်ယာဉ်ဥပဒေအရ ယာဉ်ပေါ်တွင် လိုင်းကားပေါ်တွင် လိုက်ပါစီးနင်းလျက် ထိခိုက်မှုတစ်စုံတစ်ရာဖြစ်ပေါ်ပါက အမှုဖွင့်တိုင်ကြားနိုင်သည်ကို မသိကြသူများရှိသကဲ့သို့ မေ့နေကြသူများ ရှိနေသည်။ မတော်တဆပဲဟု မောင်းနှင်ပြီး လိုက်ကြသည်။ အမှုအခင်းကိစ္စမဆောင်ရွက်ချင်ကြ၍လည်း ဖြစ်သည်။

ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူး မြင့်အောင်က "မောင်းနေရင်းမှ ရုတ်တရက် ဘရိတ်အုပ်လိုက်လို့ ခရီးသည်တစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားမယ်ဆိုရင် အဲဒီခရီးသည်က ယာဉ်ထိန်းရဲထံမှာ အမှုဖွင့်တိုင်ကြားလို့ရပါတယ်၊ ဒဏ်ရာပြင်းထန်ရင် ပုဒ်မ ၃၃၈နဲ့အမှုဖွင့်လို့ရသလိုဒဏ်ရာမပြင်းထန်ရင် ပုဒ်မ၃၃၇နဲ့ အမှုဖွင့်ခွင့်ရှိပါတယ်"ဟု ဆိုထားခဲ့ဖူးသည်။

လိုင်းကားများပေါ်တွင် မည်သည့် အကြောင်းကြောင့်ပင် ဖြစ်စေ ရုတ်တရက် ဘရိတ်အုပ်မိ၍ ခရီးသည်များဒဏ်ရာရရှိပါက ယာဉ်မောင်းအား အရေးယူနိုင်ပြီး ယာဉ်ပေါ်မှ ပြုတ်ကျသေဆုံးမှု ဖြစ်ပါက ယာဉ်မောင်းအပြင် ယာဉ်နောက်လိုက်ပါ နှစ်ဦးစလုံးကို အရေးယူနိုင်ကြောင်း ယင်းအရာရှိက ပြောကြားသည်။ ထို့ကြောင့် လိုင်းကားများမောင်းနေစဉ် အတက်အဆင်းပေါက် ဖွင့်ထားပါက အရေးယူမှုများ ပြုရခြင်းဖြစ်သည်။

ယနေ့ ယာဉ်မောင်းသူများ အနေဖြင့် မီးပွိုင့်အနီးသို့ရောက်လျှင် အရှိန်လျှော့ရမည်ဖြစ်သည်။ မီးနီလျှင် ရပ်မျဉ်းနောက်တွင် ရပ်ရမည်ဖြစ်သည်။ ယာဉ်စည်းကမ်းကို သိကြသော်လည်း လစ်လျှင်လစ်သလို ဖောက်ဖျက်ကြသည်။ တစ်နည်းအားဖြင့် ယာဉ်ထိန်းရဲရှိမှသာ ယာဉ်စည်းကမ်းကို လိုက်နာကြသည်။ ထို့ကြောင့် ဖမ်းဆီးအရေးယူမှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာရခြင်းဖြစ်သည်။

မြေသယ်ယာဉ်က ဆိုင်ကယ်ကိုတိုက်မိသဖြင့် ဆိုင်ကယ်မောင်းနှင်သူသေဆုံး

ရန်ကုန် ဖေဖော်ဝါရီ ၂

သာကေတမြို့နယ်တွင် ဇန်နဝါရီ ၂၈ ရက် ည ၁၀ နာရီက ရှုခင်းသာမြို့ပတ်လမ်းအတိုင်း ဒေါပုံမြို့နယ်ဘက်မှ သာကေတမြို့နယ်ဘက်သို့ ယာဉ်မောင်း မျိုးအောင် (စုံစမ်းဆဲ) မောင်းနှင်လာသော 4B/-----ဖူဆိုအငှားယာဉ်သည် မြို့မ (၁၄) လမ်းထိပ်အရောက် တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ သာကေတမြို့နယ်နေ ကိုရန်ပိုင်ဖြိုး(၂၉ နှစ်) မောင်းနှင်လာသော ၃ယ/----- Honda Wave -110 ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိပြီး ယာဉ်မောင်းမှာ အခင်းဖြစ်နေရာတွင် ယာဉ်ကိုထားကာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။

တင်လှမောင်

စတုတ္ထအကြိမ်မြောက် ဓမ္မပူဇာသဘင်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မြတ်ပါရမီလူမှုကူညီရေးအသင်းက ဦးဆောင်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ထမ်းမိသားစုများ၊ ဈေးသူ/ဈေးသားများနှင့် ခုနစ်ရက်သားသမီးများ၏ စတုတ္ထအကြိမ်မြောက် ဓမ္မပူဇာသဘင်အား သဗ္ဗမင်္ဂလာသိဒ္ဓိ ဆုတောင်းပြည့်စေတီမျက်နှာစာရှေ့၌ ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ ညစဉ် ၇ နာရီမှစ၍ တရားအလှူပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတရားပွဲများကို ၄၄ ဘွဲ့ရဆရာတော် အရှင်အဘိဇာတာဘိဝံသ၊ ရွှေလင်းယုန်ဆရာတော် ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ၊ အရှင်ပုညဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ၊ စစ်ကိုင်း ခင်မကန်ဆရာတော် အရှင်ခေမိန္ဒနှင့် ရွှေသန်လျင်ဆရာတော် အရှင်မေဃိယတို့က ညစဉ် ၇ နာရီမှစ၍ တရားရေအေးတိုက်ကျွေးဟောကြားတော်မူမည်ဖြစ်သဖြင့် တရားတော်နာကြွရောက်ရန် ဖိတ်ကြားထားကြောင်း မြတ်ပါရီလူမှုကူညီအသင်းမှ သိရသည်။

သန်းဦး(လေးမျက်နှာ)

ဆောင်းသီးနှံများဖြစ်ထွန်းအောင်မြင်သော်လည်း ရိတ်သိမ်းချိန် လုပ်သားရှားပါးမှုကြောင့် တောင်သူများအခက်ကြုံ

စစ်ကိုင်း ဖေဖော်ဝါရီ ၂

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံမျိုးစုံစိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်းသော်လည်း ရိတ်သိမ်းချိန်ရောက်သည့်အချိန်၌ လုပ်သားရှားပါးမှုများနှင့် ကြုံတွေ့နေရသောကြောင့် ကျေးရွာတောင်သူများအနေဖြင့် ရိတ်သိမ်းချိန် လွန်ရောက်သွားမည်ကို စိုးရိမ်နေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ကျွန်မတို့ ကျေးရွာမှာ ဆောင်းသီးနှံမျိုးစုံစိုက်ပျိုးကြပါတယ်။ ဒီနှစ် အောင်မြင်ဖြစ်ထွန်းမှုလည်းရှိပါတယ်။ အခုဆိုရင် ကျွန်မတို့မှ ပဲပိစပ်တွေ ရိတ်သိမ်းမှာမို့ လုပ်သားသွားခေါ်တာ မရခဲ့ဘူး၊ အရင်တုန်းကဆိုရင် တခြားရွာကနေ ဒီရွာမှာလာပြီး ညအိပ်နေထိုင်ကာ မိသားစုအလိုက် လုပ်ကိုင်ကြပါတယ်။ အခုတော့ အဲဒီလိုမရှိတော့ဘူး။ ရွာထဲကအလုပ်သမားတွေကလည်း လုပ်ငန်းပြောင်းလုပ်ကိုင်နေတော့ လုပ်သားရှာရတာ အခက်အခဲဖြစ်တယ် သူတို့လုပ်ပေးနိုင်တဲ့ရက်ကျမှ ရိတ်သိမ်းနေရတယ်။ တစ်ခါတစ်ရံ သီးနှံတွေ အမှည့်လွန်သွားမှာစိုးလို့ ကိုယ်ကိုယ်တိုင်တောထဲထွက်ပြီး ကွက်ကြားရိတ်သိမ်းရတာတွေလည်းရှိတယ်။ နောင်ဆိုရင် လုပ်သားပျောက်သွားမလားတောင် စိုးရိမ်မိပါတယ်" ဟု မောင်ထောင်ကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ကျေးရွာမှာက လယ်ဧကများပါတယ်။ ဆောင်းသီးနှံလည်း စိုက်ပျိုးပါတယ်။ အခုဆိုရင် အလုပ်သမားခုနစ်ဦးလောက် အသုံးပြုချင်ပေမယ့် ရသလောက်အလုပ်သမားနဲ့ အိမ်မှာရှိတဲ့မိသားစုတွေပေါင်းပြီး ပဲစိမ်းခွံတွေခုတ်သိမ်းပြီး စက်ကိရိယာအသုံးပြု သီးနှံခြွေလှေ့နေရတယ်။ အရင်ကတော့ လူကိုယ်တိုင်ကိုင်တွယ်ပြီး သီးနှံကုန်အောင် ထုရိုက်ရတာဆိုတော့ အချိန်လည်းကုန်တယ်။ လူလည်းပင်ပန်းတယ်ပေါ့ဗျာ၊ စက်ကိရိယာအသုံးပြုတော့ အချိန်ကုန်သက်သာတယ်။ ဒါပေမယ့် စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်တွေမှာ အလုပ်သမားအသုံးပြုနေရဦးမှာပဲ။ သူတို့တွေကလည်း သီးနှံသိမ်းချိန်တွေက တစ်ပြိုင်တည်းလိုဖြစ်တော့ နှစ်ဦးနှစ်ဖက် အခက်အခဲတော့ဖြစ်ကြပါတယ်" ဟု သားပျောက်ကုန်းကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

(ခရိုင် ပြန်/ဆက်)

မဟာဓာတ်အားလိုင်းတည်ဆောက်ခြင်းအတွက် သီးနှံပျက်စီးဆုံးရှုံးမှု လျော်ကြေးများပေးအပ်

ရေကြည် ဖေဖော်ဝါရီ ၂

လျှပ်စစ်ဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ ဧရာဝတီတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားများ လုံလောက်စွာတိုးချဲ့သုံးစွဲနိုင်ရေးအတွက် အသုတ်-ပုသိမ် နှစ်ထပ်မဟာဓာတ်အားလိုင်းသွယ်တန်းရာ လိုင်းတစ်လျှောက်နှင့် လယ်ယာမြေစိုက်ခင်းများပေါ်မှ ဖြတ်သန်းတည်ဆောက်ရာတွင် သီးနှံပျက်စီးဆုံးရှုံးမှုများအပေါ် လျှစ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းမှ ရေကြည်မြို့နယ် ကိုင်းချောင်းကျေးရွာအုပ်စုအတွင်း တာဝါတိုင် ၁၁ တိုင် တည်ဆောက်လျက်ရှိပြီး တာဝါတိုင်ဆောက်လုပ်ရာတွင် လယ်ယာမြေ ရာသီသီးနှံပျက်စီးသူ ၁၁ ဦးကို ဆုံးရှုံးမှုအလိုက် လျော်ကြေးငွေများအား ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီခွဲက အမှတ် (၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အသုတ် ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံခန်းမတွင် ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (တောင်ပိုင်း) မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အင်ဂျင်နီယာမှူး ဦးသီဟန်ထွန်းက လျော်ကြေးငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းပေးအပ်ပွဲကို ရေကြည်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်နှင့် ရေကြည်မြို့နယ် ဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကိုင်းချောင်း၊ ဆပ်ကွင်း အုပ်ချုပ်ရေးမှူးများ၊ တောင်သူလယ်ယာမြေ ပျက်စီးဆုံးရှုံးသူ ၁၁ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မင်းဇော်ဦး(ရေကြည်)

ပြည်တွင်းသတင်း

ဂန့်ဂေါတွင် မိုးပွင့်အထူးစီမံချက်လုပ်ငန်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

ဂန့်ဂေါ ဖေဖော်ဝါရီ ၂

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် မိုးပွင့်အထူးစီမံချက် ရှင်းလင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီက ဂန့်ဂေါမြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဂန့်ဂေါခရိုင်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းက မိုးပွင့်အထူးစီမံချက်နှင့် ပတ်သက်သည့် လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားသည်။

ယင်းဆွေးနွေးပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဂန့်ဂေါခရိုင်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားရာတွင် မိမိတို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် အိမ်ထောင်စုစာရင်းထုတ်ပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းများကို ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်မှ စတင်၍ မိုးပွင့်စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခဲ့ရာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ မိုးပွင့်အဆင့် (၁)မှ (၇) အထိ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ယင်းကာလအတွင်း ဂန့်ဂေါမြို့နယ်အနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၃၃၃၁ နှင့် အိမ်ထောင်စု လူဦးရေစာရင်း ၃၀၀၀ ကို ပြုလုပ် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ယခုအခါ နိုင်ငံသားစိစစ်ရေးကတ်ပြားသည် နိုင်ငံသားအခွင့်အရေးကို အပြည့်အဝခံစားရရှိသည်ကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိရေးအတွက် ပညာပေး ဟောပြောချက်များ ပြုလုပ်ရင်း နိုင်ငံသား စိစစ်ရေးကတ်ပြားများ ထုတ်ပေးရန် လိုအပ်ကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်များအရ ယခု မိုးပွင့်အထူးစီမံချက်ကို မဲပေးပိုင်ခွင့်ရှိသည့် အသက် (၁၈)နှစ် ပြည့်ပြီး၍ ဥပဒေနှင့် အကျုံးဝင်သူအားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်နိုင်ရေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားကို ဥပဒေနှင့်အညီ လျှောက်ထားရယူရန် ပြည်သူတွင်တာဝန်ရှိကြောင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိရေးဟူသော ရည်ရွယ်ချက်များဖြင့် ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ကာ ဇွန် ၃၀ ရက်အထိ ကွက်ပြည့်နင်းဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း၊ ယခုမိုးပွင့်အထူးစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီအဆင့်ဆင့်ကို ဌာနဆိုင်ရာနှင့် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဖွဲ့စည်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ရန်ကျန်ရှိသည့် ပြည်သူများအနေဖြင့် သက်ဆိုင်ရာဆယ်အိမ်မှူး၊ ရာအိမ်မှူးများထံတွင် စာရင်းပေးသွင်းရမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားသူစာရင်းရရှိသည်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများက ဆောလျင်စွာ ကွင်းဆင်းရောက်ရှိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားလိုသူသည် မြို့နယ်တွင် ပုံစံ ၆၆/၆ စာရင်းဝင်ရန် လိုအပ်မည်ဖြစ်ပြီး ယခုစီမံချက်သည် ရွေးကောက်ပွဲအတွက် ရည်ရွယ်သောကြောင့် အသက် ၁၈ နှစ် ပြည့်ပြီးသူများကိုသာလျှင် လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားသူများအတွက် လျှောက်လွှာများကို ကူညီ စာရင်းပေးသွင်းမည့်သူများကိုလည်း ရပ်ရွာအတွင်းမှ ရွေးချယ်ပြီး "လျှောက်လွှာနှင့် နိုင် (၂)" စာရင်းရေးသွင်းနည်းသင်တန်းပို့ချမည်ဖြစ်၍ ၎င်းတို့၏အကူအညီဖြင့် ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ အချိန်ကုန်သက်သာမည်ဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရန်အတွက် နိုင်ငံတော်သို့ ပေးသွင်းကြရမည့် အခကြေးငွေမှာ အသစ်ပြုလုပ်ခြင်းအတွက် ခြောက်ကျပ်၊ ပျောက်ဆုံးခြင်းနှင့် ပျက်စီးခြင်းအတွက် ၁၀ ကျပ်၊ လဲလှယ်ခြင်းအတွက် သုံးကျပ်အသီးသီးသတ်မှတ်ထားကြောင်း၊ ဓာတ်ပုံရိုက်ခ၊ သွေးစစ်ခ၊ မိတ္တူကူးခ၊ ထောက်ခံစာများနှင့် သွားလာမှုအတွက် ကုန်ကျစရိတ်များကိုလျှောက်လွှာရှင်၏ အစီအစဉ်ဖြင့်သာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားရာတွင် လက်ရှိ နေထိုင်သည့် မြို့နယ်များတွင်လည်းကောင်း၊ အခြားနေထိုင်ခဲ့သော မြို့နယ်များတွင်လည်းကောင်း၊ နိုင်ငံသား စိစစ်ရေးကတ်ပြား တစ်ကြိမ်မှပြုလုပ်ဖူးသေးခြင်းမရှိကြောင်းနှင့်မမှန်မကန်လိမ်လည်၍ ပြုလုပ်ပါက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ ဖြင့် အရေးယူခံရမည်ကို သိရှိပါကြောင်း ဝန်ခံကတိပြုချက်ဖြင့် ပူးတွဲလျှောက်ထားကြရမည်ဖြစ်ကြောင်းစသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်တို့က လုပ်ငန်းဆိုင်ရာများကို ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲသို့ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ နယ်မြေခံ သတင်းထောက်များတက်ရောက်ကြကြောင်းနှင့် ယခုမိုးပွင့်အထူးစီမံချက်ဖြင့် ဂန့်ဂေါမြို့နယ်အနေဖြင့် ဇန်နဝါရီလအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ၉၄၅ ခုကို ပြုလုပ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

နှစ်ထပ်စိန်ဖူးတော်မြတ်ကြီး လှည့်လည်အပူဇော်ခံ

ရွှေတောင် ဖေဖော်ဝါရီ ၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်ရှိ ကျက်သရေဆောင် မယားမန်အုပ်စု/ ကျေးရွာအနီးတွင် တည်ထားကိုးကွယ်လျက်ရှိသည့် ရှေးဟောင်းသမိုင်းဝင် ရွှေနတ်တောင်စေတီတော်မြတ်ကြီး၏ နှစ်ထပ်စိန်ဖူးတော်မြတ်ကြီးကို ဇန်နဝါရီ ၃၀ ရက် နံနက် ၈ နာရီက မြို့တွင်းသို့လှည့်လည်အပူဇော်ခံပြီး နံနက် ၁၁ နာရီတွင် စေတီတော်ရင်ပြင်ထက်သို့ ရောက်ရှိကာ ကိန်းဝပ်အပူဇော်ခံယူတော်မူကြောင်း သိရသည်။

စိန်ဖူးတော်မြတ်ကြီးပင့်ဆောင်ရာတွင် မြို့နယ်ဌာနဆိုင်ရာများမှ ရွှေနတ်တောင်စေတီ၏ အကျိုးတော်ဆောင် ဂေါပကအဖွဲ့များ၊ မြို့မိမြို့ဖများ၊ အထောက်အကူပြု အဖွဲ့များ၊ မြို့နယ်နာရေးကူညီမှုအသင်းနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်း ၁၅၀ ခန့် လိုက်ပါပင့်ဆောင်ခဲ့ပြီး လာမည့်ဖေဖော်ဝါရီ ၃ ရက်တွင် နှစ်ထပ်စိန်ဖူးတော်မြတ်ကြီးကို တင်လှူပူဇော်ပွဲကြီး ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

မြတ်မော်တင်စွန်းဘုရားပွဲတော် တစ်လတိုင်တိုင်ကျင်းပမည်

ငပုတော ဖေဖော်ဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင် မြတ်မော်တင်စွန်း ဘုရားပွဲတော်သည် တပေါင်းလဆန်း တစ်ရက်မှ တပေါင်းလပြည့်နေ့အထိ စည်ကားသိုက်မြိုက်စွာ နှစ်စဉ် ကျင်းပမြဲဖြစ်ရာ မြန်မာနိုင်ငံ၏ တောင်ဘက်စွန်း ပင်လယ်ကမ်းခြေတွင် ထင်ရှားသည့် အဆိုပါပွဲတော်ကြီးကို ယခုနှစ်တွင် တပို့တွဲလပြည့်နေ့မှ တပေါင်းလပြည့်နေ့အထိတစ်လတိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဘုရားပွဲတော်ကြီးကျင်းပရေးကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စိစစ်ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ပွဲတော်အတွင်း လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့စေရန် ရေလမ်းခရီးစဉ်တွင် ကမ်းရိုးတန်းသွား ရေယာဉ်များဖြင့် အချိန်ပြည့်ပြေးဆွဲပေးမည်ဖြစ်ပြီး ကုန်းလမ်းသယ်ယူပို့ဆောင်ရေးခရီးစဉ်အတွက် လေအိတ်မှန်လုံကားကြီးများဖြင့် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ပြည်သူများ လွယ်ကူစွာ စေတီတော်ကြီး၏ ရင်ပြင်တော်ပေါ်သို့ ပုသိမ်-မော်တင်ကားလမ်းရှိ မိုင်တိုင်အမှတ်(၉၅/၆)မှ မော်တော်ယာဉ်ဖြင့် တိုက်ရိုက်သွားရောက်နိုင်မည်ဖြစ်ပြီး ပြည်တွင်း ပြည်ပဧည့်သည်များ အဆင်ပြေတည်းခိုနိုင်ရေးအတွက် စေတီတော်၏ အနောက်ဘက်ကမ်းခြေတွင် ချောင်းသာဟိုတယ်ပိုင်ရှင်များအသင်းက အခန်း ၅၀ ပါ ဟိုတယ်တစ်လုံး၊ ဒိုင်းမွန်းပဲလေ့(စ်)ကုမ္ပဏီက အခန်း ၅၀ ပါ ဟိုတယ်တစ်လုံးတို့ကို ဆောက်လုပ်ဖွင့်လှစ်ထားရှိပြီးဖြစ်ရာ ဆံတော်ရှင်စေတီတော်ကြီးကို ဖူးမြော်ကြည်ညိုပြီး မြွေတောင်ရေချိုးဆိပ်၏ ပင်လယ်ကမ်းခြေသဘာဝအလှအပများကို ခံစားရင်း စိတ်ချမ်းမြေ့စွာ အပန်းဖြေနေနိုင်ရေးတို့ကိုပါ စီစဉ်ဆောင်ရွက်ထားရှိကြောင်း ပွဲတော်ကျင်းပရေးကော်မတီမှ သိရသည်။

မျိုးကျော်သူ (iprd)

ကွန်ကရစ်တံတားနှင့် ကျေးရွာချင်းဆက် မြေသားလမ်းသစ်ဖွင့်ပွဲကျင်းပ

တွံတေး ဖေဖေါ်ဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် တွံတေးမြို့နယ်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ လှူဒါန်းမှုဖြင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်းဖော်ထုတ်သည့် ကွန်ကရစ်တံတားနှင့် ကျေးရွာချင်း ဆက်မြေသားလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက်က ကျင်းပခဲ့သည်။

အဆိုပါမြေသားလမ်းသည် ဇောတိ-စံပြမြိုင်-ဆယ်အိမ်စု-ဂိုဒေါင်ကုန်း-ကံကြီးကုန်း-သာယာဌေး-ရန်ကင်း-ခလုပ်ရွာချင်းဆက် မြေသားလမ်းသစ် ၇ ဒသမ ၁ မိုင်နှင့် ဆယ်အိမ်စုကျေးရွာ ကွန်ကရစ်တံတားဖွင့်ပွဲသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေက ဇောတိ၊ စံပြမြိုင်၊ ဆယ်အိမ်စု၊ ကံကြီးကုန်း၊ ရန်ကင်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းများသို့ ငွေကျပ် ငါးသိန်းစီနှင့် ကျေးရွာများအတွက် ဒေသဖွံ့ဖြိုးရေးအတွက် တစ်ရွာလျှင် ငွေကျပ် ငါးသိန်းစီ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါမြေသားလမ်းဖောက်လုပ်မှုကြောင့် ကျေးရွာအုပ်စု သုံးအုပ်စုမှ ဒေသခံပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ ယခင်ကထက် လမ်းကောင်းမွန်သွား၍ ပိုမိုအဆင်ပြေသွားသဖြင့် ဒေသခံပြည်သူတစ်သောင်းကျော် ဝမ်းမြောက်ပီတိဖြစ်နေရကြောင်း ဒေသခံအဖွားအိုတစ်ဦး၏ပြောကြားမှုအရ သိရသည်။

မျိုးလှိုင်(တွံတေး)

ညောင်ဦးမြို့နယ် ရွာသစ်ကုန်းကျေးရွာ ငရုတ်စိုက်တောင်သူများ အပင်ကောင်းပြီး အသီးနည်းပါးသည့်အတွက် အရှုံးပေါ်နိုင်

ညောင်ဦး ဖေဖော်ဝါရီ ၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ရွာသစ်ကုန်းကျေးရွာမှ တောင်သူများသည် နှစ်စဉ်မိုးရေနှင့် ငရုတ်စိုက်ပျိုးမှု လုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုကြပြီး ငရုတ်ပင်များကို ဝါဆိုမှစပြီး စိုက်ပျိုးကြသည်။ ပျိုးသက် ၄၅ ရက်ကျော်လျှင် မိုးရွာသွန်းမှု စောင့်ဆိုင်းကြပြီး မိုးရွာလာလျှင် ငရုတ်စိုက်ပျိုးရန် မြေကို အသင့်ပြင်ဆင်ထားကြသည်။ ထိုသို့ပြင်ဆင်ကြပြီး တော်သလင်းလတွင် ရွာသောမိုးနှင့် စိုက်ပျိုးကြသည်။ ယခုနှစ်စိုက်ပျိုးထားသော ငရုတ်ပင်များမှာ အပင်ကောင်းသော်လည်း အသီး နည်းပါးသည့်အတွက် ငရုတ်စိုက်တောင်သူများ အရှုံးပေါ်နိုင်သည်ဟု ဒေသခံတောင်သူများက ဆိုကြသည်။

"ဒီနှစ်ငရုတ်စိုက်တောင်သူတွေ ပိုးဒဏ်အတော်ခံရတယ်။ စောစောကလဲ ငရုတ်နာခဲ့တယ်။ အခုလည်း ငရုတ်တွေမှာ ပျကောင်တွေ စွဲကပ်နေတယ်။ ဆေးကုမ္ပဏီတွေကလည်း အမျိုးမျိုး လာရောင်းကြတယ်။ ဆေးဖိုးတွေလည်း တောင်သူတွေမှာ တော်တော်ကုန်တယ်။ အရင်းကတစ်ဧကကို ငွေကျပ်လေးသိန်းခွဲလောက်ကုန်ကျတယ်။ ငရုတ်ပင်တွေကို ထပ်ပြီးရေသွင်းကြရတယ်။ ရေသွင်းတော့လည်း တစ်နာရီကို ငွေ ၂၅၀၀ ကျပ်ပေးရတယ်။ ရေသွင်းတဲ့နေရာမှာလည်း ရေတွင်းနားနီးတဲ့သူသာလျှင် သွင်းလို့ရတယ်။ ရေတွင်းနဲ့ဝေးရင် ပိုက်မမီတဲ့အတွက် မသွင်းနိုင်ဘူး။ ရေတွင်းကတော့ ရှေးကတည်းက ရှိခဲ့တဲ့ရေတွင်းတွေပါ။ ကိုယ့်တွင်းကိုယ်တူးပြီး ကိုယ့်စက်နဲ့ကို မောင်းတဲ့သူဆိုရင် အရှုံးသက်သာတာပေါ့။ များသောအားဖြင့် ရေတွင်း အငှားမောင်းသွင်းတဲ့သူတွေ များတော့ တောင်သူတွေမှာ ကုန်ကျစရိတ်ပိုများတယ်" ဟု တောင်သူ ရွာသစ်ကုန်းရွာသား ဦးအောင်ရှင်းက ပြောသည်။

"ငရုတ်သီး တစ်ပိဿာကို ငွေ ၅၀၀ ကျပ် နှုန်း ရောင်းရပါတယ်။ ဈေးကမဆိုးပါဘူး။ ငရုတ်သီး တစ်တင်းကို ခုနစ်ပိဿာ စည်းပါတယ်။ တစ်တင်းကို ရောင်းရင် ငွေ ၃၅၀၀ ကျပ်ရတယ်။ တင်း ၁၀၀ ရောင်းရင် ငွေကျပ် သုံးသိန်းခွဲပေါ့။ ဒီနှစ်တော့ တစ်ဧက တင်း တစ်ရာ မရနိုင်ဘူး။ မနှစ်ကဆိုရင် တစ်ဧကကို တင်း ၂၀၀ ကျော်လောက်ထွက်တယ်။ ဒီနှစ်တော့ ပိုးခဏခဏကျလို့ ငရုတ်တွေ အသီးနည်းတယ်။ တောင်သူတွေ တွက်ခြေမကိုက်ဖြစ်နေတယ်။ ကျွန်တော် တစ်ဦးတည်းမှ မဟုတ်ပါဘူး။ ငရုတ်စိုက် တောင်သူတွေအားလုံး အရင်းရအောင် တော်တော်စုယူကြရမှာပါ" ဟု ငရုတ်စိုက်တောင်သူ ရွာသစ်ကုန်းကျေးရွာ ဦးသိန်းအောင်က ပြောသည်။

ကျော်ဌေး

ပုဂံခေတ် ရေစင်သွန်းအိုး

မောင်သာ
(ရှေးဟောင်းသုတေသန)

မြန်မာလူမျိုးများအပါအဝင် ဗုဒ္ဓဘာသာဝင်များသည် ကောင်းမှုကုသိုလ်များကို ပြုလုပ်ပြီးကြတိုင်း မိမိတို့ပြုခဲ့သမျှ ကောင်းမှုကုသလအဝဝကို အများသူငါတို့ ထပ်တူထပ်မျှ ရရှိကြစေရန်ရည်ရွယ်လျက် အမျှအတမ်းပေးဝေလေ့ရှိကြသည်။ အမျှဝေခြင်းနှင့်အတူ သံဃာတော်များထံမှောက်၌ ရေစက်သွန်းချလေ့လည်း ရှိကြပေသည်။ ရေစက်ခွက်ကိုကိုင်လျက် ရေသွန်းရခြင်းကို ဗုဒ္ဓဘာသာဝင်တိုင်း ကြည်နူးစွာ ဆောင်ရွက်လေ့ရှိကြသည်မှာ ပုဂံခေတ်အခါကတည်းကပင် ဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်များသည် ရေစက်သွန်းချခြင်းကို မြေပြင်ပေါ်သို့ ရေကိုသွန်ချလိုက်သည့်အလား မိမိတို့ လှူဒါန်းခဲ့သမျှ ဝတ္ထုပစ္စည်းအားလုံးတို့အား တွယ်တာစိတ်မရှိ၊ စွန့်လွှတ်လိုက်သည့်သဘောဟု ယူဆကြသည်။ မြန်မာလူမျိုးအများစုက မိမိတို့ပြုလုပ်လိုက်သည့် အလှူဒါနကို "ဤမြေပံ့သု ၊သီလာထုလည်း၊ သက်သေအမှု တည်စေသော်" ဟု အမျှဝေလင်္ကာရွတ်ဆိုကြသည့်အတိုင်း ဤမဟာပထဝီမြေကြီးအား သက်သေထူသည့် အမှတ်လက္ခဏာဟုလည်း ယူဆကြပေသည်။ မြေကြီးကိုစောင့်ကြပ်သည့် ဝသုန္ဓေနတ်သမီးအားတိုင်တည်ခြင်းဟု ယူဆသူများလည်း ရှိကြသည်။

ရေစက်သွန်းချခြင်းကို မြန်မာ့သမိုင်းစဉ်တွင် ပုဂံခေတ်၌ အစောဆုံးပြုလုပ်ခဲ့ကြောင်း ကျောက်စာအထောက်အထားများအရ သိရှိရသည်။ ပုဂံခေတ်တွင် ရေးထိုးခဲ့သော ကျောက်စာများတွင် ရေသွန်း ၊ရေစင်တော်ချဟု အဓိပ္ပာယ်ရသည့် ပုဂံခေတ်သုံးစကားလုံးများဖြစ်သော "ရိယ်သောန်"၊ "ရိယ်စင်တဝ်ခ္လ"စသည့် စာစုများကို တွေ့ရှိကြရပေသည်။ ပုဂံကျောက်စာများတွင် "ရေစင်တော်ချ"၊ "ရေစင်တော်သွန်း"ဟူသည့် စကားစုများကို အသုံးများခဲ့သည်။

မြန်မာသက္ကရာဇ် ၄၇၄ ခုနှစ်၊ ပုဂံခေတ်တွင် ရာဇကုမာရ်မင်းသားသည် ဖခင်ကျန်စစ်သားမင်းကြီး သေအံ့မူးမူးဖြစ်နေချိန်တွင် မြတ်စွာဘုရားရှင် ရွှေဆင်းတုရုပ်ပွားတော်ကို ဖခင်ထံမှောက်သို့ ပင့်ဆောင်လာခဲ့ပြီး ဖခင်ကျန်စစ်သားမင်းကြီးအား ဆရာရဟန်းတော်တို့ထံမှောက်တွင် ကိုယ်တော်တိုင် ရေစက်သွန်းချ လှူဒါန်းစေခဲ့သည်။ ထိုကောင်းမှုကုသိုလ်ကို ရေးထိုးမှတ်တမ်းပြုထားသည့် ရာဇကုမာရ်ကျောက်စာတွင်

"ထိုရောတည်း မင်းနှစ်ကျို့ရကား ကောင်းလှေင့်တည်း ကောင်းလှေင့်တည်း မိန့်၍ သင်ကြီးမဟာထေရ်၊ သင်ကြီးမုဂ္ဂလိပုတ္တတိဿထေရ်၊ သင်ကြီး သုမေဓပဏ္ဍိတ်၊ သင်ကြီး ဗြဟ္မပါလ်၊ သင်ကြီးဗြဟ္မဒိဝ်၊ သင်ကြီးသောန်၊ သင်ကြီး သင်္ဃသေနဝရပဏ္ဍိတ၊ ထိုသခင်တို့ အမှောက်တည်း မင်းရေသွန်း၏။"ဟု ရေးထိုးထားခဲ့ပေသည်။ ထိုရာဇကုမာရ်ကျောက်စာ စာကြောင်းအမှတ် (၃၃)တွင် "ရိယ်သောန်" (ရေသွန်း)ဟူသည့် စကားလုံးကို မြင်တွေ့နိုင်ပေသည်။

ရေစက်သွန်းချသည့်ဓလေ့ကို စတင်ကျင့်သုံးစဉ်အချိန်ကတည်းကပင် အလှူရှင်သည် သွန်းလောင်းမည့် ရေကိုထည့်ရမည့် အိုးခွက်တစ်ခုခုကို ဆောင်ယူထားရမည်သာဖြစ်ပေသည်။ ယနေ့ခေတ်တွင် ဖန်ခွက်၊ ဒန်ခွက်၊ ပလတ်စတစ်ခွက်၊ စတီးခွက် စသည့် ခေတ်သုံးခွက်တစ်မျိုးမျိုးဖြင့် ရေစက်ချသူများရှိကြသကဲ့သို့ ရွှေ၊ ငွေ၊ ကြေး၊ သတ္တုကရားငယ်များဖြင့် ရေစက်ချကြသည်ကိုလည်း မြင်တွေ့ကြရပေသည်။

ပုဂံခေတ်ထိုးကျောက်စာများအရ ပုဂံခေတ်တွင် ရေစင်သွန်းလောင်းခြင်း အလေ့အထများကို တွင်ကျယ်စွာကျင့်သုံးခဲ့ကြောင်း တွေ့ရှိရသော်လည်း မည်သည့် အိုးခွက်မျိုးဖြင့် သွန်းလောင်းခဲ့ကြသည်ကိုမူ သက္ကရာဇ် ၇၁၁ ခုနှစ်တွင် ရေးထိုးခဲ့သော မောက္ကလန်သူကြီး ဘုမ္မချတ္တရာကျောင်းကျောက်စာတွင် "ရိယ်စင်ကရားတိုက်ရုယ်" ဟု ရေးထိုးသည်ကို တွေ့ရခြင်းဖြင့် ရေကရားဖြင့် သွန်းလောင်းခဲ့ကြကြောင်းသိနိုင်ခဲ့ကြပေသည်။ သက္ကရာဇ် (၆၀၀) ခုနှစ်နောက်ပိုင်းတွင်ရေးထိုးခဲ့သော ကျောက်စာချပ် ငါးချပ် တွင် ရေစင်တော်ကရားဖြင့် သွန်းလောင်းသည်ဟု ဖော်ပြထားကြောင်း ရှေးဟောင်း သုတေသနပညာရှင် ဆရာကြီး ဦးမြင့်အောင်က ရေးသားခဲ့ဖူးပါသည်။

ပုဂံခေတ်တွင် တွင်ကျယ်စွာအသုံးပြုခဲ့သည့် အလှူရေစက်ခွက်ကို ရေစင်တော်သွန်းအိုးဟု ပညာရှင်များက အမည်ပေးခဲ့ကြသည်။ ယခုခေတ်တွင်မူ ရေစင်တော်သွန်းအိုးဟူသော ဝေါဟာရကို အသုံးပြုခြင်း နည်းပါးသွားပြီဖြစ်ပေသည်။

ရေစင်တော်သွန်းအိုးကို သုံးစွဲခဲ့ကြသည့် အထောက်အထားများပါရှိသော ကျောက်စာချပ်များကိုလေ့လာရာတွင် ပုဂံခေတ်သာမက ပင်းယခေတ်နှင့် အင်းဝခေတ်များတွင် ရေးထိုးခဲ့သည့်ကျောက်စာများတွင်လည်း ရေစင်တော်သွန်းအိုးကိုသုံးစွဲခဲ့သည့် စာသားများကို တွေ့ရှိကြရသည်။ သက္ကရာဇ် ၄၀၀ နှင့် ၅၀၀ ကြား ရေးထိုးခဲ့သော ကျောက်စာနှစ်ချပ်တွင် ရေစင်တော်သွန်းသည့်အကြောင်းကို စတင်တွေ့ရှိခဲ့ရကြောင်း၊ သက္ကရာဇ် ၆၀၀ နှင့် ၇၀၀ ကြားတွင် ကျောက်စာ ၁၇ ချပ်တွင်လည်းကောင်း၊ သက္ကရာဇ် ၇၀၀ နှင့် ၈၀၀ ကြားတွင် ကျောက်စာ ၁၁ ချပ်တွင်လည်း ကောင်း ရေစင်တော်ချသည့် အသုံးအနှုန်းများကို ရေးထိုး ခဲ့ကြောင်း ဆရာကြီး ဦးမြင့်အောင်ကပင် သုတေသနပြု ဖော်ထုတ်ခဲ့ပါသည်။

၁၉၃၂ ခုနှစ်က ပုဂံမြို့ ပြည်စုရပ်ရှိ စေတီပျက်တစ်ဆူ၏ ဌာပနာတိုက်အတွင်းမှ အိုးတစ်လုံးကို ရရှိခဲ့ရာ ရေစင်သွန်းအိုးဟု ပညာရှင်များက ယူဆခဲ့ကြသည်။ယင်းအိုးသည် လည်တံရှည်အိုးတစ်လုံးဖြစ်ပြီး အိုးထိပ်တွင် ပန်းကန်ပြားတစ်ချပ်ကို မှောက်လျက် ဖုံးအုပ်ထားသကဲ့သို့ အိုးနှုတ်ခမ်းဝ ပတ်ပတ်လည်သည် ဘေးသို့ စွန်းထွက်နေသည်။ အိုးလည်တံ အရင်းပိုင်းကို ပွတ်လုံးဖြင့် အရစ်ဖော်ထားကာ အိုးကိုယ်ထည်သည် ဘေးသို့ ကားနေပြီး အောက်ခြေသို့ ရှူးထားသည်။ အိုးကိုယ်လုံးဘေးတွင် နှုတ်သီးရှည်တစ်ခုရှိရာ နှုတ်သီးသည် ရေထွက်မည့်အပေါက်ဘက်သို့ အဖျားရှူးသွား၍ အောက်ပိုင်းသို့ မသိမသာ ကွေးထားသည်ကိုလည်း မြင်တွေ့ကြရပေသည်။

ရေစင်သွန်းအိုးများကို ပုဂံဒေသမှ သာမက တကောင်း၊ သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း၊ စစ်ကိုင်းတို့မှလည်း တူးဖော်ရရှိခဲ့သည်။ ပျူမြို့ဟောင်း၊ ဟန်လင်းဒေသတူးဖော်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့စဉ် ၁၉၆၃ ခုနှစ်တွင် ဦးစိန်မောင်ဦးခေါင်းဆောင်သော တူးဖော်ရေးအဖွဲ့က ကုန်းအမှတ်(၁၉) (ကုလားတိုက်)မှ ရေသွန်းအိုးအကွဲတစ်လုံးကို တူးဖော်ရရှိခဲ့သည်။ ထိုအိုးကို ပညာရှင်များက ပျူလက်ရာမဟုတ်ဘဲ ပုဂံခေတ်သုံးအိုးဟု ယူဆခဲ့ကြသည်။

ရေစင်တော်သွန်းအိုးများကို အလုံးလိုက် အကောင်းအတိုင်းရရှိမှုများ ရှိသကဲ့သို့ အကျိုးအပဲ့၊ အစိတ်အပိုင်းများအနေဖြင့် ရရှိခဲ့သည်များလည်း ရှိပေသည်။ ကျိုးပဲ့နေသော အိုးအပိုင်းအစများသည် မြေအိုးများသာဖြစ်သဖြင့် ရေစက်ချအပြီးတွင် အကြောင်းတစ်စုံတစ်ရာကြောင့် ကျကွဲခြင်းများဖြစ်နိုင်သကဲ့သို့ အချို့ကလည်း ရေစက်ချအပြီးတွင် အိုးကိုခွဲလိုက်ခြင်းဖြစ်နိုင်ကြောင်း ယူဆကြသည်။ ဟန်လင်းကျောက်စာရုံတွင်ပြသထားသော အေဒီ ၁၂၃၇ ခုနှစ်က ရေးထိုးခဲ့သည့် ကျောက်စာအမှတ်(၇)(ကုခန်းကုနီဘုရားကျောက်စာ)၌ ကုခန်းကုနီဘုရားသို့ မြေလှူဒါန်းမှုကို ရေးထိုးထားရာတွင် ရေစင်တော်သွန်းရုံသာမက ကရားကိုခွဲ၍ ကျိန်စာဆိုထားသည့် အကြောင်းအရာများကို ရေးထိုးထားသည်ကို တွေ့နိုင်ပေသည်။

ပုဂံပြတိုက်တွင်ပြသထားသော ရေစင်တော်သွန်းအိုးဟု ယူဆရသည့် မြေအိုးနှစ်လုံးနှင့် ကြေးအိုးတစ်လုံးတို့သည်လည်း ရေသွန်းအိုး ပုံစံများပင်ဖြစ်ကြသော်လည်း ထူးခြားချက်မှာ လက်ကိုင်မပါခြင်းပင်ဖြစ်သည်။ရေစင်သွန်းအိုးများကို အများအားဖြင့် မြေဖြင့်ပြုလုပ်လေ့ရှိခဲ့ကြသည်။ သို့သော်လည်း တူးဖော်တွေ့ရှိခဲ့သော ကြေးအိုးနှင့် မြေအိုးများအပြင် အဖိုးတန် ရွှေ၊ ငွေသတ္တုများဖြင့် ပြုလုပ်ထားသော အိုးများကိုလည်း ခေတ်အဆက်ဆက် သုံးစွဲခဲ့ကြောင်း ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနပညာမှ ကထိကတစ်ဦးက ကျွန်တော်မဟာဝိဇ္ဇာတက်စဉ်က ပို့ချခဲ့ဖူးပါသည်။

ရေစင်သွန်းအိုးပုံစံအိုးများကို ဘီစီ ၃၀၀၀ ခန့်က မက်ဆိုပိုတေးမီးယား ယခုအီရတ်ဒေသတွင် အသုံးပြုခဲ့ဟန်ရှိပြီး ပုဂံတွင်တွေ့ရှိခဲ့ရသော ရေသွန်းကရားပုံစံနှင့်တူသော ရေကရားတစ်ခုကို မက်ဆိုပိုတေးမီးယားရှိ အူရပ်(မကု)တွင် ပညာရှင်များ တူးဖော်တွေ့ရှိခဲ့ကြသည်။ အိန္ဒိယနိုင်ငံတောင်ပိုင်း မိုင်ဆိုးပြည်နယ် ဗြဟ္မာ့ဂီရိဒေသမှလည်း မြေဖြင့်ပြုလုပ်ထားသော ရေသွန်းအိုးတစ်လုံးကို တူးဖော်ရရှိခဲ့ဖူးသည်။ တရုတ်နိုင်ငံတွင် တွေ့ရှိရသည့် ကင်ဒီဟုခေါ်သော အိုးသည်လည်း ရေစင်သွန်းအိုးတစ်မျိုးပင် ဖြစ်ပေသည်။

နှုတ်သီးပါသည့် ရေသွန်းအိုးများကို နိုင်ငံအသီးသီးတွင် ရည်ရွယ်ချက်မျိုးစုံဖြင့် အသုံးပြုခဲ့ကြမည်သာ ဖြစ်ပေသည်။ အိန္ဒိယနိုင်ငံတွင်မူ ကိုယ်လက်သန့်စင်အပြီးတွင် နှုတ်သီးပါသောအိုးဖြင့် ရေကိုယူဆောင်ကာ ခန္ဓာကိုယ်အညစ်အကြေးများ သန့်ရှင်းစင်ကြယ်မှုလုပ်ရန် အသုံးပြုလေ့ရှိကြသည်။ မြန်မာနိုင်ငံမှာပင် အိန္ဒိယလူမျိုးတို့ ယနေ့တိုင် သုံးစွဲကြသည့် ထိုအိုးများကို မြင်တွေ့နိုင်ကြပါသေးသည်။ ပုဂံဒေသမှရရှိခဲ့သည့် အိုးများသည် ထိုအိုးမျိုးနှင့် ပုံစံဆင်နေကြသော်လည်း စေတီတော် ဌာပနာတိုက်အတွင်းမှ ရရှိခဲ့ခြင်းဖြစ်သောကြောင့် ကိုယ်လက်သန့်စင်ရာတွင် မြန်မာတို့ ထိုအိုးမျိုးကို မသုံးစွဲခဲ့ကြောင်း ကောက်ချက်ချနိုင်ပေသည်။ မြန်မာတို့သည် ဘုရား၊ စေတီတော်များကို ဌာပနာသွင်းကြရာတွင် မိမိတို့အထွတ်အမြတ်ထားသော ဗုဒ္ဓဆင်းတုတော်များရွှေ၊ ငွေ၊ စိန်၊ ကျောက် အဆင်တန်ဆာများကိုသာ ထည့်သွင်းပူဇော်လေ့ရှိကြပေရာ ဌာပနာတိုက်အတွင်း ထည့်သွင်းထားသောအိုးသည် မိမိတို့ အထွတ်အမြတ်ထားသည့် အိုးသာလျှင်ဖြစ်ပေလိမ့်မည်။ ထိုအိုးမျိုးကို မြန်မာတို့သည် ကိုယ်လက်သန့်စင်ရာတွင်သာ သုံးစွဲခဲ့ကြပါက ရွှေဖြင့်ပင်ပြုလုပ်ထားစေဦးတော့၊ ညစ်ညမ်းသောနေရာတွင် သုံးစွဲသည့်ပစ္စည်းတစ်ခုကို မည်သည့် မြန်မာတစ်ဦးတစ်ယောက်ကမျှ ဘုရားဌာပနာပစ္စည်းအဖြစ် သုံးစွဲမည် မဟုတ်ပါချေ။ ထို့ကြောင့် ပုဂံဒေသမှ တွေ့ရှိခဲ့သော နှုတ်သီးပါ ကရားအိုးများသည် ရေစင်တော်သွန်းအိုးများသာ ဖြစ်နိုင် ကြောင်း ပညာရှင်အများက ယူဆထားခဲ့ကြပေသည်။

ပုဂံခေတ်တွင် တွင်ကျယ်စွာအသုံးပြုခဲ့သည့် အလှူရေစက်ခွက်ကို ရေစင်တော်သွန်းအိုးဟု ပညာရှင်များက အမည်ပေးခဲ့ကြသည်။ ယခုခေတ်တွင်မူ ရေစင်တော်သွန်းအိုးဟူသော ဝေါဟာရကို အသုံးပြုခြင်း နည်းပါးသွားပြီဖြစ်ပေသည်။ မည်သို့ပင်ဖြစ်စေ ထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်သည့် မြန်မာလူမျိုးတို့သည် သမိုင်းစဉ်တစ်လျှောက် နှစ်ကာလကြာရှည်စွာ လွန်မြောက်လာခဲ့ကြသည့်တိုင် လွန်ခဲ့သော နှစ်ပေါင်း တစ်ထောင်နီးပါး ပုဂံခေတ်ကာလတွင် အသုံးပြုခဲ့သော အလှူတော် ရေစင်သွန်းသည့် ဓလေ့ကို ယနေ့တိုင် ဆက်လက်ကျင့်သုံးလျက် ရှိနေရုံမျှသာမက ထိုခေတ်က သုံးစွဲခဲ့သော ရေစင်သွန်းအိုးပုံစံ ရှိသော ခေတ်သစ်အိုးများကို ဆက်လက်သုံးစွဲနေကြခြင်းသည်ပင် မြန်မာတို့၏ ယဉ်ကျေးမှုထိန်းသိမ်းမှုတစ်ရပ်ဟု ဆိုနိုင်ပါတော့သည်။

ပုဂံဒေသမှ တွေ့ရှိခဲ့သော နှုတ်သီးပါ ရေစင်တော် သွန်းအိုး

လယ်ယာမြေကိစ္စ တောင်သူများ ဆန္ဒထုတ်ဖော်

ရေနံချောင်း ဖေဖော်ဝါရီ ၂

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် အုတ်သျှစ်ကုန်းကျေးရွာအုပ်စု သစ်ဖြူပင်ကျေးရွာရှိ တောင်သူများသည် ပင်းချောင်းမြေနုများကို လယ်ယာမြေဥပဒေနှင့်အညီ ဆောင်ရွက်ပေးရေးအတွက် ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီခွဲမှ ၁၀ နာရီခွဲအထိ ဆန္ဒဖော်ထုတ်ခဲ့သည်။

အဆိုပါ ဆန္ဒဖော်ထုတ်ခြင်းကို တောင်သူ ဦးကျော်မင်းလွင်က ဦးဆောင်၍ ခွင့်ပြုချက်ရယူကာ တောင်သူ ၁၅၀ ကျော် ပါဝင်ခဲ့ကြောင်း၊ ဆန္ဒထုတ်ဖော်သူများသည် ရေနံချောင်းမြို့ NLD ရုံးတွင် စုစည်းပြီးနောက် မန္တလေး- ရန်ကုန်လမ်းမကြီးအတိုင်း လှည့်လည်ကြွေးကြော်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအထိ ဗီနိုင်းများ၊ ပိုစတာများကိုင်ဆောင်၍ ကြွေးကြော်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ယင်းဆန္ဒထုတ်ဖော်ခြင်းနှင့် ပတ်သက်၍ "ကျွန်တော်တို့ အခုလိုဆန္ဒထုတ်ဖော်ရခြင်းရည်ရွယ်ချက်က ပင်းချောင်းမြေနုတွေကို လယ်ယာမြေဥပဒေနှင့်အညီ ကွင်းခြား၊ နယ်ခြား သိသာစွာမှတ်သားပေးဖို့နဲ့ ကျွန်တော်တို့ကျေးရွာပိုင် လုပ်ပိုင်ခွင့်ရတဲ့ မြေထဲကို အခြားရွာက ကျူးကျော်စိုက်ပျိုးနေမှုကို ဖယ်ရှားပေးရေး၊ မြို့နယ်မြေစာရင်းကလည်း သိသိသာသာ၊ ပွင့်လင်းမြင်သာ ဆောင်ရွက် ပေးစေလိုတဲ့အတွက် ဖြစ်ပါတယ်" ဟု ဆန္ဒပြခေါင်းဆောင် ဦးကျော်မင်းလွင်က ပြောသည်။

"လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီရဲ့ တားမြစ်ချက်ကြောင့်လည်း အခုပျိုးတွေသက်တမ်းလွန်ပြီး ဆုံးရှုံးခဲ့ရပါတယ်။ စိုက်ပျိုးရက်နောက်ကျပြီး ရာသီမမီပြန်လေတော့ လုပ်ငန်းခွင်ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်တွေ့ကြုံရပြန်ပါတယ်။ ဒါကြောင့် အခုလို ဆန္ဒထုတ်ဖော်ရတာပါ"ဟု တောင်သူတစ်ဦးက ပြောပြသည်။

ယင်းဆန္ဒထုတ်ဖော်ခြင်းနှင့် ပတ်သက်၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ မြို့နယ်မြေစာရင်း ဦးစီးဌာန၊ ဦးစီးမှူး ဦးမျိုးခိုင်က ပင်းချောင်း မြေနုလုပ်ကွက်များကို အညီအမျှ ခွဲဝေပေးထားပြီးကြောင်း၊ မြေယာမဲ့ ၁၅၉ ဦးကိုလည်း ခွဲဝေပေးပြီးကြောင်း၊ ယခုဆန္ဒထုတ်ဖော်သော သစ်ဖြူပင်ရွာသားများက လုပ်ကွက်ပိုမို၍ လိုချင်သဖြင့် ဖြစ်ကြောင်းတို့ကို ဖုန်းဖြင့် ဆက်သွယ်မေးမြန်း သိရသည်။

ရေနံချောင်းမြို့နယ်တွင် လယ်ယာမြေကိစ္စနှင့် ပတ်သက်၍ အငြင်းပွားမှုများ မကြာခဏ ကြုံတွေ့ရပြီး ဆန္ဒထုတ်ဖော်မှုမှာ ယခုအကြိမ်သည် ပထမဦးဆုံး အကြိမ်ဖြစ်ကြောင်း သိရသည်။

ငြိမ်းလှိုင်(စေတုတ္တရာ)

ကလေးလည်ပင်းမှ ဆွဲကြိုးကိုဖြတ်၍ ထွက်ပြေး

ရန်ကုန် ဖေဖော်ဝါရီ ၂

ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီက လှိုင်သာယာမြို့နယ် ပိတောက်မြိုင်ဈေး(မီးခွက်ဈေး) ဆိုက်ကားဂိတ်အနီး၌ မိခင်ဖြစ်သူ ဟင်းရွက်ဝယ်နေစဉ် ချီထားသော နှစ်နှစ်ခွဲ အရွယ်သားငယ်၏ လည်ပင်းမှ ဆွဲကြိုးကို (၁၃နှစ်)အရွယ် မိန်းကလေးတစ်ဦးက ဖြတ်၍ ဈေးရုံအတွင်း ဝင်ရောက်ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။

"သားလေးရဲ့ လည်ပင်းမှာ လက်စွပ်ချိတ်ဆွဲထားတဲ့ ဆွဲကြိုးကို ဟင်းရွက်ရွေးနေတုန်း ဘယ်အချိန်ဖြုတ်သွားမှန်း မသိဘူး။ ဈေးဝယ်မလို့ပုံစံနဲ့ ပိန်ပိန်ပါးပါးအင်္ကျီအပြာရောင်နဲ့ ကလေးမအနားကို တိုးလာတာကိုတော့ သတိထားမိလိုက်တယ်။ ပတ်ဝန်းကျင်ကို အကူအညီတောင်းပြီး ပြေးလိုက်တော့ ဈေးတောင်ဘက် အပေါက်နားကို ဝင်ပြေးဖို့ လုပ်နေပြီ။ ဝိုင်းလိုက်တဲ့အခါမှာ ငါးစိမ်းတန်းထဲဝင်ပြေးပြီး ပျောက်သွားတယ်။ ကလေးဆွဲကြိုးနဲ့ လက်စွပ်က နှစ်သိန်းနီးပါးတန်တယ်။ လူလယ်ကောင်ဈေးနားမှာ ဒီလိုဖြစ်တယ်ဆိုတော့ ကျွန်မတော့ ကြောက်သွားပြီ" ဟု သားငယ်လည်ပင်းမှ ဆွဲကြိုးပါသွား၍ မိခင် မမိုးသူဇာက ပြောသည်။

"ဈေးထဲမှာ ခါးပိုက်နှိုက်တယ်ဆိုရင် မိတာများပါတယ်။ ကလေးမလေးဖြတ်ပြေးသွားတာတော့ တွေ့တယ်။ အော်တာကိုမကြားမိကြဘူး။ သိတဲ့အချိန်မှာ ငါးစိမ်းတန်းထဲ ဝင်ပြေးသွားပြီ။ ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ ခိုးတာ၊ ခါးပိုက်နှိုက်တာကိုတော့ ဈေးသူဈေးသားတွေက လက်မခံပါဘူး" ဟု ဆွဲကြိုးဖြတ်သူကို တွေ့မြင်လိုက်သော အသားရောင်းသူ အမျိုးသမီးတစ်ဦးက ပြောသည်။

အရွယ်မရောက်သေးသော လူငယ်များဈေးဆိုင်၊ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်တို့တွင် ဝင်ရောက်အလုပ်လုပ်ကိုင်နေသလို လမ်းပေါ်သွားလာနေသော လူငယ်များ လှိုင်သာယာတွင် တစ်နေ့ထက်တစ်နေ့များလာလျက်ရှိပြီး ခိုးမှုနှင့် ဖောက်ထွင်းမှုတွင်လည်း လူငယ်များ ပြစ်မှုကျူးလွန်လျက်ရှိရာ တစ်ပတ်လျှင် နှစ်မှု မြို့မရဲစခန်းသို့ တိုင်ကြားလေ့ရှိကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

(၁၆၄)

မင်းတုန်း၌ မီးလောင်ကျွမ်းမှုဖြစ်ပွား

မင်းတုန်း ဖေဖော်ဝါရီ ၂

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် မင်းတပ်ကျေးရွာတွင် ဇန်နဝါရီ ၃၀ ရက် ရွာအရှေ့ဘက် တစ်မိုင်ခန့်အကွာ လူမနေသည့် ဦးကျော်ဝင်းပိုင် လယ်စောင့်တဲ၌ လူတစ်ဦး မီးလောင်ကျွမ်းပြီး သေဆုံးနေကြောင်း အကြောင်းကြားချက်အရ မင်းတုန်းမြို့နယ် အလယ်ချောင်းရဲကင်းမှ ဒုရဲအုပ် သိန်းလွင်နှင့် အဖွဲ့သည် အခင်းဖြစ်ပွားရာသို့ ၁၀ နာရီခွဲတွင် သွားရောက်စစ်ဆေးရာ သေဆုံးသူမှာပြီး အသက် (၃၀နှစ်) ခန့် အမျိုးသား တစ်ဦးဖြစ်ကြောင်းနှင့် လွန်ခဲ့သော နှစ်ရက်ခန့်က ကျေးရွာသို့ ရောက်ရှိလာသော စိတ်ရူးသွပ်နေသူ ဖြစ်ကြောင်း သိရသည်။

အဆိုပါ မီးလောင်ကျွမ်းသေဆုံးရခြင်းနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

သက်ထွန်း(မင်းတုန်း)

ရှော့ခ်တိုက်ငါးဖမ်းသူများကို ဖမ်းဆီးအရေးယူ

ရေတာရှည် ဖေဖော်ဝါရီ ၂

သားငါးသယံဇာတများ ကာကွယ်စောင့်ရှောက်သည့်လုပ်ငန်းများကို ငါးလုပ်ငန်းဦးစီးဌာနများမှ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး ဇန်နဝါရီ ၃၀ ရက် ညနေ ၃ နာရီခန့်က တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသက်အေးနှင့် တာဝန်ရှိသူများသည် ရေတာရှည်မြို့နယ် ရေနီနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အင်းလုပ်သားကြီးများပါဝင်သော ပူးပေါင်းအဖွဲ့နှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ရာ ရဲကုန်းကျေးရွာအုပ်စု ဇီးဖြူတန်းကျေးရွာနှင့် သဲကောကျေးရွာအကြားရှိ ပျဉ်ထောင်အင်းအတွင်း၌ တရားမဝင်ရှော့ခ်တိုက်ငါးဖမ်းဆီးနေသည့် တင်ရွှေ(၄၅နှစ်) သဲကောကျေးရွာ၊ မျိုးဦး (၂၀ နှစ်) သဲကောကျေးရွာ၊ ဝေယံဦး(၁၉ နှစ်)တို့ သုံးဦးကို ဘက်ထရီအိုးတစ်လုံး၊ ဂေါ်တံခြောက်ချောင်း၊ ကွိုင်ထုပ် သုံးထုပ်၊ ငါးမျိုးစုံ တစ်ပိဿာ ၇၀ ကျပ်သား တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ရှော့ခ်တိုက်ငါးဖမ်းသူ သုံးဦးကို ရေနီနယ်မြေရဲစခန်းက ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ကမ္ဘာငြိမ်းချမ်းရေးဓာတ်ပေါင်းစုစေတီ ပန္နက်တင်မင်္ဂလာကျင်းပ

မော်လူး ဖေဖော်ဝါရီ ၂

စစ်ကိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ စီမော်ကျေးရွာအုပ်စု ညောင်ပင်သာရွာ သီရိရတနာကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်မည့် ကမ္ဘာငြိမ်းချမ်းရေးဓာတ်ပေါင်းစု ဆုတောင်းပြည့်စေတီတော်၏ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ကမ္ဘာငြိမ်းချမ်းရေး ဓာတ်ပေါင်းစု ဆုတောင်းပြည့်စေတီတော် ပန္နက်တင်မင်္ဂလာအခမ်းအနားတွင် ဟောင်းတုံးကျောင်းဆရာတော်ထံမှ ငါးပါးသီလ ခံယူကြသည်။

ဆက်လက်၍ မော်ဟန်ကျောင်းဆရာတော်က အောင်တော်မူဂါထာကို ရွတ်ဆိုပြီး စိပိန်းကျောင်းဆရာ တော်က ရုက္ခစိုး၊ ဘုမ္မစိုးတို့အား နေရာပြောင်းရွှေ့ပေးရန် မေတ္တာပို့သခြင်းတို့ကို ပြုလုပ်ခဲ့သည်။ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် အရပ် ၁၀ မျက်နှာတို့၌ ပရိတ်ရေအိုးများ မြေမြှုပ်ခြင်းနှင့် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ညောင်ပင်သာကျောင်း ဆရာတော် ဦးစန္ဒာသီရိနှင့် ဘုရားဒါယကာများက ပန္နက်တင်ခဲ့ကြကြောင်း သိရသည်။

ညိုမင်းထက်(မြန်မာစာ)

အမျိုးသားအားကစားပွဲတော်ကို ကြိုဆိုဂုဏ်ပြု အားကစားပြိုင်ပွဲဖွင့်

ဗန်းမော် ဖေဖော်ဝါရီ ၂

၂၀၁၅ ခုနှစ် စတုတ္ထကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ကြိုဆိုဂုဏ်ပြုလျက် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီခွဲက ဗန်းမော်မြို့ အဝေရာအားကစားရုံ၌ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းမြင့်အောင်က အမှာစကားပြောကြားပြီး အားကစားပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ညောင်ပင်ရပ်အသင်းနှင့် ဗန်းမော်တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ညောင်ပင်ရပ်အသင်းက အနိုင်ရရှိပြီး ခရိုင်ရဲတပ်ဖွဲ့မှူးက အကောင်းဆုံးအားကစားသမားဆုရ ညောင်ပင်ရပ်အသင်းမှ မောင်ဗလကို ဆုငွေများချီးမြှင့်ပေးအပ်သည်။

အားကစားပြိုင်ပွဲများတွင် ပိုက်ကျော်ခြင်းနှင့် စားပွဲတင်တင်းနစ်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် သုံးယောက်တွဲ ၁၄ ဦး၊ နှစ်ယောက်တွဲ ၁၂ ဦး စုစုပေါင်း ၂၆ ဦး၊ စားပွဲတင် တင်းနစ်ပြိုင်ပွဲတွင် တစ်ဦးတွဲ၊ နှစ်ဦးတွဲ၊ အသင်းလိုက်ယှဉ်ပြိုင်ကြပြီး စုစုပေါင်း အားကစားသမား ၂၂ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဝါဝါ(ဗန်းမော်)

ငါးသိုင်းချောင်းမြို့ မီးဘေးသင့်အိမ်ထောင်စုများသို့ ပစ္စည်းများလှူဒါန်း

ငါးသိုင်းချောင်း ဖေဖော်ဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ မီးဘေးသင့်အိမ်ထောင်စုများသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ လှူဒါန်းသောမိသားစုသုံးပစ္စည်းများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးပစ္စည်းများ၊ တဲနှင့် ဆောက်လုပ်ရေးပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားနှင့် ဒေသခံများက အိမ်ဆောက်ပစ္စည်းများ၊ မိသားစုသုံးပစ္စည်းများနှင့် အလှူငွေများကို ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီက ငါးသိုင်းချောင်းမြို့ မြို့မရပ်ကွက်ဈေးဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် မီးဘေးသင့်အိမ်ထောင်စု ၃၁ စုကို အိမ်ထောင်တစ်စုလျှင် ငွေကျပ် ၁၀၀၀၀၀ ရှိ ပစ္စည်းသုံးမျိုးကို တိုင်းဒေသကြီး ကြက်ခြေနီအဖွဲ့က ပေးအပ်လှူဒါန်းခဲ့သည်။ ဆက်လက်၍ ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက် သုခကာရီလူမှုကူညီရေးအသင်းက အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၁၈၄၅၀ နှုန်းဖြင့် အိမ်ထောင်စု ၃၁ စုအတွက် စုစုပေါင်းငွေကျပ် ၅၇၁၉၅၀ တို့ကိုလည်းကောင်း၊ ငါးသိုင်းချောင်းမြို့ မြို့မရပ်ကွက်နေ ဦးတေဇအောင်(အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး) မိသားစုက မီးဘေးသင့်အိမ်ထောင်စုတစ်စုလျှင် သွပ်အချပ် ၂၀ ဖြင့် သွပ် အချပ် ၆၂၀ တို့ကို ပေးအပ်ပြီး ဒေသခံများကလည်း ဝါးအစရှိသော အိမ်ဆောက်ပစ္စည်းများကို လှူဒါန်းခဲ့ကြောင်း သိရသည်။

မင်းဇော်ဦး(ရေကြည်)

ပြည်တွင်းသတင်း

ထိုင်း-မြန်မာ နယ်စပ်ကုန်စည်ပြပွဲ မဲဆောက်မြို့တွင် ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၂၉ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ဗန်ကောက်မြို့မှ မဲဆောက်မြို့သို့ လေယာဉ်ဖြင့် ရောက်ရှိကြသည်။ ညနေ ၃ နာရီတွင် မဲဆောက်မြို့ Centara MAE SOT Hill Resort ဟိုတယ်၌ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်နှင့် တာ့ခ်ခရိုင်ကုန်သည်ကြီးများ အသင်းတို့မှ ကြီးမှူးကျင်းပသည့် မြန်မာ-ထိုင်း နှစ်နိုင်ငံ ကုန်သည်လုပ်ငန်းရှင်များအကြား လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

အခမ်းအနား၌ တာ့ခ်ခရိုင်အုပ်ချုပ်ရေးမှူးက မဲဆောက်၊ မြဝတီမြို့နှစ်မြို့ကို ညီအစ်မမြို့(Sister City) ဖြစ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေ၊ ၂၀၁၅ ခုနှစ် ဇူလိုင်လ၌ အာရှလမ်းသစ် မြဝတီ-ကော့ကရိတ်ကားလမ်းသစ် ဖွင့်လှစ်မည့်အခြေအနေ၊ မဲဆောက်- မြဝတီ နှစ်နိုင်ငံ ချစ်ကြည်ရေး ဒုတိယတံတားသစ် ဆောင်ရွက်မှုအခြေအနေ၊ နှစ်နိုင်ငံကြားစီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ထိုင်းနိုင်ငံ ကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌ Mr. Somkiet Anuras က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆွေးနွေးပွဲ၌ နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာသုံးခုကို လက်မှတ်ရေးထိုးခဲ့ကြရာ Thailand-Myanmar Business Meeting ၂၀၁၅ Joint Statement ကို ထိုင်းကုန်သည်ကြီးများအသင်းနှင့် UMFCCI မှ တွဲဖက်အထွေထွေ အတွင်းရေးမှူးတို့ကလည်းကောင်း၊ တာ့ခ်ခရိုင် ကုန်သည်ကြီးများအသင်း၊ မြဝတီ ကုန်သည်ကြီးများအသင်း၊ ကရင်ပြည်နယ် ကုန်သည်ကြီးများအသင်း၊ မွန်ပြည်နယ် ကုန်သည်ကြီးများ အသင်းတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် MOU သဘောတူစာချုပ်များကို သက်ဆိုင်ရာအသင်း တာဝန်ရှိသူများက လည်းကောင်း၊ ထိုင်းနိုင်ငံ Thonburi Holding Company Limited မှ Mr. Kim Christian Wachtveitl နှင့် မြန်မာနိုင်ငံ Ga Mone Pwint Co.,Ltd မှ ဦးနေလင်းဦးတို့က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်တွင် ခုတင် ၂၀၀ ဆံ့ ပုဂ္ဂလိက အထူးကုဆေးရုံ ဖွင့်လှစ်လုပ်ကိုင်ရန် အတွက်လည်းကောင်း MOU သဘောတူစာချုပ် လက်မှတ်များ ရေးထိုးခဲ့ကြသည်။

ထို့နောက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် မဲဆောက်မြို့ Nakorn Maesot International Hospital ဆေးရုံသစ် ဖွင့်ပွဲအခမ်းအနားသို့ ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဗိုလ်ချုပ်ကြီး Chatchai Sarlkulya နှင့်အတူ တက်ရောက် ဖွင့်လှစ်ပေးပြီး ဆေးရုံတက်နေသော လူနာများကို လက်ဆောင်ပစ္စည်းများပေးအပ်၍ အားပေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး Chatchai Sarlkulya နှင့်အတူ မဲဆောက်မြို့ မြူနီစပါယ်အားကစားကွင်း၌ ကျင်းပသည့် TAK Border Trade Fair ၂၀၁၅ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် တာ့ခ်ခရိုင်အုပ်ချုပ်ရေးမှူးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာ- ထိုင်း နှစ်နိုင်ငံတို့သည် ရှေးယခင်ကပင် အိမ်နီးချင်းကောင်းနိုင်ငံများ ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များ အချင်းချင်း အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုရှိသကဲ့သို့ မိမိတို့ဌာနမှလည်း နှစ်နိုင်ငံကုန်သွယ်မှုကို ပူးပေါင်းမြှင့်တင်ရန်နှင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ရန် လိုအပ်ပါကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဒေသ ကုန်စည်ပြပွဲများ နှစ်စဉ်အပြန်အလှန်ကျင်းပကြရန်၊ ကုန်စည်ပြပွဲများ အပြန်အလှန်ကျင်းပခြင်းဖြင့် ကုန်သွယ်မှုတိုးမြှင့်ရေးကို များစွာ အထောက်အကူဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏကို ကြည့်လျှင် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ဆောင်ရွက်လာနိုင်ခဲ့ပါကြောင်း၊ မြန်မာ-ထိုင်း ပုဂ္ဂလိကလုပ်ငန်းရှင် ကုန်သည်များ အချင်းချင်း စီးပွားရေး၊ ကုန်သွယ်ရေး တိုးမြှင့်ဆောင်ရွက်နိုင်ရန် MOU များ လက်မှတ်ရေးထိုးခဲ့သဖြင့် အထူးဝမ်းမြောက်ပါကြောင်း၊ ယခုကျင်းပသည့် ကုန်စည်ပြပွဲတွင် ပြခန်းပေါင်း ၃၀၀ ကျော် ခင်းကျင်းပြသပြီး မြန်မာနိုင်ငံဘက်မှ မြန်မာဖိနပ်များ၊ လက်ဖက်အစို၊ လက်ဖက်အခြောက်စသော စားသောက်ကုန်များ၊ မြန်မာတိုင်းရင်းဆေးများ၊ ရေထွက်ပစ္စည်းများ၊ ဝါးတူများစသည့် ပစ္စည်းများကို ပြခန်း ၁၃ ခန်းရယူ၍ ပါဝင်ပြသလျက်ရှိပါကြောင်း၊ ထိုင်းဘက်မှပြသသော စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များကိုလည်း မြန်မာပြည်သူများ ကြိုက်နှစ်သက်ကြပါကြောင်း၊ အထူးပြောကြားလိုသည်မှာ အရည်အသွေးနိမ့် သွင်းကုန်ပစ္စည်းများကြောင့် စားသုံးသူများထိခိုက်မှုမရှိစေရေး အကာအကွယ်ပေးရန်နှင့် နှစ်နိုင်ငံစားသုံးသူများကို ဘေးအန္တရာယ် မဖြစ်စေရေး အတွက် FDA စစ်ဆေးဆောင်ရွက်သင့်ပါကြောင်း၊ မှောင်ခိုကုန်သွယ်မှုများ လျော့နည်းကျဆင်း၍ တရားဝင်ကုန်သွယ်မှု လမ်းကြောင်းပေါ် ရောက်ရှိရေး ပူးပေါင်းလုပ်ဆောင်ရန်နှင့် တရားဝင်ကုန်သွယ်မှု ပိုမိုဆောင်ရွက်နိုင်ရန် ဥပဒေများနှင့်အညီ စနစ်တကျဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းနှင့် ယခုကုန်စည်ပြပွဲမှသည် နောင်အနာဂတ်တွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်လာနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီးနောက် ပြည်ထောင်စုဝန်ကြီး၊ ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများသည် တာ့ခ်ခရိုင်အုပ်ချုပ်ရေးမှူးက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ရေဝပ်ဧရိယာအတွင်း ကျရောက်သည့် လယ်ယာမြေများအတွက် လျော်ကြေးငွေပေးအပ်

မလှိုင် ဖေဖော်ဝါရီ ၂

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် တည်ဆောက်ခဲ့သော ချောင်းဇုန် ရေလှောင်တမံ၏ တမံအုကြောင်း၊ မြေငှားဧရိယာနှင့် ရေဝပ်ဧရိယာအတွင်း ကျရောက်ဆုံးရှုံးသွားသော လယ်ယာမြေများ အတွက် လျော်ကြေးငွေပေးအပ်ပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက ချောင်းဇုန်ရေလှောင်တမံ ရှင်းလင်းဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ချောင်းဇုန် ရေလှောင်တမံကို ၎င်း၏ အောက်ဖက် လေးမိုင်အကွာတွင်ရှိသော အလောင်းစည်သူ ဆည်ကို ရေသွင်း(ရေကူ)ပေးရန် ဒေသပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ရေရှားသည့်ဒေသများဖြစ်၍ သောက်သုံးရေဖူလုံစေရန်ရည်ရွယ်၍ ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် ခွင့်ပြုငွေကျပ် ၂၈၉၂ သန်းဖြင့် စတင်တည်ဆောက်ခဲ့ရာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် တည်ဆောက်ပြီးစီးခဲ့သည်။

အဆိုပါရေလှောင်တမံ၏ ရေဝပ်ဧရိယာ ၂၈၆၀၄ ဧကတွင် ပါဝင်သွားသော လယ်ယာမြေ၊ မြေငှားယူ(မြေထိုးယူ)သည့် ၆၂ ဒသမ ၃၃ ဧက၊ တမံအုကြောင်းနှင့် ရှင်းလင်းဆောင်အပါဝင် ဆုံးရှုံးသွားသော လယ်ယာမြေများအတွက် ရေငံ၊မြင်းတွင်း၊ လက်စွေ့၊ မြောက်လည်ကျေးရွာအုပ်စုများမှ တောင်သူ ၁၁၁ ဦးနှင့် ဝမ်းတွင်းမြို့နယ် ပင်းတလဲ ကျေးရွာမှတောင်သူလေးဦး စုစုပေါင်း တောင်သူ ၁၁၅ ဦးအတွက် လျော်ကြေး ငွေကျပ် သိန်း ၁၈၀၀ ကျော်ကို မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ ဦးအောင်သိန်းလှိုင်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ မြေအမျိုးစားလိုက်၍ လျော်ကြေးငွေကို တစ်ဧကလျှင် ငွေကျပ် သုံးသိန်းမှ ခြောက်သိန်းနှုန်းအထိ လည်းကောင်း၊ ထန်း၊ အုန်းနှင့် သရက် တစ်ပင်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်း၊ သနပ်ခါး တစ်ပင်လျှင် ၅၀၀၀ နှုန်းနှင့် ဇီးတစ်ပင်လျှင် ငွေကျပ် ၃၀၀၀ နှုန်း ပေးလျော်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပေးအပ်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးချိုဦးနှင့် တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲမှု ကော်မတီဝင်များနှင့် လျော်ကြေးလက်ခံမည့် တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အောင်ဌေး(မလှိုင်)

တဲကြီးကုန်းကျေးရွာ မောင်းတံဂိတ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ကောလင်း ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ မြို့မရဲစခန်း၏ အနောက်တောင်ဘက် တစ်မိုင်ခွဲခန့်ရှိ တဲကြီးကုန်းရွာ မောင်းတံဂိတ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကသာခရိုင် ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်အရ ကောလင်းမြို့နယ် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ဇော်မိုးသန့်သည် ရဲတပ်ကြပ် ဖြိုးမင်းထိုက်၊ နယ်ထိန်းရဲတပ်ကြပ် ရွှေဇင်အောင်၊ ရဲတပ်သား အောင်ကျော်မြင့်အဖွဲ့နှင့် ပူးပေါင်းပြီး မူးယစ်ဆေးဝါး သတင်းအရ သက်သေများနှင့်အတူ ကောလင်းမြို့ တဲကြီးကုန်းကျေးရွာ မောင်းတံဂိတ်တွင် စောင့်ဆိုင်းနေစဉ် လယ်ရင်းတဲကျေးရွာဘက်မှ တောလမ်းဘက်သို့ HONDA DREAM -125 အမျိုးအစား ၁ယ/--- အနီရောင် ခါးရှည်ဆိုင်ကယ်တစ်စီး မောင်းနှင်သွားသည်ကို တွေ့မြင်ရသဖြင့် ရပ်တန့်ရှာဖွေ စစ်ဆေးခဲ့သည်။

အဆိုပါ ဆိုင်ကယ်ကို ကောလင်းမြို့ ကျော်ဇေယျာရပ်နေ သက်ထွန်းဦး (၂၈ နှစ်) ဘူတာသုံးဘီးမောင်းမှ မောင်းနှင်ပြီး ၎င်း၏နောက်မှ လိုက်ပါလာသူ တစ်ရပ်တည်းနေ ထွန်းမြင့် (၄၅ နှစ်)ကို ရှာဖွေစဉ် ထွန်းမြင့် ဝတ်ဆင်ထားသည့် ပုဆိုးခါးပုံစ အတွင်းမှ ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့် အလေးချိန် ၀ ဒသမ ၄ ဂရမ်ခန့်စီပါ ပင်နီဆီလင် ပုလင်းသုံးလုံး စုစုပေါင်း အလေးချိန် ၁ ဒသမ ၂ ဂရမ် ကာလတန်ဖိုးငွေကျပ် ၁၂၀၀၀၀ ခန့်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ရဲအုပ် ဇော်မိုးသန့်က ဥပဒေအရအရေးယူပေးရန် တရားလိုပြုလုပ်တိုင်တန်းခဲ့ကြောင်း သိရသည်။

ထွန်းမြင့်၏ အစစ်ခံချက်အရ အခင်းဖြစ်သည့်နေ့ နံနက် ၁၀ နာရီခန့်က ကောလင်းမြို့နယ် လယ်ရင်းတဲကျေးရွာနေ မြင့်ငွေဆိုသူထံမှ ဘိန်းဖြူ ပင်နီဆီလင် ပုလင်းတစ်လုံးလျှင် ငွေကျပ် ၅၇၀၀၀ နှုန်းဖြင့် ပုလင်းသုံးလုံးဝယ်ယူလာစဉ် ဖမ်းဆီးခံရကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

မူးယစ်ဆေးဝါးနှင့်အတူ တွေ့ရှိသူ ထွန်းမြင့်နှင့် သက်ထွန်းဦးတို့နှစ်ဦးကို ကောလင်းမြို့မရဲစခန်းက အမှုဖွင့်ပြီး ဒုရဲအုပ် သန်းမင်းဌေးက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

ငနောင်မုန်းရေနံမှော်တွင် မီးလောင်မှုဖြစ်ပွား

မင်းလှ ဖေဖော်ဝါရီ ၂

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ရေနံမကျေးရွာ ငနောင်မုန်းရေနံမှော်တွင် ဇန်နဝါရီ ၃၀ ရက် ညနေ ၄နာရီ ၃၅ မိနစ်တွင် မီးလောင်မှုတစ်ခု နောက်တစ်ကြိမ်ထပ်မံဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရေနံမနယ်မြေ ရဲစခန်းတွင် ဒုရဲအုပ်မျိုးမင်းထွန်း ခေတ္တစခန်းမှူးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ငနောင်မုန်းရေနံမှော်တွင် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိ၍ သွားရောက်စစ်ဆေးခဲ့ရာ ယာပိုင်ရှင် ဦးတင်ရွှေ ယာခင်းထဲတွင် ရေနံကျင်းပိုင်ရှင် အောင်ကိုရေနံတွင်း၌ ဆီခပ်အလုပ်သမား အောင်စိုး နေရပ်လိပ်စာမသိမှာ ရေနံခပ်ရာမှ ရေနံခပ်ချက်နှင့် ရေနံကျင်းဝသို့ ပွတ်တိုက်ခါ ဂစ်ငွေ့မှ မီးကူးစက်ကာ မီးလောင်ကျွမ်းမှု စတင်ဖြစ်ပွားခဲ့ကြောင်း သိရှိခဲ့သဖြင့် ခေတ္တစခန်းမှူး အပါအဝင် ၁၀ ဦး၊ အရန်မီးသတ် ၁၀ ဦး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ငါးဦး၊ ပြည်သူလူထု ၁၅ ဦးခန့်ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါမီးလောင်မှုနှင့် ပတ်သက်၍ ခေတ္တစခန်းမှူးမျိုးမင်းထွန်းက တရားလိုပြုတိုင်တန်းခဲ့သဖြင့် ငနောင်မုန်းရေနံမှော် ဆီခပ်အလုပ်သမား အောင်စိုးကို ရေနံမနယ်မြေရဲစခန်းက စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မင်းထီး(ရေနံမ)

ပြည်သူ့အတွက် ထမ်းရွက်ကျေပွန် အားခွန်သစ်မွေး ရထားပို့ဆောင်ရေး

ယနေ့ ဒီမိုကရေစီအစိုးရလက်ထက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးတို့အတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် (၄)ရပ်ကို အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်နည်းတူ ပြုပြင်ပြောင်းလဲရေးလှိုင်း(၃)လှိုင်းကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်နှင့် ပြုပြင်ပြောင်းလဲရေးလှိုင်း အဆင့်ဆင့်ကို လေ့လာကြည့်လျှင် မူဝါဒချမှတ်သည့်အဆင့်မှသည် Technical Level အထိ ပြောင်းလဲလာခဲ့သည်မှာလည်း အထင်အရှားပင်ဖြစ်ပါသည်။

အုပ်ချုပ်ရေးယန္တရား ပြုပြင်ပြောင်းလဲရေးအတွက် အစိုးရအဖွဲ့ အစည်းအသီးသီးတို့သည် တစ်ဆင့်ပြီးတစ်ဆင့် အရှိန်မြှင့်ဖော်ဆောင်လျက်ရှိကြရာ နယ်ပယ်ကဏ္ဍအသီးသီး၌ လိုအပ်ချက်များ ရှိနေသေးသည်မှန်သော်လည်း အများပြည်သူဝန်ဆောင်မှုကဏ္ဍအတော်များများ၌ အချိန်တိုအတွင်း အကောင်အထည်ဖော်နိုင်မှုကြောင့် လတ်တလော အကျိုးရလဒ် (Quick Win)များ အတိုင်းအတာတစ်ခုအထိ ရရှိခံစားနိုင်ကြပြီဖြစ်သည်မှာလည်း လက်တွေ့မျက်မြင်ပင်ဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲရေးတို့မည်သည် လွယ်ကူချောမွေ့သည်ထက် ခက်ခဲကြမ်းတမ်း ရုန်းကန်ကျော်လွှားရသည့် သဘောသဘာဝက ပိုကဲတတ်သည်ဖြစ်ရာ ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ နိုင်ငံ့ဝန်ထမ်းအားလုံးတို့က မဆုတ်မနစ်သော ဇွဲလုံ့လ၊ ထက်သန်သောစိတ်ဓာတ်အားမာန်၊ ခိုင်မာသော ခံယူယုံကြည်ချက်များဖြင့် ရှေ့ခရီးကို မလွဲမသွေ ဆက်လက် လျှောက်လှမ်းကြရမည်သာဖြစ်ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည်လည်း နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ ပြုပြင်ပြောင်းလဲရေးလှိုင်းများနှင့် အတူ ထက်ကြပ်မကွာ လိုက်ပါကြိုးပမ်းဆောင်ရွက်ရင်း မိဘပြည်သူအားလုံးအတွက် အကောင်းဆုံးဝန်ဆောင်မှုများဖြင့် အလုပ်အကျွေးပြုနိုင်ရန် ဦးတည်ရည်မှန်း ဖော်ဆောင်လျက်ရှိပါသည်။ လိုအပ်ချက်များရှိနေဆဲဖြစ်သည့်နည်းတူ အောင်မြင်တိုးတက်မှုအတော်များများကိုလည်း ဆောင်ကြဉ်းပေးနိုင်ခဲ့ပြီဟု ဆိုနိုင်ပါသည်။ အဆိုပါဆောင်ရွက်ချက်များအနက်မှ ပြည်သူများ၏ နေ့စဉ်ဘဝရှင်သန်မှုများအပေါ် ထိရောက်စွာ အကျိုးကျေးဇူးပြုဝန်ဆောင်မှုပေးလျက်ရှိသော၊ ပြည်သူများ၏ နှစ်ခြိုက်လက်ခံအားပေးမှုကို ရရှိနေသော လုပ်ငန်းဆောင်ရွက်ချက်အချို့ကို ကောက်နုတ်တင်ပြအပ်ပါသည်။

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန လုပ်ငန်းစဉ်ဖြေလျှော့ဆောင်ရွက်ပေးခြင်းများ

လုပ်ငန်းလိုင်စင် ဆောင်ရွက်ရာတွင်(၂၀. ၆. ၂၀၁၁)ရက်နေ့မှစ၍ လုပ်ငန်း လာရောက်ဆောင်ရွက်သူ၏ မှတ်ပုံတင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(သို့မဟုတ်) ဓာတ်ပုံပါရှိသော စိစစ်ရေးကတ် တစ်ခုခုကိုသာ စိစစ်ပြီး လုပ်ငန်းဖြေလျှော့ဆောင်ရွက်ပေးခြင်း၊ (၂. ၁. ၂၀၁၂) ရက်နေ့မှစ၍ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ အခွန်ပေးဆောင်ပြီးကြောင်း စာရွက်စာတမ်းများကို စိစစ်ခြင်းမပြုတော့ဘဲ မိမိဌာန၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း၊ ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ စတင်၍ ညွှန်ကြားချက်အမှတ်(၁/၂၀၁၂)ဖြင့် လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြောင်းလဲဖြေလျှော့ ဆောင်ရွက်ခြင်း၊ (၂၄. ၅. ၂၀၁၂)ရက်နေ့မှစ၍ ကိုယ်ပိုင်စီးပွားရေး ကုန်စည်ပို့ဆောင်ခွင့် "င" လုပ်ငန်းလိုင်စင်ထုတ်ပေးရာတွင် မော်တော်ယာဉ် အတိုင်းအတာ (အလျား၊ အနံ၊ အမြင့်)တို့ကို ကန့်သတ်ခြင်းမရှိတော့ဘဲ နှစ်တန်နှင့် နှစ်တန်အောက်ယာဉ်များကို လုပ်ငန်းလာရောက်ဆောင်ရွက်သူ၏ လုပ်ငန်းလုပ်ကိုင်ကြောင်း ခံဝန်ချက်ဖြင့် ဖြေလျှော့ ဆောင်ရွက်ပေးခြင်း၊ (၁၀. ၆. ၂၀၁၃)ရက်မှစ၍ လုပ်ငန်းလိုင်စင်များ ထုတ်ပေးရာတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ ယာဉ်စစ်စေလွှတ်ခြင်းမပြုဘဲ ဆောင်ရွက်ပေးခြင်း စသည်ဖြင့် အဆင့်ဆင့်ဖြေလျှော့ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ ထိုသို့လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အဆင့်ဆင့်ဖြေ လျှော့ဆောင်ရွက်ပေးခဲ့သည့်အတွက် ပြည်သူများ စိတ်ချမ်းမြေ့စွာ၊ လွယ်ကူလျင်မြန်ချောမွေ့စွာ လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါသည်။

ခရီးသည်ပို့ဆောင်ရေးယာဉ်များကို စစ်ဆေးကြပ်မတ်ဆောင်ရွက်စဉ်။

သင့်မြတ်သူ(ပစန)

ယာဉ်မတော်တဆမှုများ လျော့နည်းစေရေး ထိန်းသိမ်းကြပ်မတ်ခြင်း

နိုင်ငံနှင့်အဝန်း မကြာခဏဖြစ်ပွားပျက်စီးဆုံးရှုံးနေရသည့် ယာဉ် မတော်တဆမှုများ၊ အထူးသဖြင့် ခရီးသည်ပို့ဆောင်ရေးယာဉ်များ ယာဉ်မတော်တဆမှု လျော့နည်းစေရေးအတွက် ဗဟိုကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဦးဆောင်၍ ဆက်စပ်သည့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကွပ်ကဲကြီးကြပ် ဆောင်ရွက်လျက်ရှိပါသည်။ ခရီးသည် ပို့ဆောင်ရေးယာဉ်များကို စစ်ဆေးကြပ်မတ်ခြင်း၊ ရှောင်ရန်၊ ဆောင်ရန်များ ရှင်းလင်းဆွေးနွေးခြင်း၊ စည်းကမ်းဖောက်ဖျက်မှုများကို ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ စနစ်တကျ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ခရီးသွားပြည်သူများ၏ အသက်အန္တရာယ်နှင့် လူမှုစီးပွားဘဝ ထိခိုက်မှုများကို အတိုင်းအတာတစ်ခုအထိ ကာကွယ်စောင့်ရှောက်ဝန်ဆောင်မှုပေးနိုင်ခဲ့ပါသည်။

ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေ(အသစ်)ရေးဆွဲခြင်း

လက်ရှိ တည်ဆဲဥပဒေအားခေတ်နှင့်လျော်ညီသော ဥပဒေဖြစ်စေရန် ကုန်လမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေကို အသစ်ပြန်လည်ရေးဆွဲပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ကာ သဘောထားရယူလျက်ရှိပါသည်။ အသစ်ရေးဆွဲသော ဥပဒေတွင် အခန်း(၁၅) ခန်း၊ ပုဒ်မ (၉၃)ခု ပါဝင်ပါသည်။

နေပြည်တော်ကောင်စီနယ်မြေရုံး အဆင့်မြှင့်ဖွင့်လှစ်ခြင်း

နေပြည်တော်ကောင်စီနယ်မြေသည် တိုင်းဒေသကြီးအဆင့်သို့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုးမြှင့်ဖွဲ့စည်းပြီးဖြစ်သဖြင့် (၂၄. ၅. ၂၀၁၂)ရက်နေ့မှစ၍ ခရိုင်ရုံး(ပျဉ်းမနား)ကို နေပြည်တော်ကောင်စီနယ်မြေရုံးအဖြစ် အဆင့်မြှင့်ဖွင့်လှစ်ပြီး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းသတင်း

ပေ ၄၀၀ အရှည်ရှိ မြို့နယ်ချင်းဆက် ကြံတိုင်းအောင် တံတားဖွင့်

ကျိုက်ထို ဖေဖော်ဝါရီ ၂

ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ်ကို ပိုင်းခြားထားသည့် သဲဖြူချောင်းကို ပြည်သူများ လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ရန် ရည်ရွယ်၍ စိတ်အကြံအောင် အဓိဌာန်တောင်ဆရာတော် ဘဒ္ဒန္တကဝိဇ ဦးစီး၍ ဒေသခံဆရာတော်များနှင့် အလှူရှင်များစုပေါင်းပြီး တည်ဆောက်ခဲ့သော အရှည်ပေ ၄၀၀ ရှိ ကြံတိုင်းအောင် တံတားဖွင့်ပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

တံတားဖွင့်လှစ်ရာတွင် ကျိုက်ထိုမြို့နယ်ဘက်မှ ပျဉ်းမစခန်းဆရာတော် ဦးဝိသုဒ္ဓနှင့် မွန်ပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဌေးလွင်တို့က လည်းကောင်း ဘီးလင်းမြို့နယ် ဝင်းသောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆရာတော်နှင့်ဧည့်သည်တော်များ အပါအဝင် ဘီးလင်းမြို့နယ်ဘက်မှစပြီး တံတားကို အမွှေးနံ့သာရည်များပက်ဖျန်းကာ တံတားကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မော်တော်ဆိုင်ကယ်နှင့် မိသားစုစီးယာဉ်ငယ်များကို ဖြတ်သန်းမောင်းနှင်စေပြီး ဆရာတော်သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ပြုလုပ်၍ အန္တရာယ် ကင်းပရိတ်တော်များကို ရွတ်ပွားပူဇော်ကာ လှူဒါန်းမှုအစုစုတို့အား ရေစက်သွန်းချအမျှပေးဝေခဲ့သည်။

အဆိုပါတံတားကို လွှတ်တော်ရန်ပုံငွေကျပ် ၄၉ သိန်းနှင့်အတူ ဆရာတော်ကြီးနှင့် အလှူရှင်များစုပေါင်း၍ တည်ဆောက်သော တံတားဖြစ်ပြီး အလျားပေ ၄၀၀၊ အနံ ၉ ပေ၊ အမြင့် ၁၅ ပေ ဖြစ်ပြီး သံကူကွန်ကရစ် ကြိုးထိန်းတံတားဖြစ်၍ စုစုပေါင်း ကုန်ကျငွေမှာ ငွေကျပ်သိန်း ၃၈၀ ကျော်ဖြစ်၍ တန်ဖိုးနှင့်အညီ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတို့ကို အထောက်အကူ ဖြစ်သည့်အတွက် တံတားနှင့် နီးစပ်သည့်ကျေးရွာများဖြစ်သည့် ချမ်းမြေ့ရွာနှင့် ကရဝိတ်ဆိပ်ကျေးရွာသူ ကျေးရွာသားများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ဝင်းမောင် (iprd)

သမဝါယမအသင်းများသို့ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေး

ဘိုကလေး ဖေဖော်ဝါရီ ၂

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမတွင် စိုက်ပျိုးထုတ်လုပ်ရေး အသင်းများသို့ စိုက်ရာသီ စိုက်ပျိုးစရိတ်ချေးငွေကျပ် ၆၈၆၅ ဒသမ ၁ သိန်း ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဆွေဝင်းက Exam Bank ချေးငွေသည် တစ်နှစ်ကို နှစ်ကြိမ် ရာသီဆပ်စနစ်ဖြင့် ထုတ်ချေးပေးထားပြီး အတိုးနှုန်းမှာ ငွေကျပ် ၁ ဒသမ ၅၀ နှုန်းဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်မည်ဖြစ်ကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်သမဝါယမအသင်းစု ဒုတိယဥက္ကဋ္ဌ ဦးခင်မြင့်က ထုတ်ချေးငွေများကိုသတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်ရေးရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးက ထုတ်ချေးငွေများကို ပေးအပ်ရာ အသင်း ၁၁၂ သင်းကိုယ်စား အသင်းသားတစ်ဦးက လက်ခံရယူသည်။ ဆက်လက်၍ မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိက သတ်မှတ်ကာလအမီ ပေးဆပ်နိုင်သော အသင်းခြောက်သင်းကို ဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

လှဲ့လှဲ့ (ပြန်/ဆက်)

ကောက်ရသော ရွှေဆွဲကြိုးပိုင်ရှင်ထံ ပြန်လည်ပေးအပ်

ရေကြည် ဖေဖော်ဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် အသုတ်မြို့၌ ရွှေဆွဲကြိုး သုံးမတ်သားတစ်ကုံး တန်ဖိုးငွေကျပ် ၅၅၀၀၀၀ ကို အောင်လျှပ်စစ်ပစ္စည်းအရောင်းဝန်ထမ်းမိန်းကလေးတစ်ဦးက ကောက်ရ၍ ဆိုင်ပိုင်ရှင်ဖြစ်သူ ဦးကိုအောင်အောင်က ဇန်နဝါရီ ၂၈ ရက်က ကောက်ရသောရွှေဆွဲကြိုးကို ပြန်လည်အပ်နှံရန် ပိုင်ရှင်ကိုစုံစမ်းရှာဖွေရာ သာပေါင်းမြို့နယ် ရုံးပင်ကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာနေ ဦးကိုထွေး-ဒေါ်စန်းမြင့်တို့ပိုင်ဆိုင်ကြောင်းသိရပြီး ဇန်နဝါရီ ၃၀ ရက်တွင် ဆိုင်ပိုင်ရှင်ဦးကိုအောင်အောင်နှင့် ပစ္စည်းကောက်ရသူ အရောင်းဝန်ထမ်း မမေသူဇာအောင်တို့က ပိုင်ရှင်များထံပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

မင်းဇော်ဦး(ရေကြည်)

စမ်းသပ်စိုက်ပျိုးထားသော ငရုတ်ရှည်မျိုးစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း၍ ကျေးလက်ဒေသခံများ အလုပ်အကိုင်များရရှိ

ဖြူး ဖေဖော်ဝါရီ ၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ဖြူးအရှေ့ဘက် ဖြူး-အုတ်ဖြတ်ကားလမ်း တံခွန်တိုင်ကျေးရွာအုပ်စု သဖန်းတန်းရွာအနီး ကားလမ်းနှင့်ဖြူးချောင်းကြားရှိ သဖန်းတန်းရွာမှ တောင်သူ ဦးအောင်စင်၏ လယ်မြေ ၄ ဧကနှင့်ဒသမ ၄၀၊ ဦးမြင့်နိုင်၏ လယ်မြေ နှစ်ဧကနှင့် ဒသမ ၅၀ တို့ကို ပြည်ပကုမ္ပဏီဖြစ်သည့် JIANG XINONG WANGHITH-Tech-Co.,Ltd. မှ စပါးများရိတ်သိမ်းပြီးချိန် အောက်တိုဘာ ၁ ရက်မှစတင်၍ လယ်မြေတစ်ဧကကျပ်လေးသိန်းပေး၍ ငှားရမ်းပြီး ငရုတ်ရှည်မျိုးများကို စမ်းသပ်စိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစမ်းသပ်စိုက်ပျိုးလုပ်ကိုင်ရာတွင် စိုက်ပျိုးရေးပညာရှင်နှင့်ကုမ္ပဏီပိုင်ရှင် Mr. Huang Xin Gen နှင့်မန်နေဂျာ YIN SHENG JIAN တို့ကြီးကြပ်၍ နိုင်ငံခြားငရုတ်သီးရှည်မျိုးများကို ဖြူးချောင်းမှရေတင်ပြီး ဒေသခံကျေးရွာများမှ အလုပ်သမား ၃၀၀ ခန့်ကို နေ့စဉ်အလုပ်ချိန်တစ်နေ့ ရှစ်နာရီ ငွေကျပ် ၃၀၀၀ ပေး၍ ငှားရမ်းစိုက်ပျိုးခဲ့ရာ ယခုအချိန်တွင် ငရုတ်ခင်းများမှာ အထူးအောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ငရုတ်ပင်များ၏ အပင်အမြင့်မှာ နှစ်ပေခွဲမှ သုံးပေခန့်ရှိပြီး အပွင့်အသီးများ ဝေဆာစွာဖူးပွင့်၍ သီးကင်းများစတင်သီးလျက်ရှိသည်ကို တွေ့ရသည်။ ယခုအခါ ငရုတ်ပင်များက အဖူးအပွင့်များ ဝေဆာစွာ ပွင့်ဖူးလျက်ရှိသဖြင့် အဖိုပွင့်များကို ခူးဆွတ်၍ ဝတ်မှုံများရယူပြီး အမပွင့်များကို ဆေးထိုးပိုက်ဖြင့် ဝတ်မှုံကူးခြင်းလုပ်ငန်းများကို ဒေသခံကျေးရွာများဖြစ်သည့် တံခွန်တိုင်၊ သဖန်းတန်း၊ ဝန်ထောက်စု၊ ဇီးကုန်းမြောက်ကမ်းရွာ၊ ဇီးကုန်းတောင်ကမ်းရွာ၊ မြို့ချောင်းရွာနှင့် ပဒတ်ခင်ရွာများမှ ဒေသခံ အလုပ်သမား ၃၀၀ ခန့်တို့မှာ နေ့စဉ်တစ်နေ့ရှစ်နာရီ ငွေကျပ် ၃၀၀၀ ဖြင့် အလုပ်အကိုင်များ ရရှိနေကြသဖြင့် အိုးမကွာ၊ အိမ်မကွာ အလုပ်အကိုင်အခွင့်အလမ်းများဖြင့် နေ့စဉ်ဝင်ငွေရရှိနေသဖြင့် ဝမ်းသာပျော်ရွှင်လျက်ရှိကြသည်။

အဆိုပါ ငရုတ်စိုက်ခင်းများမှ ငရုတ်အရှည်အသီးများမှာ အရှည်ခြောက်လက်မမှ ရှစ်လက်မခန့်ရှည်လာမည်ဖြစ်ပြီး မတ်လကုန်ပိုင်းတွင် ရင့်မှည့်မည်ဖြစ်၍ ငရုတ်သီးမှည့်များကို ငရုတ်မျိုးစေ့များကို ကြိတ်ခွဲစက်များဖြင့်ကြိတ်၍ မျိုးစေ့အားလုံးကို တရုတ်ပြည်သို့ ယူဆောင်သွားမည်ဟုသိရပြီး ယခုနှစ်စမ်းသပ်စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းပါက လာမည့်နှစ် ငရုတ်စိုက်ရာသီ၌ ယခုထက်တိုးချဲ့၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖြူးမြင့်ဦး

ပြည်တွင်းသတင်း

နှစ်နိုင်ငံ လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီက ကိုရီးယားသမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(KOICA) မှ အဆင့်မြင့်အရာရှိ Mr. Nam Kwon Hyoung ဦးဆောင်သော ပညာရှင်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံ လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ အပြန်အလှန် ဆွေးနွေးသည်။

နှစ်ဖက်ဆွေးနွေးရာတွင် Mr. Nam Kwon Hyoung က နှစ်နိုင်ငံအကြား သဘောတူညီချက်ရလဒ်အပေါ်တွင်အခြေခံ၍၊ ကျေးရွာသစ်စီမံကိန်း အကောင်အထည်ဖော်ရန်နှင့် ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း တည်ဆောက်ဖွင့်လှစ်နိုင်ရေး ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကိုရီးယားပညာရှင် ကျေးရွာသစ်စီမံကိန်း Project မန်နေဂျာ Mr. Sang Bong Im က ကျေးရွာသစ်စီမံကိန်းဆောင်ရွက်ရန် လုပ်ငန်းစဉ်တစ်ခုချင်းနှင့် အချိန်ဇယား ရေးဆွဲထားရှိမှုများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း (Post Harvest Technology Institute) ဖွင့်လှစ်နိုင်ရေး ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်နှင့် ပူးပေါင်းအကောင်အထည်ဖော်မည့် စီမံကိန်းမန်နေဂျာ Dr. KIM DONG MAN က ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်းဆိုင်ရာ ကိစ္စရပ်များအား ဆက်လက် ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ယခုနှစ်တွင် စတင်အကောင်အထည်ဖော်မည့် ကျေးရွာ ၁၀၀ ကျေးရွာသစ်စီမံကိန်းနှင့် ခေတ်မီအဆင့်မြင့် ဓာတ်ခွဲခန်းသုံး စက်ကိရိယာများ ပါဝင်သည့် ရိတ်သိမ်းချိန်လွန် နည်းပညာသုတေသနသင်တန်းကျောင်းအား နှစ်ဖက်နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အမြန်ဆုံးတည်ဆောက် အကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း။

နှစ်ဖက်အပြန်အလှန်ယုံကြည်မှု၊ ရင်းနှီးချစ်ခင်မှု၊ နားလည်မှုများဖြင့် လုပ်ငန်းစီမံကိန်းများကို စဉ်ဆက်မပြတ် ပူးပေါင်းအကောင်အထည်ဖော်ရေး နှစ်နိုင်ငံအကြား မှတ်တိုင်သစ်တစ်ရပ် စိုက်ထူအကောင်အထည်ဖော်သွားကြရမည် ဖြစ်ကြောင်းကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကိုရီးယားပညာရှင်များအဖွဲ့နှင့်အတူ စက်စက်ယိုဆည်ရေသောက်စနစ် တဆက်တစပ်တည်း ဧက ၉၀၀ စိုက်ကွင်း အတွင်းသို့ ရောက်ရှိကြပြီး ကိုရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့ နည်းပညာပူးပေါင်းဆောင်ရွက်နေသည့် Soil Complex Micro-Organism Test Field မြေဆီလွှာ အနုဇီဝမြေဆွေး မြေသြဇာစမ်းသပ်သုတေသန စိုက်ခင်းသို့ ရောက်ရှိကြပြီး သုတေသနပြု စိုက်ပျိုးထားသော ခရမ်းချဉ်သီးစိုက်ခင်း၊ အာလူးသီးနှံ၊ ပဲပုပ်သီးနှံ၊ ခရမ်းသီးနှံနှင့်ကညွတ်သီးနှံစိုက်ခင်းများ၊ နာနတ်သီးနှံစိုက်ခင်းများ၏ အောင်မြင်စွာဖြစ်ထွန်းနေမှုများကို ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် တဲကြီးကုန်းကျေးရွာအနီး၌ ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA)၏ အထောက်အပံ့အကူအညီဖြင့် လယ်ယာမြေ ၂၄၄ ဒသမ ၅ ဧက ဟက်တာ ၁၀၀ အား စက်မှုလယ်ယာမြေစနစ်သို့ မြေယာဖော်ထုတ်ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ လာရောက်လေ့လာကြသော တောင်သူလယ်သမားများအား စက်မှုလယ်ယာမြေစနစ် ဖော်ထုတ်ပြီးနောက်သိပ္ပံနည်းကျ (GAP)စိုက်နည်းစနစ်များနှင့် တစ်ဧကလျှင် တင်း ၂၀၀ ထွက်ရှိသော ပုလဲသွယ်စပ်မျိုးစပါးများကို တိုးချဲ့စိုက်ပျိုးခြင်းအားဖြင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည့် အလားအလာကောင်းများကို ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းအနီး ကိုရီးယားနိုင်ငံ ဈေးကွက်သို့ တင်ပို့ရောင်းချရန် မျိုးသန့်မျိုးပွား စိုက်ပျိုးထားသော ပိန်းဥစိုက်ခင်းများနှင့် ကညွတ်သီးနှံစိုက်ခင်းများ၏ အောင်မြင်ဖြစ်ထွန်းနေမှုများကိုလည်းကောင်း၊ ပုလဲသွယ်စပ်မျိုးစပါး တဆက်တစပ်တည်း ဧက ၁၀၀ မျိုးစေ့ထုတ် စိုက်ကွင်း၌ သက်တမ်း ၁၀ ရက်သားရှိ အဖိုလိုင်း(R) စပါးပင်များ ဖြစ်ထွန်းအောင်မြင်နေမှုများကိုလည်းကောင်း၊ အမလိုင်း(A) စိုက်ပျိုးရန် သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်ထားရှိမှုများအားလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး စိုက်ခင်း ပညာရှင်ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နံပါတ်မထုတ်သည့် ဆိပ်ကမ်းတင်မော်တော်ကားများ ဒဏ်ကြေးအသစ် ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂

ဖေဖော်ဝါရီ ၁ ရက်မှ စတင်ကာ ဆိပ်ကမ်းထုတ် နံပါတ်အလွတ် မော်တော်ကားများ နံပတ်ထုတ်ယူခြင်း မပြုပါက တင်သွင်းပြီး ၂၁ ရက်ကျော်သည့်ရက်မှစတင်ကာ စစ်ဆေးတွက်ချက်၍ တစ်နေ့လျှင် ငွေကျပ်သုံးထောင်နှုန်းဖြင့် နောက်ကြောင်းပြန်ကောက်ခံသွားမည် ဖြစ်ခြင်းကြောင့် မော်တော်ယာဉ် တင်သွင်းသူများအားလုံး ကနဦးနံပါတ်များ လာရောက်ထုတ်ယူရန်လိုအပ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် မော်တော်ကားများကို စနစ်တကျ မှတ်ပုံတင်ပြုလုပ်နိုင်ရေးအတွက် ဖြေလျှော့မှုအများအပြား လုပ်ဆောင်ပေးနေသော်လည်း အချို့တင်သွင်းယာဉ်များမှာ ကနဦးနံပါတ်ထုတ်ယူခြင်းမပြုဘဲ စီးနင်းနေကြသည်ကို မြင်တွေ့ကြရသည်။

ကညနမှ တရားဝင်သတ်မှတ်ချက်များအရ ဆိပ်ကမ်းထုတ်ယူထားပြီးပါက ကနဦးနံပါတ်ထုတ်ယူရမည်ဖြစ်ပြီးရက်ပေါင်း ၂၁ ရက်ကျော်လာပါက ဒဏ်ကြေးတစ်သိန်းပေးဆောင်ရန် သတ်မှတ်ထားခဲ့ရာ မော်တော်ယာဉ်အများစုမှာ တင်သွင်းပြီးသော်လည်း နံပါတ်လွတ်များဖြင့် အချိန်ကြာမြင့်စွာ ထားရှိသုံးစွဲနေကြသဖြင့် ဖေဖော်ဝါရီ ၁ ရက်မှစတင်ကာ ၂၁ ရက် ကျော်သည့် တင်သွင်းမော်တော်ယာဉ်များအနေဖြင့် တစ်နေ့လျှင် သုံးထောင်နှုန်းဖြင့် ဒဏ်ကြေး သတ်မှတ်လိုက်ခြင်း ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

"အများစုက နံပါတ်အလွတ်နဲ့ ဝယ်ရောင်း ပြန်လုပ်ကြတာရှိတယ်။ သူတို့က နံပါတ်ထုတ်တဲ့အချိန်ကျမှ ဒဏ်ကြေးတစ်သိန်းပေး ဆောင်ကြတယ်။ အခုရက်ပိုင်းမှာ ဒဏ်ကြေး ပြောင်းမှာစိုးလို့ နံပါတ်လာထုတ်တဲ့ သူတွေ ပြန်များလာတယ်။ တစ်ရက်ကို အစီးရေ ၁၀၀၀လောက်ရှိလာတယ်" ဟု ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

ထို့အပြင် ကညနသို့ ကနဦးနံပါတ်ထုတ်၊ ငွေစစ်လုပ်ငန်းများကို ဖေဖော်ဝါရီ ၁ ရက်မတိုင်မီ ဇန်နဝါရီ ၃၁ ရက် စနေနေ့တွင်လည်း ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် လာရောက်လုပ်ကိုင်နိုင်ကြောင်း သိရသည်။

"ဝယ်ရောင်းသမားတွေအတွက် အခက်အခဲ ဖြစ်လာနိုင်ပါတယ်။ ဒါပေမယ့် နိုင်ငံတော်အနေနဲ့ ကြည့်မယ်ဆိုရင် ဝင်ငွေတိုးမယ့်ကိစ္စဖြစ်ပါတယ်။ သို့သော် တိတိကျကျနဲ့ ပီပြင်အောင်လုပ်မှဖြစ်မယ်။ ကားဈေးကွက်တစ်ခုလုံးမှာ တင်သွင်းထားတာကြာပေမယ့် ဝယ်လက်နဲ့တွေ့မှ နောက်ဆုံးနံပါတ်ထုတ်ချင်လို့ ကားတွေလိုင်စင်မဝင်ဘဲ ထားကြတာ။ အခုလိုဆိုရင် ဈေးကွက်ထဲမှာ လှုပ်ခတ်မှုဖြစ်လာနိုင်တယ်"ဟု ဝယ်ရောင်း ကိုဇေယျာဝင်းက ပြောကြားသည်။

သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး(မြန်မာ့အလင်း)

မွန်အမျိုးသားနေ့အထိမ်းအမှတ် လှေလှော်ပြိုင်ပွဲကျင်းပ

ရေး ဖေဖော်ဝါရီ ၂

(၆၈)ကြိမ်မြောက် မွန်အမျိုးသားနေ့ အထိမ်းအမှတ် လှေလှော်ပြိုင်ပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက် ၁၁ နာရီက မွန်ပြည်နယ် ရေးမြို့သမိုင်းဝင်ရှေးဟောင်းမြကန်သာကျုံးတော်ကြီး၌ စည်းကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၅ သင်း ယှဉ်ပြိုင်ကြသည့်အနက် ဝဲရက်ကျေးရွာအသင်းနှင့် အောင်မေတ္တာရပ်ကွက်အသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်လှော်ခတ်ရာတွင် အောင်မေတ္တာရပ်ကွက်အသင်းက နှစ်ပွဲပြတ် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။ ဆက်လက်ပြီး ဆုပေးပွဲကျင်းပရာ ပြိုင်ပွဲဝင်ဆုရစတုတ္ထဆုရသော ကျောက်မိချောင်းကျေးရွာအသင်းနှင့် အားကစားသမားများအား မြို့နယ်ရဲမှူးမြင့်သော်က တတိယဆုရရှိသော အောင်မင်္ဂလာရပ်ကွက်အသင်းနှင့် အားကစားသမားများအား မွန်အမျိုးသားနေ့ ဗဟိုကျင်းပရေးကော်မတီ ဒုဥက္ကဋ္ဌ နိုင်ကျော်စိုးကဒိုင်းဖလားကို ဒုတိယဆုရရှိသော ဝဲရက်ကျေးရွာအသင်းနှင့် အားကစားသမားများအားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်ကဒိုင်းဖလားကို ၎င်းပထမဆုရရှိသော အောင်မေတ္တာရပ်ကွက်အသင်းနှင့် အားကစားသမားများအား အမှတ်-၁၉ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ဒုတိယဗိုလ်မှူးကြီးလင်းထွဋ်စိုးကလည်းကောင်း ဒိုင်းဖလားနှင့်အတူ တာဝန်ရှိသူများကဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

နေမျိုးထွဋ် (ရေး)

လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ပဉ္စမပွဲစဉ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် Junior Golf Myanmar (JGM)မှ ကြီးမှူးကျင်းပသော 5th Junior Golf Myanmar Tournament 2015 ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် နံနက် ၇ နာရီက ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေး၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်ကြည်၊ ဦးမင်းသိန်းနှင့် ဦးတင့်ဦး၊ အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဂေါက်သီးရိုက်အားကစားဝါသနာရှင်များတက်ရောက်ကြသည်။

ရှေးဦးစွာ ဂေါက်သီးရိုက်လူငယ်အားကစားသမားများသည် တီခုံ(၁) (Tee-1)၌ နေရာယူကြပြီး မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေး၊ JGM မှ အတွင်းရေးမှူး ဦးမြင့်အောင်၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် ရန်ကုန်ဂေါက်ကွင်း အတွင်းရေးမှူးဦးအောင်ကြည်တို့က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲတွင် ၂၄ နှစ်အောက်သက်တန်းတွင် အမျိုးသား ၁၅ ဦးနှင့် အမျိုးသမီး တစ်ဦး ၊ ၁၅ နှစ်အောက်သက်တန်းတွင် အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီးတစ်ဦး၊ ၁၂ နှစ်အောက်သက်တန်းတွင် အမျိုးသားခုနစ်ဦးနှင့်အမျိုးသမီးသုံးဦး၊ ၁၀ နှစ် အောက်သက်တန်းတွင် အမျိုးသား လေးဦးနှင့် အမျိုးသမီးတစ်ဦး စုစုပေါင်း အမျိုးသား အမျိုးသမီး ၃၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

နိုင်ငံတကာအားကစားသတင်း

နိုင်ပွဲပြန်ယူမယ့် ဘိုင်ယန်မြူးနစ်ရဲ့ ပွဲစဉ် (၁၉)

ဂျာမနီမြေက ဘွန်ဒက်စ်လီဂါပွဲစဉ် (၁၉) ကိုဖေဖော်ဝါရီ ၄ ရက်မှာ ယှဉ်ပြိုင်ကစားကြပါလိမ့်မယ်။ အရှိန်အဟုန်ရနေပြီ ဖြစ်တဲ့ဘွန်ဒက်စ်လီဂါ ပြိုင်ပွဲဟာ တစ်ပွဲထက်တစ်ပွဲ ပြိုင်ဆိုင်မှု ပြင်းထန်နေပြီး ပြတ်သားတဲ့ရလဒ်တွေကို အပြိုင်ပုံဖော်နေကြတာမို့ ပွဲတိုင်းအားပေးရဦးမှာ ဖြစ်ပါတယ်။

ဒီတစ်ပတ် ပွဲစဉ်မှာတော့ ထိပ်ဆုံးက ဘိုင်ယန်မြူးနစ်ကို ရှော်လ်ကေးတို့ အခက်တွေ့အောင် ကစားနိုင်ဦးမလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်နှင့် ရှော်လ်ကေး

ပထမအကျော့ ရှော်လ်ကေးကွင်းမှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့လို့ အခုပွဲမှာတော့ ဘိုင်ယန်မြူးနစ်တို့ ဖိဖိစီးစီးကစားပါလိမ့်မယ်။ ဘိုင်ယန်မြူးနစ်တို့က ဘွန်ဒက်စ်လီဂါဖလားအတွက် ရလဒ်ကောင်းတွေချည်း ဆောင်ကြဉ်းနိုင်ဖို့ အားထုတ်နေပြီး အစဉ်အလာအရ ဘိုင်ယန်မြူးနစ်ကွင်းမှာ ရှော်လ်ကေးတို့ နိုင်ပွဲရခဲ့တာနည်းတာမို့ အိမ်ရှင်တို့အတွက်ပဲ အနိုင်သတ်မှတ်ရမှာပါ။

ဖရန့်ဖတ်နှင့် ဝုဖ်ဘတ်

ဘိုင်ယန်မြူးနစ်ကို အိမ်ကွင်းမှာ ဂိုးပြတ်သွင်းပြီး နိုင်ပွဲရပ်တန့်စေခဲ့တဲ့ ဝုဖ်ဘတ်အတွက် အခုပွဲမှာတော့ ဖရန့်ဖတ်ကို ထင်တိုင်းကြဲလို့တော့မရနိုင်ပါဘူး၊ ဖရန့်ဖတ်ဟာ အိမ်ကွင်းကစားရ ခက်တဲ့အသင်းဖြစ်ပြီး ဝုဖ်ဘတ်ကို ခြေရည်တူ ကစားနိုင်ပါတယ်။ ဒါပေမယ့် စိတ်ဓာတ်တက်ကြွစေတဲ့ ဝုဖ်ဘတ်ကစားသမားတွေက ဒီပွဲကိုအနိမ့်ဆုံး သရေတစ်မှတ်ရအောင်ယူပါလိမ့်မယ်။

ဟော့ဖန်ဟိမ်းနှင့် ဝါဒါဘရီမင်

ပထမအကျော့ တစ်ဂိုးစီသရေပွဲဖြစ်ထားလို့ ဒီပွဲမှာ ဝါဒါဘရီမင်တို့ ခြေကုန်ထုတ်ပြီး ရလဒ်ပြတ်သားအောင် ကြိုးစားပါလိမ့်မယ်။ ဟော့ဖန်ဟိမ်းဟာ အိမ်ကွင်းစိတ်ဓာတ်နဲ့ ဝါဒါဘရီမင်ကို ခုခံကစားမှာဖြစ်ပြီး အခုတစ်လောပွဲတိုင်းကို ရမှတ်ရအောင်ယူတတ်တဲ့ အိမ်ရှင်ဟာ အခုပွဲမှာ တစ်မှတ်ရရင် ကျေနပ်ရမှာဖြစ်ပါတယ်။

ဟန်နိုဗာနှင့် မိန့်ဇ်

တစ်လှည့်စီအနိုင်ယူနေတတ်တဲ့ နှစ်သင်းတွေ့ဆုံမှုက ပွဲကောင်း ဖြစ်လာပါလိမ့်မယ်။ ဟန်နိုဗာဟာ အိမ်ကွင်းမှာ တုံ့ပြန်မှုမာကျောပြီး ပြိုင်ဘက်တွေကို အခက်တွေ့အောင် ကစားနိုင်ပါတယ်။ ပထမအကျော့ပွဲစဉ်မှာ တစ်ဂိုးစီသရေပွဲဖြစ်ထားတာမို့ အခုပွဲမှာ ဟန်နိုဗာတို့ သုံးမှတ်ပြည့်ယူဖို့ ကြိုးစားပါလိမ့်မယ်။

ဟာသာဘာလင်နှင့် လေဗာကူဆင်

ပထမအကျော့လေဗာကူဆင်ကွင်းမှာ ဟာသာဘာလင်တို့ လေးဂိုး-နှစ်ဂိုးနဲ့ ရှုံးပွဲ ကြုံထားပါတယ်။ ဟာသာဘာလင်တို့က ခံစစ်ပိုင်းအားနည်းကာ မပြုပြင်ရင်တော့ လေဗာကူဆင်တို့ကို အမှတ်တွေ အကုန်ပေးရပါလိမ့်မယ်။

ကိုလုံးနှင့် စတုဂတ်

နှစ်သင်းစလုံးအားထုတ်မှု တူညီကြတဲ့ အသင်းတွေဖြစ်ပြီး စွမ်းဆောင်မှုပိုင်းမှာတော့ စတုဂတ်တို့က လတ်တလောကောင်းမွန်နေပါတယ်။ ပထမအကျော့ပွဲစဉ်မှာ ကိုလုံးတို့က နှစ်ဂိုးပြတ်နိုင်ပွဲရထားတာမို့ အခုပွဲမှာတော့ စတုဂတ်တို့ အလှည့်ပါပဲ။

ဒေါ့မွန်နှင့် အော့စ်ဘတ်

ရလဒ်တွေကောင်းအောင်ပြန်ကြိုးစားနေတဲ့ ဒေါ့မွန်ဟာ အိမ်ကွင်းမှာ ရှန်းအားကောင်းတာမို့ အော့စ်ဘတ်တို့ သိပ်မလွယ်ပါဘူး။ ဒေါ့မွန်ကွင်းမှာ အော့စ်ဘတ်တို့ တစ်မှတ်လောက်ပဲ မျှော်လင့်လို့ရမှာပါ။

မိုးမြင့်လင်းလက်

လီဗာပူးတိုက်စစ်ဖြည့်မယ့် စတာရစ်ပြန်လာပြီ

လီဗာပူးအသင်းရဲ့ အဓိကတိုက်စစ်မှူး ဖြစ်တဲ့ စတာရစ်ဟာ ဒဏ်ရာရနေရာမှ ပြန်လည်ကစားနိုင်ခဲ့ပြီဖြစ်ပါတယ်။ သူပြန်လာပြီး ဝက်စ်ဟမ်းကို နှစ်ဂိုး ပြတ်နဲ့နိုင်တဲ့ပွဲမှာပဲ သူက ဂိုးသွင်းပေးနိုင်ခဲ့ပါတယ်။ ဝက်စ်ဟမ်းကို အနိုင်ရတဲ့ ဒီပွဲဟာ လီဗာပူးရဲ့ ပရီမီယာလိဂ် ခြောက်ပွဲမှာငါးပွဲမြောက်အနိုင်ရခဲ့တဲ့ပွဲလည်း ဖြစ်ပါတယ်။ လီဗာပူးအတွက် ဒီပွဲမှာ အဖွင့်ဂိုးကိုတော့ စတာရင်းက သွင်းယူခဲ့တာပါ။ ငါးလကြာအသင်းနဲ့ ကင်းကွာနေတဲ့ စတာရစ်ကတော့ ဒီပွဲမှာလူစားအနေနဲ့ ပါဝင်ခဲ့ရပြီး ပွဲပြီးဖို့ ၁၀ မိနစ်အလိုမှာ ဂိုးသွင်းယူခဲ့တာ ဖြစ်ပါတယ်။ စတာရစ်ဟာ စက်တင်ဘာလကတည်းက အင်္ဂလန်အသင်းအတွက် ကစားပေးချိန် ခြေသလုံး ကြွက်သားနဲ့ ပေါင်ဒဏ်ရာရခဲ့ပြီး အနားယူခဲ့ရပါတယ်။ သို့သော်လည်း အသက် ၂၅ နှစ်အရွယ်ရှိ စတာရစ်ဟာ ဩဂုတ် ၃၁ ရက်က အနီရောင် အင်္ကျီဝတ်ဆင်လျက် ပထမဆုံး ကစားခဲ့ပါတယ်။ စတာရစ်အနေနဲ့ တွဲဖက်ညီတဲ့ စတာရင်းနဲ့အတူ လီဗာပူးတိုက်စစ်အတွက် အကောင်းဆုံး ကစားပေးနိုင်တော့မှာ ဖြစ်ပါတယ်။ တိုက်စစ်အားကောင်းလာတဲ့ လီဗာပူးအသင်းဟာ လာမယ့်ပြိုင်ပွဲများမှာ အနိုင်ကစားပြီး ချန်ပီယံလိဂ် စာရင်းဝင် ထိပ်ဆုံးလေးနေရာအရောက် တက်လှမ်းဖို့ မျှော်လင့်ထားတယ်လို့ဆိုပါတယ်။ လက်ရှိအခြေအနေမှာတော့ ရမှတ် ၃၈ မှတ်နဲ့ နံပါတ် ၇ နေရာမှာ ရှိနေပါတယ်။ လာမည့်ဖေဖော်ဝါရီ ၇ ရက်မှာတော့ ရော်ဂျာရဲ့ လီဗာပူးဟာ အဲဗာတန်နဲ့ ကစားရမှာဖြစ်ပါတယ်။ လီဗာပူးနည်းပြရော်ဂျာကလည်း သူ့အသင်းအနေနဲ့ ပုံမှန်ခြေစွမ်းရနေပြီလို့ ဆိုပါတယ်။

မထင်မှတ်ဘဲ ဆီမီးတက်လာတဲ့ အီကွေတိုရီရယ်ဂီနီ

အာဖရိကဖလားမှာ မထင်မှတ်ဘဲ အောင်မြင်မှုတွေရနေတဲ့ အသင်းကတော့ အိမ်ရှင် အီကွေတိုရီရယ်ဂီနီပါပဲ။ အီကွေတိုရီရယ်ဂီနီအသင်းဟာ ကွာတားဖိုင်နယ်မှာ တူနီးရှားကို နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ပြီး ဆီမီးဖိုင်နယ်ကို တက်သွားပါပြီ။ ဒီပွဲမှာ တူနီးရှားက ဦးဆောင်ဂိုးသွင်းယူခဲ့ပေမယ့် ပွဲချိန် မိနစ် ၉၀ ရောက်မှ အိမ်ရှင် အီကွေတိုရီရယ်ဂီနီက ပယ်နယ်တီဂိုးနဲ့ ချေပဂိုးရပြီး အချိန်ပိုမှာ ဘော်ဘိုယာက ၂၅ ကိုက်ကနေ အလွတ်တည်ကန်ဘောသွင်းပြီး အနိုင်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဒီအနိုင်ပွဲရလဒ်ကြောင့် အီကွေတိုရီရယ်ဂီနီအသင်းဟာ အကြိုဗိုလ်လုပွဲအဖြစ် ကြာသပတေးနေ့မှာ ဂီနီ သို့မဟုတ် ဂါနာအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ အီဘိုလာရောဂါကြောက်တဲ့ မော်ရိုကိုနိုင်ငံက အိမ်ရှင်ကျင်းပခွင့်ကို အီကွေတိုရီရယ်ဂီနီသို့ လွှဲပြောင်းပေးခဲ့ပြီးနောက် ယခုအခါမှာတော့ အီကွေတိုရီရယ်ဂီနီအသင်းဟာ မထင်မှတ်ဘဲ အောင်မြင်မှုတွေ ဆက်တိုက်ရရှိနေပါတယ်။ အခြားသော ကွာတားပွဲအဖြစ် ကွန်ဂိုအသင်းနဲ့ ကွန်ဂိုဒီအာအသင်းတို့ ယှဉ်ပြိုင်ကစားရာမှာတော့ ကွန်ဂိုဒီအာက လေးဂိုး-နှစ်ဂိုးနဲ့နိုင်ပြီး ဆီမီးတက်ခဲ့ပါတယ်။

ကောင်းမြတ်သူ-စုစည်းသည်

ရွှေပြည်ဟိန်းမိုးကောင်းတံတား တည်ဆောက်ခြင်းပါဝင်လှူဒါန်းနိုင်

(Account No.0073020070169030l)

သီတဂူရွှေပြည်ဟိန်းစက္ကူဒါနဆေးရုံ အလင်းဒါန ပါဝင်လှူဒါန်းနိုင်

စက်ရုံဂိုဒေါင် (၃)လုံးနှင့် လူနေတိုက်ခန်းငှားရန်ရှိသည်

စက္ကူပုံးထုတ်လုပ်သည့်စက်အားလုံးနှင့် စက္ကူလိပ်လက်ကျန်များ ရောင်းချရန်ရှိသည်။
(က) လှိုင်သာယာစက်မှုဇုန် III ဂိုဒေါင် Sqft (1) 75' x 137', (2) 22' x 137', (3) 84' x 37' ငှားရန်ရှိသည်။
(ခ) လူနေတိုက်ခန်း 1000 Sqft
(ဂ) စက္ကူပုံးထုတ်လုပ်သည့်စက်အားလုံးနှင့် စက္ကူလိပ်လက်ကျန်များ ရောင်းချရန်ရှိသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၂၀၇၀၆၊ ၀၁-၆၈၅၆၂၃၊ ၀၁-၆၈၅၆၃၈

ကျေးဇူးဆပ်ပါမည်

ကျွန်မ မဇာခြည်အောင် ၁၂/လသန(နိုင်)၀၁၈၇၄၈၏ မြန်မာနိုင်ငံကူးလက်မှတ် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၂၅၄၀၄၅၁၉၉

ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၉-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ(၆)ကန့်ကွက်ကြော်ငြာ မြောက်ဥက္ကလာပမြို့နယ် GP-ဒေါ်နန်းချိုချိုပြုံး၏ မြေပုံကူးတွင် ပိုင်ဆိုင်စာချုပ်ရန်အစား ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/4466 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ဃ/၂၈၈၃ Toyota Alphard, M/B (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးလှထွန်း ၁၂/မဂတ(နိုင်)၀၈၇၄၁၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဂ/၃၈၉၀ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

ပြည်တွင်းသတင်း

တနင်္ဂနွေပိတ်ရက်တွင် မိုးပွင့်စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များထုတ်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်အရှေ့ပိုင်းခရိုင်မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရပ်ကွက် (၂၀) တွင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့် (အထူး) စီမံချက်ဖြင့် ခရိုင်လဝက ဦးစီးမှူး ဦးတင်မောင်ဦးနှင့်မြို့နယ်လဝက ဦးစီးမှူး ဦးခင်မောင်ညွန့်တို့က ဇန်နဝါရီ ၁ ရက်မှ စတင်ကာ အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့်မွေးရာပါနိုင်ငံသားများအားနိုင်ငံသား စိစစ်ရေးကတ်များ ထုတ်ပေးခြင်း၊ အိမ်ထောင်စုစာရင်း လုပ်ငန်းများဆိုင်ရာ ပျက်စီး/ပျောက်ဆုံးမိတ္တူများထုတ်ပေးခြင်းကို တစ်နေရာတည်းအပြီး ဆောင်ရွက်ပေးခြင်း (One Stop Services) စနစ်ဖြင့် ရပ်ကွက်များသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁ ရက်တနင်္ဂနွေရုံးပိတ်ရက်၌ သိမ်ဖြူမီးရထားရပ်ကွက် သာသနဟိတမဏ္ဍာရုံတွင် ဒုတိယအကြိမ်အဖြစ် ကွင်းဆင်းဆောင်ရွက်ပေးမည် ဖြစ်သည်။**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

စဉ့်ကူးမြို့တွင် ဘောလုံးပွဲမကျင်းပနိုင်သည်မှာ နှစ်အတန်ကြာ

စဉ့်ကူး ဖေဖော်ဝါရီ ၂

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် ဘောလုံးကွင်းကြီးရှိသော်လည်း ဘောလုံးပွဲများ ကျင်းပခြင်း မရှိတော့၍ ဘောလုံး ချစ်သူများ ဘောလုံးပွဲ မကြည့်ရသည်မှာ နှစ်အတန်ကြာပြီဖြစ်ကြောင်း သိရသည်။

ပြည်သူများ ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည် မြင့်မားရေးတို့အတွက် လူငယ်များအပါအဝင် ဗလငါးတန် ဖွံ့ဖြိုးရေးကို ရည်ရွယ်၍ နိုင်ငံတကာအဆင့်မီ အားကစားကွင်းများ၊ အားကစားရုံများ ဖော်ထုတ်ဆောင်ရွက်နေချိန်တွင် စဉ့်ကူးမြို့နယ်၌ အားကစားပွဲများ အဆင့်မြင့်တင်ဆောင်ရွက်နိုင်မှုများ မရှိတော့သည်မှာကြာပြီဖြစ်သည်။ စဉ့်ကူးမြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် အားကစားကွင်းတစ်ကွင်းရှိသော်လည်း အကန့်အသတ်များရှိနေသည်။

လက်ရှိအားကစားနှင့် ကာယပညာဦးစီးဌာနပိုင် မြို့နယ်ဘောလုံးအားကစားကွင်းမှာ မိုးတွင်းကာလတွင် ရေကြီးနစ်မြုပ်လျက်ရှိပြီး ပွင့်လင်းရာသီတွင်လည်း ချုံနွယ်များနှင့် အမှိုက်ပုံများဖြင့် အမြင်မကောင်း ဖြစ်နေသည်။

သက်ဆိုင်ရာ တာဝန်ရှိသူများ အနေဖြင့် အဆိုပါ အားကစားကွင်းကို အများပြည်သူများ ရာသီမရွေး ကစားနိုင်ရန်အတွက် အဆင့်မြင့်တင်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်နေကြောင်းနှင့် ဘောလုံးချစ်သူများအတွက် အထိမ်းအမှတ်ဘောလုံးပွဲများနှင့် ဖိတ်ခေါ်ဘောလုံးပွဲများ ကျင်းပပေးရန် အားကစား ဝါသနာရှင်ပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။ **ဝင်းမောင်**

မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများ သဘာဝအရင်းအမြစ်များ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ် မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပင်မအစီအစဉ် (GMS Core Environment Program) တို့ ပူးပေါင်း၍ စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများ အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများကို ဇန်နဝါရီ ၂၇ ရက် မှ ၂၉ ရက်အထိ ကျင်းပလျက်ရှိရာ သဘာဝအရင်းအမြစ်များ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဒေါက်တာသက်သက်ဇင်၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်း၊ အာရှ ဖွံ့ဖြိုးရေးဘဏ်၊ အရှေ့တောင်အာရှဌာန၊ ညွှန်ကြားရေးမှူးချုပ် Mr. James Nugent ၊ မဟာမဲခေါင်ဒေသခွဲ နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ် (ယူနန်နှင့် ကွမ်စီပြည်နယ်)၊ လာအို၊ မြန်မာ၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့မှ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းအဆင့်မြင့်အရာရှိကြီးများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ဆွီဒင်နိုင်ငံအစိုးရ၊ ဖင်လန်နိုင်ငံတို့မှ ကိုယ်စားလှယ် လူငယ်အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၂၆၇ ဦးတက်ရောက်ကြသည်။

အခမ်းအနားတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်၊ အရှေ့တောင်အာရှဌာန၊ ညွှန်ကြားရေးမှူးချုပ် Mr. James Nugent တို့က အမှာစကားပြောကြားသည်။ နံနက်ပိုင်းဆွေးနွေးပွဲတွင် မဟာမဲခေါင်ဒေသခွဲအတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးအတွက် သဘာဝအရင်းအမြစ်များ၏ အခန်းကဏ္ဍကို အဆင့်အလိုက် ဖော်ထုတ်ရန်၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေးအတွက် သဘာဝအရင်းအမြစ်များနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုအလေ့အကျင့်ကောင်းများနှင့် အတွေ့အကြုံများကို ဆွေးနွေးကြသည်။ မွန်းလွဲပိုင်းဆွေးနွေးပွဲတွင် ဆုံးဖြတ်ချက်များ ချမှတ်ရာ၌ သဘာဝအရင်းအမြစ်များအား ထည့်သွင်းစဉ်းစားခြင်းအကြောင်းအရာနှင့်ပတ်သက်၍ လုပ်ငန်းအဖွဲ့ သုံးဖွဲ့ခွဲကာ ပြည်သူ့မူဝါဒများအတွင်း သဘာဝ အရင်းအမြစ်များကို ထည့်သွင်းပေါင်းစပ် ဆောင်ရွက်ခြင်း၊ အခြေခံအဆင့်တွင် သဘာဝအရင်းအမြစ်များကို ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရာတွင် သဘာဝအရင်းအမြစ်များကို ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ခြင်း အကြောင်းအရာများကို ဆွေးနွေးကြသည်။ ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက မဟာမဲခေါင်ဒေသခွဲအတွင်း သဘာဝအရင်းအမြစ်များတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း အရေးပါပုံနှင့် ပတ်သက်၍ ဆွေးနွေးပွဲမှလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အကြောင်းအရာများကိုလည်းကောင်း၊ သဘာဝအရင်းအမြစ်များ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန် ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေခြင်း အကြောင်းအရာကိုလည်းကောင်း ဆွေးနွေးကြသည်။

ဇန်နဝါရီ ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့သည့် ဆွေးနွေးပွဲမှ ရရှိသည့် အကျိုးရလဒ်များကို ဇန်နဝါရီ ၂၉ ရက်တွင် ကျင်းပသည့် စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးများ အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပင်လယ်ပြင်၌စကားများရန်ဖြစ်ပြီး ဓားဦးချွန်ဖြင့်ထိုး

ရေး ဖေဖော်ဝါရီ ၂

မွန်ပြည်နယ် ရေးမြို့နယ် ရေမိုင် ၄၀ ခန့်အကွာ ကပ္ပလီပင်လယ်ရေပိုင်နက်ဖြစ်သော မကျီးကျွန်းအနီး ပင်လယ်ပြင်၌ ငါးဖမ်းလျက်ရှိစဉ် ဇန်နဝါရီ ၃၀ရက် မွန်းလွဲ ၁ နာရီက ငါးဖမ်းစက်လှေပေါ်ပါ လှေလုပ်သား ဇော်ဝင်း (၄၂နှစ်) ကျောက်တန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူနှင့် ရေလုပ်သားမင်းဆွေဦး (၄၂နှစ်) လပွတ္တာမြို့နယ် ဧရာဝတီတိုင်းဒေသကြီးနေသူတို့မှာ လှေပေါ်၌ စကားများရန်ဖြစ်ပြီး မင်းဆွေဦးက လှေပေါ်ရှိ ပိုက်ဖာဓား အလျား ခြောက်လက်မ၊ ဗျက် ၁ လက်မခန့်ရှိ ဓားရိုးမပါ သံဖြတ်လွှဖြင့်ပြုလုပ်ထားသည့် ဓားဦးချွန်ဖြင့် ဇော်ဝင်းအား ထိုးခဲ့၍ ဇော်ဝင်းမှာထိုနေရာ၌ ပင်သေဆုံးခဲ့ပြီး လှေပဲ့နင်း ဦးထွန်းလင်းအောင်က ရေးရဲစခန်းသို့ ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၁ နာရီက တိုင်တန်းမှုပြုလုပ်ကာ ရေးရဲစခန်းမှ အဆိုပါ သေဆုံးမှုများနှင့်ပက်သက်၍ ရဲအုပ် ဆန်းဝင်းခေတ္တစခန်းမှူးက အသေးစိတ် စစ်ဆေးလျက်ရှိကြောင်းသိရသည်။

နေမျိုးထွဋ် (ရေး)

မြေ၊ အိမ်၊ အဆောက်အအုံ၊ တိုက်ခန်း၊ မော်တော်ယာဉ် အစရှိသည့် အခြေပစ္စည်းများအပေါ် အခွန်ဆိုင်ရာ ရှင်းလင်းမှုများ ဆောလျင်စွာ ဆောင်ရွက်ကြပါရန် အသိပေးကြေညာခြင်း

၁။ မြေ၊ အိမ်၊ အဆောက်အအုံ၊ တိုက်ခန်း၊ မော်တော်ယာဉ် အစရှိသည့်အခြေပစ္စည်းများ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းများအပေါ် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန် ထမ်းဆောင်နိုင်ရန်အတွက် ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ဖြင့် ကာလတန်ဖိုးစိစစ်သတ်မှတ်ပေးလျက်ရှိပါသည်။

၂။ ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့မှ အခြေပစ္စည်းနှင့်ပတ်သက်၍ ကာလတန်ဖိုးစိစစ်သတ်မှတ်ပေးပြီးဖြစ်သော်လည်း သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် အခွန်စည်းကြပ်မှုခံယူရန် အကြောင်းအမျိုးမျိုးကြောင့် ပျက်ကွက်နေသည်များရှိကြောင်း မှတ်တမ်းများအရ စိစစ်တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ အခြေပစ္စည်းနှင့်ပတ်သက်၍ ၃၁-၃-၂၀၁၄ ရက် မတိုင်မီက ကာလတန်ဖိုး စိစစ်သတ်မှတ်ပေးပြီး ဖြစ်သော်လည်း ၃၁-၃-၂၀၁၅ ရက်အထိ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ ဆက်သွယ်စည်းကြပ်မှုခံယူခြင်းမရှိပါက ကာလတန်ဖိုးစိစစ်သတ်မှတ်ချက်စာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ပါသည်။ အဆိုပါသတ်မှတ်ကာလ ကျော်လွန်မှ စည်းကြပ်မှုခံယူပါက အခြေပစ္စည်းနှင့်ပတ်သက်၍ လက်ရှိကာလတန်ဖိုးဖြင့် ပြန်လည်သတ်မှတ်စည်းကြပ်သွားမည်ဖြစ်ပါသည်။

၄။ အလားတူ ၁-၄-၂၀၁၅ ရက်မှစတင်၍ အခြေပစ္စည်းနှင့်ပတ်သက်သည့်ကာလ တန်ဖိုးစိစစ်သတ်မှတ်ပေးပြီးဖြစ်သော်လည်း ကာလတန်ဖိုးစိစစ်သတ်မှတ်သည့် နေ့ရက်မှ တစ်နှစ်အတွင်း အခွန်စည်းကြပ်မှုခံယူခြင်းမရှိပါက ကာလတန်ဖိုး စိစစ်သတ်မှတ်ချက်စာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံအရှေ့စက်မှုဇုန်အပိုင်း(၁)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၃/စက်မှုမြေကွက်အမှတ် ၁၁၅) ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးနေဝင်းဆွေ ၁၂/ကမရ(နိုင်)၀၃၃၃၇၈ ထံမှ စာချုပ်စာတမ်းဖြင့် တရားဝင်ဝယ်ယူထားသော Perfect Gear Limited ကုမ္ပဏီ၏အမည်ဖြင့် မြေငှားဂရန်ထုတ်ယူခွင့်ပြုပါရန် ကုမ္ပဏီကိုယ်စား ဒေါ်ခင်အေးလွင် ၁၂/လမတ(နိုင်)၀၀၀၀၄၇ မှ လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

စီးပွားရေးတက္ကသိုလ် (၁၉၆၄-၆၈) ဘွဲ့ရသူငယ်ချင်းများ၏ (၁၂)ကြိမ်မြောက် မိတ်ဆုံခရီးစဉ်

ခရီးစဉ် - ရန်ကုန်-အောင်သိဒ္ဓိဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ လှည်းကူးမြို့ (နေ့ချင်းပြန်)ခရီးစဉ်
ရက်စွဲ - ၁၂-၂-၂၀၁၅ ရက် (ကြာသပတေးနေ့) ပြည်ထောင်စုနေ့
အချိန် - နံနက် ၆း၀၀ နာရီ စတင်၊ ညနေ ၆း၀၀ နာရီ ပြန်ရောက်
စုရပ်နေရာ - စီးပွားရေးတက္ကသိုလ် (ရန်ကုန်)

လိုက်ပါလိုသူများ ဒေါ်ခင်ဝင်းရီ ဖုန်း-၀၁-၃၈၄၁၀၀ နှင့် ဒေါ်နန်းမေစန်း ဖုန်း-၀၁-၃၇၇၂၉၀၊ ၀၉-၅၁၈၅၁၁၁ တို့ထံ ဆက်သွယ်စာရင်းပေးပို့ပါရန်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူစုစုပေါင်း ၃၀၂ ဦးအား လျှုဒါန်းမည်ဖြစ်ပါသည်။



ဖခင်အမည်မှန်

ဝန်းသိုမြို့နယ်၊ အထက၊ တက္ကသိုလ်ဝင်တန်း(D)မှ မအိအိသင်း၏ ဖခင်အမည်မှန်မှာ ဦးညွန့်မောင် ၅/ဝသန(နိုင်)၀၄၇၃၁၅ ဖြစ်ပါကြောင်း။

ဦးညွန့်မောင်

မြန်မာနိုင်ငံဗိသုကာအသင်း
OCYA (Orientation Course for Young Architects) လုပ်ငန်းခွင်ဝင် မွမ်းမံသင်တန်းဖွင့်မည်

လုပ်ငန်းခွင်ဝင်ရန် လူငယ်ဗိသုကာများအတွက် Orientation Course for Young Architects အမှတ်စဉ် (၀၄/၂၀၁၅)ကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသောကြောင့် မြန်မာနိုင်ငံဗိသုကာအသင်းနှင့် ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါပြီ။

တက်ရောက်ခွင့်ရှိသူ - AMA အသင်းဝင် လူငယ်ဗိသုကာများ။
သင်တန်းကာလ - ၃ ရက် (၇ ရက်မှ ၉ ရက် ဖေဖော်ဝါရီထိ)
သင်တန်းကြေး - တစ်သောင်းကျပ်(စာရွက်စာတမ်းကြေးများပါပြီး)
သင်တန်းချိန် - နံနက် ၉ နာရီမှ ညနေ ၅း၁၅ နာရီအထိ
သင်တန်းနေရာ - မြန်မာနိုင်ငံဗိသုကာအသင်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (တတိယထပ်)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
စာရင်းပေးသွင်းရန် - ၅ ရက် ဖေဖော်ဝါရီလ နောက်ဆုံးထားပြီး အသင်းသို့ ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

မြန်မာနိုင်ငံဗိသုကာအသင်း
ဖုန်း-၀၉-၇၃၁၅၄၄၆၀

လူပျောက်ကြော်ငြာ

မခင်နှင်းဝေ အသက်(၁၈)နှစ်၊ (အဖ) ဦးကျော်ကျော်ဝေ၊ ဗမာ၊ ဗုဒ္ဓဘာသာ၊ (နိုင်ငံသားစိစစ်ရေးကတ်မရှိ)သည် ၁၄-၁၁-၂၀၁၄ ရက် ည ၈ နာရီခန့်တွင် စိန်ပန်းလမ်းနှင့် မနော်ဟရီလမ်းကြား၊ အမှတ် ၁၀၁၊ မြို့သစ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်နေအိမ်မှ ထွက်သွားပြီး ပြန်မလာ၍ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် အသိပေးအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - ဒေါ်ခင်ဌေး
၆၄ လမ်း၊ စိန်ပန်းလမ်းနှင့် မနော်ဟရီလမ်းကြား၊ အိမ်အမှတ်(ဃ-၂/၁၀၁)၊ မြို့သစ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ ဖုန်း-၀၉-၂၅၉၀၀၅၄၈၈၊ ၀၉-၂၀၀၇၈၁၈၊ ၀၉-၇၉၈၇၀၃၁၈၅

ကြော်ငြာ

GMGA ရွှေမန္တလေး ဂေါက်သီးရိုက်အသင်း ပထမအကြိမ်နှစ်ပတ်လည်အသင်းသားစုံညီ ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် Amateur Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဖိတ်ကြားလွှာ

GMGA ရွှေမန္တလေး ဂေါက်သီးရိုက်အသင်း၏ တစ်နှစ်ပြည့်အထိမ်းအမှတ် နှစ်ပတ်လည်အသင်းသားစုံညီ ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲနှင့် ညစာစားပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် အသင်းသားအားလုံး (22.2.2015) ရက်နေ့တွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

GMGA အသင်းကြီးမှ ကြီးမှူး၍ သီးသန့်ပါသနာရှင် Golfer များ၏ စေတနာကူညီပံ့ပိုးမှုဖြင့် Amateur Open ပြိုင်ပွဲကို(၄)ရက်ဆက်တိုက် ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း မြန်မာတစ်နိုင်ငံလုံးရှိ Golfer များအား ဖိတ်ကြားအပ်ပါသည်။

စာရင်းပေးသွင်းရန်

GMGA ရုံးခန်း - 09-976002505,401542393

ရွှေမန်းတောင် ဂေါက်ကွင်း - 02-75898

ရေတံခွန်တောင်ဂေါက်ကွင်း - မြင့်ကို Pro-Shop 09-2052157

Pro ဦးမင်းနိုင် - 09-2015467 Pro ဦးသန်းဇင် (ချစ်ကောင်း) 09-2026566

ပြိုင်ပွဲကျင်းပမည့်ရက် - 19.2.2015 မှ 22.2.2015ထိ

ပြိုင်ပွဲနေရာ - ရေတံခွန်တောင် ဂေါက်ကွင်း၊ မန္တလေးမြို့

(နောက်ဆုံးစာရင်းသွင်းရမည့်ရက် - 16.2.2015)

ဗူဒိ ဓမ္မ သံဃံ

(ကျွမ်းကျင်ဝန်ထမ်း အမြန်အလိုရှိသည်)

၁။	အရောင်းဝန်ထမ်းကျွမ်းကျင် (ဘွဲ့ရ)	(အခြေခံလစာ - 120000/-)	မ (၂) ဦး
၂။	လက်ထောက်စာရင်းကိုင် (ဘွဲ့ရ)	(အခြေခံလစာ - 90000/-)	မ (၂) ဦး
၃။	အရောင်းဝန်ထမ်းသစ် (၁၀တန်း)	(အခြေခံလစာ - 75000/-)	ကျား/မ (၂) ဦး
၄။	လက်ထောက်မန်နေဂျာ (ဘွဲ့ရ)	(အခြေခံလစာ - 90000/-)	ကျား (၂) ဦး
၅။	စတိုတာဝန် (၁၀တန်း)	(အခြေခံလစာ - 75000/-)	ကျား/မ (၂) ဦး
၆။	ညဘိုင်ဝန်ထမ်း (၈တန်း)	(အခြေခံလစာ - 60000/-)	ကျား (၂) ဦး

(OT ကြေး + ရက်မှန်ကြေး + Bonus သီးခြားရမည်) (အလုပ်ချိန် မနက် ၈ နာရီ မှ ညနေ ၆ နာရီ ထိ)

* တစ်လလျှင် (၄) ရက်ပေးမည်။ နေစရာထောက်ပံ့ရန် ရှိပါ၏

ဖိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း

* အမှတ် (၉၁၀)၊ အောင်တော်မူလမ်းမကြီး၊ အမှတ် (၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်။ ဆက်သွယ်ရန်ဖုန်း - 8100184 , 8100694 , 09 - 73043826

လမ်းညွှန် ⟶ တောင်ဒဂုံ KBZ Bank အနီး၊ တောင်ဒဂုံ ကညနရုံး အနောက်ဘက်ခြမ်း၊

* လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ မှတ်ပုံတင်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ၊ တစ်လအတွင်းရိုက်ကူးထားသော ဓာတ်ပုံ (၂)ပုံ၊ မှတ်ပုံတင်၊ သန့်ရှင်းကြောင်း ထောက်ခံစာတို့နှင့်အတူ အထက်ပါလိပ်စာသို့ လူကိုယ်တိုင် အမြန်ဆုံး လာရောက် လျှောက်ထားနိုင်ပါသည်။

မှတ်ချက်။ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အတွင်း နေထိုင်သူများသာ လျှောက်ထားရန်ဖြစ်ပါသည်။

စာပေထုတ်ဝေဖြန့်ချိရေးအမည်အမှတ်အသားအသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် (၃၃)လမ်း အမှတ် (၁၃၀) မြေညီထပ်နေ ဦးသန်းဆောင် (၁၂/ဗဟန(နိုင်)- ၂၈၀၀၃၃) သည် အောက်ဖော်ပြပါ စာပေထုတ်ဝေဖြန့်ချိရေး လုပ်ငန်း အမည်အမှတ်အသားကို တည်ဆဲဥပဒေနှင့်အညီ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး တွင် မှတ်ပုံတင်အမှတ် - ၃၀၇၂ /၀၉၈၅ အရ ဦးသန်းဆောင်ထံတွင်သာ မူပိုင်အဖြစ် မှတ်ပုံတင် ထားရှိပြီး ဖြစ်ပါသည်။

အဆုံးပြုမည့် စာပေထုတ်ဝေဖြန့်ချိရေးအမည်အမှတ်အသား

ပန်းတိုင် စာပေ

မှတ်ပုံတင်စာချုပ်အမှတ်-၃၀၇၂ /၀၉၈၅

အထက်ဖော်ပြပါ ပန်းတိုင် စာပေအမည်ဖြင့် အမည်အမှတ်အသားကို မှတ်ပုံတင်သွင်း ကြေညာသူ ဦးသန်းဆောင် သည် စာအုပ်စာပေများထုတ်ဝေခြင်း ဖြန့်ချိခြင်း စသည့် လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပါသည်။ အဆိုပါ အမည်အမှတ်အသားဖြင့်သာ စာရွက်စာတမ်း များ ရေးသားဆိုင်းဘုတ် ... အထက်ဖော်ပြပါ ပန်းတိုင် စာပေထုတ်ဝေဖြန့်ချိရေးအမည်အမှတ်အသားကို အလွယ်တကူ အမျိုးမျိုး အရောင်အမျိုးမျိုး ... ပြုလုပ်၍ ... အသုံးပြုသွားမည် ဖြစ်ပါသည်။ ... Letter Head ... အသုံးပြုသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ... အမည် အမှတ်အသားကို ... ပြုလုပ်အသုံးပြုပါက တရား ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

ပန်းတိုင်စာပေ၊ စာပေထုတ်ဝေဖြန့်ချိရေးလုပ်ငန်း၏ လွှဲအပ်ညွှန်ကြားချက်အရ -

ဦးမင်းလွင်ထွန်း LL.B
အထက်တန်းရှေ့နေ (စဥ်-၂၁၂၉၈)

ဒေါ်မြင့်မြင့်ဇော် LL.B
အထက်တန်းရှေ့နေ (စဥ်-၂၁၂၅၀)

အမှတ်-၈၃၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မဝင်းဝင်းဇင် သိရှိစေရန်

အခန်းပိုင်ရှင်နှင့် အမြန်ဆက်သွယ်ရန်၊ သတ်မှတ်ကာလ ခုနစ်ရက် ကျော်လွန်ပါက မဝင်းဝင်းဇင်၏တာဝန်သာဖြစ်ပါသည်။ **အခန်းပိုင်ရှင်**

အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ (၄)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ် ဖုန်း-၀၁-၂၅၀၀၈၂၊ ၀၁-၃၈၈၆၅၆၊ ၀၉-၅၁၂၄၅၂၆

အနန္တဆုံးနိုင်ကြောင်းကြော်ငြာ

CROWN EDUCATION

ဆွစ်ဇာလန်နိုင်ငံဟိုတယ်ကြီးများတွင် Internship / Work placement အစီအစဉ်ပါဝင်သော

"HOTEL AND TOURISM MANAGEMENT ဘာသာရပ်ဆိုင်ရာသိကောင်းစရာများဆွေးနွေးပွဲ"

- ဆွစ်ဇာလန်နိုင်ငံတွင် စာသင်ကာလ(၆)လနှင့် ဆွစ်ဟိုတယ်ကြီးများတွင် လစာရ အလုပ်သင် (၆)လသာဖြင့် လေ့လာသင်ယူခွင့်ရရှိမည့် ဘွဲ့ ကြီး၊ ဘွဲ့လွန်သင်တန်းများ
- ဆွစ်ဇာလန်နှင့် ယူကေတက္ကသိုလ်များမှ Double Degree နှင့် Triple Master ပေးအပ်ချီးမြှင့်မည့် HTMi ၏ ပရိုဂရမ်များ
- မြန်မာနိုင်ငံမှ ဘွဲ့ရများအတွက် Post Graduate Diploma in (International Hotel & Tourism Management), (Hotel Event Management) လျှောက်ထားနိုင်ခွင့်များ
- ကျောင်းပြီးပါက နိုင်ငံတကာထိပ်တန်းဟိုတယ်ကြီးများ၌ ကမ်းလှမ်းလာသော အလုပ်အကိုင် အခွင့်အလမ်းများအကြောင်းကို HTMi ၏ တာဝန်ရှိသူမှ ရှင်းလင်းဆွေးနွေးပေးမည်။

HTMi

Feb 7

10:00 am - 12:00 noon

CROWN Education Office

01 527 838
09 730 40 688
09 50 85 185

ကြော်ငြာ

မြေကွက်များဝယ်လိုသည်

ဒဂုံအရှေ့၊ ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်းမြို့နယ်များရှိမြေကွက်များ ဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

ဖုန်း-၀၉-၂၆၀၆၆၄၄၈၀၊ ၀၉-၂၆၀၆၆၄၄၉၀

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၅၁၉၄၃ Kenbo CZI-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဆန်းလင်း၉/မဟမ(နိုင်)၀၂၂၈၄၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

[illegible]

လင်မယားကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် ဦးဝင်းမောင် ၁၂/လမန(နိုင်)၀၄၃၄၃၅နှင့် ကျွန်မဒေါ်ခင်အေးဝင်း ၁၂/လမန(နိုင်)၀၄၃၄၃၆တို့သည် အကြင်လင်မယားဖြစ် ကွာရှင်းပြတ်စဲထားသည်မှာ အနှစ် ၂၀တိုင်ခဲ့ပါသည်။ သားသမီးသုံးဦးမှာလည်း ဖခင်နှင့်အတူ နေထိုင်လျက်ရှိပါသည်။ ဒေါ်ခင်အေးဝင်းနှင့် ပတ်သက်သော ကိစ္စရပ်အားလုံးသည် ဦးဝင်းမောင် မိသားစုနှင့် လုံးဝမသက်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းမောင်
၁၂/လမန(နိုင်)၀၄၃၄၃၅
မိသားစု

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် ၁၂၈/ခ၊ မြေကွက်တည်နေရာ အမှတ် ၁၂၈/ခ၊ ရန်ပြေတိုးချဲ့ ၁ လမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်ဒေါ်လှိုင်ကြည် အမည်ပေါက် နှစ် ၆၀ဂရန် မြေအား အမည်ပေါက် ဒေါ်လှိုင်ကြည်(မိခင်)နှင့်ဦးခင်မောင်(ဖခင်)ကွယ်လွန်တို့တွင် သမီးနှစ်ဦးမွေးဖွားခဲ့ပြီး သမီးတစ်ဦးဖြစ်သူ ဒေါ်ခင်လှိုင်(မိခင်)နှင့် ၎င်း၏ ခင်ပွန်းဖြစ်သူ ဦးလှညွန့်(ဖခင်)တို့ ကွယ်လွန်သဖြင့် ၎င်းတို့အစုအတွက် အမွေမမီမြေးနှင့် သမီးတော်စပ်သူ မဇင်ဖြူဖြူသန့်နှင့် မနှင်းဝတ်ရည်တို့ နှစ်ဦးအနက် မဇင်ဖြူဖြူသန့်သည် ကွယ်လွန်သဖြင့် ကျန်သမီးနှင့် မြေးတော်စပ်သူ မနှင်းဝတ်ရည် ၁၂/သကတ(နိုင်)၁၅၈၀၄၀နှင့် ကျန်အမွေဆိုင်တစ်ဦးဖြစ်သူ ဒေါ်ခင်မျိုးသန်း၁၂/သကတ(နိုင်)၀၄၄၁၃၈တို့က ပူးတွဲလျက် သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့်ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြင့်ဦးလွင် - မြေကွက်ရောင်းမည်
"နှင်းလှသောရွာမြေ" ပိုင်ဆိုင်မှုခိုင်မာသည်
GU - (70' x 70') ဈေးနှုန်း - 360 သိန်း
ဆက်သွယ်ရန် - 09-250136302

"လှည်းကူးမြေကွက်" ရောင်းမည်
GU - (60' x 120') ဈေးနှုန်း - 330 သိန်း
GU - (60' x 120') ဈေးနှုန်း - 640 သိန်း
ဆက်သွယ်ရန်ဖုန်း - 09-49709415 (ပွဲစားမခေါ်)

ဖြူးဆရာတော်ကြီး၏တပည့်ကြီး
ဖြူးမဟာစည်ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ၏ အထူးတရားပွဲ

ဖြူးမဟာစည်သာသနာ့ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာန နာယကဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ နိုင်ငံတော်ဓမ္မကထိက ဗဟုဇန ဟိတဓရ၊ ပြည်တွင်း ပြည်ပမဟာစည်နာယက၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ Ph.D၊ သာသနာပြုနယ်လှည့်ဓမ္မကထိက အရှင်သူမြတ်သည်
* မြောင်မြို့နယ်၊ အုန်နဲ့ဘုတ်ရွာဓမ္မသဘင်၊ * မင်းဘူးနာရေးကူညီမှုအသင်းဓမ္မသဘင်၊ * အုတ်တွင်းမြို့ဓမ္မသဘင်၊ * ဖြူးမြို့၊ ပရိယတ္တိမူလစာမေးပွဲဓမ္မသဘင်၊ * ဖြူးမြို့နယ်၊ ဝဲကြီးရွာဓမ္မသဘင်၊ *အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့ဓမ္မသဘင်၊ * ကျိုက်လတ်မြို့၊ ကြံတာရွာဓမ္မသဘင်၊ * ချောက်မြို့၊ ဆုတောင်းပြည့်ဘုရားဓမ္မသဘင်၊ * မိတ္ထီလာမြို့၊ ရန်အောင်ဆွမ်းလောင်းအသင်းဓမ္မသဘင်၊ * ရန်ကုန်မြို့၊ စမ်းချောင်း၊ ကံမြင့်ကျောင်းတိုက်ဓမ္မသဘင်၊ * ရန်ကုန်မြို့၊ အင်းစိန်၊ ကွက်သစ်ရပ်ဓမ္မသဘင်၊ * ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြကန်သာအိမ်ရာဓမ္မသဘင်၊ * ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဓမ္မရက္ခိတဖြူးမဟာစည်သာသာနာ့ရိပ်သာကျောင်းတိုက်၊ ဦးတင်စိုး-ဒေါ်အေးအေးစန်းမိသားစုတို့၏ သာမဏေကျော် ရဟန်းခံ၊ ရှင်ပြု၊ အလှူတော်မင်္ဂလာ ဓမ္မသဘင်၊ * မုံရွာမြို့၊ ဆုတောင်းပြည့်ဘုရားဝင်းအတွင်း ရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာဓမ္မသဘင်၊ * ရန်ကုန်မြို့၊ သာကေတ၊ နွယ်အေးရပ် ဓမ္မသဘင်၊ နိုင်ငံတော်ဘွဲ့လက်မှတ် ကပ်လှူပူဇော်ပွဲဓမ္မသဘင်၊ * ဖားကန့်မြို့နယ်၊ လုံးခင်းမြို့ဓမ္မသဘင်၊ * ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ ဓမ္မရက္ခိတဖြူးမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ဦးမြင့်ဇော်-ဒေါ်နွယ်နွယ်အောင်မိသားစုတို့၏ သိက္ခာထပ်၊ ရဟန်းခံ၊ ရှင်ပြု၊ အလှူတော်မင်္ဂလာဓမ္မသဘင်၊ * မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ကံကြီးကုန်းမြို့သစ် ဓမ္မသဘင်၊ * ရေဦးမြို့နယ်၊ ပင်စိမ်းကင်းရွာဓမ္မသဘင်၊ * ကန့်ဘလူမြို့နယ်၊ ဓိကုန်းမြို့၊ ထန်းတပင်ရွာဓမ္မသဘင်၊ * ပဲခူးမြို့၊ ပုဏ္ဏားစုရပ်ကွက်၊ ဓမ္မသဟာယနလုံးလှဓမ္မသဘင်၊ * တွံတေးမြို့နယ်၊ ကျောက်စရစ်ကုန်းရွာ ဓမ္မသဘင်၊ * ရန်ကုန်မြို့၊ သာကေတ၊ သဒ္ဒါရုံလမ်းဓမ္မသဘင်၊ * ရေဦးမြို့နယ်၊ မုံတိုင်ပင်ရွာ၊ ရဟန်းခံ၊ ရှင်ပြုအလှူတော် မင်္ဂလာဓမ္မသဘင်၊ * ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့ဓမ္မသဘင်၊ * ရန်ကုန်မြို့၊ တောင်ဒဂုံ (၁၀၆)ရပ်ကွက်ဓမ္မသဘင်၊ * ဖြူးမြို့နယ်၊ ကျွန်းကုန်းရွာဓမ္မသဘင်၊ * ပဲခူးမြို့၊ (၇၇)တပ်မအနီး၊ မြို့ဦးကျောင်းဓမ္မသဘင်၊ * ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်ဓမ္မသဘင်၊ * ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်ပေးမည်ဖြစ်ပါသည်။ ဆရာတော်၏ တရားပွဲများကို ပင့်လျှောက်လိုပါက-

ဖုန်း- ၀၉-၅၃၉၀၄၁၇၊ ၀၁-၅၃၀၀၆၈၊ ၀၁-၅၃၀၁၁၃၊ ၀၅၄-၄၀၇၇၁၊ ၀၅၄-၄၀၀၁၂၊ ၀၉-၅၀၁၇၅၅၄၊ ၀၉-၅၀၅၆၁၀၇၊ ၀၉-၂၅၀၂၁၄၉၇၇၊ ၀၉-၂၅၃၆၉၉၆၇၉ တို့သို့ ဆက်သွယ်ပင့်လျှောက်နိုင်ပါသည်။

အများသိစေရန်ကြေညာချက်

ဦးဇော်ရဲနိုင်နှင့် ဒေါ်နန်ဂျာတို့က တရားလိုပြုလုပ်၍ ဦးသိန်းထွန်း၊ ဒေါ်ဂျင်မီ၊ ဦးသန့်စင်တို့အပေါ် တရားဝင်မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ မြေကွက်လက်ရောက်ပေးအပ်စေလိုမှု စွဲဆိုသည့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမကြီးမှုအမှတ် ၁၂၇/၂၀၁၄ တွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅၊ လူနေရပ်ကွက်အမှတ် သမိုင်း၊ မြေကွက်အမှတ် ၃/B၊ ဧရိယာ ၂ ဒသမ ၅ ဧကရှိ မြေကွက်အား ယာယီမှတ်ပုံတင်စာချုပ်အမှတ် ၃၀၃၁/၂၀၁၄ ဖြင့် ဆောင်ရွက်ထားခြင်းအပေါ် တရားဝင်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် မပြုလုပ်ရန် ဦးသိန်းထွန်း၊ ဒေါ်ဂျင်မီ၊ ဦးသန့်စင်တို့အပေါ် တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်းဥပဒေ-၁ အရ ၁၅-၁-၂၀၁၅ ရက်တွင် ယာယီတားဝရမ်းထုတ်ဆင့်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်ရဲနိုင်၊ ဒေါ်နန်ဂျာတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လှလှလွင်(စဉ်-၅၇၇၃) ဦးထွန်းထွန်းနိုင်(စဉ်-၃၅၅၃၄) ဒေါ်လဲ့လဲ့ဝင်း(စဉ်-၃၉၈၈၀)
ဒေါ်လွင်မာ(စဉ်-၈၉၀၉) ဒေါ်သန္တာမော်(စဉ်-၃၉၂၄၂) ဒေါ်ဆုမွန်ထက်(စဉ်-၄၁၆၀၁)

တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေများ

အမှတ် ၅၅ (ဒုတိယထပ်)၊ အခန်း-၇၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈

ဒေါ်ဝင်းဝင်းမြင့် အထက(၃) မြောက်ဒဂုံ (ငြိမ်း)
အသက် (၆၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ အမှတ် ၁၅၉ နေ (ဦးအုန်းညွန့်-ဒေါ်သိန်းစိုး)တို့၏သမီး၊ (ဦးအုန်းမောင်-ဒေါ်သန်းသန်း)တို့၏ ချွေးမ၊ ဦးငွေအောင်(မန်နေဂျာ၊ မြန်ရွှေပြည်ထရက်တာလီမိတက်)၏ဇနီး၊ ဒေါ်နီနီမာ (ငြိမ်း၊ ပြန်/ဆက်)၏ ညီမ၊ ဦးသိန်းကျော်-ဒေါ်သဇင်ပြုံး (အမက ၁၁၊ ရန်ကင်း)၊ ဒေါက်တာကြည်မျိုး-ဒေါ်လှလှခိုင်(တောင်တွင်းကြီး)၊ ဦးမြင့်ကျော်-ဒေါ်တင်တင်နွဲ့၊ ဦးညီညီထွေးတို့၏ အစ်မသည် ၁-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၄း၂၀နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၅ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

ဦးဝင်းကျော် ပုံဆွဲ(၃)ဗိသုကာဦးစီးဌာန(ငြိမ်း)
ဆောက်လုပ်ရေး၊ နေပြည်တော်
အသက်(၄၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ၂၀/၁၈၆၊ ဦးအောင်ဇေယျလမ်း၊ ရွှေပေါက်ကံမြို့သစ်နေ ဦးအုန်းသိန်း[လ/ထ၊ အင်/ယာ၊ မြို့ပြ(ငြိမ်း)၊ ဆလရ၊ လမ်းအထူး(၁၆)]-ဒေါ်သန်းအေးတို့၏သားကြီး၊ ဒေါ်ချိုချိုသိန်း(ကထိက၊ သမိုင်းဌာန၊ ဒဂုံတက္ကသိုလ်)-ဦးတင်မောင်ရွှေ(မန်နေဂျာ၊ လုံခြုံရေး၊ M.O.G.E နေပြည်တော်)၊ ဦးမြင့်သိန်း(မြို့နယ်ဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီး၊ ကြာအင်းဆိပ်ကြီး)-ဒေါ်ဝင်းလဲ့ဦး (ဒုဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီး၊ ရန်ကုန်)၊ ဦးသီဟသိန်း-ဒေါ်ဆောင်းဇာလီစိမ့်၊ ဒေါ်သီရိသိန်း-ဒုတိယဗိုလ်မှူးကြီးစောအောင်မျိုး(စစ်ရုံးချုပ်၊ နေပြည်တော်)တို့၏ အစ်ကိုကြီး၊ ဒေါ်ခင်ငွေကြည်(လှိုင်သာယာ)၏ခင်ပွန်း၊ ဗိုလ်ကြီးပိုင်စိုးသူ၊ မောင်ထက်မြက်သူ၊ မောင်နေဗလ၊ မောင်မင်းခန့်ညားတို့၏ ဖခင်သည် ၁-၂-၂၀၁၅ရက် ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၅ရက်တွင် တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ဒုတိယဗိုလ်မှူးကြီးကျော်ဆွေ
(တပ်မတော်လေ-ငြိမ်း) လေ-၁၆၇၉၊ စစ်တက္ကသိုလ်အပတ်စဉ်(၁၇)
ရဟတ်ယာဉ်မှူး၊ Myanmar Helicopters International
အသက်(၆၂)နှစ်

ဦးအေးကို-(ဒေါ်မြမြ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးသောင်း)-ဒေါ်နှင်းလှိုင်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကံ့ကော်မြိုင်လမ်းသွယ်(၁)၊ အမှတ်(၄)၊ ပါရမီရိပ်သာနေ ဒေါ်ဝေဝေသောင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးလွင်မိုးဟိန်း-ဒေါ်ရဝေကျော်ဆွေ(လက်ထောက်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်)၊ ဗိုလ်မှူးအာကာကျော်ဆွေ-ဒေါ်သရဖီအောင်၊ ဗိုလ်မှူးဖြိုးဝေအောင်-ဒေါ်ဧရာကျော်ဆွေ (ဒုလက်ထောက်ဦးစီးမှူး၊ လေကြောင်းထိန်း)၊ မဝသုန်ကျော်ဆွေ B.E (Final) (Civil) (WYTU) တို့၏ဖခင်ကြီး၊ မခိုင်ရဝေယိန်း (Grade IV A အထက-၁၊ ဒဂုံ)၊ မောင်သောင်းဝေယိန်း (Grade II A အထက-၁၊ ဒဂုံ)၊ မောင်ဘုန်းပြည့်လင်း၊ မောင်အောင်ရှင်းသန့်တို့၏ဘိုးဘိုးကြီးသည် ၃၀-၁-၂၀၁၅ရက် (သောကြာနေ့)နံနက် ၆း၅၅နာရီတွင် ပါရမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။
(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း ဒါယိကာမကြီး
ဒေါ်မြသွယ်(ခ)မလေး စံပြရန်ကင်းဈေး
အသက်(၅၃)နှစ်

ဗဟန်းမြို့နယ်၊ စံပြရပ်ကွက်၊ ဆရာစံတောင်၊ ခေမာလမ်း၊ အမှတ် ၃နေ (ဦးအောင်တင်-ဒေါ်တင်ဝင်း)တို့၏သမီး၊ ဒေါ်ခင်လှနွယ်(S.A.T) အထက(၅)တာမွေ၏ညီမ၊ ဒေါ်မြချစ်-ဦးခင်မောင်လတ်၊ ဦးစိုးသိန်း-ဒေါ်ခင်နှင်းအောင်၊ ဒေါ်ခင်ခင်အောင်၊ ဒေါ်စန်းစန်းနွယ်၊ ဒေါ်ခင်သန္တာအောင်(ခေတ္တ-မလေးရှား)တို့၏အစ်မ၊ တူ၊ တူမ ခြောက်ယောက်တို့၏ ဒေါ်လေးသည် ၁-၂-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၄း၂၀ နာရီတွင် ရွှေပုပ္ပားဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။
(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ
(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ်-၇

ကွယ်လွန်သူ ဦးတင်ဝင်း၌ ကျန်ရှိရစ်သော စုဆောင်းငွေများအကြောင်း

ဒေါ်အေးအေးဝင်း **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် ၂၀၅/၂၀၇ နေ ဒေါ်အေးအေးဝင်းက ကွယ်လွန်သူ ဦးတင်ဝင်း၏ဇနီးဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဦးတင်ဝင်းမှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေ အရလက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးတင်ဝင်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် (၁၃၇၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၃ရက်) နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဒေါ်အေးအေးဝင်း၏ လျှောက်ထားချက်ကိုနာကြား၍ လက်မှတ်စာ ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ငြိမ်းမြင့်)
တွဲဖက်ခရိုင်တရားသူကြီး(၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၈ရပ်ကွက်၊ ရေကူးဘူတာရုံလမ်း၊ အမှတ် ၁၀၉ မြေနှင့်နေအိမ် အကျိုးခံစားခွင့် အရပ်ရပ်သည်မိခင် ဒေါ်မြစိန်(ခ)ဒေါ်မြ တစ်ဦးတည်းပိုင်ဆိုင်သော ပစ္စည်းဖြစ်ပြီး မိခင်ကြီးမှာ ၂၃-၁-၂၀၁၅ ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ဒေါ်ခင်လှကြည် ၁၂/ပဘတ(နိုင်)၀၁၄၈၇၄ သည် သမီးအကြီးဆုံးဖြစ်သဖြင့် အဆိုပါ မြေနှင့်နေအိမ် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ခင်လှကြည်၏ သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်းနှင့် ငှားရမ်းခြင်း တစ်စုံတစ်ရာမပြုလုပ်ရန် တားမြစ်သတိပေးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်လှကြည်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ချို (ဆင်ပေါင်ဝဲ)
တရားလွှတ်တော်ရှေ့နေ (၂၇၃၀)

ရုံးအမှတ် ၅၀၊ အခန်း-C7/8၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၉၃၃၀၆၃၈
အမှတ် ၂၆၈၊ ငါးလွှာ၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
E-mail:kmcygnbarassociation@gmail.com

GENERAL POWER OF ATTORNEY အားရုပ်သိမ်းခြင်း

ကျွန်တော် ဦးတီတီး ၁၂/လမတ(နိုင်)၀၁၄၁၀၅ အမှတ်-၁၁၁၄/၁၁၁၅၊ သုမင်္ဂလာလမ်း၊ ၁၆/၄ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်မှ ဒေါ်ငွေငွေဝင်း ၁၂/တမန(နိုင်)၀၀၉၃၁၈ အမှတ် ၉၇၂၊ ကျမ်းစာသင်ကျောင်းလမ်း၊ ကြို့ကုန်းအရှေ့၊ အင်းစိန်မြို့နယ်အား၂၂-၇-၂၀၁၄ ရက်တွင် ပေးထားခဲ့သော GENERAL POWER OF ATTORNEY အားယနေ့ ၃၁-၁-၂၀၁၅ ရက်တွင် ပြန်လည်ရုပ်သိမ်းလိုက်သည်။

ဦးတီတီး
ဖုန်း-၀၉-၅၁၁၀၈၀၃

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

[illegible]

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ညွန့်ညွန့်တင်
အထက်တန်းပြ(ငြိမ်း)၊ အထက(၅)မန္တလေး
အသက်(၇၉)နှစ်

ဦးဝင့်နိုင် (လက်ထောက်ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ မန္တလေး)-ဒေါ်အေးမြတ်ဝင်းတို့၏မိခင် ဒေါ်ညွန့်ညွန့်တင်သည် ၂၆-၁-၂၀၁၅ ရက် နံနက် ၅း၁၅နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

လက်ထောက်ညွှန်ကြားရေးမှူး ရုံးဝန်ထမ်းများ
ဆည်မြောင်းဦးစီးဌာန၊ မန္တလေးမြို့

ဝမ်းနည်းကြေကွဲခြင်း
ဦးသန်းစိုး
အမှုဆောင်ဒါရိုက်တာ၊ ကမ္ဘောဇဘဏ်လီမိတက်
အထွေထွေမန်နေဂျာ (မြန်မာ့စီးပွားရေးဘဏ်၊ ငြိမ်း)
အသက်(၇၅)နှစ်

ဦးသန်းစိုး အမှုဆောင်ဒါရိုက်တာ၊ ကမ္ဘောဇဘဏ်လီမိတက်၊ အထွေထွေမန်နေဂျာ (မြန်မာ့စီးပွားရေးဘဏ်၊ ငြိမ်း)သည် ၂-၁-၂၀၁၅ရက် (သောကြာနေ့) ည ၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဦးသန်းစိုး ကောင်းရာသုဂတိလားပါစေ။

Yoshihiko SANO President,
Principal Architect
Toshihlro SHONO Vice President,
Principal Architect
Masatoshi HATA Director,
Principal Architect
NYANA KYAW,
Myanmar Project Executive Director,
Chief Consultant Engineer,
International Department, Global Business Division
YASUI ARCHITECTS and ENGINEERS, INC.

ဝမ်းနည်းကြေကွဲခြင်း
ဦးညွန့်မောင်
အသက်(၇၁)နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးမင်းမင်းဦး၏ဖခင် ဦးညွန့်မောင်သည် ၁-၂-၂၀၁၅ရက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တေဇ(၂၃)ကျောင်းဆင်းသူငယ်ချင်းများနှင့်မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြင့်မြင့်ရီ
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ အိုးဘိုအောက်လမ်း၊ ကြည့်မြင်တိုင်၊ အမှတ် ၄၃၊ သုံးလွှာနေ ဦးတင်ထွန်းနိုင် (ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ပြည်တွင်းအခွန်များ ဦးစီးဌာန)၏ဇနီးသည် ၃၁-၁-၂၀၁၅ရက် နံနက် ၀၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်မိုး-ဒေါ်နွယ်နီလှ
ချမ်းအေးသာစံမြို့နယ် အခွန်ဦးစီးဌာနမှူး

ဦးရဲကျော်သူ
အသက်(၅၀)

ရန်ကုန်မြို့၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ လုံးသွယ်လမ်း၊ အမှတ် ၂၅၇နေ ဦးလှတုတ်(ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း၊ အကောက်ခွန်)-ဒေါ်ခင်မူ(အထက်တန်းပြ၊ ငြိမ်း၊ အထက-၃၊ ဗဟန်း)တို့၏ချစ်လှစွာသောသားကြီး၊ ကပ္ပတိန်ကျော်စွာမြင့်(MV STELLA ORCHID)-ဒေါ်မေရီလွင်၊ ဦးဇင်မျိုးကျော်လွင်-ဒေါ်ခိုင်ခိုင်စိန်တို့၏အစ်ကိုကြီး၊ DANIEL ကျော်စွာမြင့်၊ အိမ့်မှူးမျိုးမာန်မောင်၊ ဂျူးဂျူးကျော်စွာမြင့်တို့၏ဘကြီးသည် ၂-၂-၂၀၁၅ရက် နံနက် ၀၀း၅၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၁၅ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်သက်သက်ဇင်
Opersystem Manager (Kandawgyi Place Hotel)
အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ရန်အောင်လမ်းသွယ် ၆၊ (၂)ရပ်ကွက်၊ အရှေ့ရန်ကင်း၊ အမှတ် ၂၅၈၊ အခန်း ၁၂၊ ပထမထပ်(ဝဲ)နေ (ဦးသန်းထွန်း)-ဒေါ်ဆွေမာဝေ(ဆရာမ၊ ငြိမ်း)တို့၏သမီး၊ (ဦးစံလှ၊ ညွှန်ကြားရေးမှူး၊ စက်မှု-၁)-ဒေါ်ရီရီသန်း(ဒု-စက်ရုံမှူး၊ ငြိမ်း၊ စက်မှု-၁)၊ ရန်ကုန်မြို့နေ ဦးသန်းဝင်း-ဒေါ်သန်းသန်းငွေ၊ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နေ ဦးရဲလွင်မြင့်-ဒေါ်ပိုပိုထွေး၊ ဦးနော်နော်တို့၏တူမ၊ မခင်မာထွန်း၊ မောင်ဝင်းမင်းဇော်၊ မောင်ရဲမင်းခိုင်၊ မသူဇာဦး၊ မနီလာခိုင်၊ မောင်ဝင်းမင်းထွဋ်၊ မလွင်မာ၊ မအေးသီတာဝင်းတို့၏ညီမ၊ မောင်ဖြိုးဇော်ထွန်း၏အစ်မသည် ၂-၂-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၅ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါကတည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ငန်လွယ်(ခ)ဒေါ်အေးကြည် (မုဒုံ)
အသက်(၁၀၁)နှစ်

မုဒုံမြို့၊ သဘော်ဦးရပ်၊ ဘုရင့်နောင်လမ်း၊ အမှတ် ၃၉နေ(ဦးဝါမွန်း-ဒေါ်နှင်းရှိန်)တို့၏သမီး၊ (ဦးဟုတ်စိန်)၊ (ဦးအုန်းစိန်-ဒေါ်ကင်ကြည်)တို့၏ညီမ၊ [ဗိုလ်မှူးထွန်းလွင်(ငြိမ်း)-ဒေါ်ကွယ်ကြည်]၊ (ဦးဟုတ်လွင်-ဒေါ်သန်းတင်)၊ (ဦးဟုတ်ရှိန်)-ဒေါ်မြသိန်းတို့၏အစ်မ၊ တူ၊ တူမ ၁၇ယောက်တို့၏ကြီးကြီးသည် ၁၉-၁-၂၀၁၅ရက် (တနင်္လာနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား ဒါယိကာမကြီး
ဒေါ်သိန်းကြည်(ခ)ဒေါ်ဆိတ် (သပြုကျေးရွာ)
အသက်(၉၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သပြုကျေးရွာ၊ အမှတ် ၄၅၁နေ (ဦးဘစိန်-ဒေါ်အုန်းညွန့်)၊ (ဦးပြား-ဒေါ်နှင်းအိ)တို့၏သမီး၊(ဦးခ-ဒေါ်သိန်းခင်)တို့၏သမီးချွေးမ၊ (ဦးအာစရ)၏ညီမ၊ (ဦးတင်)-ဒေါ်သိန်းရွှေ၊(ဦးဝင်း)-ဒေါ်အေးကြိုင်တို့၏အစ်မ၊ (ဦးစိုး-ဒေါ်သိန်းကြည်)၊ဒေါ်အေး၊ ဦးတိုး-(ဒေါ်ခင်လှိုင်)၊ ဒေါ်နု၊ ဦးမြင့်ဆွေ-ဒေါ်ခင်မျိုးမြင့်(မိုးကုတ်)၊ ဦးစိန်မြင့်-ဒေါ်စန်း၊ ဗိုလ်မှူးလှမြင့်အောင်(ငြိမ်း)-ဒေါ်ခင်ဝင်းကြူ၊ ဦးညွန့်လှိုင်-ဒေါက်တာမြင့်ရီ(ကလေးအထူးကုဆရာဝန်ကြီး)၊ ဒေါ်အေးမြင့်၊ ရဲမှူးမြင့်သိန်းဦး-ဒေါ်ရှုအင်၊ ဦးလှကြိုင်(ဘဝအလှကျူရှင်)-ဒေါ်မိုးမိုးမြင့်(ခေတ္တ-ဂျာမနီ)တို့၏မိခင်၊ မြေး ၃၀၊ မြစ် ၃၀တို့၏အဘွား၊ (ဦးအောင်ခင်)၏ချစ်လှစွာသောဇနီးသည် ၁-၂-၂၀၁၅ရက် နံနက် ၁၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် သပြုကျေးရွာသုသာန်၌ သင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၇-၂-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်မြင့်မြင့်သန်း B.Com AA C.P.A
ဒုလက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
မြန်မာ့စက်ရုံနှင့်အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း(M.I.C.S)
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ခေမာလမ်းနေ (ဦးတင်ဖေ-ဒေါ်လှရွှေ)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၅)ရပ်ကွက်၊ သခင်မြလမ်း၊ အမှတ် ၁၅၈နေ(ဦးဟန်သောင်း)၏ဇနီး၊မောင်ဇော်ဇင်ထက်(Yangon Industrial Gas Co, Ltd.)၊ ဗိုလ်ကြီးတင်ထွန်းအောင် (ဗဟိုဆေးတပ်၊ မှော်ဘီ)-မပပ (KKW & Associates Services Co.,Ltd.)တို့၏ချစ်လှစွာသောမိခင်၊ ဦးတူး-ဒေါ်မြင့်မြင့်အေး၊ ဦးအောင်ဌေး-ဒေါ်တင်ငြိမ်း၊ ဦးကြည်စိုး-(ဒေါ်မြင့်မြင့်စန်း)၊ ဦးထွန်းမျိုးဦး-ဒေါက်တာမြင့်မြင့်(တွဲဖက်ပါမောက္ခ၊ သတ္တဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တို့၏အစ်မ၊ တူ/တူမ ကိုးယောက်တို့၏အဒေါ်သည် ၂-၂-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၁၅ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒုတိယကြီးကြပ်ရေးမှူး
ညီညီနိုင်
ထောင်မှူးလောင်းသင်တန်း(၅/၂၀၀၄)
အကျဉ်းဦးစီးဌာန
အသက်(၄၅)နှစ်

အကျဉ်းဦးစီးဌာနမှ ဒုတိယကြီးကြပ်ရေးမှူး ညီညီနိုင်သည် ၂၆-၁-၂၀၁၅ရက်(တနင်္လာနေ့) မွန်းလွဲ ၂း၅၅နာရီတွင် အင်းစိန်ဗဟို အကျဉ်းထောင်၌ တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းကောင်းရာသုဂတိလားပါစေ။
ထောင်မှူးလောင်းသင်တန်း(၅/၂၀၀၄)
သူငယ်ချင်းများ

ဦးမြတ်သူ(ခ)စိုင်းမြတ်သူ
(TTC ကျောင်းသားဟောင်း)
အသက်(၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ အမှတ် ၂၃၆၊ ပဒေသရာဇာလမ်းနေ (ဦးတွံတေးသိန်းတန်) - ဒေါ်စန်းမြင့်တို့၏သားကြီး၊ဦးတင်မြင့်(အငြိမ်းစား၊ မန်နေဂျာ၊ ရွှေဝတ်မှုံ၊ စားဖျော်)-ဒေါ်တင်မကြီးတို့၏သားသမက်၊ ဦးလေးဦး-ဒေါ်သန်းသန်းနိုင်(ခေတ္တ-စင်ကာပူ)၊ ဦးကိုကိုလွင် (Yaeco Aircraft Engineering Dept) - ဒေါ်ချယ်ရီသိန်းတန်၊ ဦးထွန်းထွန်းနိုင်-ဒေါ်ဝင်းပပသိန်းတန်တို့၏အစ်ကိုကြီး၊ မောင်စိုးမိုးသူ (Q/C Engineer Huawei Co.,Ltd.)၏ချစ်လှစွာသောဖခင်၊ ဒေါ်မိမိခိုင်၏ ချစ်လှစွာသောခင်ပွန်းသည် ၂-၂-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက်၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ဇရပ်
ဒါယိကာမကြီး
ဒေါ်ဝင်းကြည်
(ကျိုက်လတ်/ရုံးဒေါင့်)
အသက်(၆၆)နှစ်

ကျိုက်လတ်မြို့နယ်၊ ရုံးဒေါင့်ကျေးရွာနေ(ဦးအောင်လွင်-ဒေါ်ခင်အိ)တို့၏သမီး၊ ပုလောမြို့၊ သစ်လှတောကျေးရွာနေ (ဦးဘလင်း - ဒေါ်ရင်ရွှေ)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ စစ်တောင်းရိပ်မွန်၊ယုဇနလမ်း၊ တိုက် ၁၀၊ အခန်း ၁၀၁နေ ဦးစိုးအောင်၏ချစ်လှစွာသောဇနီး၊ကိုမျိုးသိန်းထွန်း-မချယ်ရီအောင်၊ ကိုမျိုးဝင်းထွန်း-မဖြူဖြူခိုင်၊ ကိုစိုးဝင်းထွန်း - မအိသွယ်ထွေး၊ ကိုအောင်ဝင်းထွန်း၊ မနန်းခင်နန္ဒာသီတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၂-၂-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁း၄၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကျိုစုအအေးတိုက်မှ ကျိုစုသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက်၈နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆရာမကြီးဒေါ်ချိုရီလွန်း
BBM မန္တလေး၊
MICT အင်းစိန်
အသက်(၇၇)နှစ်

လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဦးချိုလမ်း၊ အမှတ် ၁၄၄နေ (ဦးသာလွန်း-ဒေါ်သစ်)တို့၏သမီး၊ သာယာဝတီခရိုင်၊ သုံးဆယ်မြို့၊ ပေပင်ကုန်းရပ်၊ နှစ်ခြင်းခရစ်ယာန် သာသနာဝင်နေ (ဦးသင်-ဒေါ်ပု)တို့၏သမီးချွေးမ၊ ဒေါ်ချိုအီလွန်း-Rev. ဦးဝင်းတင်တို့၏ညီမ၊ ကြည့်မြင်တိုင် နှစ်ခြင်းအသင်းတော် ဂုဏ်ထူးဆောင် သင်းအုပ်ဆရာကြီး ဦးသာဒင်၏ဇနီး၊ (ဒေါ်ဝင်းဝင်းမေ)၊ ဦးမင်းဒင်-ဒေါ်မိုးမိုးဆွေ၊ ဦးမြတ်ဒင်-ဒေါ်မွန်မွန်စိုး၊ ဦးထွန်းဒင်-ဒေါ်ရတနာဦးတို့၏မိခင်၊ သာမြတ်ထက်၊ စိုးမြတ်မွန်၊ ဝင်းလဲ့မင်းဒင်၊ ဝင်းယုမင်းဒင်၊ သီအိုဒိုဒင်တို့၏အဘွားသည် ၃၁-၁-၂၀၁၅ရက်(စနေနေ့) ညနေ ၅း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၄-၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်ခန်းမဆောင်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ (ကြည့်မြင်တိုင် အသင်းတော်ရှေ့မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ငွေငွေသန်း(ခ)
တန်ရှုခင် (ပုသိမ်မြို့)
အသက်(၇၅)နှစ်

ကျောင်းကုန်းမြို့နေ(ဦးစင်းငါး-ဒေါ်မြင့်နန်း)တို့၏သမီး၊ ပုသိမ်မြို့၊ အမှတ် ၁၆၊ ဈေးရပ်တန်းလမ်းနေ (ဦးကျင်စွဲ-ဒေါ်အေး)တို့၏သမီးချွေးမ၊ ပေကျင်စန်း(ခ)ဦးစံရင်၏ ချစ်လှစွာသောဇနီး၊ ကိုလှစိုး - မလှလှချို၊ မစိုးစိုးငြိမ်း၊ မသီသီအောင်၊မဝင်းဝင်းမြတ်၊ မကျော့ကျော့ခိုင်တို့၏ ချစ်လှစွာသောမိခင်၊ မယွန်းဆုလှိုင်၊ မအိဖူးမွန်တို့၏အဘွားသည် ၁-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) ည ၁၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကြက်မောက်ကုန်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးယောဟန်(ခ)ဦးဂျွန်
အသက်(၆၇)နှစ်

မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုမာလာ ၁၇)လမ်း၊ အမှတ် ၆၇၇နေ (ဦးကရင်အေး-ဒေါ်မေရီ)တို့၏ချစ်လှစွာသောသား၊ [Rev. ဦးလှဝင်း (COG ဘုရားသခင်အသင်းတော်)-ဒေါ်အယ်လီ]၊ [Rev. ဦးမျိုးလွင်(ရေကူးအသင်းတော်)]-ဒေါ်ချိုချိုမြင့်၊ ဦးခင်မောင်ထွန်း-ဒေါ်အုန်းကြည်တို့၏ညီ၊ (ဦးပီတာ-ဒေါ်ကျင်သိန်း)၊ ဦးကေဆာ (JICA) - ဒေါ်အယ်လီဇဘတ်တို့၏အစ်ကို၊ဒေါ်နော်အေးလယ်၏ချစ်လှစွာသောခင်ပွန်း၊ (ကိုဇော်အောင်)-မဒေါ်လီ၊ မပေါ်လီ၊ ကိုကျော်ကျော်ထက်-မနယ်လီ၊ မောင်နေမင်းဟန်-နော်လားဖောတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃-၁-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

သထုံမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်အေးအေးပြုံး(သိမ်ဆိပ်)
အသက်(၆၀)

သထုံမြို့နယ်၊ သိမ်ဆိပ်၊ ရတနာလမ်းနေ ဦးဝင်းမောင်(ကပရ၊ ငြိမ်း)၏ဇနီး၊ သထုံမြို့နယ် အသင်းဝင်သည် ၁-၂-၂၀၁၅ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသင်းသူအသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဖြည့်စွက်ဖတ်ရှုပါရန်

၃-၂-၂၀၁၅ရက်နှင့် ၄-၂-၂၀၁၅ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၃၁)နှင့်(၃၀)ပါ ဦးဝင်းကျော် အသက်(၄၆)နှစ် နာရေးကြော်ငြာတွင် သင်္ဂြိုဟ်မည့် အချိန်မှာ ၃-၂-၂၀၁၅ရက် မွန်းတည့် ၁၂နာရီဖြစ်ပါသည်။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးမှော် (မြို့နယ်မီးသတ်ဦးစီးမှူး၊ ငြိမ်း)
အသက်(၈၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမီးသတ်စခန်းနေ (ဦးမောင်စိန်-ဒေါ်လှတင်)တို့၏သားကြီး၊ဒေါ်အေးမြင့်၏ခင်ပွန်း၊ ဦးသန်းဦး(နိုင်ငံတော်သမ္မတရုံး၊ နေပြည်တော်)၊ ဦးသိန်းလွင်(တပ်မတော်-ရေ၊ တပ်ထိန်း၊ ငြိမ်း)၊ ဒေါ်စမ်းစမ်းလဲ့(မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ၊ အင်းစိန်)၊ ဒေါ်သင်းသင်းမှော်၊ ဦးအောင်မိုးကျော်-ဒေါ်အေးအေးမှော်(ဒု-မီးသတ်ဦးစီးမှူး၊ မကခ-၂)၊ ဦးအောင်အောင်-ဒေါ်မိမိမှော်(လက်ထောက်ညွှန်ကြားရေးမှူး၊ နိုင်ငံတော်သမ္မတရုံး၊ နေပြည်တော်)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့)ညနေ ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အလုံမီးသတ်စခန်း အခန်း ၁၆ နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးအုန်းဟန်
ဌာနခွဲ(မန်နေဂျာ) (ကုန်သွယ်/လယ်ယာ၊ ငြိမ်း)
ပဲခူးအမျိုးသားတန်းမြင့်ကျောင်းသားဟောင်း
အသက်(၈၀)

ပဲခူးမြို့၊ ပြည်တော်အေး(၂)လမ်းနေ (ဦးရွှေဝင်း-ဒေါ်ကြီးမေ)တို့၏သားထွေး၊(ဦးဘသိန်း-ဒေါ်စိန်တုတ်)တို့၏သားသမက်၊ မြောက်ဒဂုံမြို့နယ်၊တော်ဝင်အိမ်ရာ၊ တိုက်၂၊ အခန်း ၂၀နေ ဒေါ်ခင်ခင်ဌေး၏ခင်ပွန်း၊(ဗိုလ်ကြီးအောင်ကျော်စိုး)-ဒေါ်နွယ်နွယ်ဝင်း(အထက-၅၊ မရမ်းကုန်း)၊ ဦးဌေးလွင်(လက်ထောက်ညွှန်ကြားရေးမှူး၊ ကျောက်မျက်၊ နေပြည်တော်)-ဒေါ်သွယ်သွယ်ဝင်း(ကျောက်မျက်ပြတိုက်၊ ရန်ကုန်)၊ (မောင်ကျော်သူရဟန်)တို့၏ ချစ်လှစွာသောဖခင်၊ ဗိုလ်ထူးနိုင်အောင်(တပ်မတော်-ရေ)၊ မောင်ညီညီလွင်(MCC ကွန်ပျူတာ၊ ပထမနှစ်)၊ မချိုကြည်သာအောင်(ဒုနှစ်၊ YTU)၊ မောင်အောင်ခန့်မင်းလွင်(အထက-၅၊ မရမ်းကုန်း)တို့၏အဘိုးသည် ၁-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) ည ၁၁း၂၅နာရီတွင်မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃-၂-၂၀၁၅ရက်(အင်္ဂါနေ့)နံနက်၁၀နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးသိန်းညွန့်
(ငါးသိုင်းချောင်းမြို့)
အသက်(၇၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ မင်းလမ်း၊ အမှတ် ၁၄နေ (ဦးလှသော်-ဒေါ်အေးမိုန်)တို့၏သား၊ (ဦးကျင်မြ-ဒေါ်ကြင်မြိုင်)တို့၏သားသမက်၊ ဒေါ်အုန်းကြည်၏မောင်၊ ဒေါ်ကြည်ကြည်တင်၏ချစ်လှစွာသောခင်ပွန်း၊ ကိုကျော်မျိုးသိန်း၊ မပပခိုင်၊ မနီနီမွန်တို့၏ဖခင်သည် ၁-၂-၂၀၁၅ရက် ည ၇း၂၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၇-၂-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးအုပ်ကျော်
(ကျောင်းအုပ်ကြီး၊ ငြိမ်း)
အသက်(၆၈)နှစ်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ ဗားကရာကွေ့ မဇ/၂၄ နေ ဒေါ်ခင်စန်းဝင်း၏ခင်ပွန်း၊ ဦးထွန်းထွန်းဦး - ဒေါ်ခင်မီမီကျော်၊ ဦးရန်နောင်ဝင်း-ဒေါ်ခင်ရည်မွန်ကျော်၊ ဦးထင်ကျော်ကျော်မောင် - ဒေါ်ခင်ကေဇင်ကျော်၊ ဦးကျော်မျိုးဟိန်း-ဒေါ်သီရိအောင်တို့၏ဖခင်၊မြေးကိုးယောက်တို့၏အဘိုးသည် ၁-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၅ ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် တောင်အင်း မြောက်အင်း သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၃၀ နာရီတွင်အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါက်တာကိုကိုအောင်(ခ)
သာထူးအောင်
(ဆမ-၁၂၉၁၀၊ ဆေး-၂)
(ညောင်လေးပင်)
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် ၇၅၊ မြေညီနေ ဦးကြည်အောင်-(ဒေါ်ခင်ငြိမ်း)တို့၏သား၊ ဒေါ်ရွှေစင်ဝင်း၏ခင်ပွန်း၊ ဦးညီညီအောင်-ဒေါ်ချိုချိုဝင်း၊ ဦးထွန်းနေအောင်-ဒေါ်ရီကာယာ၊ ဦးထွန်းနိုင်ဦး-ဒေါ်ရွှေဝတ်မှုန်တို့၏အစ်ကိုသည် ၁-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁း၁၅နာရီတွင် (ခတင်-၅၀၀)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးခင်မောင်ဝင်း
ရေယာဉ်မှူး(ငြိမ်း)
ပုလဲနှင့်ရေလုပ်ငန်း
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဓမ္မိကဝတီလမ်း၊ အမှတ် ၁၄နေ (ဦးသင်းမောင်-ဒေါ်မြညွန့်)တို့၏သား၊ ဦးကျော်မောင်-(ဒေါ်လှငွေ)တို့၏သားသမက်၊ ဒေါ်နုနုရည်၏ခင်ပွန်း၊ ဦးတင်အောင်ဝင်း-ဒေါ်မြင့်မြင့်အေးတို့၏ညီ/မောင်၊ ဦးမင်းယျာကိုကို - ဒေါ်အိအိကျော်၊ ဗိုလ်ကြီးမျိုးမင်းထိုက် - ဒေါ်ထိုက်ထိုက်သင်းတို့၏ဖခင်၊မြေးနှစ်ယောက်တို့၏အဘိုးသည် ၂-၂-၂၀၁၅ရက် မွန်းလွဲ ၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကိုသီဟထွဏ်း
အသက်(၃၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ လမ်း ၄၀နေ (ဦးမောင်အေး)-ဒေါ်ရှုစိန်တို့၏သားလတ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇/၄)ရပ်ကွက်၊ ဗညားနွဲ့လမ်း၊ အမှတ် ၅၈၉နေ(ဦးတင်အောင်-ဒေါ်ရင်ရွှေ)တို့၏ သားသမက်၊ ဦးတင်လှ - (ဒေါ်တင်ငွေ)တို့၏တူ၊ မယဉ်မိုးဆွေ၏မောင်၊ မောင်ကျော်ကျော်ဗိုလ်-မဝေမွန်မြင့်တို့၏ အစ်ကို၊ ကိုစိုးအောင်၏ညီ၊ မခင်ကြည်ကျော်(ခ)ချောစု၏ချစ်လှစွာသောခင်ပွန်း၊ မောင်စွမ်းသုတ(အလက-၃၈၊ မင်္ဂလာဒုံ)၏ဖခင်သည် ၁-၂-၂၀၁၅ရက်(တနင်္ဂနွေနေ့) ည ၇း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၇-၂-၂၀၁၅ရက်(စနေနေ့)နံနက်တွင် အမှတ် ၅၈၉၊ ဗညားနွဲ့လမ်း၊ ၁၇/၄ ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်နေ မခင်ကြည်ကျော်(ခ)ချောစု၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြည်သူ့လွှတ်တော် အစည်းအဝေး
